
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com




















မြဝတီ

စာပေတိုက်ထုတ်

## မဂ္ဂဇင်း၊ စာစောင်များ
## လပေးမှာကြားဖတ်ရှုနိုင်ပြီ

BURMESE CLASSIC .com

မိမိတို့ [illegible] များကို

အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း

ဆက်သွယ်မှာကြားနိုင်ပါသည်။

ဖြန့်ချိရေး - မြဝတီစာပေတိုက်

အမှတ် ၁၅၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊

သာကေတ၊ ရန်ကင်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၉၈၃၅၁၀၇၁၉၂ (မြဝတီစာတည်း)၊

၀၉၄၀၃၂၅၈၄၅၁ (ငွေတာရီစာတည်း)

၀၉၆၉၇၀၈၉၇၂၁ (သုတအလင်းစာတည်း)၊

၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)။


www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကိုထိန်းသိမ်းရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။
အမှတ်(၇၁၀)၊ ၁၃၈၁ ခု၊ တော်သလင်း - သီတင်းကျွတ်၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ။

# မာတိကာ







BURMESE CLASSIC .com

စာတည်းစာမျက်နှာ
လှေကလေးကို လှော်ကြမည် ၅

မြန်လည်ဆန်းသစ်ခြင်းကဏ္ဍ
တက္ကသိုလ်မင်းဖော်
ဘဝတေးသံ ၆

ငွေတာရီကဏ္ဍ
မောင်ဟေမာ၊ မောင်နီမြင့်(ပင်လယ်)၊ ရေနံ့သာမောင်ကျော်ညွန့်၊ ရွှေဒါးမောင်လေးရည်၊
မင်းမောင်နွယ်(မွန်ဌာနီ)၊ မောင်သုဆွေ(သပြေရုံ)၊ ချစ်စုအောင်၊ နုချော(ဥတ္တရာ)၊ ဇော်နောင်၊
ဆန်းလွင်(မြန်မာစာ)၊ မင်းသွေးနွယ်(ဖီးကုန်း)၊ အောင်ပန်း(ဂန္ဓဝင်)။ ၇

www.burmeseclassic.com

www.burmeseclassic.com



ငွေတာရီကာတွန်း

မြေဇာ၊ ဇွဲနေ၊ အောကော၊ သီဟ(စခန်းသစ်) ၁၉

မိုးသွင် ၁၂၄

စာပေနှင့် အနုပညာ

မောင်ခင်မင်(ဓနုဖြူ)

ကိုးကားဖွယ်ရာ ထိုထိုကဗျာ(၁၃) ၂၈

မြင်းမူမောင်နိုင်မိုး

ပန်းပေးသူ ၆၁

စန်းနီလာဝင်း

အနောက်နန်းမတော်မမြကလေး၏

ဂန္ထဝင်စံတင်ခဲ့သည့် ချစ်သမျှကိုပတ်ပျိုး ၅၄

ဦးသစ္စာ

ငွေတာရီကဗျာပန်းဥယျာဉ်(၁၀) ၇၂

မောင်ကြည်သစ်ဦး

ငွေတာရီစာအုပ်စင် အချပ်ပို(၁)

သော်စင်သစ်

တစ်လအတွင်း စာပေနှင့်ယဉ်ကျေးမှုသတင်း အချပ်ပို(၃)

ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ

မောင်သန်းဆွေ(ထားဝယ်)

နန်းကျပုဂံမင်း၏ နောက်ဆုံးနေ့များ ၂၄

ဒေါက်တာစိန်မြင့်

ချစ်မေတ္တာအနန္တဖြင့် အရိမဒ္ဒနပူရပုဂံပြည်မှ

မဟေသီမိဖုရားများသို့ ၄၂

မောင်လှ(ကွမ်းခြံကုန်း)

မိုင်းမောသို့ ခရီးတစ်ခေါက် ၃၆

ဓာတ်ပုံရှုခင်း

ဦးတင်မြင့်(စစ်ငြိမ်းသန်း)

မြန်မာနိုင်ငံဓာတ်ပုံအသင်း သုံးလပတ်နှင့်

လစဉ်ဓာတ်ပုံပြိုင်ပွဲများ ၆၅



www.burmeseclassic.com

www.burmeseclassic.com




ကိုယ်ရေးအတ္ထုပ္ပတ္တိ

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

ဘဝပုစ္ဆာ အဖြေရှာ(၁၁၁) ၆၀

ခရီးသွားဆောင်းပါး

မောင်မိုးယံ

စရာဝတီမှ နေရဉ္စရာသို့(၁၇) ၆၄

ပန်းချီပြခန်း

ဝေမွန်လင်း

၈၁ ပန်းချီ ၈၁ ၇၅

ရသစာတမ်း

ပေါ်ဦးသစ်

လူနှင့် သဘာဝပတ်ဝန်းကျင် ၈၀

ကိုစက်ဝေ

နှစ်မွေးပန်း ၉၆

မြန်မာနှင့် နိုင်ငံတကာအနုပညာသတင်း

ရဲဦး

ပေါ့ပ်ကြယ်ပွင့် အဆိုတော်တေလာဆွစ် ၈၅

ကေကေ

ကြယ်ပွင့်များရဲ့စကားသံ ၁၀၁

ဘောအမ်တီ

အာရှတစ်လွှား အနုပညာလှုပ်ရှားမှုများ ၁၀၄

နိုင်ငံရပ်ခြားသုတ

ရဲမာန်ခ

ကမ္ဘာပေါ်က ဗုဒ္ဓဘာသာဝင်အများဆုံး
၁၀ နိုင်ငံ ၉၁





ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

www.burmeseclassic.com

www.burmeseclassic.com






ငွေတာရီဝတ္ထုတို

သန်းမြင့်သန်း(ကွမ်းခြံကုန်း)

ဟုံးနက်နွယ်ပင်ပုံပြင်လေလား ၁၀၆

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

အမြေရှာပေးတဲ့ချိန်ခွင်လျှာ ၁၁၈

ကျော့ကက်ရဲမှုန်

သမုဒယကြီးများ ၁၂၄

မင်းညှ

ပင်အိုရွက်ခြောက် ၁၃၀

နေခြည်(ကြီးနီ)

ကောင်းကင်သည် ကြယ်တစ်စင်းမှမကြွေစေလိုပါ ၁၃၆

---

ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)

သဥ္ဇာလှိုင်(လားရှိုး)

တောင်ဇလပ် ချယ်ရီ သိပါသည် ၁၅၀

---

အသစ်ငွေတာရီ

ဖြိုးလှိုင်(နေရှင်နယ်)

စုန်းကိုက်ခံလိုက်ရတဲ့ သစ်သီးတစ်လုံး ၁၄၂

---

သရုပ်ဖော်ပန်းချီ

A ကျော်စွာ၊ စိန်ထွန်း၊ အောင်ကျော်၊ ရန်နိုင်ဦး၊ မိုးထက်မိုး။



စာတည်းမှူးချုပ်

ဒုတိယဗိုလ်မှူးကြီးနေမျိုးထက်

ဒုတိယစာတည်းမှူးချုပ်

ဗိုလ်မှူးကြည်ဇင်

စာတည်းမှူး

ဗိုလ်မှူးငြိမ်းချမ်းဦး

တာဝန်ခံစာတည်း

ဗိုလ်ကြီးသက်နောင်

အွန်လိုင်းအယ်ဒီတာ

ဗိုလ်ဒေါ်အိအိခင်

လက်ထောက်စာတည်း

ကေသီလွင်၊ ငြိမ်းငြိမ်းစိုး

ရန်ကုန်ရုံးခွဲ

အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၉၃၂၅၉၈၈၇၁၄

ထုတ်ဝေခြင်း

ပုံနှိပ်မှတ်ပုံတင်အမှတ် (၀၀၆၅၆)

ထုတ်ဝေသူမှတ်ပုံတင်အမှတ် (၀၀၈၁၆)

ပုံနှိပ်စောင်ရေ - ၉၀၀၀

စာတည်းအဖွဲ့ တည်နေရာနှင့်ဖြန့်ချိရေး

မြဝတီစာပေတိုက်၊ အမှတ်(၁၅) မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊

ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Email : ngwetaryeemagazine@gmail.com

| | |
|---|---|
| မြဝတီမဂ္ဂဇင်း၊ မိုးသောက်ပန်းဂျာနယ် | - ၀၉၃၁၀၃၆၇၅၆၂ |
| ငွေတာရီမဂ္ဂဇင်း၊ တေဇရှုပ်စုံ | - ၀၉၄၀၃၂၅၈၄၅၁ |
| သုတအလင်းမဂ္ဂဇင်း | - ၀၉၆၉၇၀၈၉၇၂၁ |
| အားကစားမြင်ကွင်းဂျာနယ် | - ၀၉၆၉၄၈၂၈၇၉၇ |
| သုတကမ္ဘာဂျာနယ် | - ၀၉၈၉၂၂၇၆၀၇၇ |
| ဖြန့်ချိရေး | - ၀၉၇၂၄၉၈၇၂၄ |

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | စိုးအောင် |
| မျက်နှာဖုံးဒီဇိုင်း | MSL |
| အတွင်းအပြင်အဆင်ဒီဇိုင်း | တင်ဇာထွန်း၊ ဆုငယ် |
| စာစီနှင့် ဒီဇိုင်း | ဇင်ဇင် |
| စာပြင် | အိအိလွင်၊ မာမာစိုး |


www.burmeseclassic.com

www.burmeseclassic.com



# လှေကလေးကို လှော်ကြမည်

တော်သလင်းလသည် မြန်မာ့တစ်ဆယ့်နှစ်လတွင် ဆဋ္ဌမမြောက်လဖြစ်သည်။ တော်သလင်းဟုခေါ်ရခြင်းမှာ တော်သလဲဟူသော ပါဠိဝေါဟာရအရ နှစ်သက်ဝမ်းမြောက်ခြင်းကိုဖော်ပြသည်။ ဤလတွင် ကောက်နှံစပါးတို့ ရှင်သန်ထမြောက်ကြသဖြင့် လယ်သမားတို့စိတ်ကို နှစ်သက်ရွှင်လန်းဝမ်းမြောက်မှုဖြစ်စေသည်။

တော်သလင်းလရာသီတွင် မြစ်ရေတို့သည် ကမ်းပြည့်မောက်လျှံနေတတ်၏။ ကမ်းစပ်ရှိကိုင်းပင်များကလည်း အဖူးအပွင့်များဖြင့် ဖွေးဖွေးလှုပ်လျက်ရှိ၏။ 'မြစ်ရေဖွေးဖွေး၊ ကိုင်းဖွေးဖွေး'ဟု ခေါ်ဆိုရမည်ဖြစ်ပါ၏။ တော်သလင်းလသည် ဥတုအားဖြင့် ဝဿာနဥတု၊ ရာသီအားဖြင့် ကန်ရာသီ၊ ရာသီပန်းက ရင်းမာပန်း၊ ရာသီရုပ်က သမီးကညာရုပ်၊ လနှင့်ယှဉ်၍ထွန်းသောတာရာမှာ ဗျိုင်းတာရာဖြစ်ပါသည်။ စာဆိုဦးအောင်ကြီးက -

"ကန်ရာသီဟု၊ အာနီမြနိုင်၊ ရင်းမာလှိုင်က

မွှေးကြိုင်နံ့ရှင်း၊ တော်သလင်းကား . . . "ဟူ၍ စာပန်းချီခြယ်ခဲ့ဖူးပါသည်။

တော်သလင်းလနှင့်ပတ်သက်၍ ရှေးရေး မိုးဆယ့်နှစ်ချိုးဖွဲ့တွင် "တော်သလင်းမိုး၊ ကန်သင်းကျိုး၊ တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ မိုးမစဲ"ဟု စာဖွဲ့ခဲ့ဖူးသည်။ ယေဘုယျအားဖြင့် တော်သလင်းလသည် ကန်သင်းကျိုးအောင် မိုးမစဲရွာသွန်းတတ်သော်လည်း တစ်ခါတစ်ရံတွင်မူ ပြောစမှတ်တွင်အောင် ပူပြင်းတတ်ပါ၏။ ထို့ကြောင့် 'တော်သလင်းနေ၊ ပုစွန်သေ'ဟု ဆိုရိုးပြုခဲ့ခြင်းဖြစ်ပေမည်။

တော်သလင်းလတွင်ကျင်းပသော အားကစားပွဲမှာ လှေလှော်ပွဲဖြစ်ပါသည်။ စာဆိုဦးယာက "မြစ်တွင်းသဘင်၊ လှေပွဲဆင်၍၊ လက်သင်လှော်ကား၊ ရွှေလှေများကို၊ ကစားလှူးလာ. . . "ဟု ရေးဖွဲ့ခဲ့ဖူးသည်။ လှေလှော်သည်ဆိုရာ၌ လှော်ချင်တိုင်းလှော်ခတ်၍ရသည်မဟုတ်ပါ။ လှေလှော်ရာတွင် တက်ရေ ၃၇ ခင်းရှိ၏။ လှေလှော်သားတစ်ဦးသည် အဆိုပါ တက်ရေ ၃၇ ခင်းကို ကျွမ်းကျင်တတ်မြောက်ရသည်။

လှေလှော်ပြိုင်ပွဲများကို အဖွဲ့လိုက်ကျင်းပကြရသည်။ ပြိုင်ပွဲအနိုင်ရရှိရန် လှေတော်သားအားလုံး တက်ညီလက်ညီ ကြိုးစားကြရသည်။ ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ ဇွဲ သတ္တိ လုံ့လ ဝီရိယရှိမှု၊ အချင်းချင်းစည်းလုံးညီညွတ်မှုရှိမှသာ ပန်းတိုင်ကိုရောက်ရှိနိုင်မည်ဖြစ်ပါသည်။ လှေတော်သားအားလုံးက ဦးပိုင်း၊ ပဲ့ပိုင်းဟူ၍ နေရာခွဲခြားမှုမရှိဘဲ ကျသည့်နေရာ၊ ရလာသည့်တာဝန်ကို ကျေပွန်စွာလှော်ခတ်ထမ်းဆောင်မှသာ လှေလှော်ပွဲတွင် အနိုင်ရရှိမည်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံတော်ကြီးကို လှေတစ်စင်းအဖြစ်ရှုမြင်ကြည့်ပါက မိမိတို့တိုင်းရင်းသားပြည်သူအားလုံးမှာ လှေတော်သားများဖြစ်ကြပါလိမ့်မည်။ မိမိနိုင်ငံ၊ မိမိတိုင်းပြည်ကိုချစ်မြတ်နိုး၍ တိုးတက်ဖွံ့ဖြိုးစေလိုပါက တက်ညီ လက်ညီ ကျသည့်နေရာမှ လှော်ခတ်ချီတက်ကြရမည်ဖြစ်ပါသည်။ လှေတစ်စင်း စီးဆင်းရွေ့လျားစေရန် ဦးနှင့်ပဲ့ နေရာမခွဲခြားဘဲ ရောက်သည့်နေရာမှ အားရှိသရွေ့လှော်ခတ်ခြင်းဖြင့် 'လှေတော်သား'စစ်စစ်များဖြစ်စေချင်မိပါသည်။ ။

တာဝန်ခံစာတည်း



www.burmeseclassic.com

ပြန်လည်ဆန်းသစ်ခြင်းကဏ္ဍ



## ဘဝတေးသံ

တက္ကသိုလ်မင်းမော်

မဖြောင့်မတန်း၊ ဘဝလမ်းတွင်
ကြမ်းတမ်းလေလှိုင်း၊ လေမုန်တိုင်းတို့
ရိုင်းချင်သလောက် ရိုင်းပါစေ။

မိုးသီးမိုးပေါက်၊ မိုးကျောက်မိုးခဲ
မိုးပုလဲတို့
သည်းချင်သလောက် သည်းပါစေ။

မိုးအောက်တစ်ခွင်၊ မြေပြင်ဇမ္ဗူ
နေမင်းမူ၍
ပူချင်သလောက် ပူပါစေ။

နေပူမိုးရွာ၊ မုန်တိုင်းလာလည်း
သာယာရွှင်မျှ၊ ကျွန်ုပ်တမူ
ဘဝသံချို၊ လမ်းထိုထိုမှာ
တေးဆိုခရီး နှင်တော့မည်။ ။

**(၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ငွေတာရီမဂ္ဂဇင်း)**

www.burmeseclassic.com



# တော်သလင်း

မောင်ဟေမာ



တော်သလင်းရယ်
ဆောင်းတွင်းလေးလို၊ မြူဝန်းခို၍
မိုးကိုရောယှက်၊ နှင်းလာသက်ဖို့
မြောက်ဘက်လေကို ခေါ်ပြီလား။

မြစ်ချောင်းရေဆင်း၊ သင်ဖြူးခင်း၍
ရင်းမာရိုးတံ၊ နံ့သာကျဲဖို့
ကောက်နှံနိုးစ၊ ဝဿနလေ
ဝါလမကျွတ်၊ နှင်းမဆွတ်သေး
ကြာဝတ်ဆံမှုန်၊ ပွင့်မစုံသေး
မုတ်သုံမရုပ်၊ နောက်မဆုတ်သေး
တိမ်အုပ်တချို့၊ မှိုင်းတညို့နှင့်
ရွာဖို့လိုလျှင်၊ ရွာမည့်သွင်နှင့်
ဟန်ပြင်ယိမ်းယိမ်း၊ လျှပ်ဒလိန်းလည်း
ခြိမ်းလို့ကောင်းနေ ဆဲပါတကား။

တော်သလင်းနေ၊ ပုစွန်သေဟု
ဆိုပေဆိုငြား၊ တိမ်တွေကြားက
အားယူချင့်ချိန်၊ ဖလ်သူရိန်လည်း
ပူရှိန်ပြခွင့်၊ တလူလွှင့်ဖို့
မိုးမင့်သွတံ၊ ခွင့်တောင်းခံသို့
ကာရံတိမ်ခိုး၊ နောက်ကွယ်တိုး၍
ပုန်းလျှိုးနေရသေးတကား။

ဩော်. . .
မိုးပွင့်ခြီလား၊ နှင်းမှုန်လားဟု
ဝေဝါးစိတ်ကူး၊ နံနက်ဦးမှာ
သုတ်ဖြူးသင်းဖြန့်၊ ရောတွေးပုံ့သည့်
မိုးနံ့လိုလို၊ နှင်းနံ့လိုနှင့်
မခိုတွဲသေး၊ မြက်သားမွေးလည်း
မြောင်းဘေးတစ်လျှောက်၊ မိုးရေသောက်ဆဲ
လွမ်းလောက်ကာလ၊ ဟေမန္တဟု
ဆောင်းမှမရောက် သေးတာဘဲ။ ။

www.burmeseclassic.com

www.burmeseclassic.com




## မိုက်သူ

မောင်နီမြင့်(ပင်လယ်)

ကျွန်တော်က ကျောင်းဆရာ၊
မိဘတွေက ဘဝကြမ်း
နွမ်းပါး တံငါ။
တစ်သက်တာ
ခက်ခဲစွာ ဖြတ်သန်း။
ကျောင်းဆရာ အဝေးရောက်လေတော့
ဖေးထောက်ကာ အကူမပြုနိုင်ခဲ့
ယခုမှလွမ်း။

ကျွန်တော်က ကဗျာဆရာ၊
သားသမီးမှာ ပင်လယ်ကမ်းက
နွမ်းပါး တံငါ။
ခက်ခဲစွာ
ဘဝတာ ဖြတ်သန်း။
ကဗျာဆရာ အဝေးရောက်နေတော့
ဖေးထောက်ကာ အကူမဖြည့်နိုင်ဘူး
နေ့ရှိ အလွမ်း။

သားဖြစ်ခဲ့ ကျောင်းဆရာ၊
မိဘအပေါ် မသိခြင်းနဲ့
သတိကင်းကွာ၊
ကဲ. . . ကဗျာဆရာ
အဖတာဝန် ကျေပါစ၊
ဝေလာဝေးပါပဲ
ဖြေစရာ ဆေးမရှိပြီဘူး
ဝေဒနာ အဆွေးအပြည့်ရယ်နဲ့
မိမိကိုယ် မိမိရွက်ရ
တစ်သက် တစ်ဘဝ။ ။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com


ဝန်ဖင်း
Read on the move

စတင်ထုတ်ဝေစဉ်ကတည်းက ယနေ့အထိ ထုတ်ဝေနေဆဲဖြစ်သည့်

မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ သုတအလင်းမဂ္ဂဇင်းများနှင့် တေဇရုပ်စုံစာစောင်၊
မိုးသောက်ပန်းဂျာနယ်၊ အားကစားမြင်ကွင်းဂျာနယ်၊ သုတကမ္ဘာဂျာနယ်၊
မြဝတီနေ့စဉ်သတင်းစာ၊ ရတနာပုံနေ့စဉ်သတင်းစာ အပါအဝင်

အမျိုးအစားစုံ စာအုပ်ပေါင်း (၆၀၀၀) ကျော်
တို့ကို




ဝန်ဖင်းအက်ပလီကေးရှင်းတွင် အလွယ်တကူ
ရှာဖွေဖတ်ရှုနိုင်ပါပြီ...


www.burmeseclassic.com

www.burmeseclassic.com

# အမှတ်(၁)တပ်မတော်အသံလွှင့်တပ် နေ့အလိုက် ထုတ်လွှင့်မည့်အစီအစဉ်များ

| ထုတ်လွှင့်မည့် နေ့နှင့်အချိန် | အစီအစဉ်အမည် | ထုတ်လွှင့်ချိန် | အစီအစဉ်အမည် |
|---|---|---|---|
| တနင်္လာနေ့ | | | |
| ၀၉း၀၀ | အမှတ်တရနေ့ | ၁၂း၀၅ | Music Time(Special) |
| ၁၃း၀၀ | အချစ်ဆိုတဲ့အရသာ | ၁၅း၃၀ | တော်ဝင်ပန်းလေးသဇင် |
| ၁၆း၅၀ | သူ့ခေတ်ကိုယ့်ခေတ် | ၁၈း၂၀ | ဂုဏ်ယူအလွမ်း |
| ၂၀း၃၀ | မြန်မာသံစဉ်ချစ်သူများ | | |
| အင်္ဂါနေ့ | | | |
| ၀၈း၀၀ | ရင်ခုန်သံထပ်တူ | ၁၀း၃၀ | Album Choice |
| ၁၃း၃၀ | Live For You | ၁၅း၃၀ | Memory Box |
| ၁၆း၃၀ | The Health For Public | ၁၈း၂၀ | Online Request Song |
| ၂၀း၃၀ | ကြွေသောပန်းများလွမ်းစရာ | | |
| ဗုဒ္ဓဟူးနေ့ | | | |
| ၁၀း၄၅ | Star Chat Time | ၁၁း၃၀ | အနာဂတ်ရဲ့ကြယ်ပွင့်လေးများ |
| ၁၃း၀၀ | ဆန္ဒတစ်စုံ | ၁၅း၀၀ | Doctor Heart |
| ၁၅း၃၀ | Lasted Song | ၁၉း၀၀ | စစ်သည်ကဗျာ |
| ၂၀း၃၀ | ဇာတ်လမ်းအသွင်တေးသံစဉ် | | |
| ကြာသပတေးနေ့ | | | |
| ၀၈း၀၀ | Cute Babies World | ၁၁း၀၀ | Music Time(Live) |
| ၁၃း၀၀ | ရသစုံလင်အနုပညာလွှင်ပြင်(Live) | ၁၅း၃၀ | Gentlemen Life |
| ၁၆း၀၀ | Celebrity Life | ၁၆း၅၀ | Let's Play |
| ၂၀း၃၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ | | |
| သောကြာနေ့ | | | |
| ၀၉း၀၀ | Sport News & Market News | ၁၀း၄၅ | Fro Lady |
| ၁၅း၃၀ | ဖျော်ဖြေရှင်တင်ဆက်လေလှိုင်းထက် | ၂၀း၃၀ | လွမ်းရယ်မပြေ |
| ၂၀း၃၀ | Love Dictionary | ၂၂း၀၀ | Good Night Listeners |
| စနေနေ့ | | | |
| ၁၀း၄၅ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၁၃း၀၀ | နှလုံးသားထက်က စာမျက်နှာများ |
| ၁၃း၃၀ | သဇင် FM ချစ်သူများဆုံစည်းရာ | ၁၅း၃၀ | Lady Talk |
| ၁၈း၂၀ | Thazin Request Song | ၂၀း၃၀ | ရင်မှဖြစ်သော |
| ၂၀း၃၀ | Cupid Arrow | | |
| တနင်္ဂနွေနေ့ | | | |
| ၀၈း၀၀ | နှလုံးသားဝယ်ဘုရားတည် | ၁၀း၄၀ | Star Chat Time |
| ၁၃း၀၀ | စိတ်ဝင်စားစရာ ပုံပြင်ကမ္ဘာ | ၁၅း၀၀ | သဇင် FM မင်္ဂလာပါ |
| ၁၆း၀၀ | အမြဲညှိစရာ ပဟေဠိကမ္ဘာ | ၁၇း၀၀ | Hello |
| ၂၀း၀၀ | I Music For To Night | | |

www.burmeseclassic.com

www.burmeseclassic.com



# တောရွှေကျေး

ရေနံ့သာမောင်ကျော်ညွန့်

နေရာမလပ်၊ ပေလွှာထပ်လို့
သေချာဖတ်ခဲ့၊ နောင်ဆိုစရာ
ဖွေရှာမှတ်တဲ့ မောင်ညိုပါဗျ။

ထွန်တစ်ရှည်းနွား၊ ညွန်ကွင်းကြားက
နှံ့တွင်းပတ္တမြားသွေး အရောင်စိုဖြာ
ဝန်ဇင်းသားလေး မောင်ညိုပါဗျ။

ပြောသမျှမမှား၊ လောကတရားနဲ့
အဟောဝတစကား အနှောင်မပိုပါ
တောဘဝသမား မောင်ညိုပါဗျ။

တွေ့ကရာဖတ်ပေါ့ သတိယှဉ်ကာရယ်
လေ့လာမှတ်တော့ အသိပညာကြွယ်သလေ့။

အသိပွားလို့ အကြောင်းအကျိုးဆင်ခြင်
ကဝိတစ်ပါးမို့ အကောင်းအဆိုးမြင်သလေ့။

ခက်ခက်ခဲခဲ အရေးကြုံ
နက်နက်နဲနဲ အတွေးစုံသလေ့။

ဘိုးရာဇာဘွဲ့ ရှေးဦးတင်
အမျိုးဘာသာရဲ့ ကျေးဇူးရှင်လေ့။



ပြောသမျှသာတော၊ မနောလှဟဒယ
အောချစရာက အခြေအမြစ်ခိုင်
လောကပါလ သွေမပစ်ပိုင်ရှင့်။

အထပ်ထပ်ပွား၊ ဖတ်မှတ်ထားတော့
ပြတ်ပြတ်သားသား အတိအကျမပို
တပ်အပ်လျားလျား အမိအရဆိုသလေ့။

အချင်းလှခြင်း၊ သတင်းကသင်းတော့
ရှင်းသမျှအလင်းပွား တောက်ကြွားပြီ
အင်းဝမင်းတရား မြွောက်စားသည်ရှင့်။

အလို. . .
မောင်ညိုတဲ့ တောရွှေကျေး
တောအခြေ တောမြေမွေးပေမယ့်
အလေးထားကာ အခြေစိုက်တာက
ပေပုရပိုက် အဖုံဖုံပေါ့
ကုန်စင်အောင် ဖတ်မှတ်ထားတဲ့ပြင်
ထပ်ထပ်ပွားကာ အသိတလူလူမို့
ကတိတစ်ဆူ အထင်အရှားပါပဲ
ဘုရင်အပါး နန်းအလယ်မှာ
နေလသဖွယ် အရောင်အဆင်းရယ်နဲ့
အမှောင်ခွင်း အလင်းဖြာလို့
ဝန်ဇင်းရွာ တောမြေမွေးပါတဲ့
တောရွှေကျေး 'မောင်ညို' ရယ်လေး။ ။

www.burmeseclassic.com

www.burmeseclassic.com



# မောင့်...မိုးပြေး...ခင်

ရွှေဒါးမောင်လေးရှည်

ရွာမယောင် ဟန်ဆောင်နဲ့
မာန်ဖွဲ့တဲ့ မိုးဒေဝါ။

လျှပ်စစ်ခြယ်မှုန်း
ထစ်ချုန်း သူညာက်ဆင်လို့
မျှော်သူ့ရင် ဘဝင်နွမ်းအောင်ပါ့
လွမ်းပြ သူ. . . ညာ။

ကန္တာလမ်းဆီက
မျှော်တမ်းသူ မောင့်ခမျာပေါ့
တစ်နေ့ခါ ရွာတန်ကောင်းထင်ရဲ့
ထပ်လောင်းဆူ ပူပင်ဇောတွေနဲ့
ရင်မောအောင် မောင်မျှော်စောင့်သော်လည်း
စိုးနှောင့်သူ ပူဗျာအနွမ်းတွေနဲ့
မျှော်လွမ်းပေမယ့် ရွှေမိုးမရွာ
ကြော်. . .
တမင်မညှာသူက စိမ်းသွေလွှဲ။

နောင်မထူးပြီခင်
မောင်ရှူးအောင် ကြင်နာချင်မင့်
အလျှင်ပုန်းသူ မိုးပြေးခင်ရဲ့
ရွာယောင်ဆင် မာန်ဝင်အငြိုးတွေနဲ့
ခွေညှိုးအောင် သူမကြင်ညှဉ်းလေသမျှ
ရင်တွင်းပူ လူမြင်မသိပေမယ့်
မချိ ပူဗျာနှောင်ခဲ့
သန်ရှင်အောင် မောင်ဆင်ပျိုးသော်လည်း
ကံဆိုးစွာပေါ့လေ. . .
ညှိုးလျှစွာ နွေခင်တန်းမှာဖြင့်
အချစ်ရယ်. . . နွမ်းလျှကြေကွဲ။ ။



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့စိတ်ဓာတ် မြန်မာ့အားမာန်

မင်းမောင်နွယ်(မွန်ဌာနီ)

ငှက်ကျေးတို့ သံစုံသွင်း
မြိုင်တွင်း သာယာ။
ပွင့်ဖူးငုံ ရနံ့လွှမ်း
ပန်းရွှေရင်းမော။
ကန်ရာသီခါ
ရေဇလာ သင်ဖြူး။
ငါးကြင်း ငါးတန်တို့
စုန်ဆန်ကာ မြစ်အတွင်း
ရေခင်းမှာ မြူး။



မြန်မာ့စလေ့ တော်သလင်း
မြစ်တွင်း သာယာ။
'မြန်မာ့စလေ့ လှေသဘင်ပွဲ'
ဆင်နွှဲပျော်စွာ။
လက်ခုပ် ဩဘာ
ထက်ဝလာ ညံမစဲ။
တက်သုတ် မြိုင်မြိုင်နဲ့
အရှုံးအနိုင် အပြိုင်နွှဲ
ယောက်ျားတို့ပွဲ။

'မြန်မာ့သားဟော့'
အားပြည့် မာန်ပါ။
ဖွဲ့လုံ့လ ထပ်
စိတ်ဓာတ် နိုင်မာ။
စည်းလုံးလို့ ညီညာ
ပြည်သာဖို့ ဆင်နွှဲ။
ဟိုရှေ့မှာ လက်တစ်ကမ်း
လှမ်းဆွတ် အောင်ပွဲ။ ။

www.burmeseclassic.com

www.burmeseclassic.com



# ကြိုလှည့်ပါမောင်

မောင်သုဆွေ(သမြေ)



မိုးရိပ်မှောင်ညို
ရွာမလိုပေါ့၊
ပျိုလေးခင် အိမ်ပြန်လမ်း
လှမ်းကြိုပါနော့။

မြေလမ်းမို့ ချော်သတော်
အသွားမလျော်က မှောက်ရက်လဲ၊
သည်မိုးသည်လေနဲ့
ရွာသူတွေ သည်မြိုင်ကြား
သွားရ ခက်ခဲ။

မျှော့ကလည်း ပေါပါဘိ
ဟောတော့ကြည့် တွယ်ဖို့လာ
သည်းအူ တုန်စရာ၊
ကြောက်ပေမယ့် မဖယ်သာ
လက်မှာလည်း ပျိုးပင်နဲ့၊
မောင်ကြီးရေ. . . ပျိုးကောက်ငန်း
လှမ်းလို့ ဖယ်လှည့်။

မိုးကြီးသဲမဲ ရွာချေပြီ။
ကောက်စိုက်သူ ပျိုမေတစ်သိုက်
ချမ်းနိုက်တုန်ရီ။
လေပြင်းက မာန်ဟုန်ချီ
အေးပါပြီ. . . လေအဝေ့၊
ဖော်တစ်သင်းတွေနဲ့
ပျော်ရင်းပင် အမောပြေရတယ်
တောမမလေ့။ ။

www.burmeseclassic.com

www.burmeseclassic.com



# အချစ်ရေးသည့် ဆေးပန်းချီ

ချစ်စုအောင်



စခန်းမထောက်သည်မို့
လမ်းလျှောက်ရင်း ဤနေရာသို့
ဖော်မပါ ကိုယ်တစ်ဦးသာဖြင့်
ရောက်ဖူးခဲ့ မကြာမကြာ။

သည်လမ်း သည်မြေက
ကြည်စမ်းရေ သီတာလို့ရယ်နဲ့
ခင်းပြေပြေ ညင်းလေအသွဲ့မှာဖြင့်
ပန်းဝါနီ ညှာချိုင့်ပါလို့
ကျေးသာရကာ တေးကဗျာဖွဲ့သော်လည်း
မှတ်တမ်းသာ။

တစ်ရက်ကပေပေါ့
သက်တမျှ ခင်တွယ်သူနဲ့
ကြင်မယ်အတူ ယုယထွေးကာပ
နုအလှတေး လှစ်ကာသီလို့
ချစ်ကမ္ဘာတည် အချစ်ချိုသမျှမှာဖြင့်
ချစ်အလိုကျ အဆင်ပြေစွာ
ယခင်နေရာ တစ်ခေါက်ပြန်အသွား။

အလို. . .
အို ပန်းအလှ မွှေးပါဘိ
စမ်းမြေအေး ဘောင်ဘင်သာလို့
တောင်စဉ်ပြာ တောတစ်ခွင်စိမ်းရုံမက
ခပ်သိမ်း သာရကာတို့
တေးထံတျာ သံသာမြူးတဲ့ပြင်
အဝေးတစ်မှုန် ဆေးစုံလူးသည်ထင့်
ရွှေဘဝင် ရေစင်နှုးသလိုပ
အာရုံမှာ သာပုံကျူးတော့တယ်
ထူးလှပါကလား။ ။

www.burmeseclassic.com

www.burmeseclassic.com





## ဥယျာဉ်မှူးရှင် မြတ်မိခင်

နုဈေး(ဥက္ကလာ)

အမေ့အိမ်ငယ်၊ မြေမကျယ်
ပွင့်နွယ်မလပ်၊ သီးမပြတ်
ကြခတ်ဝါးတင်၊ လေးတိုင်စင်
စက်ခွင်လှည့်တိုင်း၊ တဲ့မဆိုင်း
ကိုင်း၍ညွတ်၍ နေသည်သာ။

အိမ်ရှေ့မြေကျဉ်း၊ စည်းရိုးရင်း
ပျံ့သင်းမွှေးထုံ၊ နိုင်ပန်းစုံ
လှဂုဏ်ကြွားဝင့်၊ ငွါးငွါးစွင့်
တင့်၍တယ်၍ နေသည်သာ။

ခေါင်းရင်းမြေသား၊ စည်းရိုးနား
သမားဂုဏ်တင်၊ ရွှေတော်ဝင်
တွယ်ငင်ယှက်အုံ၊ ဆေးရုံ
စုံ၍လင်၍ နေသည်သာ။

ကောက်ရိုးနွားဈေး၊ သစ်ရွက်ဆွေး
နောက်ဖေးဆိုင်ခန်း၊ သီးနှံတန်း
ဝမ်းရေးလည်းစို၊ ကုသိုလ်ကြို
စို၍စိမ်း၍ နေသည်သာ။

တစ်နည်းတစ်နိုင်၊ မြေတစ်ပိုင်
ဖြိုးနိုင်သီးပွင့်၊ ပင်ကိုင်းညွှတ်
ခူးဆွတ်လိုအင်၊ ပြည့်မောက်လွှင်
ဥယျာဉ်ရှင်မှူး၊ တက်ကြွမြူး
ရွှယ်လူးပုံဖော်၊ ကျန်းမာပျော်
ရာကျော်သက်မှန်း၊ စိတ်သန်စွမ်း
လန်း၍ဆန်း၍ နေသည်သာ။ ။

www.burmeseclassic.com

www.burmeseclassic.com





## အရွယ်မတိုင်မီ

ဇော်နောင်

မနက်လင်းတာနဲ့
သရက်ကင်းကြွေလေးတွေကိုမြင်
ရင်ထဲမှာ မကောင်း။

အလုံးကြီးကြီး
အသီးထွားထွားရယ်နဲ့
'အသားမှာ ဝက်'
'အရွက်မှာ လက်ဖက်'
'အသီးမှာ သရက်' ရယ်လို့
ညွှန်းဆက်ချို စကားရယ်နဲ့
သူများလို ဆိုမကြွားသာဘု
သနားစရာ အကြွေစောရှာပေါ့
လောကဓာတ်ကြောင်း။ ။

www.burmeseclassic.com

www.burmeseclassic.com



## ကျိုက်ထီးရိုး

ဆန်းလွင်(မြန်မာစာ)



တိမ်ပင်လယ် လှိုင်းအပုတ်
မျှိုင်းအသုတ်သုတ် ပုံသည့်နယ်၊
'ဖယ်ရီ'မောင် လေရထား
ရပ်နားဦးကွယ်၊
ပြုံးလုလု ဝေဟင်ဝယ်
ရွှေစင်ထည် ကျောက်ငှုစွန်း။
ကျိုက်ကဿ်ိုးဘ ခြေတော်ရင်းကို
ဝပ်စင်းဖို့ညွှန်း။

ကသစ်ရှင်နဲ့ တိဿရသေ့
တည်ထားရွှေ ပဝေသဏီ၊
ပေါင်းလောင်းတောင် အရှေ့ရိုးမရဲ့
ဗုဒ္ဓရောင်ခြည်၊
တေးသီလို့ ရေးမမီ
ဆေးပန်းချီ စုတ်ချက်ဆွေး၊
မွန်ပြည်နယ် ကျိုက်ထိုအလှရယ်
လက်ချမှိုင်ငေး။

ခုနစ်မိုင် တက်ဆင်းကြမ်း
မြွေကားလမ်း ဝင်္ကပါလိမ်၊
ကေဘယ်(လ်)ခေါ် ကောင်းကင်ကားက
ဝင့်ကြွားခေတ်ရှိန်၊
အသည်းယားလို့ စိတ်မငြိမ်
အကြိမ်ကြိမ် ဘုရားတ၊
စိတ် 'အော်တို' ခလုတ်ပိတ်
ပျော်ထိတ်ရင်မ။

ရွှေနန်းကျင် ဘိုးဘိုးကြီးနတ်
ကျီးပါးစပ် နေရာစုံ၊
သစ်ဝါးရှပ် ဒီဇိုင်းသစ်နဲ့
ဆေးမြစ်ဖုံဖုံ၊
တပို့တွဲစ တန်ခူးကုန်
သိမ့်သိမ့်တုန် ပွဲတော်ကျင်း။
ဩော်. . .
ရာမညပြည်
သာစွတစ်လီ
သဘာဝပန်းချီ တောင်မြို့င်ဆီးပါတဲ့
'ဆောင်နိုင်ကြီး' ရေတံခွန်စမ်းငုံ့မြင်
ဟေမဝန်နန်း သာယာတင့်တယ်
လွမ်းချင့်ဖွယ်ခင်း။ ။



www.burmeseclassic.com

www.burmeseclassic.com



# အရှက်ဦး အေးရိပ်မြုံ

မင်းသွေးနွယ်(ဇီးကုန်း)



ရွာဦးကျောင်းက
တုံးမောင်းခေါက်သံ၊ စည်းချက်မှန်စွာ
မိုးယံလွင့်မြူး၊ အရှက်ဦးလျှင်
ကြည်နူးစေရ၊ လန်းဆတ်စွတည့်
အဘနိုးမှ နိုးပါစေ၊
အရှက်ဆွမ်းပြင် ကပ်ပါစေ၊
ဘုရားဝတ်တက် ပြီးပါစေ၊

အိမ်နောက်ဘက်တွင်
မနက်စာတွက်၊ ကြော်လှော်ချက်ရေး
လင်းကြက်အနှင်၊ အမေဝင်လျက်
နေ့စဉ်မြင်ရ၊ ကြည်နူးစွတည့်
အဘဝေမျှ ရပါစေ၊
ကြေးစည်သံမှ ကြားပါစေ၊
အမေချမ်းမြေ့ မွေ့ပါစေ၊

သစ်ပင်ရိပ်ထက်
ငှက်ကျေးတစ်သင်း၊ သံစုံညင်းလျက်
ဝင်းစရောင်နီ၊ လင်းနေခြည်မှာ
လေပြည်မွှေးသင်း၊ အရှက်ခင်းချိန်
မြင်ကွင်းချမ်းမြ တွေ့ပါစေ၊
အရှက်နိုးထ လှပါစေ၊
မိသားစုကုန် ဆုံပါစေ၊

အိပ်တန်းဆင်းစ
ကြက်ဖကြီးမြူး၊ ဝက်တွေမြူးနှင့်
အိမ်ဦးခေါင်းရင်း၊ နွားခြံတွင်းထက်
နှစ်ရှည်းညီဖြာ၊ ညံညံစာပြီ
သာလှသိမှ သိပါစေ၊
နွားစာစဉ်းလို့ ပြီးပါစေ၊
ကြက်ဝက်စာမှ ကြည့်ပါစေ၊

လင်းရောင်ခြည်မွေ့
နေ့သစ်တည်ရာ၊ မင်္ဂလာဖြင့်
ကမ္ဘာလောက၊ ချမ်းငြိမ်းစွတည့်
အဘခိုလှုံ၊ ရွာရိပ်မြုံကား
အရှက်အကျင်း၊ နံနက်ခင်းတိုင်း
ပျံ့သင်းစုံညီ လေ့ဂုဏ်ရည်၊
ဖြန့်ခင်းပုံပန်းချီ မွေ့ထုံကြည်။ ။

www.burmeseclassic.com

www.burmeseclassic.com





## ငယ်ကကျွမ်းတဲ့ နန်းဝေဝေ

ဒေအာင်ပန်း(ဂန္ထဝင်)

သူ့မျက်နှာ ကြည်သာအလှနဲ့
မည်နှာမ နန်းဝေဝေ၊
ကြမ္မာမနိုင် တစ်ပြည်နယ်ပြောင်းခဲ့
ငယ်ပေါင်းချစ်ဆွေ၊
ငါ့မှာတော့ ကျွမ်းလျက်နေ
လွမ်းမျက်ရည် တိတ်တဆိတ်သိမ်း။
နှစ်ပေါင်းကြာ သတင်းမရတယ်
မင်းကတော့စိမ်း။

နွေဂိမှာန် ပိတောက်ပန်းကိုဖြင့်
အရောက်ကမ်း မင်းတွက်လေ၊
မိုးစံပယ် မင်းခေါင်းထက်မှာလ
စောင်းငဲ့ပန်စေ၊
ဟေမန်ဆောင်း သဇင်ဝေ
ခူးကာခြွေ ပေးမဆုံး။
ပန်းရနံ့ထုံ သင်းတမြမြရယ်နဲ့
မင်းကတော့ပြုံး။

ဘယ်ဌာနီ နယ်တစ်ဝန်းဆီက
ဘယ်စခန်း မင်းပျော်နေ၊
ခုချိန်ခါ အရှက်ကျင်းစပေမို့
နှင်းတွေကျဝေ၊
သဇင်ပန်းတို့ တကြွေကြွေ
ဝသုန်မြေ တဖွေးဖွေး၊
ဆောင်းရတု အလွမ်းပိုလာတော့
ငါ့မျက်နှာ အပြုံးများကွယ်လို့
အလှပျက်ကွာ ဖုံးထားမလွယ်နဲ့
နှလုံးသားနယ် နာကျင်လွမ်းတယ်ကွဲ့
မြင်စမ်းတော့လေ။ ။

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com







Cartoon

www.burmeseclassic.com

www.burmeseclassic.com





# မောင်သန်းဆွေ (ထားဝယ်)

## နန်းကျပုဂံမင်း၏နောက်ဆုံးနေ့များ

ကုန်းဘောင်ဆက် မင်း ၁၁ ပါးတွင် နန်းကျမင်း ၅ ပါးရှိပါသည်။ နန်းကျမင်း ၃ ပါးဖြစ်သည့် ငစဉ့်ကူးမင်း၊ ဖောင်းကားမင်းနှင့် စစ်ကိုင်းမင်း(ဘကြီးတော်)တို့သည် နန်းမှကျပြီး နန်းကျဘဝနှင့် ကြာကြာမစံလိုက်ရချေ။ ကုန်းဘောင်ဆက်မင်း ၉ ဆက်မြောက်ဖြစ်သည့် ပုဂံမင်းနှင့် ၁၁ ဆက်မြောက်ဖြစ်သည့်

သီပေါမင်းတို့ မင်းနှစ်ပါးသာလျှင် နန်းကျသဝနှင့် ကြာမြင့်စွာစံခဲ့ကြရသည်၊ သီပေါမင်း၏ နန်းကျသဝ ရတနာဂီရိမှအကြောင်းကို အများအပြားပင်ရေးကြ၍ အတော်အတန်သိကြရပါသည်၊ ပုဂံမင်း၏ နန်းကျသဝကိုမူ မသိကြသူများသည်၊

ပုဂံမင်း နန်းကျရပုံမှာ သီပေါမင်းနှင့်မတူချေ၊ သီပေါမင်းမှာ တိုင်းတစ်ပါးသို့ ယောင်နစုပါသွားရသည်၊ ပုဂံမင်းမှာမူ နန်းမှကျသော်လည်း ညီတော် မင်းတုန်းမင်းတရားက ကောင်းမွန်စွာ စံစား၊ ခံစားစေ၍ ထားတော်မူသည်၊ နန်းကျစက သူ့အသက်ကို ရန်မူလေမည်လားဟု ပူပင်သောကရောက်ရရှာလေသည်၊ သို့သော် ညီတော်က အစ်ကိုကြီး အဖရာ

ပုဂံမင်း နန်းကျရပုံမှာ သီပေါမင်းနှင့်မတူချေ။ သီပေါမင်းမှာ
တိုင်းတစ်ပါးသို့ ယောင်နစုပါသွားရသည်။ ပုဂံမင်းမှာမူ
နန်းမှကျသော်လည်း ညီတော် မင်းတုန်းမင်းတရားက
ကောင်းမွန်စွာ စံစား၊ ခံစားစေ၍ ထားတော်မူသည်။
နန်းကျစက သူ့အသက်ကို ရန်မူလေမည်လားဟု
ပူပင်သောကရောက်ရရှာလေသည်။ သို့သော်
ညီတော်က အစ်ကိုကြီး အဖရာ ဆိုသကဲ့သို့
ကောင်းမွန်စွာပြုစုထားသည်။

ဆိုသကဲ့သို့ ကောင်းမွန်စွာပြုစုထားသည်၊ ဇစ်ကိုင်းမင်း (အကြီးတော်) နန်းကျစဉ်ကလည်း ညီတော် သာယာဝတီမင်းက နောင်တော် နန်းကျဘုရင်ကို ကောင်းမွန်စွာထားခဲ့သည့်သာဓက ရှေ့မှာရှိနေသည်။

ပုဂံမင်း၏ညီမတော်အရင်းတိုင်ပင် မင်းတုန်းမင်းတရား၏ ကောင်နန်းတင်ခဲ့၍ ယောက်မတော်ဖြစ်နေပြန်သည်။ သာယာဝတီမင်း၏ မိဖုရားခေါင်ကြီးသည် ဘုရင့်ယောက္ခမတော်အဖြစ် ကောင်းစားရပြန်၏၊ အမှန်မှာ သည်မိဖုရားခေါင်ကြီးသည် မြည်မင်းသား၊ ပခန်းမင်းသား၊ အနောက်နန်းမိဖုရား မမြကလေးတို့ကို အကောက်ကြံခဲ့သူဖြစ်သည်၊ သူ့သားတော် ပုဂံမင်းသား နန်းရရန် ထိုသူများကို စတေး၍ လမ်းရှင်းခဲ့သည်၊ တိုင်းပြည်တွင် မင်းတုန်းမင်းသားနှင့်ကနောင်မင်းသားတို့ကို လူအများက လေးစားချစ်ခင်ကြည်ညို လာကြသောအခါ၌လည်း သူ့သား ပုဂံမင်း ထီးနန်းနိုင်မြဲရေးအတွက် ရှင်းရန်ကြံခဲ့သည်၊ သို့သော် ကံတရားက သူ့ဘက်မှရပ်တည်မပေးသဖြင့် သူ့သား နန်းမှကျသော်လည်း နောက်မင်းက သမက်တော်ဖြစ်လာသဖြင့် စိတ်အေးအေးဖြင့် သက်ဆုံးတိုင် စံစားသွားခဲ့သည်။

ရတနာပုံမြို့သစ်နန်းသစ်တည်သောအခါ မင်းတုန်းမင်းတရားသည် နောင်တော် ပုဂံမင်းအတွက် နန်းမြို့တော်၏အရှေ့တောင်ဘက်တွင် 'ပုဂံအိမ်တော်' ဟု အိမ်တော်ဆောက်ထား ကောင်းမွန်စွာထားသည်၊ ရှိရင်းစွဲ မိဖုရားခေါင်ကြီး အမျုးမြုသော မိဖုရား ၁၄ ပါးနှင့် ခံစားစေသည်၊ လိုလေသေးမရှိအောင် ထောက်ပံ့ပေးခဲ့သည်၊ နေ့စဉ် ပွဲတော်အုပ်ပို့သည်၊ လက်သုံးတော်ရွှေအိုးကိုပင် တိုင်ဆောင်ခွင့်ပြုခဲ့၏၊

နန်းကျပုဂံမင်းသည် ဤသို့နေရစဉ်တွင်ပင် ကိုယ်လုပ်တော်တစ်ပါးထပ်၍ထားလိုက်သေးသည်၊ ဤအကြောင်းများကို စာရေးသူအား စာရေးဆရာမကြီး ခင်ခင်လေးက ပြောပြခဲ့ပါသည်၊ ဖြစ်ရပုံမှာ မင်းတုန်းမင်းတရား၏ မြောက်နန်းတော်မိဖုရားနှင့် ပုဂံမင်း၏မိဖုရားခေါင်ကြီးတို့သည် ညီအစ်မအရင်းတမျှချစ်ခင်ကြသည်ဆို၏။ မြောက်နန်းတော်မိဖုရား၏ မြောက်နန်းဆောင်မှ အပျိုတော် 'ခင်မီ'သည် ပုဂံအိမ်တော်သို့ အဝင်အထွက် နေ့စဉ်လိုလိုရှိသည်ဆိုပါသည်၊ မြောက်နန်းမိဖုရား စေသမျှပါးသမျှကို အပျိုတော်ခင်မီက ပုဂံမင်းမိဖုရားခေါင်ကြီးထံ ပို့ဆက်ရသည်၊

ဤသို့ ပုဂံအိမ်တော်သို့အဝင်အထွက်ရှိနေသည့် ခင်မီကို နန်းကျဘုရင် ပုဂံမင်းက မျက်စိကျတော်မူသည်၊ ခင်မီကလည်း အသက်သုံးဆယ်ခန့်သာရှိသေးသည်၊ ရုပ်ရည်က သင့်စနိုးသည်ဆို၏။ အမေရှုရန်နန်း

www.burmeseclassic.com

www.burmeseclassic.com



ပဟောင်းမှ ထံခါးမှုနှပဟောင်း၏သမီးဖြစ်သည်။

ပုဂံမင်း၏ဆန္ဒတော်ကိုပြည့်ဝစေရန် သူ့မိဖုရားခေါင်ကြီးကပင် မင်းတုန်းမင်းတရား၏ မြောက်နန်းမိဖုရားကြီးကို နှစ်ကိုယ်ကြားလျှောက်ထားရသည်။ မြောက်နန်းတော်မှတစ်ဆင့် အရှင်နန်းမတော် စကြာဒေဝီကို လျှောက်ထားရ၏။ အလွန်ကြွေခြွေသိက္ခာရှိသော နန်းမတော်ဘုရား(စကြာဒေဝီ)သည် သူ့ခနောင်တော် ပုဂံမင်း၏ဆန္ဒကိုကြားရသောအခါ ရှက်တော်မူသဖြင့်-

"ဒီအရေး ဘုန်းတော်ကြီးဘုရားကို မြောက်နန်း မိမိထပဲ လျှောက်ထားပေတော့၊ မဖုရားတော့ ပြောရရှက်ပါ့"ဟု မိန့်တော်မူသဖြင့် မြောက်နန်းမတော်သည် မင်းတုန်းမင်းတရား မြောက်နန်းဆောင်သို့ကြွလာသောအခါ ခနောင်တော် ပုဂံမင်းကိစ္စကိုလျှောက်ထားရလေသည်။ မင်းတုန်းမင်းတရားကြီးက ဤသတင်းကြားရသောအခါ ပြုံးတော်မူ၍ "သူ့စိတ်ချမ်းသာသလိုနေပါစေ"ဟု မိန့်တော်မူ၏။ မင်းတုန်းမင်းတရားကြီး သဘောတူသည်ဆိုသည်နှင့် ခင်မိမှာ နန်းကျပုဂံမင်း၏ ကိုယ်လုပ်တော်ဖြစ်ရရှာလေသည်။

မင်းတုန်းမင်းတရားက ခနောင်တော်ပုဂံမင်းကို လိုလေသေးမရှိအောင် စောင်မကြည့်ရှုထားတော်မူသော်လည်း ပုဂံမင်းသည် အသုံးအဖြုန်းမလျှော့ပေ။ နန်းကျသော်လည်း အသုံးအစွဲချွေတာခြင်းမရှိ။ ရှေးကကဲ့သို့ပင် အသုံးအဖြုန်းကြီးမြဲဖြစ်၏။ ချိုးတည်၊ ခါမွေး၊ ကြက်တိုက်ခြင်းအမှုများကို ပြုတုန်းပင်ဖြစ်၏။ ညီတော်ဘုရင်၏ ထောက်ပံ့ငွေတော်၊ သူပိုင်လယ်ယာတော်များမှ ရရှိမြဲအခွန်တော်ငွေများဖြင့်လည်း သုံးစွဲ၍မလောက်ငနိုင်ပေ။ စုံမှန်ရုံခါ နှမတော်ရင်း စကြာဒေဝီမိဖုရားကြီး ထံသို့သွား၍ ချေးငှားလိုက်သေးသည်။ နှမတော်ကလည်း နောင်တော်ကို အကြောင်းသိဖြစ်၍ အမြဲ အလိုဖြည့်ခဲ့သည်။ မယ်တော်ဘုရားကြီးရှိစဉ်က မယ်တော်ဘုရားထံမှပင် တောင်း၍ သုံးစွဲတော်မူသည်ဆို၏။

ပုဂံမင်းမိဖုရားခေါင်ကြီးသည် ဘိုးတော်ဗဒုံမင်းတရားကြီး၏ သားတော်ဖြစ်သော မကွေ့ရာမင်းသားကြီး၏ သမီးတော်အငယ်ဖြစ်၏။ ငယ်မည်မှာ မင်းရွှေကျူဟုခေါ်၏။ ပုဂံမင်းမိဖုရားခေါင်ကြီးသည် ခမည်းတော် မကွေ့ရာမင်းသားကြီးထံမှ အမွေအမြောက်အများရရှိခဲ့၏။ အခြားမောင်နှမများထက်ပင် ရရှိတော်မူသည်။ ဤသို့ မိဖုရားခေါင်ကြီးဘက်မှရရှိသော အမွေပုံ လယ်ယာကိုင်းကျွန်းမှ ထွက်သမျှ၊ ရသမျှတို့ကိုလည်း ပုဂံမင်းကပင် သုံးဖြုန်းလေသည်။ မင်းမျိုးမင်းနွယ်တို့ သဘာဝ ယေဘုယျအားဖြင့် အသုံးအဖြုန်းကိုစိစစ်လေ့မရှိဟု ထင်ပါသည်။ အသုံးလိုသည့်အခါတိုင်း သူပိုင် ရွှေသားအစစ်အသုံးအဆောင်များကိုပင် ထုခွဲရောင်းချ သုံးစွဲတော်မူတတ်သည်။ ဤကိစ္စများကို ကိုယ်လုပ်တော် ခင်မိက ဆောင်ရွက်ပေးရလေသည်။ ရွှေသားကွမ်းစွတ်တော်ပင်မရှိပြီဟု ညီတော်ဘုရင် မင်းမြတ် ကြားသိတော်မူ၍ အစားပြန်လုပ်စေပြီး ပေးတော်မူခဲ့သည် ဆို၏။

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မင်းတရားကြီး၏ သားတော် သမီးတော်များ၊ အိမ်ရှေ့မင်း၏ သားတော် သမီးတော်များနှင့် အခြားဆွေတော်မျိုးတော်၊ တူတော်၊ တူမတော် ခမြီးတော်တို့က ဝါခင် ဝါကျွတ်တွင် ဘကြီးတော် ပုဂံဘုရင်ဟောင်းကို ကန်တော့ခြင်းအမှုပြုကြရသည်ဆို၏။ တစ်နှစ်တစ်နှစ် ဤကန်တော့ကြေးများကပင် မနည်းပေ။

ပုဂံမင်းအားထားရာ မယ်တော်မိဖုရားကြီး (သာယာဝတီမင်း မိဖုရားခေါင်ကြီး) ပထမ နတ်ရွာစံသည်။ ဒုတိယ နှမတော် စကြာဒေဝီမိဖုရားကြီး နတ်ရွာစံပြန်သည်။ သုံးနှစ်အကြာ ညီတော်မင်းတရား နတ်ပြည်လားသည်။ ပုဂံမင်းဟောင်းအတွက် အားကိုးရာမဲ့လေပြီ။

တူတော် သီပေါမင်းတရားနန်းတက်သောအခါ ရွှေနန်းတော်နှင့် ပုဂံအိမ်တော်တို့သည် ယခင်ကဲ့သို့ ကူးလူးဆက်ဆံမှုနည်းလာသည်။ တူတော် ဘုရင်နှင့် တူမတော် မိဖုရားကြီးတို့ထံမှ တစ်နှစ် နှစ်ခါ ဝါခင် ဝါကျွတ်ကန်တော့ကြပါသည်။ ကျန် တူတော် တူမတော်၊ ဆွေတော်မျိုးတော်တို့မှာ ကန်တော့ရန် ပျက်ကွက်လာကြသည်။ အကြောင်းမှာ သီပေါမင်းနန်းတက်သည့်အရေး အသက်ဘေးနှင့်ကြုံခဲ့ကြ၍လည်းကောင်း၊ အသက်ရှင်ကျန်သူတို့မှာလည်း အခြေအနေအရ ရှားပါးလာကြ၍လည်းကောင်းဖြစ်၏။

တစ်နေ့သော် ကိုယ်လုပ်တော် ခင်မိသည် ရတနာ

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ပါးစီခြယ်ထားသော ရွှေသားကွမ်းအစ်ကြီးကို ရက်ကန်းတော်အုပ်မင်းသားကြီးထံယူလာပြီး ဝယ်ရန် လျှောက်ထားသည်။ ရက်ကန်းတော်အုပ်မင်းသားကြီး မင်းရဲကျော်ခေါင်မှာ အရှင်နှစ်ပါး ပထမသမီးတော်၏အထိန်းတော် သုံးဆယ်မြို့စား သုကေသာဝတီ၏ ခမြောက်သားတော်ဖြစ်၏။

ရက်ကန်းတော်အုပ်မင်းသားကြီးသည် အဖိုးထိုက်တန်လွန်းသော ရွှေကွမ်းအစ်ကြီးကို ချက်တရက်မဝယ်ရဲပေ၊ အရှင်နှစ်ပါးအား သွား၍လျှောက်ထားသည်၊

အရှင်နှစ်ပါးက "သူ့ပစ္စည်း သူရောင်းသည်ဖြစ်၍ ဝင်ရောက်စွက်ဖက်ရန်မရှိ" ဟု မိန့်တော်မူသည်။

ပုဂံမင်းသည် နန်းသက် ၆ နှစ်သာ စံရသော်လည်း လူသက်ကား အလွန်ရှည်သည်ဟု ဆိုဖွယ်ရှိပါသည်။ သူ့မိဖုရားအချို့ပင် ကံတော်ကုန်သွားကြပြီ။ သူ့မှာ ငွေရေးကြေးရေးမလောက်ငမှုဖြင့် လုံးလည်ချာလည် လိုက်လျက်ပင်ရှိနေသေးသည်၊ ဒီကြားထဲတွင် တုမတော် အရှင်နန်းမတော်ဖုရား(စုဖုရားလတ်)က ပုဂံအိမ်တော်တွင် အခြွေအရံများသည်ဟုဆိုကာ အားလုံးကို ရုပ်သိမ်းပစ်လိုက်သည်၊

ထိုအခါကျမှ ရက်ကန်းတော်အုပ်မင်းသားကြီးက ရွှေကွမ်းအစ်ကြီးကို အခြားသို့ရောက်မည်စိုး၍ ဝယ်ယူလိုက်ရသည်၊

ရက်ကန်းတော်အုပ်မင်းသားကြီး၏သမီး ထိပ်တင်ညွန့်မှာ မြင်းမှူးမင်းသား ထိပ်တင်တုတ်နှင့် လက်ဆက်၍ ထိပ်တင်ဆင့်ကိုမွေးသည်၊ ထိပ်တင်ဆင့်သည် တုန်းဆောင်ဆက်မဟာရာဇဝင်တော်ကြီးကိုရေးသူ မင်းသားဦးမောင်မောင်တင်နှင့် လက်ဆက်ခဲ့သည်၊ ဤအကြောင်းများကို ဦးမောင်မောင်တင်၏သမီး ဒေါ်တင်တင်မေက စာရေးသူအား ပြောပြခဲ့ခြင်းဖြစ်ပါသည်။ သီပေါမင်း၏နောက်ဆုံးနေ့များသည် သူနှင့်သူ့မိသားစုစားဝတ်နေရေးအတွက် လုံးပန်းရင်း ငွေရေးကြေးရေးအခက်အခဲများဖြင့်ပင် လုံးလည်ချာလည် လိုက်နေရသည်၊ နန်းကျပုဂံမင်းသည်လည်း သူ၏နောက်ဆုံးနေ့များတွင် ငွေရေးကြေးရေးအခက်အခဲများနှင့်ရင်ဆိုင်၍ အချိန်ကုန်ခဲ့ရပုံရှိ၏။

ပုဂံမင်းသည် နန်းသက် ၆ နှစ်သာ စံရသော်လည်း လူသက်ကား အလွန်ရှည်သည်ဟု ဆိုဖွယ်ရှိပါသည်။ သူ့မိဖုရားအချို့ပင် ကံတော်ကုန်သွားကြပြီ။ သူ့မှာ ငွေရေးကြေးရေးမလောက်ငမှုဖြင့် လုံးလည်ချာလည် လိုက်လျက်ပင်ရှိနေသေးသည်၊ ဒီကြားထဲတွင် တုမတော် အရှင်နန်းမတော်ဖုရား(စုဖုရားလတ်)က ပုဂံအိမ်တော်တွင် အခြွေအရံများသည်ဟုဆိုကာ အားလုံးကို ရုပ်သိမ်းပစ်လိုက်သည်။ ဘုရင်ဟောင်းကိုသာ မြို့စောင့်ရှောက်ရန်ဟူ၍ မင်းချင်းတစ်ယောက်သာထားရှိပေးသည်၊ ၁၂၄၂ ခုတွင် မယ်တော်လောင်းရှည်မိဖုရားအိမ်တော်မှ ရှိရင်းစွဲကျွန်တော် ၉၀၀ ကျော်မှ ၅၅၄ ယောက်အထိ လျှော့ချခဲ့သည်ကို ထောက်လျှင် ပုဂံအိမ်တော်၏အဖြစ်မှာ အံ့ဩဖွယ်မရှိပေ၊

ပုဂံမင်းမှာ မျက်နှာငယ်ရရှာလေသည်၊ အခြွေအရံကလည်းမရှိ အသိုက်အဝန်းလည်း မဲ့နေသည်။ သူ့ဝန်းကျင်တွင် မိဖုရားခေါင်ကြီးအမှူးပြုသော မိဖုရားဟောင်းများနှင့် ကိုယ်လုပ်တော်ခင်မိသာ စွဲစွဲမြဲမြဲရှိပေသည်၊ မိဖုရား ၁၄ ပါးနှင့် ကိုယ်လုပ်တော် ၁ ပါးသာရှိသော ပုဂံမင်းမှာ သားသမီးမထွန်းကားသဖြင့် (အချို့က ပုဂံကျောက်မြန်း ဥထစ်လုံးဟူသော စာချိုးနှင့်အညီ ပုဂံမင်းမှာ ယောကျ်ားအင်္ဂါမစုံသဖြင့် သားသမီး မရဟု ပြောကြသည်။) ချင်းကလေးတစ်ယောက်ကို သားအမှတ် မွေးစားထားသည်၊ ရှင်ပင်ပြုပေးခဲ့သည်ဆို၏၊ 'ဖန်ကျူ'ဟု အမည်ပေါ်၏၊

တစ်ခါသော် မွေးစားသား ဖန်ကျူသည် အပြင်း

www.burmeseclassic.com

www.burmeseclassic.com



များကာ ကျောက်ပေါက်လေသည်။ ထိုအခါက အရှေ့များနိုင်ငံများတွင် ကျောက်ရောဂါကြီးသည် ကြောက်စရာကောင်းလှသော ကပ်ရောဂါဖြစ်၏။

ပုဂံမင်းသည် အပါးတွင်ခစားနေသော မင်းချင်းကို သူ့မွေးစားသားအတွက် သမားတော်သွားပင့်စေသည်။ မင်းချင်းပြန်လာသောအခါ သမားတော် ပါမလာချေ။ ခုတိယအကြိမ်လွှတ်ပြန်၏။ သမားတော်နှင့်မတွေ့ခဲ့ပါဟုသာပြောသည်။ ဖြစ်ချင်တော့ ထိုနေ့က အားကိုးရသော ခါးပိုက်ဆောင်ကိုယ်လုပ်တော် ခင်မိကလည်း အိမ်တော်တွင်မရှိပေ။ စေခိုင်းရန်လည်း နန်းတော်ကြီးက ပေးထားသော ဤမင်းချင်းတစ်ယောက်သာရှိသည်။

(အမှန်မှာ ၎င်းမင်းချင်းသည် ပုဂံအိမ်တော်အတွက် နန်းတော်ကြီးမှလွှတ်ထားသော အထောက်တော်သာဖြစ်သည်။)

ကျောက်ရောဂါခံစားနေရသော မွေးစားသားကလေး၏ဝေဒနာကို မရှုရက်သဖြင့် မင်းချင်းအား နောက်တစ်ခါ သမားတော်အားပင့်ပေးရန် ခိုင်းပြန်၏။ မင်းချင်းက -

"ခအာဏာပဲခိုင်းနေတော့တာကိုး ကိုယ့်အထာကိုယ်သိမှာပေါ့" ဟု မချေမငံပြန်၍ပြော၏။ ပြောနေကျမဟုတ်ဘဲ ဤကဲ့သို့ပြန်ပြောသဖြင့် စိတ်တော် အလိုမကျစရာများ တစ်မျိုးပြီးတစ်မျိုးကြုံနေရ၍ စိတ်တော်ခုခနေသော နန်းကျမင်းသည် မင်းချင်း၏ရိုင်းပျမှုကြောင့် ဒေါသထွက်ကာ လက်သုံးတော်ဓားကိုဆွဲ၍ -

"သယ်. . . ငါ့ကိုများ ရာရာစစ" ဟု ဆိုကာ မင်းချင်းအား လိုက်၍ပိုင်းလေသည်။ မင်းချင်းလည်း မထင်မှတ်သောအဖြစ်ကြောင့် ထ၍ပြေးရ၏။ မင်းချင်းသျှောင်မှာ ပုဂံမင်းဓားသွားတွင် ပြတ်ကျန်ခဲ့သည်။

မင်းချင်းသည် သူ့ကိုလွှတ်ထားသည့် အရှင်နန်းမတော်ဖုရားထံပြေး၍ ပုဂံမင်းစိတ်ဖောက်ကာ ဓားဖြင့်ပိုင်းသဖြင့် သျှောင်ပင်ပြတ်ကျန်ခဲ့ရပါကြောင်း လီဆယ်လျှောက်ထားလေသည်။ အဖြစ်မှန်ကိုဖုံးကွယ်ထားခဲ့၏။ အရှင်နန်းမတော်သည် ဘကြီးတော်ပုဂံမင်းစိတ်ဖောက်တော်မူသဖြင့် လက်တော်တွင် လက်သုံးတော်ဓား မထားသင့်ကြောင်း သီပေါမင်းတရားအား လျှောက်ထားစေသည်။ မကြာပါချေ။ ပုဂံမင်းထံမှ လက်သုံးတော်ဓားကို အမိန့်ဖြင့်သိမ်းယူသွားကြလေသည်။ မွေးစားသားကလေး မနက်ကူးမှာ ပုဂံမင်းနှင့် မင်းချင်းတို့ အချင်းဖြစ်သည့်နေ့တွင်ပင် သေဆုံးသွားရှာလေသည်။

ပုဂံမင်းသည် ငွေရေးကြေးရေးကြောင့် စိတ်ဆင်းရဲမှု သူ့အလွန်ချစ်သော မွေးစားသားကလေး သေဆုံးသွားမှုကြောင့် ဝမ်းနည်းခဲ့ရမှု၊ လက်သုံးတော်ဓားကိုပင် အသိမ်းခံရ၍ သိက္ခာကျရမှုတို့ကြောင့် တစ်နေ့တခြား စိတ်မချမ်းမသာဖြစ်ကာ စိတ်ဆင်းရဲရခြင်းကြောင့် စက်တော်ခေါ်၍ပင်မပျော်၊ စားတော်ခေါ်၍လည်း မဝင်ဘဲ စိတ်ဝေဒနာဖြစ်လာလေသည်။ မိဖုရားခေါင်ကြီးမှာ နန်းတော်ကြီးသို့သွားလျှောက်ထားရန် အားကိုးရာများမရှိတော့ပါ။ လက်ရှိ အရှင်နှစ်ပါးကိုလည်း မဆက်ဆံဝံ့သဖြင့် ဒီအတိုင်းပင် မောင်တော် ပုဂံမင်း၏အဖြစ်ကို ရှုတော်မူနေရသည်ဆို၏။ ဤအကြောင်းများကို ကိုယ်လုပ်တော်ခင်မိက အခြားသူများကို ပြန်ပြောသည်မှ သိရခြင်းဖြစ်သည်ဟု ဆိုပါသည်။

"၁၂၄၂ ခု၊ နှောင်းတန်ခူးလဆန်း ၅ ရက် (၁၄-၃-၁၈၈၀)တွင် ဘကြီးတော် ပုဂံမင်း နတ်ရွာစံတော်မူသည်ကို ကြေငြာတော်မင်း။ မနှောတ်မင်းတို့ကို သဂြိုဟ်သကဲ့သို့ အခမ်းအနားကိုကြီးကျယ်စွာစီရင်ကျင်းပတော်မူ၍ စံတော်မူရာ ရွှေမြို့တော်အတွင်းတွင် အရှေ့တောင်ထောင့် နတ်စုလက်ယာကွက်ရှိ ဝင်းတော်အတွင်းတွင် အလောင်းတော်ကို တောင်းမွန်စွာသဂြိုဟ်တော်မူသည်" ဟု ကုန်းဘောင်မင်းဆက် မဟာရာဇဝင်ကြီးမှာ ရေးထားသည်။ ပုဂံမင်းခမျာ စိတ်ထောင်းကိုယ်ကြေကာ ဝေဒနာပွား နတ်ရွာစံလားပုံရှိလေသည်။ ။

**မောင်သန်းဆွေ(ထားဝယ်)**

www.burmeseclassic.com

www.burmeseclassic.com





# ကိုးကားဖွယ်ရာ ထိုထိုကဗျာ(၁၃)

## မောင်ခင်မင် (ဓနုဖြူ)

(၀)

ပညာလုံလောက်လို့ ခုံမြောက်တဲ့ဆရာ။
သမုဒ်ကယ်ရစ်သွယ်နှင့် မြစ်ပင်လယ် ဟိုဘက်တွင်းမှာ
ရှိခြင်းရာလေသုံ့နား၊ ကြား၏သောချာ၊
တတ်ပညာ၊ ရှာသူတို့အပေါင်း။
ထိုရပ်ကယ်ထိုမြေသို့ ရောက်အောင်လေကြိုဖန်လို့
မသွေလုန် ထုတ်ခွန်အား၊ သွားလေကြကောင်း။

+

ပညာကို ဘယ်လူဆိုးတို့ ယူနိုးလို့ပါပါ့မယ်၊
အတတ်ကယ်အလိမ္မာနှင့် ဥစ္စာဘယ်တူကြလိမ့်၊ လောကလူဝယ်။
သိကြားမြင် လုံလောက်တ၊ မျက်မှောက်ကယ် သည်ကိုယ်ဝယ်၊ ရလွယ်၏ ခင်ပွန်း။
တမလွန်နောင်ခါကောင့်၊ မြိုက်ချမ်းသာပိုမိုမြင့်၊ ကဲဆင့်တောက်ထွန်း။

+

www.burmeseclassic.com

www.burmeseclassic.com



ကြိုးမြွတ်ကယ် စည်းစိမ်အင်။
အတတ်တယ်ပညာနှင့်၊ ထင်ရှားစွာကိုယ့်အကျိုး
ဖြိုးစေလျက်ပင်။
သူ့အောက်ကိုနှိမ့်ချလို့ မာနကိုယ့်ဂုဏ်အင်၊ မထင်
ရစေပဘဲ။
သည့်တိုင်းကျင့်လေကာ၊ လူ့ကာဗေဆိုပိုဒ်လောက်
ပေ၏
မိုးအောက်မြေထဲ။

**စဉ့်ပါဆရာတော်၊ ဓမ္မနီတိချိုးမှ**
**အပိုဒ် ၁၂၊ ၁၈၊ ၄၀**
**၁၀စဇ် ခုနှစ်**

စဉ့်ပါဆရာတော်(၁၀၄၀-၁၂၁၀ ခန့်)သည် ဓမ္မနီတိနိဿယကျမ်းကိုအခြေပြု၍ လေးဆစ်ကဗျာအားဖွဲ့ဆိုခဲ့ရာ ယင်းကဗျာများမှ ကောက်နုတ်ထားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ မူရင်းသက္ကတဘာသာဖြင့်ရှိသော ဓမ္မနီတိကျမ်းကို ပထမဗားဂရာဆရာတော်က ပါဠိ-မြန်မာနိဿယပြန်ဆိုထားရာ စဉ့်ပါဆရာတော်က 'ဓမ္မနီတိချိုး' အဖြစ် ပြန်လည်ရေးဖွဲ့ခြင်းဖြစ်သည်။ ကောက်နုတ်ထားသောအချိုးသုံးပိုဒ်တွင် အပိုဒ် ၁၂ မှာ ပညာရှာသူတို့ ဆရာကောင်းရှာဖွေရာတွင် ပညာပြည့်ဝပြီး ခံ့သမာဓိအရာမြောက်သည့်ဆရာမျိုးရှိသည်ဟုကြားလျှင် မြစ်ပင်လယ်သမုဒ္ဒရာတစ်ဖက်တွင်ရှိသည်ဖြစ်စေ ထိုအရပ်သို့ရောက်အောင်သွား၍ ပညာရှာသင့်ကြောင်း တိုက်တွန်းထားသောအပိုဒ်ဖြစ်သည်။ အပိုဒ် ၁၈ တွင် မိမိ၏အတတ်ပညာကို ခိုးသူလုဆိုးတို့မခိုးယူနိုင်ပုံ၊ ဥစ္စာထက် ပညာကခိုင်မြဲပုံ အသိအမြင်နှင့်ပြည့်စုံလျှင် ဖျက်မှောက်ကာလတွင် အဆွေခင်ပွန်းကောင်းကိုရလွယ်ပြီး တမလွန်ဘဝတွင်လည်း ချမ်းသာခံစားရမည်ဖြစ်ပုံကို ရေးဖွဲ့ထားသည်။ အပိုဒ် ၄၀ တွင်မူ စည်းစိမ်ချမ်းသာရှိသူ၊ အတတ်ပညာပြည့်ဝသူတို့သည် မာန်မာနမထားဘဲ မိမိကိုယ်ကိုနှိမ့်ချနေထိုင်ကျင့်သုံးပါလျှင် ပညာရှင်အဖြစ် နေရာအနှံ့ ထင်ရှားကျော်ကြားမည်ဖြစ်ကြောင်း ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

(၂)

နှင်ဖြင့်နှင့်ကိုယ်၊ ဆုံးမဆို၊ နှင့်ကိုယ်အမှုသည်၊
နှင်မဆုံးမ နှင့်ထာ၀၊ ဘယ်တခါလိမ့်မည်။
နှလုံးဖုံဖုံ ထုံတုံတုံ နှင့်ပုံကြောကြွမ်းသည်၊
နှင်နှင့်နှင့်ကာ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်၊
ယခုနှင့်ကိုယ်၊ နှင့်အလို၊ ဘယ်ကိုပြည့်စုံသည်။
နှင့်ကိုယ်နှင်နှစ်၊ နှင့်အပြစ် နှင်ဖြစ်ခံရမည်၊
နှင့်ကိုယ်နှင်အား နှင်မသနား၊ နှင်များရှာတော့
သည်၊
ဒါနသီလာ၊ ဘာဝနာ နှင်သာဖြုသင့်သည်၊
ဇာတိဇရာ၊ မရဏာ မကြာနှင်တွေ့မည်၊
မျက်တောင်တပေါက်၊ လျှပ်တစ်ပြက်၊ နှင့်သက်သေ
လိမ့်မည်။
ဘယ်နှစ်ဘယ်လ၊ ရောက်ပါမှ၊ ကာလမရွေ့ပြီ။

**တွင်းခေါင်ဆရာတော်**
**တမ္ဗဒွန်းသံပေါက်မှ**

တွင်းခေါင်ဆရာတော်(၁၁၆၀-၁၂၄၂)၏ ကမ္ဗဒွန်းသံပေါက်ကောက်နုတ်ချက်ဖြစ်သည်။ မသေမီအကုသိုလ်မများရအောင် ကုသိုလ်များရအောင် မိမိကိုယ်မိမိဆုံးမရန် သတိပေးဆုံးမထားပုံကို တွေ့နိုင်သည်။ သံပေါက်တိုင်းတွင် 'နှင်' ဟူသော စကားဖြင့် စာဖတ်သူကိုရည်ညွှန်းဆုံးမထားပုံမှာ ထူးခြားသည်။ ဆရာတော်၏ ပြတ်သားသောလေသံ၊ လေးနက်သော

စဉ့်ပါဆရာတော်(၁၀၄၀-၁၂၁၀ ခန့်)
သည် ဓမ္မနီတိနိဿယကျမ်းကိုအခြေပြု၍
လေးဆစ်ကဗျာအားဖွဲ့ဆိုခဲ့ရာ ယင်းကဗျာများမှ
ကောက်နုတ်ထားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏
မူရင်းသက္ကတဘာသာဖြင့်ရှိသော
ဓမ္မနီတိကျမ်းကို ပထမဗားဂရာဆရာတော်က
ပါဠိ-မြန်မာနိဿယပြန်ဆိုထားရာ
စဉ့်ပါဆရာတော်က "ဓမ္မနီတိချိုး" အဖြစ်
ပြန်လည်ရေးဖွဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





သဘောထားကို ထိုအရေးအဖွဲ့အသုံးအနှုန်းများက သက်သေပြလျက်ရှိပါသည်။

(၃)

- ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွား ဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။
- ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငွေဝေရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ ဟော ရွတ်ပဥ္စမာ။
- အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေး မှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။
- မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင် နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ငါးခုနေ၊ ပြုလေဒါယကာ။
- မကောင်းမြစ်ထား၊ ကောင်းရာကိုလှစ်၊ အသစ် ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ဌာန်တင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှန် သေချာ။
- ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ သုံးလောက ဆရာ။

**သင်္ဂဇာဆရာတော်၊**
**သိင်္ဂါလောဝါဒဆုံးမစာ(အပိုဒ် ၇-၁၂) ၀၂၀၅**
**စုနှစ်**

သင်္ဂဇာဆရာတော် (၁၁၇၇-၁၂၄၈)၏ သိင်္ဂါလောဝါဒဆုံးမစာမှ ဘုရားရှင်က သိင်္ဂါလသတို့သားကို ဟောကြားတော်မူသော သိင်္ဂါလောဝါဒသုတ်လာ အချက်များကို ရေးဖွဲ့ထားသောဆုံးမစာဖြစ်သည်။ သားသမီးဝတ်၊ မိဘဝတ်၊ တပည့်ဝတ်၊ ဆရာဝတ်၊ လင်ဝတ်၊ မယားဝတ်တို့ကို အပိုဒ် ၁ မှ ၆ အထိ ဖွဲ့ထားသည်။ ထိုဝတ္တရားများကို အများသိကြသဖြင့် မဖော်ပြတော့ပါ။ မိတ်ဆွေဝတ်၊ အရှင်ဝတ်၊ ကျွန်ဝတ်၊ ဒါယကာဝတ်၊ ရဟန်းဝတ်တို့ကိုဖွဲ့သော အပိုဒ် ၇ မှ ၁၂ အထိ ဖော်ပြထားပါသည်။ မိတ်ဆွေ၊ အရှင်၊ ကျွန်၊ ဒါယကာတို့၏ ဝတ္တရားများမှာ ငါးပါးစီဖြစ်သော်လည်း ရဟန်းဝတ္တရားမှာ ခြောက်ပါးရှိကြောင်း မှတ်သားရပါသည်။ မကောင်းမှုကိုတားမြစ်ခြင်း၊ ကောင်းမှုကိုညွှန်ပြခြင်း၊ တရားအသစ်ဟောခြင်း၊ နာဖူးသောတရားကို ထပ်မံဟောခြင်း၊ နတ်ပြည်ရောက်ကြောင်းလမ်းညွှန်ခြင်း၊ မေတ္တာပို့ခြင်းဟူသော ဝတ္တရားခြောက်ပါးဖြစ်သည်။ သိင်္ဂါလောဝါဒသုတ်တွင် ဘုရားရှင်ဟောကြားသော ဝတ္တရားများဖြစ်ကြောင်း အဆုံးမှာဖော်ပြထားပါသည်။

(၄)

အမျိုးယုတ်သူ အဆင်းလှလျှင် သတိထား၊
တန်ခိုးနုပ်သူ ထမင်းဝလျှင် မကျီစားနှင့်၊
အမျိုးယုတ်သူ အဆင်းလှက ဇာဂထန်တတ်သည်၊
တန်ခိုးနုပ်သူ ထမင်းဝက မာနထန်တတ်သည်။

+

မတော်ဘဲကို မဝယ်နှင့်၊ မခေါ်ဘဲကို မလည်နှင့်၊
မတော်ဘဲကို ဝယ်လေက၊ သပြာခနေ ရှုံးတတ်သည်။
မခေါ်ဘဲကိုလည်ချေက၊ မကြာခဏမုန်းတတ်သည်။

+

စကားစကား ပြောဖန်များ၊ စကားထဲက ဇာတိပြ၍ မာနတံခွန်ထူတတ်သည်၊ တရားတရား ဟောဖန်များ၊ တရားထဲက ပါဠိရှု၍ ဒါနအလှူန် လှူတတ်သည်။

**ဖိုးသူတော်ဦးနုစကားပုံမှ**

ဖိုးသူတော်ဦးနု၏စကားပုံဆုံးမစာမှ ကောက်နုတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ဖြစ်သည်။ ဆုံမစကားကို နဘေထပ်ကာရန်ယူ၍ နှစ်ပိုဒ်စီဆင်တူရေးဖွဲ့ပုံမှာ နှစ်သက်စရာကောင်းသည်။ မှတ်သားလိုက်နာဖွယ်များကို ပြေပြစ်လေးနက်စွာ ရေးဖွဲ့ထားသည်။ 'ဖိုးသူတော်ဦးနု' ဟူ၍ အစဉ်အဆက် မှတ်သားခဲ့ကြသော ထိုစာဆိုမှာ ကျည်းတန်ရှင်ကြီး ရှင်နန္ဒမေဓ (၁၁၁၉-၁၁၇၅ ခုနှစ်)ပင်ဖြစ်ကြောင်း ပညာရှင်များ၏ သုတေသနပြုချက်အရသိရပါသည်။

(၅)

တန်ဆောင်မုန်း၊ ဆင်သည့်မှာကား ဝိတာဆွေ့တွင်၊
ရွှေလမြင်ဆောင် ကိုယ်တွင်အစက်၊ လိပ်မချွတ်နှင့်၊
နတ်ထွက်မျက်နှာ ကိုယ်ခန္ဓာကို၊ ဆင်းဝါရှပ်သွင်၊
အရောင်တင်သော်၊ ကွယ်လျှင်ဌာန၊ လျှို့ဝှက်
ကြရှင့်။

**စလေ်းဆရာတော်ဦးလှဲ့၏**
**ဗီတရောဂါဓမ္မိ အပိုဒ် ၅ မှ**

စလင်းဆရာတော်ဦးလှဲ့သည် သီပေါမင်းလက်ထက် ပန်းလှသာဆရာတော် ပြန်လည်ဝင်စားသောပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုသည်။ ဆရာတော်ဦးလှဲ့သည် စလင်းမြို့ လယ်ပြင်ကျောင်းတိုက်တွင် သီတင်းသုံးစဉ် ဗီတရောဂါဓမ္မိကိုရေးဖွဲ့သည်။ သမီးကိုဆုံးမသောမို့ဖြစ်၍ ဗီတရောဂါဓမ္မိဟု အမည်ပေးခြင်းဖြစ်သည်။ မိန်းကလေးများ ကျင့်သုံးလိုက်နာဖွယ်များကို ဖော်ပြထားရာ ယခုဖော်ပြထားသောကောက်နုတ်ချက်တွင် မိန်းကလေးများ အဝတ်လဲချွတ်လျှင် ဖခင်၏ရှေ့တွင် အဝတ်လဲခြင်းမပြုရန်၊ ကွယ်ရာတွင်သာပြုလုပ်ရန် မျက်နှာကိုအလှပြင်လျှင်လည်း ကွယ်ရာများတွင် လိမ်းခြယ်ရန် သတိပေးထားပုံကို တွေ့ရသည်။ မိန်းကလေးများ ဣန္ဒြေထိန်းသိမ်းရေးအတွက် အထူးဂရုပြုသင့်သောကိစ္စဖြစ်ကြောင်း အလေးအနက်ဖော်ညွှန်းထားခြင်းဖြစ်သည်။ ။

**မောင်ခင်မင်(ဓနုဖြူ)**

---

# မြန်မာကဗျာမြတ်နိုးသူ ဝါသနာရှင်များအတွက် သတင်းကောင်း

မြန်မာကဗျာ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ထူးချွန်သောကဗျာဆရာများပေါ်ထွန်းလာရေးတို့ကို ရှေးရှု၍ မြန်မာကဗျာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားသူ ကလောင်သစ်ကဗျာရှင်များအတွက် ငွေတာရီမဂ္ဂဇင်းတွင် **'ငွေတာရီကဗျာပန်းဥယျာဉ်'**ဟူသော ကဏ္ဍတစ်ရပ်ဖွင့်လှစ်ပေးလျက်ရှိပါသည်။ အဆိုပါကဏ္ဍအတွက် မိမိတို့ရေးဖွဲ့ထားသောကဗျာများကို ပေးပို့ရန်ဖြစ်ပါသည်။ ပေးပို့ရောက်ရှိလာသောကဗျာများကို ဝါရင့်ကဗျာဆရာကြီးတစ်ဦးကစိစစ်ဖတ်ရှု၍ လိုအပ်သည်များပြင်ဆင်ဖြည့်စွက်ခြင်း၊ ပိုမိုကောင်းမွန်သောကဗျာဖြစ်လာရေး အကြံပြုသုံးသပ်ပေးခြင်းတို့နှင့်အတူ ပြင်ဆင်ပြီးကဗျာများကိုပါ ထိုကဏ္ဍတွင် ထည့်သွင်းဖော်ပြသွားပါမည်။ ကလောင်သစ်ဝါသနာရှင်များအနေဖြင့် ကဗျာများ ရေးဖွဲ့ပေးပို့နိုင်ကြပြီဖြစ်ပါသည်။ ကဗျာတို သုံးကြောင်းကဗျာမှစ၍ မဂ္ဂဇင်းတစ်မျက်နှာစာခန့်အထိ ပေးပို့နိုင်ပါသည်။ ကာရန်ပြည့်စုံသောကဗျာများ၊ အစီအစဉ်ကောင်းမွန်၍ အနည်းငယ်သာပြုပြင်ရသောကဗျာများကို ၎င်း**'ငွေတာရီကဗျာပန်းဥယျာဉ်'**ကဏ္ဍတွင် မဖော်ပြတော့ဘဲ မဂ္ဂဇင်းတွင် တိုက်ရိုက်ဖော်ပြသွားမည်ဖြစ်ပါသည်။ ကဗျာများပေးပို့လိုပါက **'ငွေတာရီမဂ္ဂဇင်း (ငွေတာရီကဗျာပန်းဥယျာဉ်ကဏ္ဍ)၊ အမှတ် ၁၅၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**နှင့် Email လိပ်စာ - ngwetaryeemagazine@gmail.com' တို့တွင် ပေးပို့သောကဏ္ဍကို ပြည့်စုံစွာဖော်ပြ၍ ပါဝင်နိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အယ်ဒီတာအဖွဲ့၊ ငွေတာရီမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com



# ချစ်မေတ္တာအနန္တဖြင့် အရိမဒ္ဒနပူရပုဂံပြည်မှ မဟေသီမိဖုရားများသို့

ဒေါက်တာစိန်မြင့်



မဟာရာဇာသီရိအနိရုဒ္ဓဒေဝ
အနော်ရထာမင်းစောသည်
ပုဂံထီးနန်းအား ရာဇာတိသိက်ခံ
နန်းတက်ခဲ့ချိန်တွင်
မိဖုရားတစ်ပါးတည်းသာရှိ၏။
အဂ္ဂမဟေသီ မြောက်ပြင်သည်
မိဖုရားကြီးဖြစ်သည်။
စောလူးမင်းသား၏မိခင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းတက်ပြီးစ မကြာမီပင် နိုင်ငံတော်နယ်မြေနှင့် အာဏာချဲ့ထွင်ရင်းဖြင့် ခေတ်ပြိုင်အိမ်နီးချင်း ပဒေသရာဇ်တိုင်းနိုင်ငံများအား မိမိ၏အာဏာတန်ခိုး ကြီးထွားခဲ့ပြီဆိုသည်ကို ပြသလိုသည်ကြောင့် ထိုနိုင်ငံများဆီသို့ သံတမန်အဖွဲ့များစေလွှတ်ခြင်း၊ တရားဓမ္မဆိုင်ရာအဖွဲ့များစေလွှတ်ခြင်း နိုင်ငံချင်းမဟာမိတ်ဖွဲ့ခြင်း လက်အောက်ခံနိုင်ငံများအဖြစ် လက်ခံသတ်မှတ်ခြင်းနှင့် သိမ်းသွင်းခြင်းတို့အား လုပ်ဆောင်တည်ထောင်ခဲ့သည်။ ထိုသို့ တိုင်းနိုင်ငံချင်းဆက်ဆံရေးအား တည်ဆောက်ခဲ့ရာ ပဒေသရာဇ်မင်းတို့လုပ်မြဲလုပ်စဉ်အတိုင်း အချို့တိုင်းပြည်များအား လူသူဗိုလ်ပါ လက်နက်များဖြင့် မင်းကြီးအနော်ရထာစောသည် မိမိနိုင်ငံဘက်မှ ရလိုမှု၊ ဖြစ်လိုမှုများကို တောင်းဆိုပြလာသည်။

မဟာရာဇာသီရိအနိရုဒ္ဓဒေဝသည် နိုင်ငံ၏ အရှေ့ဘက်ဘက်ဒေသ ဇေယျာလိုပြည်မှ ပဋ္ဌကလျာဏီ၏ ချောမောလှပသောရုပ်အဆင်းအကြောင်းကို ကြားသိရသဖြင့် ထိုမင်းသမီးအား သွားရောက်တောင်းယူရန် သံတမန်အဖွဲ့တစ်ဖွဲ့အားစေလွှတ် ဆောင်ရွက်စေခဲ့လေသည်။ မင်းသမီးပဋ္ဌကလျာဏီ၏ရုပ်အဆင်း ချောမောလှပမှုသည် အပြစ်ထင်းကာ ကြော့ရှင်းလှပနေပြီး အသားအရေမှာလည်း ဝါဝင်းရွှေအဆင်းဖြင့် ချောမွတ်နူးညံ့လွန်းလှပေသည်။ မြင်မိသူတို့မှာ တပ်မက်သောစိတ်များဖြစ်ပေါ်ကြပေသည်။ ထိုသို့အဆင်းရှိပုံကို ရာဇဝင်ဆရာများရေးသားပြသည်မှာ "ထိုမင်းသမီး၏ အဆင်းကား အပြစ်ခြောက်ပါးလွတ်၍ ကောင်းခြင်း ငါးပါးနှင့်လည်းပြည့်စုံ၏။ ဦးသစ်သောရွှေအဆင်းနှင့် လည်းတူသည်၊ နူးညံ့သိမ်မွေ့၏ အမတ်ရာဇတမန် လည်း ထိုမင်းသမီးအဆင်းကိုမြင်လျှင် မရပ်မတည်နိုင် သောစိတ်ရှိသည်ဖြစ်၍" ဟုဖတ်ရပေသည်။

တရုတ်နိုင်ငံသို့ သာသနာရေးအတွက် မဟာရာဇာသီရိအနိရုဒ္ဓဒေဝကိုယ်တိုင် နောက်လိုက်ဗိုလ်ပါလူအများနှင့် ဥတည်ဘွားမင်းနန်းတော်သို့သွားရောက်ခဲ့သည်။ ဥတည်ဘွားက စွယ်တော်ကိုပင့်ဆောင်ခွင့်ပေးခဲ့သော်လည်း ဗုဒ္ဓ၏စွယ်တော်အား မပင့်ဆောင်နိုင်ခဲ့ချေ။ သို့သော် တရုတ်ဘုရင် ဥတည်ဘွားနှင့် မှူးမတ်များက ဓမ္မလက်ဆောင်အဖြစ်ဆက်သလိုက်သော မြဆင်းတုဗုဒ္ဓရုပ်ပွားတော်အား ပင့်ဆောင်နိုင်ခဲ့လေသည်။ ထိုသို့ တရုတ်ပြည်မှအပြန်လမ်းတွင် မောရှမ်းပြည်သို့အဝင် စော်ဘွား၏သမီးတော်အား မြင်မြင်ချင်းပင် နှစ်မြို့ကျသဘောကျခဲ့ပြီး ဖခင်ဖြစ်သူ စော်ဘွားကလည်း မင်းကြီးအနော်ရထာမင်းစောအား လေးစားခြင်း၊ အားကိုးခြင်းများ အမှတ်ထင်ထင်ရှိစေခြင်းအလို့ငှာ စော်ဘွားက သူ၏သမီးတော်အားဆက်သလိုက်ပေသည်။ ထိုမင်းသမီးသည်လည်း မြင်ရုံနှင့်ပင် ချစ်ခင်စရာရုပ်အဆင်းအင်္ဂါနှင့်ပြည့်စုံလျက် အသားအရေမှာလည်း ဖြူဖွေးနူးညံ့လှပြီး သိမ်မွေ့သည့်အမူအရာရှိသောကြောင့် မိန်းမချင်းပင်မနာလိုသည့်အထိ လှပကြော့ရှင်းသူအမျိုးသမီးချောပင်ဖြစ်သည်။ စောမွန်လှဟု အမည်ရပေသည်။ ပုဂံနန်းတော်သို့အရောက်တွင် အနော်ရထာမင်းစောက မိမိနှင့်အနီးကပ် အဆောင်တော်တွင်ထားရှိစံစားစေသည်။ မိဖုရားတို့ အဆောင်အယောင်အပြည့်အဝဖြင့်ထားခဲ့ပေသည်။

စစ်ရေးအရဆက်ဆံရေးဖြစ်ထွန်းခဲ့သော ပဲခူးမင်းနှင့်လည်း အနော်ရထာမင်းစောသည် သူ၏ အင်အားကြီးမားမှု၊ တန်ခိုးထွားမှုအား ကောင်းစွာပြသပေးနိုင်ခဲ့လေသည်။ ပဲခူးမင်းနှင့်မဟာမိတ်ဖြစ်ရပုံအား ရာဇဝင်ရေးဆရာက ဤသို့ရေးပြခဲ့သည်။ ပဲခူးမင်းနှင့် ဂွမ်း(ခမာ)တို့စစ်မက်ဖြစ်ပွားခဲ့ကြရာ ပဲခူးဘုရင်သည် အနော်ရထာမင်းစောအား စစ်ရေးအကူအညီတောင်းခံခဲ့သည်။ အနော်ရထာမင်းစောသည် သူ၏တပ်တော် အလုံးအရင်းဖြင့် ပဲခူးသို့ချီတက်သွားခဲ့ပြီး ဂွမ်းစစ်သည်များကို အနိုင်တိုက်ပေးခဲ့သည်။ ဂွမ်းစစ်သည်များ ကိုယ်လွတ်ရုန်းဆုတ်ခွာပြေးခဲ့ရပေသည်။ စစ်ကူတောင်းစဉ်အချိန်က အနော်ရထာမင်းစောက ပဲခူးဘုရင်အား "ငါ့တပ်တော်မှာ မြင်းသည်တော် ၄ သိန်းအားရှိသည့်သူရဲကောင်းများစေလွှတ်လိုက်မည်" ဟု ပြောလိုက်ပြီး သူ့အားအကိုးရဆုံးသော သူရဲကောင်း ၄ ဦးနှင့် တပ်သားကောင်း ၈၀ ကိုရွေးချယ်စေလွှတ်လိုက်လေသည်။ ပဲခူးဘုရင်မှာ ပြောစကားနှင့် လက်တွေ့ကွာခြားနေသည်ကြောင့် စိတ်ပျက်အားငယ်နေမိရာတွင် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်

www.burmeseclassic.com

www.burmeseclassic.com



ညောင်ဦးဖီးတို့နှင့် နောက်လိုက်စစ်သည်သူရဲကောင်းတို့၏ လုပ်ရည်ကိုင်ရည်၊ စစ်ရေးပြသမှုစွမ်းရည်ကို မြင်ရသောအခါ ကျေနပ်ခဲ့ရလေသည်။

ထိုအဖြစ်အပျက် ရာဇဝင်ဇာတ်ကြောင်းအား ရာဇဝင်ရေးသားသည့်ဆရာတို့က "အနော်ရထာမင်းစောလည်း မြင်းသည်ကောင်းလေးသိန်း စစ်ကူလာစိမ့်မည်ဟူ၍မိန့်တော်မူလိုက်၏။ လျှောက်လာသောသူတို့ပြန်လေသော် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ဤသူရဲကြီးလေးယောက်တို့ကို နတ်၏တန်ဆာကဲ့သို့သော တန်ဆာကိုဆင်ဝတ်စေ၍ အလုပ်အကျွေး ကုလားခြေလျင်ရှစ်ကျိပ်နှင့်စစ်ကူသွားစေ၏။ ရောက်လျှင် ဥဿာပဲခူးမင်းလည်း မြင်းသည်လေးသိန်းလာစိမ့်မည်ဟု မှာတော်မူလိုက်သည်ကို မြင်းလေးစီးသာလာရောက်သည်ဟု မသက်မသာစကားကိုဆိုဘိ၏"ဟု ရေးပြထားသည်ကိုဖတ်ရပေသည်။ စစ်စွမ်းရည်ပြသပြီးတော့မှသာ ပဲခူးမင်းက အားရသည်ကိုလည်း "ဤသူတို့သည် လူမဟုတ်၊ နတ်ဖြစ်ရာသည်၊ ဤသူတို့ကဲ့သို့ မြင်ဖူးသည်ထား၍ ကြားမျှမကြားစဖူးပါ ဟူ၍ အံ့ဩချီးမွမ်းကုန်၏"ဟုရေးထားခဲ့သည်။



ဂွမ်းစစ်သည်များကိုလည်း အနိုင်တိုက်နိုင်သည့် အကြောင်းတွင် "ဂွမ်းစစ်သည်တို့ကို လေးစုကွဲအောင် အလယ်ကိုထွင်း၍တိုက်လေ၏၊ လေးစုကွဲပြီးသော် ဂွမ်းတို့၏စစ်သူကြီးဖြစ်သော အောက်ဖြရံ၊ အောက်ဖြရဲ၊ အောက်ဖြဘုံ၊ အောက်ဖြပိုက် ဤစစ်သူကြီးလေးယောက်တို့ကို အရှင်ဖမ်း၍ယူလေ၏၊ ဂွမ်းစစ်သည်တို့လည်း မိမိတို့စွဲသောလက်နက်ကိရိယာကိုပစ်၍ ခါးတွင်အဝတ်နှင့်သာပြေးလေကုန်၏" ဟု ဖတ်ရပြန်ပေသည်။

စစ်နိုင်ခဲ့ပြီ။ ပဲခူးမင်းလည်း အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်နေရသည်။ သို့ကြောင့် ပဲခူးမင်းသည် သူ၏စစ်နိုင်လက်ဆောင်အဖြစ် မဟာမိတ်ဖြစ်ခဲ့သော အနော်ရထာမင်းစောအား ပဲခူးမင်းတို့အဆက်ဆက်ကိုးကွယ်ကြသောဓာတ်တော်အား ရွှေကြုတ်တွင်ထည့်လျက် ပုဂံနေပြည်တော်သို့ပင့်ဆောင်သွားစေရန် ဓမ္မလက်ဆောင်တော်အားဆက်သလိုက်လေသည်။ ထို့ပြင် ရွှေကြုတ်လက်ဆောင်တော်နှင့်အတူ ချောမောလှပကြော့ရှင်း ရွှေအဆင်းရှိသည့်သမီးတော်အား ဆက်သလိုက်ပြန်သည်။ ပဒေသရာဇ်တို့အလေ့အထအရ စစ်နိုင်သည့်ဘုရင်သည် မိမိထက်ပိုမိုအားကြီးသည်ဟု မဟာမိတ်ဖြစ်သည့်ဘုရင်က ယူဆလက်ခံသည့်အခါ အစဉ်သဖြင့် ဆက်ဆံရေးမိတ်မပျက်စေရန် သမီးကညာဆက်ကြသည်မှာ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်ပင်။

အနော်ရထာမင်းစောထံသို့ ပို့ဆက်လာသော သမီးတော်သည် မြန်မာရာဇဝင်ရေးဆရာတို့က ရာဇဝင်ဇာတ်လမ်းပမာတစ်ပုဒ်အဖြစ် တွင်ရစ်စေသည့် မဏိစန္ဒာအမည်တွင်သော မင်းသမီးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားနှင့် မဏိစန္ဒာ ရာဇဝင်နောက်ခံ အချစ်မေတ္တာဇာတ်လမ်းတစ်ပုဒ်ဖြစ်လာစေခဲ့လေသည်။ မည်သို့ပင်ဖြစ်စေ မင်းသမီးသည် ပုဂံရွှေနန်းတော်ကြီးသို့ရောက်ရှိလာခဲ့လေပြီ။ အနော်ရထာမင်းစောသည် ပဲခူးမင်းသမီးကိုလည်း မိဖုရားအဆောင်အယောင်ဖြင့် ထားရှိလေသည်။

မဟာရာဇာသီရိအနိရုဒ္ဓဒေဝမင်းကြီးသည် တိုင်းပြည်ထူထောင်တည်ဆောက်သည့်နေရာတွင် လက်ရုံးရည်၊ နှလုံးရည် နှစ်ခုစလုံးဖြင့် တည်ထောင်ခြင်းအလုပ်ကို လုပ်နေခဲ့ရသည်။ ထိုအထဲတွင် အနိရုဒ္ဓဒေဝမင်းကြီး၏နှလုံးသားသည်လည်း ယောကျ်ားပီသသည့်ချစ်ခြင်းများဖြင့် ပြည့်လျှံနေပေမည်။ ချစ်ခြင်း၊ မုန်းခြင်း မေတ္တာစိတ်အစဉ်လည်း လွှမ်းနေပေလိမ့်မည်။ မိဖုရားများအပေါ်တွင် သူ၏ချစ်ခြင်းမေတ္တာတရားများကိုပြသသည့်အနေဖြင့် မိဖုရားအဆောင်တော်များတွင် အခြွေအရံအသင်းအပင်း၊ မောင်းမမိဿံအများနှင့်ထားရှိခဲ့ပေသည်။ မိဖုရားနန်းဆောင်တွင်လည်း နှလုံးစိတ်ဝမ်း ချမ်းသာရွှင်မြူးစေရန်အတွက်လည်း သီဆိုတီးမှုတ်ကခုန်သူအမျိုးသမီးများ၊ မိဖုရားအားအလှပြင်ပေးသူအမျိုးသမီးများ အဝတ်အစားဆင်ယင်ပေးသူအမျိုးသမီးများ ဆံပင်ဆံထုံးအလှပြင်၊ အလှထုံးပေးသူ အမျိုးသမီးများ စသည်ဖြင့် အမျိုးသမီးပေါင်း ၅၀၀ ကျော်အား နေ့စဉ်ခစားလုပ်ကိုင်ပေးစေသည်။ သနပ်ခါးသွေးသူကသွေး၊ မျက်နှာပေါင်းတင်ရွှေသွင်းသူကသွင်း၊ လက်သည်း ခြေသည်းအလှပြင်သူကပြင်၊ ဆံပင်အလှပြင်သူကပြင်၊ အဝတ်အထည်ဒီဇိုင်းအမျိုးမျိုးဖြင့် ချုပ်လုပ်ဆင်ယင်ပေးသူကပေး ရွှေထည်ကျောက်မျက်ရတနာ အလှဆင်ပေးသူကဆင်၊ တေးဂီတဖျော်ဖြေသူများကလည်း သီဆိုတီးမှုတ်၊ ကချေသည်များကလည်း ကပြကြဖြင့် မိဖုရားများအဆောင်တော်အတွင်း မိဖုရား၏အလှအပအား မယှဉ်တုပနိုင်သော အမျိုးသမီးများတစ်သိုက်သည် ဘုရင်မင်းကြီးအတွက်ရည်ရွယ်ရင်းဖြင့် မိမိတို့၏အလုပ်ကို လစ်ဟာမှုမရှိရလေအောင် လုပ်နေကြပေမည်ဟု ခေတ်အမြင်ဖြင့်မြင်ကြည့်နိုင်ပေသည်။

ထိုမိဖုရားအဆောင်တော်များအကြောင်းအား ရာဇဝင်ဆရာတို့ရေးပြထားသည်မှာ "အဂ္ဂမဟေသီမိဖုရားကိုရံသောအခြွေအရံကား ပတ္တမြားဖြင့်ပြီးသော တန်ဆာဆင်သော အမတ်ကြီးသမီး စုလည်းထုံးငါးရာ မြဖြင့်ပြီးသောတန်ဆာဆင်သော အမတ်သမီး ယကာင်ဦးရစ်ထုံးငါးရာ၊ ဝရဇိန်ဖြင့်ပြီးသော တန်ဆာဆင်သော အမတ်သမီး ယကာင်ဦးချထုံးငါးရာ မင်းကြီးကိုမစသော ပုလဲဖြင့်ပြီးသောတန်ဆာဆင်သော သူဌေးသမီးလေးယောက်၊ မိန်းမကုန်းငါးကျိပ် မိန်းမကွငါးကျိပ်တို့မှာလည်း ရွှေဖြင့်ပြီးသော ဘယက်တန်ဆာဆင်ကုန်သည်ချည်းတည်း ထိုမှတစ်ပါး မိန်းမစောင်း၊ မိန်းမငြင်း၊ ပတ်စည်သံလွင်တို့ကိုလည်း မိန်းမတို့သာတီးမှုတ်ရကုန်သည်"ဟု ဖတ်ရပြန်ပေသည်။

ထို့အတူ မဏိစန္ဒာမင်းသမီးအား သီရိစန္ဒာဒေဝီအမည်ဖြင့် မိဖုရားအဆောင်အယောင်ပေးထားခဲ့ပြီး မောင်းမမိဿံအခြွေအရံများဖြင့် ခစားစေခဲ့သည်။ ရာဇဝင်ရေးဆရာတို့ရေးသားချက်မှာ "သီရိစန္ဒာဒေဝီမိဖုရားကိုရံသောကိုယ်လုပ်တော်ကား ပတ္တမြားဖြင့်ပြီးသော တန်ဆာဆင်သော အမတ်သမီးစုလည်းထုံးသုံးရာ၊ မြဖြင့်ပြီးသောတန်ဆာဆင်သော အမတ်သမီး ယကာင်ဦးရစ်ထုံး သုံးရာ၊ ဝရဇိန်ဖြင့်ပြီးသော တန်ဆာဆင်သော အမတ်သမီး ယကာင်ဦးချထုံးသုံးရာ၊ ရွှေဖြင့်ပြီးသော တန်ဆာဆင်သော မိန်းမကုန်းသုံးကျိပ် မိန်းမကွသုံးကျိပ်၊ ထိုမှတစ်ပါး မိန်းမစည် မိန်းမပတ် မိန်းမစောင်း မိန်းမငြင်း နေ့တိုင်းမပြတ်တီးမှုတ်ရသတည်း"ဟု ဖတ်ရှုရပြန်ပါသည်။ မိဖုရားခေါင်ကြီးမဟုတ်သည့်အတွက် သူ့အဆင့်နှင့် သူ့အဆောင်အယောင်တို့သာ ပေးထားလေသည်။

မည်သို့ပင်ဆိုစေကာမူ မဟာရာဇာအနိရုဒ္ဓသည် သူ၏ချစ်ရလေသော မဟေသီမိဖုရားများအပေါ် တမြတ်တနိုးထားရှိခဲ့သည်ကိုတော့ 'ဪ. . . မဟာရာဇာအနိရုဒ္ဓ၏ ချစ်ခြင်းမေတ္တာအနန္တပါပေတကား' ဟူ၍သာ ရာဇဝင်ဖတ်ရင်းဖြင့် ကောက်ချက်ချမိပါတော့သည်။ ။

**ဒေါက်တာစိန်မြင့်**

www.burmeseclassic.com

www.burmeseclassic.com



# မိုင်းမော သို့ ခရီးတစ်ခေါက်

✔ မောင်လှ(ကွမ်းမြို့တော်)



မိုင်းမောစံပြရွာမှ နန္ဒပူရပင်လယ် (မိုင်းမော) မြို့ဟောင်း ပြတိုက်



ပင်လယ်(မိုင်းမော) မြို့ဟောင်းတွင် တွေ့ရသည့် မြင်းစီးနေဟန်ရုပ်ပုံပါ အုတ်ချပ်

လွန်ခဲ့သည့်ရက်အနည်းငယ်က သဲမြို့ချောင်းသို့ ကျွန်တော်ရောက်သွားခဲ့သည်။ မရောက်သည်မှာလည်း နှစ်ပေါင်းဆယ့်ငါးနှစ်ပင်ပြည့်ခဲ့ပါပြီ။ ထိုနေရာသည် အလွန်တန်ဖိုးကြီးလှသော သမိုင်းအထောက်အထားများ တူးဖော်တွေ့ရှိရာအရပ်၊ နိုင်ငံ၏ရင်းမြစ်တန်ဖိုးများကို တွေးတောဆင်ခြင်ရန် နှိုးဆော်ပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com





သောနေရာ၊ သမိုင်းနောက်ခံမြစ်ရပ်များကိုတွေးဆ၍ စိတ်ကူးစိတ်သန်းများ ကွန့်မြူးစရာဒေသဟုဆိုချင်သည်။ ထိုသို့သော သဲဖြူချောင်းသည် ကျွန်တော် သုံးနှစ်ခန့်နေခဲ့ဖူးသည့် ရပ်ရွာတစ်ခုပင်ဖြစ်သည်။


သဲဖြူချောင်းသည် ပန်းလောင်မြစ်အတွင်းသို့စီးဝင်သည့် ချောင်းလက်တက်တစ်ခုသာ ဖြစ်သည်။ သို့သော်လည်း သဲဖြူချောင်း၏ ပန်းလောင်မြစ်အတွင်း စီးဝင်သည့်နေရာတွင် ရှေးဟောင်းမြို့ကြီးတစ်ခုကိုဖြုတ်သန်းနေကြောင်း ကျွန်တော်တို့မသိခဲ့ကြ။ သမိုင်းရာဇဝင်များတွင်လည်း ဖတ်မှတ်ခဲ့ရဖူးခြင်းမရှိသည့် ထိုမြို့ဟောင်းကြီးသည် ရာစုနှစ်နှင့်ချီ၍တိမ်မြုပ်နေခဲ့ပေသည်။ ထိုမြို့ကြီးကို မိုင်းမောမြို့ဟောင်းအဖြစ်စတင်သိခဲ့ရသည်။ ထိုသို့စတင်သိရှိခဲ့ချိန် ၁၉၉၃ ခုနှစ်ကတည်းက အလွန်စိတ်ဝင်စားခဲ့မိသည်။ ယနေ့အခါတွင်တော့ ရှေးဟောင်းသုတေသနဌာနမှ တူးဖော်တွေ့ရှိချက်များကို မြင်တွေ့နိုင်ကြပြီဖြစ်သည်။



ပင်လယ်(မိုင်းမော)မြို့ဟောင်းမှ မြေထည်လက်ရာများ

မိုင်းမောသည် ကျွန်တော်စတင်ရောက်ရှိစဉ်က အိမ်ခြေ ၂၀ ကျော်ရုံမျှသာရှိခဲ့သော်လည်း ယနေ့အခါ အိမ်ခြေ ၂၅၀ ခန့်ရှိပြီဟုသိရပေ၏။ ထိုသို့အလျင်အမြန်ထွန်းကားလာခြင်းသည် မိုင်းမောမြို့ဟောင်းကြီး၏ ပြန်လည်တူးဖော်တွေ့ရှိမှုနှင့်လည်း သက်ဆိုင်နေနိုင်ပါသည်။ တိုက်နယ်ဆေးရုံ၊ အခွန်လွတ်ဈေးနှင့် ပြောင်းလဲလာသည့်တိုက်တာအိမ်ခြေများကြောင့် အတော်ပင်စည်ကားနေခဲ့ပါပြီ။ လူများအခြေချနေထိုင်မှုများပြားလာခြင်းသည် နောက်ကွယ်မှ အကြောင်းတရားများစွာ ရှိနေပေလိမ့်မည်။ ထိုနေရာတွင် ၁၉၉၃ ခုနှစ်က တပ်စခန်းများနေရာယူလာခဲ့သည်။ ထိုတပ်စခန်းများကို တည်ဆောက်ရေးစတင်ချိန်က ကျွန်တော်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယနေ့အခါတွင် အခြားသောတပ်ရင်းများပါ

→



ပင်လယ်(မိုင်းမော)မြို့ဟောင်းမှ မြေထည်လက်ရာများ

www.burmeseclassic.com

ရောက်ရှိနေပြီဖြစ်ရာ စည်ကားနေခဲ့ခြင်းဖြစ်ပေမည်။

မိုင်းမောသည် ကူမဲမြို့ကလေးမှသည် ကင်းတားဆည်သို့ သွားရာလမ်းအတိုင်း ၆ မိုင် နီးပါးတွင်တည်ရှိသည်။ တစ်ချိန်သောအခါက 'ထာဝရစိမ်းလန်းနေမည့် ပန်းလောင်မြေ' ဆိုသည့် ဇာတ်ကားကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့ဖူးသည်။ ထိုဇာတ်လမ်းသည် ကင်းတားဘက်စုံတာမံတွင် တာဝန်ထမ်းဆောင်ခဲ့သော အင်ဂျင်နီယာတစ်ဦးနှင့် မိုင်းမောရွာသူ ဆိတ်ကျောင်းသမလေး၏ ချစ်ကြိုးသွယ်ခဲ့ပုံဖြစ်သည်။ ထိုဇာတ်လမ်းထုတ်လွှင့်ချိန်က ကျွန်တော်သည် ကျောင်းသားအရွယ်သာရှိနေသေးသည်။ ထိုစဉ်ကပင် မိုင်းမော၏ သမိုင်းနောက်ခံအချို့ကိုသိခဲ့ရသည်။ ထိုဇာတ်လမ်းကိုဖန်တီးခဲ့သူမှာ မြစ်သားဇာတိ စာရေးဆရာ ဒါရိုက်တာ မြင့်မောင်ဖြစ်သည်။

ကင်းတားဆည်မှ လက်ဝဲမြောင်းတောင်သည် မိုင်းမောမြို့ဟောင်း၏အရှေ့ဘက်မှပတ်၍ ဝမ်းတွင်းနယ်သို့ ဖောက်ထားသည်။ မိုင်းမောမြို့ဟောင်းကိုဖြတ်စီးနေသည့် သဲဖြူချောင်းနှင့်ဆုံတွေ့သည့်နေရာ၏ အထက်ဘက်ကပ်လျက် သဲဖြူချောင်းအောက်တွင် တပ်ရင်းနှစ်ခုတည်ထားပြီး ထိုနေရာတစ်ဝိုက်ကို သဲဖြူချောင်းဟု ယနေ့တိုင်ခေါ်နေကြသည်။ ရွာဟူ၍ ရှိနေသည်တော့မဟုတ်။ သဲဖြူချောင်းသည် မိုင်းမောမြို့ဟောင်း၏ အရှေ့တောင်ဘက်သုံးမိုင်ခန့်အကွာရှိ ပြကွဲရွှေတောင်တွင် မြစ်ဖျားခံထားသည်။ ယနေ့တိုင်စီးဆင်းနေဆဲဖြစ်သည့် သဲဖြူချောင်းကို ကင်းတားလက်ဝဲမြောင်းတောင်၏အောက်သို့ ငုပ်လျှိုး၍ ဆည်မြောင်းဌာနမှ ပြုပြင်တည်ဆောက်ပေးထားသည်။ မြို့ပြအင်ဂျင်နီယာနယ်ပယ်တွင် ဆိုင်ဖွန်နည်းပညာဖြစ်၍ အရပ်ခေါ် အရ ရေငုပ်ပြွန်ဖြစ်သည်။ လက်ဝဲမြောင်းတောင်သည် ပန်းလောင်မြစ်နှင့် ဓောချောင်းယှဉ်လျက် ကင်းတားတာမံမှခွဲထွက်လာသော ရှမ်းရိုးမတောင်စွယ်များအလွန်တွင် ပန်းလောင်မြစ်ကြောင်းနှင့် ကင်းကွာလာ၍ ဝမ်းတွင်းနယ်သို့ဦးတည်နေသည်။ မြစ်သားနှင့် တံတားဦးနယ်များအတွင်း ကွေ့ပတ်လျက်တည်ရှိပြီး တံတားဦးမြို့အစီးရှိ ပြကန်တွင် အဆုံးသတ်သည်။

မိုင်းမောမြို့ဟောင်းအတွင်းတွင် မိုင်းမောရွာနှင့် ကန်စွယ်ရွာတို့ တည်ရှိနေပြီး ရှေးဟောင်းသုတေသနဌာနမှ တူးဖော်တွေ့ရှိချက်များကို ပြသထားသည့် ပြတိုက်ကို မိုင်းမောရွာတွင်ပင်တည်ဆောက်ထားပြီးဖြစ်သည်။ တူးဖော်ရရှိသောပစ္စည်းများ၏ သက်သေအထောက်အထားအရ သရေခေတ္တရာ၊ ဟန်လင်းတို့ကဲ့သို့ပင် ခေတ်ပြိုင်ထွန်းကားခဲ့သည်ဟုဆိုပါသည်။ တူးဖော်တွေ့ရှိရသည့် မြို့ရိုးပုံသဏ္ဌာန်၊ အကျယ်အဝန်း မျှခေတ်သုံးဒင်္ဂါးများ ရုပ်ပွားတော်များ ပုတီးစေ့များ အုတ်ချပ်များ စသည်တို့ကိုလေ့လာ၍ အဆိုပါ မြို့တော်ကြီးများနှင့်အပြိုင်ထွန်းကားခဲ့ကြောင်း ရှေးဟောင်းသုတေသနဌာနမှ အတည်ပြုထားခဲ့ပြီဟု သိရပေသည်။

မိုင်းမောမြို့ဟောင်းကို ပင်လယ်ဟု ကွင်းစ ကွင်းပိတ်ဖြင့် ဖော်ပြထားလေရာ ပင်လယ်မြို့ဟောင်းနေရာဟုလည်း ယူဆကြဟန်တူပါသည်။ ပင်လယ်မြို့သည် သဲမုန်တိုင်းကျ၍ ပုံးအုပ်သွားသည့်အခါ အနောက်ဘက်သို့ရွှေ့ပြောင်းကာ မြို့သစ်တည်ခဲ့သည်ဟု ဖတ်ရဖူးသည်။ ပါဠိစပ်ရာဇဝင်အရ မိခင်တို မိပုရားမြောက်၍ သဲမုန်တိုင်းကျကာ ပျက်စီးရသည်ဟု ဒေသခံများပြောနေသည့် မိုင်းမောရာဇဝင်နှင့်ချိန်ထိုးကြည့်လျှင် ပင်လယ်မြို့ဟောင်းသည်လည်း ဖြစ်နိုင်သည်ဟု ယူဆရပါသည်။ နောက်ထပ်၍တည်ခဲ့သော ပင်လယ်မြို့ဟောင်းသည် မြစ်သားမြို့နယ်၊ နမ်းခင်းကျေးရွာအုပ်စု မြို့တွင်းရွာဟုဆိုပါသည်။ မြို့တွင်းဆိုသည့်ရွာအမည်ကပင် မြို့ဟောင်းတစ်ခုရှိခဲ့ဖူးကြောင်း သက်သေဖြစ်သည်။ ထိုမြို့တွင်းရွာနေရာမှ ပင်လယ်မြို့သည် ပုဂံခေတ်နှောင်းပိုင်းတွင်ထင်ရှားခဲ့သည့် ရှမ်းညီနောင်သုံးဦးအနက် တစ်ဦးဖြစ်သော သီဟသူ အပိုင်စားခဲ့သော ပင်လယ်မြို့ဟုလည်းသိရသည်။

မိုင်းမောမြို့ဟောင်းသည် ရှမ်းတောင်တန်းများ၏ အစွန်တွင်ရှိနေလျက် မြေပြန့်လွင်ပြင်အစတွင် တည်ထားခဲ့ခြင်းဖြစ်သည်။ အရှေ့တောင်ဘက်တွင် ပြကွဲရွှေတောင်တန်းရှိ၍ အရှေ့ဘက်တွင်ရှမ်းရိုးမအစွယ်များ ခံထားလေရာ သဲမုန်တိုင်းဒဏ်ကြောင့်ပျက်စီးရသည်မှာ ဖြစ်နိုင်ခြေရှိပါသည်။ ရာဟုလေလာမည်ဆိုပါက

www.burmeseclassic.com



တောင်တန်းများ၏ထောင့်ကျဉ်းအတွင်းရှိနေသဖြင့် ဝေ့ဝိုက်တိုက်ခတ်လာမည့်လေအားသည် အတော်ပင် ပြင်းထန်ပါလိမ့်မည်။ ၁၉၉၃ ခုနှစ်က ကျွန်တော်ကိုယ်တိုင် ထိုနေရာ၏သဲလေပွေဒဏ်ကို ခံစားခဲ့ရဖူးသည်။ မိုင်းမော၏အရှေ့ဘက်တွင် မြနဒီ၊ ထီးလှိုင်၊ နွားကူးရွာများရှိကြ၍ နွားကူးရွာတွင် အနော်ရထာမင်းကြီး၏ ရှေးဟောင်းလက်ရာ ညောင်ကျပ်ဆည်တည်ရှိသည်။ သစ်လုံးတိုင်ကြီးများဖြင့် ဆည်ခတ်ထားသည်ကိုတွေ့ရပြီး ယခုအခါ အသစ်တည်ဆောက်ထားသည့် ကင်းတားတမံမှာ ဘေးတွင်ကပ်လျက်တည်ရှိသည်။ ထိုတမံသည် အောက်ကင်းတားတမံဖြစ်၍ အထက်ကင်းတားတမံ သီးခြားရှိပါသေးသည်။ ယခုတစ်ခေါက်ရောက်သည့်အခါ ညောင်ကျပ်ဆည်မှာ နုန်းဖုံးသွားခဲ့ပြီဟု သိရပေ၏။ ကင်းတားတမံတည်ဆောက်စဉ်က ရှေးဟောင်းလက်ရာအဖြစ် ယခင်အတိုင်းပုံမပျက်ရှိနေသည်ဟု ယူဆရသော်လည်း ယခုအခါ ရေကြီးစဉ်က နုန်းဖုံးသွားသည်ဟုဆိုပါသည်။ ပြန်လည်ဖော်ထုတ်သင့်သော ရှေးဟောင်းဆည်အဖြစ် သိကြစေလိုပါသည်။

မြနဒီကျေးရွာအနီးတွင် ပျူအက္ခရာဖြင့် ရေးထိုးထားသည့် ကျောက်စာတစ်ချပ်တွေ့ရှိထားသော်လည်း ဘာသာပြန်နိုင်ရန် ကြိုးပမ်းကြဆဲဟုသိရပါသည်။ ထိုကျောက်စာကိုသာ ဘာသာပြန်နိုင်ခဲ့မည်ဆိုပါက တန်ဖိုးကြီးသော အထောက်အထားများ ရရှိလာနိုင်ပေလိမ့်မည်။ မိုင်းမောတွင်တွေ့ရသည့် ရုပ်ပွားတော်တစ်ဆူ၏ နောက်ကျောဘက်တွင် ပိဋကတ်တော်လာဂါထာများကို တွေ့ရသည်ဟုဆိုသဖြင့် ဗုဒ္ဓဘာသာကိုးကွယ်မှုသည် ထိုစဉ်ကပင်ရှိနေကြောင်းသိရသည်။ ပျူမြို့တော်များအားလုံးသည် အေဒီ ၄ ရာစုတွင် အပြိုင်ထွန်းကားခဲ့သည်ဟုဆိုလေရာ မိုင်းမောသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ အခြားသောပျူမြို့ကြီးများကဲ့သို့ပင် အိန္ဒိယ၊ တရုတ်၊ ကမ်ပူချား(ကမ္ဘောဒီးယား)တို့နှင့် စီးပွားရေးကူးလူးဆက်ဆံမှုရှိခဲ့သည်။ ထိုသို့ကူးလူးဆက်ဆံရသည့်အခါ တရုတ်တို့၏မှတ်တမ်းများအရ တရုတ်ကုန်သည်တို့သည် မြန်မာပြည်အလယ်ပိုင်းရှိ ပျူမြို့တော်တစ်ခုတွင် တစ်ထောက်နား၍ အိန္ဒိယသို့ခရီးဆက်သည်ဆိုထားရာ ထိုပျူမြို့တော်မှာ သရေခေတ္တရာ မဟုတ်နိုင်ဟု သမိုင်းပညာရှင်ကြီး ဒေါက်တာသန်းထွန်းက သုံးသပ်ထားသည်။ သို့သော်လည်း ထိုမှတ်တမ်းများရေးခဲ့သည့်အချိန်တွင် ဟန်လင်းသည်လည်း ပျက်သုဉ်းခဲ့ပြီဖြစ်ရာ အခြားမြို့ကိုတော့ ကောက်ချက်ဆွဲမထားခဲ့ပါ။ တရုတ်မှတ်တမ်းများတွင်တွေ့ရသည့် ထုမင်

မိုင်းမော၏အရှေ့တောင်ဘက်တွင်ရှိနေသည့်
ပြက္ခရွေတောင်ထိပ်တွင် အနော်ရထာမင်းတည်ထား
ကိုးကွယ်ခဲ့သည့် စွယ်တော်တစ်ဆူရှိသည်။
ရာဇကုမာရ်မင်းသားသည်လည်း ထိုတောင်ပေါ်တွင်
သာသနာပြုခဲ့သည်ဟုဆိုသည်။ တောင်ပေါ်တက်သည့်အခါ
မောသဖြင့် နားရသည့်နေရာကို မောနားဟု
ခေါ်ဆိုကြပြီး သီတင်းကျွတ်လပြည့်နေ့တွင်
မောနားဘုရားပွဲရှိသည်။

ဆိုသည်မှာ မိုင်းမောဖြစ်ကြောင်းကိုတော့ အတည်ပြုထားခဲ့ပါသည်။

မိုင်းမော၏ အရှေ့တောင်ဘက်တွင်ရှိနေသည့် ပြက္ခရွေတောင်ထိပ်တွင် အနော်ရထာမင်းတည်ထားကိုးကွယ်ခဲ့သည့် စွယ်တော်တစ်ဆူရှိသည်။ ရာဇကုမာရ်မင်းသားသည်လည်း ထိုတောင်ပေါ်တွင် သာသနာပြုခဲ့သည်ဟု ဆိုသည်။ တောင်ပေါ်တက်သည့်အခါ မောသဖြင့် နားရသည့်နေရာကို မောနားဟုခေါ်ဆိုကြပြီး သီတင်းကျွတ်လပြည့်နေ့တွင် မောနားဘုရားပွဲရှိသည်။ ထိုမောနားပွဲသည် အငြိမ့်မပါ၊ ဇာတ်မပါဖြင့် အလွန်စည်ကားပါသည်။ ဝမ်းတွင်း၊ မြစ်သားနယ်များမှ ကျေးရွာ

www.burmeseclassic.com

www.burmeseclassic.com



များသည် ထိုမောနေးတွင်ရှိနေသည့် ဘုန်းကြီးကျောင်းသို့ တစ်နှစ်စာလှူဒါန်းရန် တက်ကြွလေရာ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ကြီးဖြစ်နေပါသည်။ ထိုပွဲတွင် ကျေးရွာမှမိန်းမပျိုကလေးများက အစုအဖွဲ့ဖြင့်ကခုန်ကြသည်။ တစ်ရွာတည်းနေ လူငယ်ကာလသားတို့က လက်တွဲဝန်းရံရင်းကကြသည်၊ ထိုသို့ တစ်ညတာကုန်ဆုံးခဲ့သည်မှာ နှစ်ပေါင်းနည်းတော့မည်မဟုတ်ပါ၊ ထိုပွဲသို့ရောက်လာကြသူတိုင်းသည် ရွာဦးဝိုင်းများ တိုယ်စီပါလာကြသည်။ ရှေးအခါကတော့ တောနေသတ္တဝါကြီးများ၏ရန်တို့ကြောက်ရ၍ အသံပေးကာ တက်ကြခြင်းဖြစ်သော်လည်း ယနေ့အခါ ဗိုးဝိုင်းများဖြစ်လာခြင်းဟုယူဆရပါသည်။ ထိုပွဲတော်သို့ ရွာပေါင်းများစွာသည် လှူဒါန်းရင်း ရောက်လာကြသည်ဖြစ်ရာ တောင်ခြေတွင် လှည်းဝိုင်းကြီးများ တစ်မျှော်တစ်ခေါ်ဖြစ်နေသည်ကို တွေ့ခဲ့ရသည်။ ထိုပွဲ၏ထူးခြားချက်သည်ကား ရန်မဖြစ်ကြခြင်းပင်ဖြစ်သည်။ ပြကွခရွှေတောင်ပေါ်တွင် အခြားထူးခြားချက်တစ်ခုလည်းရှိနေသေးသည်။ မြန်မာနိုင်ငံ၊ မြေတိုင်းဌာနမှပြုလုပ်ထားသည့် မြန်မာနိုင်ငံဗဟိုချက်မကျောက်တိုင်ဖြစ်သည်၊ ထိုကျောက်တိုင်ကိုတော့ မရောက်ဖူးသေးပါ။

ဤနေရာရပ်ဝန်းသည် ဝါးရုံများ၊ တောတန်းများနှင့် တောင်စွယ်တောင်တန်းများဖြစ်လေရာ နွားကျောင်း၊ ဆိတ်ကျောင်း စားကျက်မြေများဖြစ်ခဲ့ဟန်ရှိပေသည်။ တစ်ချိန်က တောကြီးမျက်မည်းဖြစ်ခဲ့လေဟန်ရှိသည့် ပြကွခရွှေတောင်ညီနောင်သည် တောလိုက်အပန်းဖြေရာ ဖြစ်ခဲ့ပေလိမ့်မည်။ မြေဆီဩဇာ အလွန်ကောင်းမည်ဟုယူဆရသော တောရိုင်းမြေများ အများအပြားရှိနေဆဲဖြစ်၏၊ လွန်ခဲ့သော ၁၉၉၀ ပြည့်လွန်နှစ်များက ဂျပန်လူမျိုးများ မြေငှား၍ ခရမ်းစိုက်ဖူးသည်ဟု သိရသည်။ ထိုအဖွဲ့များကို ထမင်းချက်ကျွေးဖူးသည့် ဦးတင်မောင်သည် ကျွန်တော်တို့ ထိုနေရာရောက်သည့်အခါ ထမင်းချက်အဖြစ်ပင် လုပ်ကိုင်ပေးခဲ့ဖူးသည်။ တပ်စခန်းများစတင်စဉ်က ဆောက်လုပ်ရေးလုပ်ငန်းသုံးရေရရှိရန် လက်ဝဲချောင်းမှ နွားလှည်းများဖြင့် သယ်ယူခဲ့ရသည်။ ထိုစဉ်က ဦးတင်မောင်၏ ဒုတိယလုပ်ငန်းအဖြစ် ကန်စွယ်နှင့်မိုင်းမောရွာမှ ရေစည်လှည်းများခေါ်ယူပေးရခြင်း၊ ဦးဆောင်လုပ်ကိုင်ပေးရခြင်းများရှိခဲ့သည်။ နောင်အခါတွင် ရေဝန်းရွာမှ ရေကားတစ်စီးငှားရမ်း၍ အသုံးပြုခဲ့ရသည်။

ယခုတစ်ခေါက်တွင် ထိုစဉ်က အတူနေခဲ့ဖူးသည့် မိုင်းမောရွာသား ဦးတင်မောင်မှာ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ မိုင်းမောရွာလယ်ရှိ ဦးတင်မောင်၏နေအိမ်မှာလည်း ခက်ခက်ခဲခဲရှာဖွေရသည်။ ရွာ၏အများစုသည် လမ်းဘေးကပ်လျက်တွင် ရှိမနေကြတော့၊ တပ်မှအနားယူကြသော မိသားစုအတော်များများသည် မိုင်းမောရွာခံများ၏ ဆယ်ဆခန့်အထိ အခြေချနေထိုင်ကြသည်ကို တွေ့ရသည်၊ ယာယီတပ်ရင်းများဖြင့်ရှိနေစဉ်ကပင် ကျွန်တော်ရင်းနှီးခဲ့ဖူးသူများသည်လည်း အချို့တပ်တွင်း၌ရှိနေဆဲဟု သိရသည်။ ၁၉၉၃ ခုနှစ်က ထိုနေရာသို့ ရောက်ရှိစနေထိုင်စဉ်တွင် အနီးရှိ မုန်တောင်၏ထိပ်သို့တက်တာ ပန်းလောင်ဖြစ်ကြောင်းတစ်လျှောက်သို့မျှော်ကြည့်ခဲ့ဖူးသည်။ ရှေးအခါက တိုင်းပြည်ကိုထူထောင်ခဲ့သူများသည်လည်း ထိုသို့ပင်ကြည့်ရှုခဲ့လိမ့်မည်ဟု ယူဆခဲ့မိသည်။ နယ်မြေအခြေအနေနှင့် မြင်ကွင်းကျယ်ကိုမြင်ရနိုင်သည်မှာ တောင်ထိပ်သို့တက်ရခြင်းတစ်ခုသာ တတ်နိုင်သောခေတ်ဖြစ်သည်၊ ထိုသို့ တောင်ထိပ်သို့တက်သည့်အခါ ရှေးဘုရင်များက ဆင်တပ်၊ မြင်းတပ်များပေါ် တက်ရောက်၍ လပေါင်းများစွာနေထိုင်လေ့လာဟန်တူပေသည်။ သို့မှသာ ဘုရားတည်သည့်အမှုမျိုးကို ပြုနိုင်ပေမည်။

တောင်ထိပ်များတွင် တည်ဆောက်ရေးလုပ်ရန်ယနေ့အခါတွင်ပင် အလွန်ခက်ခဲနေဆဲဖြစ်သည်၊ သဲမြူချောင်းသို့ ဒုတိယအကြိမ်ရောက်ရှိခဲ့ခြင်းသည် ပါးစပ်ရာဇဝင်မျှသာသိခဲ့ရဖူးသော ကျွန်တော့်အတွက် သမိုင်းသက်သေ ထူးဖော်တွေ့ရှိချက်များကို မျက်မြင်ကြည့်ရှုနိုင်ခဲ့ရပေသည်။ သမိုင်းပညာရှင်များ၊ ဝါသနာအရလေ့လာကြသူများအားလုံးသည် တစ်ခေါက်တစ်ခါတော့ ရောက်သင့်လှကြောင်း တင်ပြအပ်ပါသည်။ ။

**မောင်လှ(ကျွမ်းမြို့တော်)**

www.burmeseclassic.com

www.burmeseclassic.com



# ပန်းပေးသူ

မြင်းမူမောင်နိုင်မိုး



(၁)

မိုးစက်ဖြိုင်ဖြိုင် ဇွန်၊ ဇူလိုင် ဆိုသည့်အတိုင်း ဒီရာသီမိုးဦးမှာ အထူးပင်မိုးကောင်းလှချေ၏။

မိုးနှင့်အတူ ကျွန်တော်တို့မြို့ထဲက စံပယ်ပင်လေးများသည် အဖူးအပွင့်တွေနှင့် တင့်တယ်လန်းဆန်းလာပေပြီ။

အစိမ်းရောင်မြွှက်လွှာများအကြား အဖြူရောင်ပုလဲပွင့်များတပ်ဆင်ထားသလို ပေါ်လွင်ထင်ရှားလှဘိ၏။ မြသားထဲတွင် ပုလဲဆင်သို့ဟူ၍ စာဖွဲ့ချင်စရာ။

မိမိအိမ်၊ မိမိမြို့ထဲမှ မြပုလဲ အလှခဲလေးများကို မြင်တွေ့၍ ကြည်နူးရသလို လမ်းမပေါ်တွင်တွေ့မြင်ရသည့် မြပုလဲအလှပန်းလေးများကလည်း မြင်သူတို့၏ ရင်ကို ကြည်နူးချမ်းမြေ့စေပါသည်။

လမ်းပေါ်က မြပုလဲအလှပန်းလေးများဆိုသည်ကား အခြားမဟုတ်။ ကျောင်းဖွင့်စ ယခုလို ရာသီမှာ နုပျိုတက်ကြွလန်းဆန်းလှသော အဖြူအစိမ်းဝတ် ကျောင်းသူ၊ ကျောင်းသား သားငယ် သမီးငယ်များပင်ဖြစ်ပေသည်။

(၂)

ကျွန်တော်တို့နေအိမ်သည် ဒဂုံမြို့သစ်မြောက်ပိုင်းတွင် တည်ရှိသည်။ ရန်ကုန်မြို့ မြို့လယ်ကောင်ရှိ ကျွန်တော့်ရုံးသို့ နံနက်တိုင်း ကားကိုကိုယ်တိုင်မောင်း၍သော်လည်းကောင်း၊ တစ်ခါတစ်ရံ တူဖြစ်သူက မောင်း၍သော်လည်းကောင်း သွားရသည်။

ရုံးသို့သွားသည့်အခါ သားတို့သမီးတို့ငယ်စဉ်က ပညာသင်ကြားခဲ့သော ကျောင်းကြီး၏ရှေ့မှ ဖြတ်သန်းသွားရသည်။ ကျောင်းပေါက်ဝတွင် ထမင်းဘူးထည့်သည့် ခြင်းလေးတွေလက်ကဆွဲပြီး အဖြူရောင်အကျီ၊ အစိမ်းရောင်စကတ်လေးများ ဝတ်ဆင်ထားသော မူလတန်းအရွယ်ကလေးငယ်များကို မြင်

www.burmeseclassic.com



ရလေတိုင်း ကျွန်တော့်သမီးငယ်စဉ်ကအဖြစ်အပျက်တခုလေးကိုအမှတ်ရမိသည်။

ကျွန်တော့်တွင် သားသမီး ၃ ယောက်ရှိသည်။ အကြီးနှင့်အငယ်ဆုံးက သားဖြစ်ပြီး သမီးက အလတ်ဖြစ်လေသည်။

လွန်ခဲ့သော ၂၁ နှစ်ခန့်ကာလက ကျွန်တော်တို့မိသားစုသည် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်၏။ သားကြီးက ၉ နှစ် (စတုတ္ထတန်း)၊ သမီးက ၅ နှစ် (သူငယ်တန်း)အရွယ်၊ သားအငယ်လေး မမွေးသေး။

သမီးသည် ငယ်စဉ်ကတည်းက စကားအလွန်တတ်၏။ စာဖတ်ဝါသနာပါပြီး အရာရာကိုစူးစမ်းလိုစိတ်လည်းရှိသည်။ ထိုအချိန်က ကျွန်တော်သည် မူလအလုပ်အကိုင်မှ အငြိမ်းစားယူပြီးစဖြစ်သည်။ စာအုပ်စာပေထုတ်ဝေရေးလုပ်ငန်းလုပ်ကိုင်ခါစဖြစ်၍ အလုပ်သိပ်မများသေး။ သားနှင့်သမီးကို ကိုယ်တိုင်ကျောင်းပို့ကျောင်းကြိုလုပ်နိုင်သေး၏။

သားကြီး တတိယတန်းအရွယ်တွင် ရန်ကင်းနယ်မြေရှိ ကျောင်းတစ်ကျောင်းတွင်ထားကာ သမီးကိုတော့ ဗဟန်းမြို့နယ်က ဝက်ပါမူကြိုကျောင်းမှာထားသည်။ သားကို အရင်သွားကြိုပြီးအပြန်မှာ သမီးကို တစ်ပါတည်းဝင်ခေါ်ကာ နေအိမ်သို့ပြန်ကြ၏။ မနက်ကျောင်းပို့သည့်အချိန်တွင် ကျွန်တော်တစ်ဦးတည်းဖြစ်သော်လည်း ညနေကျောင်းဆင်းချိန်မှာတော့ ဇနီးသည်ပါ လိုက်၍ကြိုသည်။

သမီး မူကြိုကာလ တစ်နှစ်ပြီးသည့်အခါ သူ့အစ်ကိုနှင့်တစ်ကျောင်းတည်းထားလိုက်ရာ သားနှင့်သမီးကို တစ်ပြိုင်တည်းကြို၍ရသဖြင့် အဆင်ပြေလှပေသည်။

သမီးသည် မူကြိုအဆင့်မှ သူငယ်တန်းအဆင့်သို့ တက်ရောက်ရသည်ဖြစ်ရာ အထူးပင်တက်ကြွပျော်ရွှင်နေ၏။

တစ်လ နှစ်လမှ သုံးလေးလကြာသောအခါ ကျောင်းမှာ အတော်ပင်ပျော်နေလေပြီ။

သူ့အတန်းထဲက သူငယ်ချင်းတွေအကြောင်း၊ ဆရာမတွေအကြောင်း နေ့စဉ် ကျောင်းကပြန်လာတိုင်း ကြားရတတ်၏။ အိမ်အပြန်ကားပေါ်မှာ သားအမိသားအမ ၄ ဦးတွင် သမီး၏အသံလေးက စည်စည်ဝေဝေ ရှိနေ၏။

"သမီးသူငယ်ချင်းလေး၊ အိမ့်ရတနာခအောင်က သမီးနဲ့အတူတူထိုင်တာ အမေရဲ့"

"သူက သန့်သန့်သိပ်တော်တယ်"

တစ်ခါတစ်ရံတော့လည်း ဘယ်သူကဖြင့် စာမရဘူး ဘယ်သူက လက်ရေးလှတယ်၊ ဘယ်သူက သိပ်ဆော့တာပဲ စသည်ဖြင့် တစ်နေ့တစ်မျိုး မရိုးရအောင် ကြားရတတ်ချေ၏။

"အမေရေ. . . ဒီနေ့လေ ဆရာမက အိမ်ရှေ့ခင်ဦးကို ဆောင့်တွန်းပစ်လိုက်တာ အဝေးကြီးကိုရောက်သွားရော"

"ဟေ. . ."

ကျွန်တော်မျက်လုံးပြူးသွား၏။ သူ့အမေလည်း အံ့ဩသွားလေသည်။

"သူက ဆရာမစာမေးတာ မရလို့လေ၊ ဆရာမက သိပ်စိတ်တိုတတ်တာ အမေရဲ့"

သမီးတို့ဆရာမ(အတန်းပိုင်)သည် အလွန်စိတ်တိုတတ်ကြောင်း၊ တစ်ခါဆို ကြိမ်မောင်းကောက်ပစ်လိုက်ကာ လက်မြန်လှကြောင်း သမီးပြောပြသဖြင့် ကြားသိနေရ၏။

တစ်ခါကလည်း သမီး၏သူငယ်ချင်းမလေး ငြိမ်းအေးနဲ့ အိမ်စာတွေလုပ်မလာလို့ ဆရာမက ခေါင်းခေါက်လိုက်တာ တော်တော်နာသွားလို့ သူငိုနေတာဟု ပြော၏။

"ဒါပေါ့ . . သမီးရယ် ကျောင်းသားဆိုတာ စာကြိုးစားရမှာပေါ့၊ ဆရာမက သမီးတို့ကို ကောင်းစေချင်တော့ ရိုက်တာပေါ့ သမီးရဲ့"

သူ့အမေက သမီးကို နှစ်သိမ့်စကားပြောနေသည်။ ကျွန်တော်ကတော့ ကားမောင်းနေရင်း -

"အင်း. . ငါ့သမီးအလှည့် ဘယ်နေ့များရောက်လာမလဲ"ဟု တွေးနေမိ၏။

သိပ်တော့မကြာလှပါ။ နောက်တစ်ပတ်ခန့်အကြာတွင် သမီးအလှည့်ရောက်တော့၏။ ထိုနေ့က အိမ်အပြန်ကားပေါ်မှာ သူ့အမေနှင့်သမီးက နောက်ခန်းက နှစ်ယောက်ထိုင်ခုံမှာထိုင်၏။ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်း၊ ကျွန်တော့်ဘေးမှာ သားကြီး၊ ထူးထူးခြားခြား သမီးသည် နှုတ်ဆိတ်နေ၏။ အတော်ကြာမှ -

"အမေ. . . သမီး ဒီကျောင်းမှာမနေချင်တော့ဘူး အမေ၊ သမီးကို ကျောင်းပြောင်းပေးပါ"

"ဟင်. . . ဘယ်လိုဖြစ်ရတာလဲ"

ရုတ်တရက်ပြောလာသော သမီး၏စကားကြောင့် သူ့အမေလည်း အတော်ပင်အံ့ဩသွားလေသည်။ နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်လိုက်တော့ သမီးမျက်နှာလေးကငိုမှဲ့မှဲ့။

"သမီး ဂအာန်းတွက်တာမှားလို့တဲ့ အမေ ဆရာမက သမီးကို ဆူလည်းဆူ၊ ဆံပင်လည်းဆွဲဆောင့်ပြီး စာအုပ်ကိုလွှင့်ပစ်လိုက်တယ်၊ သမီးဖြင့် ရှက်လိုက်တာ၊ သမီး ဒီကျောင်းမှာမနေချင်တော့ဘူး အမေ၊ မေကြီး သမီးကို ကျောင်းပြောင်းပေးနော်"

သမီးကို ချက်ချင်း ဘာပြန်ပြောရင်ကောင်းမလဲ စဉ်းစားနေစဉ်မှာပင် သမီးက သူ့ခေါင်းပေါ်ကဆံပင်လေးတွေစမ်းကြည့်ကာ -

"ဒီမှာ အမေကြည့်ပါအုံး၊ အခုတောင် သမီးဆံပင်လေးတွေပါလာသေးတယ်"

သမီးက သူ့ဆံပင်လေးတွေကိုပြတော့ သူ့အမေရော ကျွန်တော်ပါ စိတ်မကောင်းကြ။ ငါးနှစ်ကျော်ကျော် သမီးလေး၏စိတ်ခံစားမှုကို ဘယ်လိုပြေပျောက်အောင်လုပ်ပေးရပါ့မလဲ။ တကယ်တော့ သမီးက အသားဖြူဖြူဖွေးဖွေး မျက်လုံးဝိုင်းဝိုင်းလေးနှင့် လူချစ်လူခင်များပါသည်၊ ဒစ်ထမ်းလောကတစ်နယ်က ကျွန်တော့် အုပ်ချုပ်မှုအောက် အရာရှိငယ်များသည် သမီးကို အလွန်ချစ်ကြသည်၊ အမြဲပြုံးပြုံးချိုချိုနေတတ်သဖြင့် သမီးကို ချိုချိုလို့ပဲခေါ်ကြသည်၊ အမည်ရင်းကိုပင် မသိကြပေ၊

ယခုတော့ ချိုချိုသည် ငိုငိုဖြစ်တော့မည်၊

ထိုနေ့ညနေက သမီးမျက်နှာလေးညှိုး၍ မှိုင်နေသည်၊ ကျောင်းပြောင်းချင်တယ်ဆိုပြီး သူ့အမေကိုရော ကျွန်တော့်ကိုပါ တတွတ်တွတ်ပြောသည်၊ ကျွန်တော်က သမီးကိုချော့ရသည်၊

"အဖေကြည့်ပါအုံးမယ် သမီးရယ်၊ ဒီကျောင်းကိုရဖို့တောင် အဖေတို့ မနည်းကြိုးစားထားရတယ်၊ အဖေ့ကို နည်းနည်းတော့အချိန်ပေးနော်"

ကျွန်တော့်စာကြည့်စားပွဲဘေးမှာ သမီးက လာထိုင်သည်။

ကျွန်တော်က သမီးရဲ့ဆံပင်လေးတွေကို ပွတ်သပ်ချော့မော့ရင်းပြောရသည်၊ ထိုစဉ် အိမ်ရှေ့ခန်းမှ သားကြီးနှင့် ကျွန်တော့်ဘူမ အမူ(ကျွန်တော့်အစ်မအကြီးဆုံး၏သမီး)တို့ ရုပ်ရှင်ဇာတ်လမ်းအမည်ဖွက်တမ်း ကစားနေကြသည်၊

"နေအောင်ပါတယ်၊ ခင်သန်းနု၊ မေသန်းနုပါတယ်၊ ဇာတ်ကားနာမည်က သုံးလုံးတည်း၊ အဲဒါ ဘာကားလဲ"

အမူကြီးကမေးတော့ သားကြီး(အိမ်မှာတော့ သားသားဟုခေါ်သည်)က ဖြေသည်၊

"သကြန်မိုး"

"အဖြေမှန်တယ် တော်တယ်၊ ကဲ. . . သားသား မေးအလှည့်"

သားသားက သူ့အလှည့်မှာ "လွင်မိုးပါတယ် နိုင်သင်းကြည်ပါတယ်၊ နိုင်သင်းကြည်နာမည်က မပွတ်ကျွတ်တဲ့၊ အဲဒါ ဘာကားလဲ"

အမူကြီးက စဉ်းစားသည်၊ သို့သော် မဖြေနိုင်၊

"မသိဘူးကွာ . . ပန်းပေးတယ်"

"ဟေး. . . တို့နိုင်တယ်ကွ"ဆိုပြီး သားသားက ပျော်ရွှင်စွာလက်ခုပ်တီးသည်။ အမူကြီးသည် ထိုစဉ်က အသက် ၃၀ ကျော်ကျော်ရှိပြီ။ ဦးလေးဖြစ်သူ ကျွန်တော်တို့အိမ်တွင် သူ့မောင်နှင့် သူ့ညီမကို ချစ်လွန်း၍ အတူလာနေတာ စောင့်ရှောက်ပေးခြင်းဖြစ်သည်၊ ကလေးနှစ်ယောက်ပျော်အောင် ကစားနည်းတွေလည်း သူပဲတီထွင်ကာ အဖော်ပြုပေးနေခြင်းဖြစ်၏။

ထိုနေ့က အမူကြီးနှင့်သားသားတို့ 'ပန်းပေးတမ်း' ကစားနေကြတာ အတော်ကြာသည်၊ တစ်ယောက်က ပန်းပေးတယ်ဆိုလိုက် တစ်ယောက်က တို့နိုင်တယ် ဟေးဟုအော်လိုက်နှင့် မောင်နှမနှစ်ယောက် ပျော်နေကြ၏၊

"အဖေ. . . ပန်းပေးတယ်ဆိုတာ ဘာလဲဟင်"

၅ နှစ်ကျော်အရွယ်သာရှိသေးသော သမီးက ပန်း

www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်ဆိုတာ သိပ်နားမလည်၊ ကျွန်တော့်ပေါင်ပေါ်မှာ ခေါင်းတင်၍ ပက်လက်လန်အိပ်ရင်း မေးသည်။

"ခြော်. . . သမီးရယ် ပန်းပေးတယ်ဆိုတာ အရွှဲ့ပေးတယ်လို့ပြောတာပေါ့၊ အဖေတို့အညာမှာ စကားထာဝှက်ရင်လည်း အဲဒီလို ပန်းပေးတာမ်းကစားကြတယ်လေ"

"ခြော်. . . အဲဒီလိုလား"

သမီးက ဆတ်ခနဲထထိုင်သည်။ ပြီးတော့ မေးပြန်သည်၊

"ဒါဆို အဖေ ပန်းပေးခံရတဲ့သူက ပျော်သွားတာပေါ့နော်"

"ဒါပေါ့ သမီးရဲ့၊ သူက အနိုင်ရတော့ ပျော်သွားတာပေါ့"

"ခြော်. . ."

ထိုညက သမီးသည် တော်တော်နှင့်အိပ်မပျော်၊ အဖေနှင့်အမေကြားမှာ အိပ်ရင်း သမီး ဟိုဘက်လှည့်၊ ဒီဘက်လှည့်လုပ်နေသည်ကို သူ့အဖေရော ကျွန်တော်ပါသိကြ၏၊ သို့သော် မသိချင်ယောင်ဆောင်၍နေကြသည်၊

နောက်တစ်နေ့ မနက်စောစော ကျောင်းသွားဖို့ပြင်ကြဆင်ကြသည်။ မနက်စောစာကျွေးတော့လည်း သမီးကပုံမှန်စားသည်၊ သူ့အစ်မ အမှုကြီး သနပ်ခါးလိမ်းပေးတော့လည်း ကြည်ကြည်ဖြူဖြူအလိမ်းခံသည်၊ ကျွန်တော်တို့ဇနီးမောင်နှံမှာ မနေ့ကကိစ္စကြောင့် သမီး တစ်ခုခုထပ်ပြီးပြောမှာစိုးရိမ်သည်၊ ယခုတော့ သမီးက ဘာမှမပြော၍တော်ပါသေး၏။

မောင်နှမနှစ်ယောက်ကို ကားပေါ်တက်ခိုင်းပြီး ကျွန်တော်က ယာဉ်မောင်းနေရာမှာဝင်ထိုင်ခါနီး သူ့အမေက လက်ထဲမှာကိုင်ထားသော စံပယ်ပန်းကုံးကလေးကို သမီး၏ဦးခေါင်းပေါ်မှာ ပန်ပေးရန်ပြင်သည်၊ ဖြူဖွေးကြနေမွှေးလှသော စံပယ်ပန်းကလေးများကို သူ့အမေက အစောကြီးထယက်ကာ စိတ်ရှည်လက်ရှည်သီကုံးပြီး သူ့သမီးလေးရဲ့ခေါင်းပေါ်မှာ ဟိုဘက်ဒီဘက် ကလစ်ကလေးညှပ်၍ ပန်ပေးနေကျ၊ သမီးကလည်း အမြတ်တနိုးပန်နေကျ။ သို့သော် -

"အမေ၊ ဒီနေ့ သမီး မပန်တော့ဘူး"

"ဟင်. . . ဘာလို့လဲ သမီးရယ်"

ကျွန်တော်က သူတို့သားအမိကို လှမ်းကြည့်လိုက်သည်။ အမေဖြစ်သူ၏အမေးကို သမီးက အေးအေးဆေးဆေးပင်ပြန်ဖြေသည်၊

"ညတုန်းက မေကြီးကပြောတယ်၊ ပန်းပေးတယ်ဆိုတာ အရှုံးပေးတာတဲ့၊ ပန်းပေးခံရတဲ့သူက အနိုင်ရတော့ ပျော်သွားတာပဲတဲ့"

"အဲဒီတော့. . ."

"သမီး ဒီစံပယ်ပန်းကုံးလေးကို ကျောင်းယူသွားမယ် ပြီးတော့လေ သမီးဆရာမကို ပန်းပေးလိုက်မယ်အမေ"

သမီး၏နှုတ်မှ မမျှော်လင့်သောစကားလေးကြားရတော့ ကျွန်တော့်ရင်ထဲ သိမ့်ခနဲတုန်ခါသွားသည်ထင်မိ၏၊

ထပ်၍ သမီး ကျွန်တော့်ကိုလှမ်းပြီးပြောလိုက်တဲ့ စကားလေးက -

"ဖေကြီး . . . သမီး ဒီကျောင်းမှာပဲဆက်ပြီးနေမယ်၊ သမီး ကျောင်းမပြောင်းတော့ပါဘူးနော်"

ဆရာမကို ပန်းပေးလိုက်မယ်အမေဟု သမီးပြောခဲ့ပြီးသည့် ထိုနေ့မှစ၍ သမီးသည် စိတ်ပေါ့ပါးရွှင်လန်းစွာဖြင့် နေ့စဉ်ကျောင်းတက်ခဲ့သည်ကို ကျွန်တော်တို့တွေ့မြင်ခဲ့ရသည်၊

(၃)

ကြာတော့လည်း ကြာခဲ့ပြီ၊

နှစ်ပေါင်းနှစ်ဆယ်ပင်ကျော်ခဲ့လေပြီ၊

သမီးတို့ပညာသင်ကြားဆည်းပူးခဲ့ရာ ကျောင်းကြီးရှေ့ရောက်လေတိုင်း ထမင်းဘူးလည့်သည့်မြင်းလေးတွေကိုယ်စီဆွဲ၍ ကျောင်းတွင်းသို့ဝင်သွားကြသော သားငယ် သမီးငယ်လေးများကို မြင်တွေ့ရလေတိုင်း သမီး၏ပုံရိပ်ကလေးကို ပြန်လည်မြင်ယောင်မိသည်၊

ထိုနေ့က သမီးသည် ဘယ်ဘက်လက်ထဲမှာ ထမင်းဘူးလည့်သည့်မြင်းလေးတိုင်၊ ညာဘက်လက်ထဲမှာ စံပယ်ပန်းကုံးလေးကိုကိုင်ထားရင်း အဖေဖြစ်သူကို လှည့်ကြည့်လှည့်ကြည့်ဖြင့် တာ့တာလုပ်ရင်း ကျောင်းဝင်းထဲသို့ ဝင်သွားခဲ့လေသည်၊ ။

မြင်းမူမောင်နိုင်မိုး

www.burmeseclassic.com

www.burmeseclassic.com

## အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရအောင် မှုန့်သွားမယ်



# ဒေဝယက္ခ

အကျိတ်ကြေ
အကျောမြုမန်းဆေး

မြစ်ပွားနာအကျိတ်၊ အသုတ်နာအကျိတ်၊
နို့ကျိတ်၊ နို့ကြောင်းစိတ်၊ သွေးမင်၊ လေမင်၊ ဝက်ခြံ၊
ဝဲစို၊ ဝဲခြောက်၊ အဖုကြီး၍ထွက်သည့်
အဖုအကျိတ်များမှ စ၍
မန်းဝင်မန်းစုပ် ရောဂါများကို
သက်သာပျောက်ကင်းစေပါသည်။





## ဒေဝယက္ခ နှင့် မာယဒေဝ ဆေးတိုက်မှ ထုတ်လုပ်သော ဆေးစွမ်းကောင်းများ

- ရာဇဝလ သွေးတိုးကျဆေး
- မာယဒေဝ အာရုံကြောဆေး
- မာယဒေဝ အမောလုံ နလုံးအားတိုးဆေး
- မာယဒေဝ ဒဏ်ကြေဆေး
- မန်လည်အဖြေကျော် အစာကြေဆေး
- အမရာ သကြားရေစင် သွေးဆေး
- လှစေချင်ပါသည် ရုပ်လှသွေးသန့်ဆေး
- ဝလေးလုံး ရှူဆေး
- နဂါးရှေ့ဝါ ဒဏ်ကြေဆေး

အမှတ် - ၃၇၃၊ သနပ်ပင်လမ်း(အုန်းပင်တန်း)၊ ပဲခူးမြို့
ဖုန်း ၀၅၂ - ၂၁၄၂၂၊ ၀၅၂ - ၂၂၂၂၉၊ ၀၉ - ၅၃၀၀၀၁၄၁၊ ၀၉ ၈၆၅၀ ၈၆၇

www.burmeseclassic.com


www.burmeseclassic.com


# ဖျံ-၅-ကောင်
အမှတ်တံဆိပ်




## သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို



ရန်ကုန်မြို့ မန္တလေးမြို့နှင့် တောင်ကြီးမြို့ရှိ
မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့်
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်မြှချက်အမှတ်
တဆဒက(စာနယ်ဇင်း) ၂၅၄/၀၆၁၁

ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၃၊ မြေညီထပ်(ယာ)၊ ၄၂လမ်း(ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား)၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၀၃၀၀၀၇၄၊ ၃၉၂၅၉၄၊ ၀၉၄၂၀၀၇၀၆၉


## မြဝတီစာပေတိုက်မှထုတ်ဝေသည့်
## မဂ္ဂဇင်း၊ စာစောင်များ မှာယူဖတ်ရှုနိုင်ပြီ

မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် သုတအလင်းမဂ္ဂဇင်းတို့ကို တစ်အုပ်ချင်းမှာယူဖတ်ရှုလိုသော စာရှုသူတို့အတွက် တစ်လစာကြိုတင်၍ ငွေပေးပို့မှာယူသောစနစ်နှင့် မှာကြားဝယ်ယူနိုင်သည့်အပြင် စာဖတ်သူထံ VPL စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိပါသည်။

| စဉ် | အကြောင်းအရာ | မြဝတီ မဂ္ဂဇင်း | ငွေတာရီ မဂ္ဂဇင်း | သုတအလင်း မဂ္ဂဇင်း | တေဇ ရုပ်စုံ | မိုးသောက်ပန်း ဂျာနယ် | Sports View ဂျာနယ် |
|---|---|---|---|---|---|---|---|
| | | ဈေးနှုန်း | ဈေးနှုန်း | ဈေးနှုန်း | ဈေးနှုန်း | ဈေးနှုန်း | ဈေးနှုန်း |
| ၁ | တစ်အုပ်နှုန်း(သို့)လပေးနှုန်း | ၁၆၀၀ိ/- | ၁၆၀၀ိ/- | ၁၆၀၀ိ/- | ၃၀၀ိ/- | ၂၅၀ိ/- | ၂၅၀ိ/- |
| ၂ | ကိုယ်စားလှယ်နှုန်း | ၁၅၀၀ိ/- | ၁၅၀၀ိ/- | ၁၅၀၀ိ/- | ၃၀၀ိ/- | ၂၅၀ိ/- | ၂၅၀ိ/- |

မိမိတို့မှာကြားလိုသည့်စာအုပ်များကို အောက်ပါလိပ်စာများအတိုင်း ဆက်သွယ်မှာကြားနိုင်ပါသည်။

**ဖြန့်ချိရေး**
မြဝတီစာပေတိုက်၊ အမှတ် ၁၅ မိုးကောင်းလမ်း၊
၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၃၂၄၉၈၇၂၄။

**ရန်ကုန်ရုံးခွဲ**
အမှတ် ၁၈၀၊ ၃၂ လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉၃၂၄၉၈၇၁၄။

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနိုင်ငံဓာတ်ပုံအသင်း သုံးလပတ်နှင့် လစဉ်ဓာတ်ပုံပြိုင်ပွဲများ

➤ ဦးတင်မြင့်(စစ်ငြိမ်းပန်း)
မြန်မာနိုင်ငံဓာတ်ပုံအသင်း
အကဲဖြတ်အဖွဲ့ဝင်

၂၀၁၉ ခုနှစ်၊ ဒုတိယသုံးလပတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ အကြောင်းအရာ - **Food Photography** ပြိုင်ပွဲဝင်ပုံပေါင်း - ၄၈ ပုံ





အစားအသောက်ဓာတ်ပုံပြိုင်ပွဲဖြစ်၍ စားသောက်ဖွယ်ရာများကို ရှုချင့်စဖွယ်ရိုက်ကူးကြသည်ဖြစ်ရာ ဆုရပုံမှာ သူများထက် အမြင်ဆန်းအောင် ခေါက်ဆွဲပြုတ်အစားအသောက်ကိုဖန်တီးရာတွင် ပါဝင်မည့် ခေါက်ဆွဲ၊ ကြက်သား၊ ငရုတ်သီး၊ အသီးအနှံနှင့် ရေတို့ဖြင့် ပေါင်းစပ်ဖန်တီးရိုက်ကူးထားပါသည်။ ပစ္စည်းတစ်မည်ချင်းကို ဖြတ်တောက်တည်းဖြတ်ပြီး Photoshop ဖြင့် ပေါင်းစပ်ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ Composition ကို ပုံ၏ထောင့်ဖြတ်ရယူပြီး အမြင်အာရုံမှမထွက်သွားအောင် ညာဘက်အောက်မှ ကြက်သွန်ဖြူတစ်လုံးနှင့် ငရုတ်သီးနီနီအတောင့်တို့က ပြန်လည်စုစည်းထားနိုင်သည်ကို တွေ့ရပါသည်၊ စိတ်ကူးကောင်းမွန်ပြီး Exposure မှန်ကန်မှုရှိသော ဆွဲဆောင်မှုရှိသည့် ပုံကောင်းတစ်ပုံ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယ - ကျော်မြင့်သန်း

ဆုရပုံသည် နံပြားဖိုတစ်ခုအတွင်း နံပြားရိုက်နေဟန်ကို ဖန်တီးရိုက်ကူးထားပါသည်။ အလင်းရောင်ပေးမှုမှန်ကန်မှုရှိသဖြင့် နံပြားချပ်များ၊ ဂျုံလုံးများနှင့် နံပြားရိုက်စဉ် ဂျုံမှုန့်များလွင့်စဉ်နေဟန်ကိုပေါ်လွင်အောင်ရိုက်ကူးနိုင်ပါသည်။ ရုတ်တရက်ကြည့်ပါက နောက်ခံရှိမီးခဲရဲရဲအိုးအဝကို မည်သည့်အရာဝတ္ထုလဲဟုခံစားမိပြီးအသေးစိတ်ကြည့်မှ နံပြားမီးဖိုမှန်းသိလိုက်ရပါသည်။ ယခုထက် နံပြားမီးဖိုအိုးကို အိုးနောက်ခံမီးပေးရိုက်ကူးပါက အိုးမှန်းသိသာပေါ်လွင်မည်ဖြစ်ပါသည်။ နံပြားရိုက်ရာတွင် ဂျုံမှုန့်တွေများလွန်းသဖြင့် သဘာဝထက်လွန်ကဲနေသည်ကို သတိပြုမိပါသည်။

တတိယ - အောင်ဇော်ဝင်း

ဆုရပုံသည်လည်း မုန့်လုပ်ရန် ဂျုံမှုန့်များထဲသို့ ကြက်ဥအစိမ်းဖောက်ထည့်နေဟန်ကို ပေါင်းစပ်စီစဉ်ရိုက်ကူးထားသည်ကိုတွေ့ရပါသည်။ မျက်စိပသာဒဖြစ်အောင် ဂျုံမှုန့်များ လေထဲဝဲပျံ့နေဟန်နှင့်အပေါ်မှ ပစ်ချလိုက်သည့် ကြက်ဥအကာနှင့် အနှစ် လိမ္မော်ရောင်တို့ဖြင့် ပေါင်းစပ်ကူးခဲ့ထားပါသည်။ အစားအသောက်များကို ရိုးရိုးရှင်းရှင်းမဖော်ပြဘဲ အမြင်ဆန်းဆန်း၊ အတွေးအခေါ်ကောင်းကောင်းဖြင့် ဖန်တီးရိုက်ကူးနိုင်သည်ကို ချီးကျူးရမည်ဖြစ်ပါသည်။ နောက်ခံအမည်းသက်သက်အစား မုန့်လုပ်သူ၏ပုံရိပ်တစ်စိတ်တစ်ပိုင်းပါဝင်အောင်ထည့်သွင်းရိုက်ကူးပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၉ ခုနှစ်၊ ဒုတိယသုံးလပတ် အဖြူ အမည်း ဓာတ်ပုံပြိုင်ပွဲ
## အကြောင်းအရာ - ကျေးလက်လူနေမှုဘဝ
## ပြိုင်ပွဲဝင်ပုံပေါင်း - ၁၀၇ ပုံ



ပထမ - ရဲလင်းကျော်

ဆုရပုံမှာ ကျေးလက်ဒေသများတွင် အများဆုံးမြင်တွေ့နေကျ လယ်ယာရိတ်သိမ်းချိန်အပြီး ထွက်ရှိလာသည့်ကောက်လှိုင်းစည်းများကို တလင်းပြင်သို့ နွားလှည်းဖြင့် သယ်ယူနေပုံကို ရိုက်ကူးထားပါသည်။ မြင်ဖူးနေကျ မျက်မြင်အနေအထား(eye level)ကိုမယူဘဲ အမြင့်စီးငုံ့ကြည့်အမြင်(bird eye view)ဖြင့် ရိုက်ကူးထားပါသည်။ အမြင်ဆန်းသစ်မှုရှိပြီး လှည်းနှင့်လူ နေရာချထားမှုကို ပုံ၏ထောင့်ဖြတ်အနေအထား ဖမ်းယူရိုက်ကူးခြင်းမှာ မှန်ကန်မှုရှိပါသည်။ အလင်းရောင်ပြေပြေတွင်ရိုက်ကူးထားသဖြင့် အရောင်အသွေးခြားနားမှုလျော့နည်းသည့်မှအပ ရိုက်ကူးမှုမှန်ကန်ကြောင်း တွေ့ရပါသည်။ ရှေးယခင် ဖလင်ခေတ်က ဓာတ်ပုံကူးဆေးဖြင့်ကူးချဲ့နိုင်ပါက ယခုထက်ပိုမိုကောင်းမွန်သောပုံကိုရရှိမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယ - သန့်ဇင်



ဆုရပုံသည် ရေပုတ်ကြီးကျေးရွာမှကလေးများ ကျေးလက်သဘာဝ ဖန်ခုန်ကစားနည်းဖြင့် ကျေးလက်လူနေမှုဘဝကိုသရုပ်ဖော်ရိုက်ကူးထားပါသည်။ စီစဉ်ရိုက်ကူးထားပြီး နောက်ခံအရောင်ရင့်ရင့်ကို နောက်ခံပြုလျက် အလင်းရောင်ပြောင်းပြန်ရိုက်ကူးထားသောကြောင့် ဓာတ်ပုံမှာ ရှုချင်စဖွယ်ဖြစ်ပါသည်။ ရှုချင့်စဖွယ်ဖန်တီးထားသဖြင့် အားပေးနေသောကလေးများအနက် ညာဘက်မှ ကလေးများကို တန်းစီအားပေးမည့်အစား ဘယ်ဘက်မှ ကလေးများကဲ့သို့ ဘေးတိုက်ထားရှိကာ အားပေးနေဟန်ရိုက်ကူးပါက ပိုမိုသဘာဝကျမည်ဖြစ်ပါသည်။ ပုံကောင်းသော်လည်း သဘာဝထက်လွန်ကဲစွာဖန်တီးထားခြင်းကို သတိပြုသင့်ပါသည်။

## တတိယ - နိုင်ဇာမွန်

ဆုရပုံသည်လည်း မကွေးတိုင်းဒေသကြီး၊ ရေပုတ်ကြီးကျေးရွာမှ မြန်မာ့ရိုးရာဆံရစ်ဝိုင်းနှင့် မိန်းကလေးများ လှည်းပေါ်တွင် စုစုဝေးဝေးထိုင်ပြီး ခရီးသွားမည့်ဟန် ဖန်တီးထားသည်ကိုတွေ့ရပါသည်။ နောက်ခံအမည်းရောင်ကို ခပ်ဝေးဝေးထားရယူထားသဖြင့် ကွဲပြားခြားနားသည်ကို တွေ့ရပါသည်။ ကလေးများရယ်မောနေမှုက ပုံ၏အသက်ဖြစ်ပါသည်။ အလင်းရောင်တစောင်းနှင့် အဖြည့်ပေးထားသောအလင်းရောင်ကြောင့် ပေါ်လွင်ထင်ရှားနေပါသည်။ ရိုက်ကူးဖန်တီးမှုကောင်းမွန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၉ ခုနှစ်၊ ဇွန်လ
အကြိုးတန်း ‘Outing’
ရောင်စုံဓာတ်ပုံပြိုင်ပွဲ
အကြောင်းအရာ - ကဝခရီးစဉ်

ပထမ - ကျော်စွာမြင့်



ဆုရပုံသည် ပဲခူးမြို့နယ်၊ ကဝမြို့ခရီးစဉ်တွင် ကဝမြို့မှ စေတီတစ်ဆူကို နောက်ခံပြုလျက် သစ်ရွက်များလှည်းကျင်းနေသူတစ်ဦးဖြင့် စီစဉ်ရိုက်ကူးထားကြောင်းတွေ့ရပါသည်။ ရိုက်ကူးသူက စိတ်ကူးဖြင့် အမြင်ဆန်းသစ်အောင် ကင်မရာမှန်ဘီလူးရှေ့တွင် မှန်အကြည်တစ်ချပ်ခံပြီး ရေစက်များပက်ဖျန်းလျက် ကင်မရာမှန်ဘီလူးနှင့်အနီးဆုံးနေရာတွင် foreground အဖြစ် သတ်မှတ်ချက်များကို နေရာချထားကာ ရိုက်ကူးထားသည်ဟု ယူဆပါသည်။ Main Subject ဖြစ်သောစေတီကို focus လုပ်ပြီး တံမြက်စည်းလှည်းနေသောအမျိုးသမီးကို death of field အသုံးချရိုက်ကူးထားကြောင်း တွေ့ရပါသည်။ ရိုက်ကူးသူ၏ စိတ်ကူးဆန်းသစ်မှု၊ အတွေးအခေါ်ကောင်းမွန်မှုတို့ကြောင့် ဆုကြီးကို ထိုက်ထိုက်တန်တန်ရရှိခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယ - မြတ်မင်းဇော်

ကဝမြို့နယ်တွင် ပန်းပဲဖိုလုပ်ငန်းများရှိရာ ပန်းပဲဖိုတစ်ခုအတွင်း ဓားပြုလုပ်နေပုံကို ရိုက်ကူးထားကြောင်းတွေ့ရပါသည်။ LED မီးနှစ်ခုကို အနီရောင်နှင့်အပြာရောင်ထည့်သွင်းပြီး နှစ်ဖက်ညှပ်အလင်းပေးရိုက်ကူးထားကြောင်းတွေ့ရပါသည်။ လူများ အနေအထားကောင်းမွန်ခြင်း၊ အလင်းပေးစနစ် မှန်ကန်မှုရှိခြင်း၊ နောက်ခံကို အရောင်ရင့်အောင် Exposure မှန်မှန်ကန်ကန်အသုံးချထားကြောင်းတွေ့ရပါသည်။ Composition မှန်ကန်ပါသည်။ တူကိုင်ထားသူကိုလည်း အကျီချွတ်ပြီး ရိုက်ကူးပါက ပိုမိုအသက်ဝင်မည်ဖြစ်ပါသည်။

တတိယ - ကျော်မြင့်သန်း

ဆုရပုံသည် ကျေးလက်မြင်ကွင်းတွင် မြင်တွေ့နေကျ ရေကန်အတွင်း ကြာပန်းဆင်းခူးရင်း ကလေးများ တစ်ယောက်နှင့်တစ်ယောက် ကလူကျီစယ်နေဟန်ကို စီစဉ်ရိုက်ကူးထားသည်ကို တွေ့ရပါသည်။ သက်ဝင်လှုပ်ရှားမှုရှိပြီး ကြည်နူးမှုဖြစ်ပေါ်စေသောပုံဖြစ်ပါသည်။ focus ကို အဓိကအကြောင်းအရာဖြစ်သော ကလေးနှစ်ဦးတွင်ဖြတ်ထားပြီး နောက်ခံကြာပန်းခင်းကို ဝိုးတဝါးရိုက်ကူးထားနိုင်သည်ကိုတွေ့ရပါသည်။ ကလေးနှစ်ဦးကို Rule of Third သီအိုရီအတိုင်း နေရာချထားနိုင်ပါသည်။ ပုံကောင်းတစ်ပုံဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမ - နွံ့နွံ့ဖုအား



စံပြအလှမယ်
ရောင်စုံဓာတ်ပုံပြိုင်ပွဲ
Model - ယဉ်မေနှင်း
ပြိုင်ပွဲဝင်ပုံ - ၁၅၈ ပုံ

ဆုရပုံသည် စံပြမယ်၏ကိုယ်ဟန်သုံးပုံတစ်ပုံကိုရိုက်ကူးထားပါသည်။ အလင်းပေးစနစ် သာမန်ဖြစ်ပါသည်။ လည်ပင်းအနောက်ဘက် နောက်ခံအမည်းတန်းက ပုံကိုအရုပ်ဆိုးစေသည်ကို သတိပြုသင့်ပါသည်။ focus အနည်းငယ်ကျန်သည်ကို တွေ့ရသည်။ Exposure မှန်ကန်ပါသည်။ လက်တစ်ဖက်တည်းဖော်ပြမည့်အစား ဘယ်ဘက်လက်ကို ရင်ညွှန့်တွင်ထားပေးပါက ပိုမိုကောင်းမွန်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယ - သွယ်သွယ်ထွန်း

ဆုရပုံမှာ စံပြမယ်၏တစ်ကိုယ်လုံးပုံကို ရိုက်ကူးထားပါသည်။ Exposure မှန်ကန်ပါသည်။ အလင်းပေးစနစ် ကောင်းမွန်ပါသည်။ သစ်ပင် ပင်စည်ကို ယခုထက်တစ်ဝက်ခန့် ဖြတ်တောက်ကူးရိုက်သင့်ပါသည်။ ဘယ်ခြေထောက်တစ်ဖက်ပေါ်လွင်အောင် ရိုက်ကူးသင့်ပါသည်။ နောက်ခံသစ်ပင်ကို စံပြမယ်တစ်ကိုယ်လုံးဖြင့်ကွယ်အောင် ရိုက်ကူးသင့်ပါသည်။

တတိယ - နေလင်း

ဆုရပုံမှာ စံပြမယ်၏ကိုယ်ဟန် သုံးပုံတစ်ပုံကိုရိုက်ကူးထားပါသည်။ တည်းဖြတ်မှုအနည်းငယ်ကျပ်သယောင်ခံစားမိပါသည်။ Exposure မှန်ကန်ပါသည်။ စံပြမယ်၏ကိုယ်နေဟန် အနည်းငယ်တောင့်နေသည်ကို သတိပြုမိပါသည်။ စံပြမယ်နှင့် ရိုက်ကူးသူနှစ်ဦး အပြန်အလှန် အပေးအယူ မှန်ကန်ဖို့လိုအပ်ပါသည်။ ။

**ဦးတင်မြင့်(စစ်ငြိမ်းပန်း)**
**မြန်မာနိုင်ငံဓာတ်ပုံအသင်း**
**အကဲဖြတ်အဖွဲ့ဝင်**



www.burmeseclassic.com

www.bu



# အနောက်နန်းမတော် မမြကလေး၏ ဂန္ထဝင်စံတင်ခဲ့သည့် ချစ်သမျှကိုပတ်ပျိုး

စန်းနီလာဝင်း ■

မြန်မာ့ရိုးရာဂန္ထဝင်
သီချင်းကြီးများကို လေ့လာ
လိုက်စား သီဆို
တီးမှုတ်ကြသူတိုင်း
'ချစ်သမျှကို'အစချီ
ပတ်ပျိုးသီချင်းကြီးကို
အလေးအနက်ခံစားသီဆို
တီးမှုတ်လေ့ရှိကြသည်။
အာဇာနည်ခေါင်းဆောင်ကြီး
ဗြိတိသျှ
ပြန်ကြားရေးဝန်ကြီး
ဦးဒုတ်ဦးဘချို
သက်ရှိထင်ရှား
ရှိခဲ့စဉ်က 'ချစ်သမျှကို'
ပတ်ပျိုးသီချင်းကြီးသည်
ဖိုနှင့်မ ချစ်သစွာ
ထားကြရာတွင်
အနုပညာရသ
အပြောင်မြောက်ဆုံး
မြန်မာဂန္ထဝင်သီချင်းကြီး
တစ်ပုဒ်ဖြစ်သည်ဟု
ဂီတသုတေသီပီသစွာ
မှတ်ချက်ပြုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပျိုးသီချင်းကြီးဆိုသည်မှာ ပတ်သာစုံမောင်းတို့ဖြင့် အစပျိုး၍ သီဆိုတီးမှုတ်ရသောသီချင်းဖြစ်၍ 'ပတ်ပျိုး'သီချင်းကြီးဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ 'ပတ်ပျိုး'သီချင်းကြီးမှာ ကုန်းဘောင်ခေတ်တွင် ခေတ်အစားဆုံးသီချင်းကြီးအမျိုးအစားပင်ဖြစ်ခဲ့သည်။

၎င်း'ချစ်သမျှကို'ပတ်ပျိုးသီချင်းကြီးကို သီချင်းကြီးပညာရှင် အဆိုတော်သင်းသင်းမြတ် ကွယ်လွန်သူအကယ်ဒမီရုပ်ရှင်မင်းသားကြီး စောသံချင် ဦးဝင်းဦး၊ ဦးဝင်းဦး၏ဇနီး အဆိုတော် ချစ်ခုကျွဦး(ဘညွန့်)(သမိုင်းပါမောက္ခဦးဘညွန့်) စည်သူဒေါ်တင်တင်မြတို့ သီဆိုခဲ့ကြရာတွင် အလွန်နာမည်ကြီးခဲ့သည်။

ထို့ထက် အံ့အားသင့်ဖွယ်၊ ဂုဏ်ပြုဖွယ် စောသံရှင်တစ်ဦးမှာ ၁၉၉၀ ပြည့်လွန်နှစ်များက ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာပေကိုလေ့လာသင်ယူခဲ့သည့် ဂျပန်အမျိုးသမီး 'ယူရီတာကာဟာရှီ' (Yuri Takahashi)။ မြန်မာအမည် မယုယုလွင်သည် မြန်မာဂန္တဝင်သီချင်းကြီးများစွာကို ရွှေစားကျော်ဦးစိန်ဗိုလ်တင့်(ကွယ်လွန်)နှင့် ထိုစဉ်က အမျိုးသားစာကြည့်တိုက်မှူး ဆရာဦးခင်မောင်တင်တို့ထံ၌ တပည့်ခံယူကာသင်ယူပြီး သီဆိုခဲ့ရာ သူ နှစ်ခြိုက်မြတ်နိုးစွာသီဆိုခဲ့သည့် မြန်မာသီချင်းကြီးများထဲတွင် 'ချစ်သမျှကို'သီချင်းကြီးမှာ ရှေ့တန်းကပါဝင်ခဲ့သည်ကို တွေ့ခဲ့ရသည်။ သူသည် မြန်မာဂန္တဝင်သီချင်းကြီးများ၊ ခေတ်ဟောင်းသီချင်းများကို မြန်မာ့ဆိုင်းပညာရှင် စိန်ဗိုလ်တင့်နှင့် တွဲဖက်၍ ဗွီစီဒီ(VCD)သွင်းကာ ဖြန့်ချိခဲ့ရာ အထူးအောင်မြင်ခဲ့သဖြင့် အထူးဂုဏ်ယူလေးစားထိုက်ပါသည်။

'ချစ်သမျှကို'ပတ်ပျိုးသီချင်းကြီးအကြောင်းကို ပြောမည်ဆိုပါလျှင် 'အရင်းစစ်လျှင် အမြစ်ခမြက' ဆိုသလို သီချင်းဖန်တီးရှင် ဂီတစာဆို အနောက်နန်းမိဖုရား မြကလေးနှင့် သာယာဝတီမင်းတို့၏ နဖူးစာရွာလည်ခဲ့ပုံကို အကျဉ်းမျှတင်ပြမှသာ 'ချစ်သမျှကို' ပတ်ပျိုးသီချင်းကြီး၏ သရုပ်သကန် အဟုတ်အမှန်ကို သိရှိခံစားနိုင်မည်ဖြစ်သည်။

ကုန်းဘောင်မင်းဆက် ဘိုးတော်ဘုရားလက်ထက်တွင် အိမ်ရှေ့မင်းဖြစ်သူ ဘိုးတော်ဘုရားဆိုသူအား သာရဝတီနယ်စားအဖြစ်ခန့်အပ်ပြီး ၎င်း၏သားဖြစ်သူ သမိန်ထောအား ပုသိမ်မြို့ဝန် ခန့်အပ်ခဲ့သည်။ ပုသိမ်မြို့ဝန်၏ဇနီးတွင် မောင်ဦးအမည်ရှိသော မောင်အရင်းတစ်ယောက်ရှိရာ ၎င်းအား သာရဝတီလှေတော်ပုံနင်းအဖြစ် ခန့်အပ်ခဲ့သည်။

မောင်ဦးသည် ရာဇသတ်၊ ဓမ္မသတ်အရာ၌ အထူးကျွမ်းကျင်လှသောကြောင့် ဟင်္သာတနယ်သူနယ်သားများက ကြည်ညိုလေးစားကြ၍ ခုံသမာဓိလူကြီးအဖြစ် တင်မြှောက်ခဲ့ကြသည်။ ထိုသတင်းကို ဘိုးတော်ဘုရားကြားသိတော်မူသောအခါ 'မင်းပုံရှိ'ဘွဲ့နှင့် ဟင်္သာတမြို့ကို စီမံကွပ်ကဲစေခဲ့သည်။ မင်းပုံရှိသည် ရေတင်းသူမယ်အိနှင့် အကြောင်းပါပြီး ၁၁၇၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့တွင် သမီးကလေးမမြကြုတ်ကိုမွေးဖွားခဲ့သည်။ မမြကြုတ်အရွယ်ရောက်လာသည့်အခါ အလှတွင်အယဉ်ဆုံးက အသွင်တင့်ချောမောသူအဖြစ် ဟင်္သာတနယ်တစ်ဝိုက်တွင် ကျော်ကြားခဲ့သည်။

၁၁၈၅ ခု ဘကြီးတော်မင်းတရားလက်ထက်တွင် အင်္ဂလိပ်နယ်ချဲ့နှင့် မြန်မာတို့ ပထမစစ်ပွဲဖြစ်ခဲ့ကြရာ သာယာဝတီမင်းသားသည် ၁၁၈၇ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်တွင် ပြည်မြို့အထက်နားရှိ ရွှေဝိုင်ကျေးရွာ၌ စစ်ပြေငြိမ်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရသည်။ လက်မှတ်ရေးထိုးပြီးနောက် ရက်တရက် နေပြည်တော်သို့မပြန်သေးဘဲ မိမိ၏အပိုင်စားဖြစ်သော သာယာဝတီနယ်တစ်ဝိုက်ကို လှည့်လည်စစ်ဆေးရင်းမှ ရှုပါရုံရှင် အလှတန်ဆောင်လှထိပ်ခေါင် မမြကြုတ်၏ ကျော်စောသတင်းကို ကြားသိခဲ့ရသည်။ ထိုသောအခါ အသံကြားရရုံနှင့် ချစ်စိတ်တွေယိုဖိတ်လာသော သာယာဝတီမင်းသားသည် ဟင်္သာတမြို့သူကြီးဦးရွှေလူမှတစ်ဆင့် မမြကြုတ်ကိုခေါ်ယူကာ သိမ်းပိုက်ခဲ့ပြီး မမြကြုတ်ကို ချစ်ဝနိုးဖြင့် 'မြကလေး'ဟု ခေါ်ဝေါ်ခဲ့သည်ဟုဆိုသည်။

သာယာဝတီမင်းကို ၁၁၄၈ ခု တပေါင်းလပြည့်ကျော် ၁၀ ရက်တွင် ဖွားမြင်ခဲ့ပြီး မြကလေးထက်အသက် ၂၃ နှစ်ကြီးသည်။ သာယာဝတီမင်းသားနှင့် စတင်ပေါင်းသင်းချိန်တွင် မြကလေး၏အသက်မှာ ၁၇ နှစ်အရွယ်မျှသာရှိသေးသည်။ လှဒေဝီမြကလေးသည် ရုပ်ရည်ကောင်းလှသလို စာပေ ကဗျာ၊ ဂီတ

www.burmeseclassic.com

www.burmeseclassic.com



အနုပညာဘက်တွင်လည်း သူမတူအောင်ထူးချွန်လှသည်။

သာယာဝတီမင်းသား ဘုရင်မဖြစ်မီ မဖြူကလေးသည် အမရပူရရွှေနန်းတော်၏အနောက်ဘက်တွင် အိမ်တော်နှင့်နေထိုင်ခဲ့ရသည်။ သာယာဝတီမင်းသား ဘုရင်အဖြစ်သို့ရောက်သောအခါ မဖြူကလေးအား ခမု လျော့ခနကာ မိဖုရားအဖြစ်မချီးမြှောက်ဘဲထားသောကြောင့် သူ၏ သမုဒယသောကဝေဒနာများမှတစ်ဆင့် ဘဝင်မှာဆွေးရသည့် ရင်နာဓာတ်ကဗျာများ ပေါက်ဖွားလာခဲ့လေတော့သည်။

ကြာခြည်ယံ
နာရီမြန် ပဟိုရ်ညီတော်ပါပေါ့
မှေးမှိတ်လို့ စက်ပါသော်၊
ရေးမျှမပျော်။
လာနိုးငယ်မျှော်
ကြာခမော်မြင့်ဆောင်ထီး။
ရွှေဘောတော် တစ်ညက်မွေလို့
မလာနေ တာရှည်လှတာကြောင့်
တွေးရခက်ကြီး. . . ဟု တစ်သွယ်

နောက်အိမ်တော်ဆောင်ရိပ်မှာ
လွှမ်းစိတ်နဲ့ဆွေး
လာလှငယ်လာလှ ထမ်းခုခုငေး
အို. . . သေသေ ထားတဲ့ရေး
ရွှေရင်ချမ်းမြဲအေး
မျှာပါရေငယ်နှင့်
မကြိုပါနိုင် နွမ်းခွေလို့ယိုင်
နွဲ့ပင်တိုင် ကြည်ရှောင်တိမ်းတယ်

စိမ်းသင့်မှုစိမ်း. . . ဟု တစ်ပုံ ရေးစပ်သီကုံးပြီး သာယာဝတီမင်းထံဆက်သွင်းခဲ့ရာ မင်းကြီးမှာ နောင်တရကာ မဖြူကလေးအား အနောက်နန်းမိဖုရားအဖြစ် ချီးမြှင့်လိုက်တော့သည်။ မဖြူကလေးသည် မိဖုရားခေါင်ကြီးကလွဲလျှင် သာယာဝတီမင်း၏ အရေးပေးခံရဆုံး မိဖုရားဖြစ်ခဲ့သည်ဟုဆိုသည်။ ၁၂၀၃ ခုတွင် သာယာဝတီမင်း ရန်ကုန်မြို့သို့ကြွချီလာခဲ့ရာ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်ဘက်တန်ဆောင်းကို မဖြူကလေးက တာဝန်ယူဆောက်လုပ်ကာ မင်းကြီးနှင့်အတူ လှူဒါန်းပြီး ရေစက်ချအမျှဝေခဲ့သည်။

သာယာဝတီမင်းသည် နောင်တော် စစ်ကိုင်းမင်းကို နန်းချပြီး ထိုနန်းကိုသိမ်းပိုက်ရယူသူဖြစ်သည့်အလျောက် နန်းတွင်း၌ မကြာခဏမငြိမ်မသက်ဖြစ်ကာ ပုန်ကန်မှုများဖြစ်ပေါ်လာခဲ့သည်။ ၁၂၀၇ ခု ဝါခေါင်လပြည့်ကျော် ၆ ရက်တွင် သားတော် ပြည်မင်းသားသည် မြို့ရိုးကို ဆင်တပ်ဖြင့်ထိုးဖောက်၍ မတ္တရာမိုင်းလုံသို့ထွက်ခွာကာ သာယာဝတီမင်းအား ပုန်ကန်ခြားနားလေသည်။ ထိုလုပ်ရပ်ကို သာယာဝတီမင်း ကြားသိတော်မူသောအခါ အင်းဝမြို့ဝန် ယင်းတောဝန်ကြီးနှင့် အပေါင်းပါအရာထမ်းများကိုခေါ်ယူစစ်ဆေးကာ ပြည်မင်းသားနှင့်ကြံရာပါသည်ဟု ဆုံးဖြတ်ကာ သေဒဏ်ချမှတ်ခဲ့သည်။

ထိုမျှမက လက်နက်ကိုင်ပုန်ကန်သော ပြည်မင်းသားအား နှိမ်နင်းရန် သာယာဝတီမင်းက သားတော်ပုဂံမင်းသားအား တာဝန်ပေးအပ်ခဲ့ရာ မကြာမီ ပြည်မင်းသားကို လက်ရဖမ်းဆီးရမိခဲ့သည်။ ပုဂံမင်းသားက နန်းတွင်းပုန်ကန်မှုကို တာဝန်ယူစစ်ဆေးခဲ့ရာ အနောက်နန်းမိဖုရားမဖြူကလေးသည် ပြည်မင်းသားနှင့် ကြံရာပါသည်ဟု စောက်ချက်ချကာ ပြည်မင်းသားရော အနောက်နန်းမိဖုရားမဖြူကလေးကိုပါ မြစ်ထဲတွင် ရေနှစ်၍ သေဒဏ်ပေးခဲ့သည်။

သာယာဝတီမင်းကြီး၏အချစ်တော် အနောက်နန်းမိဖုရားမဖြူကလေးမှာ သူကိုယ်တိုင် ဒိဋ္ဌတွေ့ခံစားရသော သမုဒယဝေဒနာ၏ ဒုက္ခသစ္စာတရားကို ကွယ်လွန်ခါနီးအချိန်မှာပင် တေးထပ်ရေးစပ်၍ မောင်တော်သာယာဝတီမင်းသားအား ဆက်သွင်းခဲ့ပေသည် -

လောကခံရှစ်ပါး
ဘုရားပဟောရာ
ဖြစ်ပျက်မြဲ မမှတာ
သေချာစွာ မှတ်စွဲ
သစ္စာဝါတို့ညီသည်
မတည်ကြည် ဖောက်ပြန်တတ်မြဲ
ငါ မင်းဟုမြဲမြန်
ခံရသူ အသစ်ပ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဖြစ် အပြန်ပြန်
နှိုင်းထောက်ပေထန်
သခါရလမ်းမှန်ကို
ရှုဉာဏ်တော် ရှုအုံးရှင်လေး. . . ဟူ၍ဖြစ်သည်။

တကယ်တော့ ပြည်မင်းသားနှင့် သားတော်လေးသောက် အနောက်နန်းမိဖုရားမမြကလေးနှင့် မိခင်ဖြစ်သူဒေါ်အိတို့အား ရေနှစ်သတ်စေသည့်အမိန့်တော်ချမှတ်ခဲ့သည်မှာ သာယာဝတီမင်းကြီးမဟုတ်ဟု ရာဇဝင်ဆရာအချို့က ဆိုသည်။ အကြောင်းမှာ ထိုစဉ်က သာယာဝတီမင်းကြီးမှာ စိတ်ရောဂါပြင်းထန်စွာခံစားနေရရှာသည့် စိတ္တဇဝေဒနာရှင်ဖြစ်နေသောကြောင့် ပြည်မင်းသားနှင့် အနောက်နန်းမိဖုရားမမြကလေးကို မလိုလားဘဲ အာဃာတထားနေကြသည့် ကျပင်းမိဖုရားခေါင်ကြီးနှင့် ပုဂံမင်းသားတို့က သာယာဝတီမင်းကြီး၏အမိန့်ဟုဆိုကာ ရေနှစ်သတ်ခဲ့ခြင်းသာဖြစ်သည်ဟု သိရသည်။

၁၂၀၆ ခုနှစ်၌ သာယာဝတီမင်းကြီး၏ စိတ်တစ္ဆဦကလျားရောဂါသည် အတွင်းအဇ္ဈတ္တမှ အပြင်ဗဟိဒ္ဓသို့ သိသာထင်ရှားစွာထွက်ပေါ်လာခဲ့သည်။ တစ်ခါက သာယာဝတီမင်းကြီးသည် အနောက်နန်းမိဖုရားမမြကလေး၏အဆောင်တော်သို့ ကြွရောက်လာပြီး တောင်ရှည်ဝတ်လဲတော်စကို ခေါင်းမြီးခြုံကာ တိုင်ကွယ်၌ ဝင်ပုန်းနေတော်မူသည်။ ထိုအခါ မမြကလေးက "မောင်တော်ဘုရား ရုတ်တရက်ပျောက်သွားပါပြီ၊ မမြင်ရတော့ပါဘုရား၊ သနားသဖြင့် ဖူးပါရစေဘုရား၊ မောင်တော်ရဲ့ရွှေကိုယ်တော်ကို ပြတော်မူပါအုံးဘုရား" ဟု မင်းလိုလိုက် မင်းကြိုက် လျှောက်တင်တော့မှ သာယာဝတီမင်းသည် တဟားဟားရယ်မောကာ တိုင်ကွယ်မှထွက်လာပြီး "မောင်ကြီး ဘယ်မှမသွားဘူး၊ မောင်တော်ရဲ့ ကိုယ်ပျောက်ဝိဇ္ဇာဆေးအစွမ်းကြောင့် နှမလေး မောင်တော်ကိုမမြင်ရတာပါကွယ်" မိန့်ဆိုခဲ့သည် ဟူ၏။

သို့ကလောက် သာယာဝတီမင်းကြီး၏ စိတ္တဇဝေဒနာသည် တစ်နေ့တခြားတိုး၍ဖောက်ပြန်လာခဲ့သည်။ ညသက်၌ စက်တော်ခေါ်လျှင်မပျော်၊ ပွဲတော်တည်ချိန်၌လည်း လက်ဆေးရန်ပင်မေ့လျော့ကာနေတတ်သည်။ အစားအသောက်နည်းပါး၏။ အမြဲပြုံးသယောင်ရှိ၏။ တစ်ခါတစ်ရံ လှံတိုတစ်ချောင်းကိုကိုင်ဆောင်ကာ ဟိုအဆောင်ဒီအဆောင် ကူးနေတတ်၏။

တစ်ခါ၌ မြို့ထဲသို့ထွက်တော်မူစဉ် ထီးတော်မိုးက နေလုံအောင် မမိုးတောင်းလားဟု အမျက်ထွက်ကာ နေရာတွင်ပင် သန်လျက်ဖြင့်ခုတ်ပိုင်းသတ်ခဲ့သည်။ နောက်တစ်ကြိမ် မြို့ထဲသို့ထွက်တော်မူသောအခါ ထီးတော်ဆင်ပေါ်မှဆင်းကာ ဟိုပြေးဒီလွှား၊ ဟိုခုန်ဒီခုန်လုပ်နေသဖြင့် ထီးတော်မိုးမှာ နေလုံအောင်မမိုးနိုင်ဘဲရှိနေရာ "အရှင်မင်းကြီးရဲ့ ကိုယ်ပျောက်အစွမ်းကြောင့် ကျွန်တော်မျိုး မမြင်ရတော့ပါဘုရား"ဟု တစ်ကျော့ပတ်ဉာဏ်ဖြင့် မှူးသားသုံး၍လျှောက်တင်တော့မှ "ဒီမှာ ငါ ကိုယ်တော်မြတ်ရှိတယ်၊ မောင်မင်း မြင်စေချား"ဟု မနောတော်တွေ့ သဘောတော်ခွေ့သွားလေရာ ထီးတော်မိုးမှာ အလျှောက်ကောင်း၍ အထောင်းသတ်သာရုံမျှမက ဆုလာဘ်များပင် ချီးမြှင့်ခံခဲ့ရသေးသည် ဟူ၏။

တစ်ခါကလည်း သာယာဝတီမင်းကြီးသည် စိတ်ဖောက်ပြန်မှုပြင်းထန်လာချိန်တွင် ဝန်ကြီး မှူးကြီး မတ်ကြီးတို့သည်ပင် ဘုရင့်ရွှေတော်မှောက်သို့ အသက်စွန့်ပြီး အခစားဝင်ကြရခြင်းကြောင့် နာမကျန်းဖြစ်ဟန်ပြုသူများ များပြားလာခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၀၇ ခု(ခရစ်နှစ် ၁၈၄၅ ခုနှစ်) သာယာဝတီမင်းကြီးထံ အခစားဝင်စဉ် မင်းကြီး၏စိတ်ရောဂါဖောက်ပြန်နေမှုကိုသိရှိသွားသော အင်္ဂလိပ်သံမှူး 'ဟင်နရီယူးလ်' (Henry Yule)က "အလယ်နန်းမိဖုရားမှပေါက်ဖွားသော သားတော်ပြည်မင်းသားသည် ရှင်ဘုရင်အနီးအပါး၌ရှိ လက်နက်တို့ကို ရှောင်တခင်သိမ်းယူပြီးနောက် တိုင်းပြည်ရေးရာတို့ကို ရှင်ဘုရင်မပါစေဘဲ ထိုမင်းသားကိုယ်တိုင် စီရင်လေသည်။ သို့သော် ရှင်ဘုရင်က သူစိတ်မဖောက်ပြန်လေဟန် ရောဂါမှသက်သာပြီဆိုပြီး သူကိုယ်တိုင်ပင် ဘုရင်လုပ်နေပြန်၏။ သားတော်ပြည်မင်းသားကိုလည်း အမျက်တော်မှုဟန်ရှိ၍ ထိုမင်းသားသည် ရှမ်းပြည်နယ်သို့တိမ်းရှောင်နေရသည်။

ထိုနှစ် စက်ထင်ဘာလ၌ သားတော်တစ်ပါးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော တရုတ်မော်မင်းသားက ဦးဆောင်လျက် သာယာဝတီမင်းကြီးကို အောင်မြင်စွာထိန်းချုပ်ကာ အမရပူရနန်းတော်သို့ ပြန်လည်ပို့ဆောင်ခဲ့၏။ ပြည်မင်းသားကိုနန်းတွင်းပုန်ကန်မှုဖြင့် ရှမ်းပြည်နယ်မှ ဖမ်းဆီးရရှိခဲ့သည်၊ အနောက်နန်းမိဖုရားမခြကလေးကို ပြည်မင်းသားနှင့် ကြံရာပါဟု မဟုတ်မမှန်စွပ်စွဲပြီး ရှင်ဘုရင်၏ အမိန့်တော်ဟုကြေညာကာ ပြည်မင်းသားနှင့်အတူ ၎င်း၏ သားတော်လေးပါး အနောက်နန်းမိဖုရားမခြကလေးနှင့်အတူ သူ၏မယ်တော်တို့ကို တစ်ချိန်တည်းတစ်ပြိုင်တည်း အဆုံးစီရင်ခဲ့သည်"ဟု မှတ်တမ်းတင်ရေးသားဖော်ပြခဲ့သည်။

အင်္ဂလိပ်သမိုင်းဆရာ မစ္စတာကောက် (Mr. Cox)က "ကုန်းဘောင်မင်းဆက်တို့တွင် ဆေးဝါးကုသမရအောင် ရူးသွပ်သွားသူမှာ သာယာဝတီမင်းသားတစ်ပါးသာဖြစ်၏"ဟု ဆိုခဲ့သည်။

အင်္ဂလိပ်သမိုင်းဆရာအချို့ကမူ "အလောင်းဘုရား၏ ကုန်းဘောင်မင်းဆက်များတွင် သာကီဝင်မင်းမျိုးတို့ကဲ့သို့ ဖောင်လည်နှမလည်ပေးစား ထိမ်းမြားမှုများ ပေါများခဲ့သည်၊ ထို့ကြောင့် သွေးတိုင်းရောဂါမှ အခြေပြုကာ ရူးသွပ်ဖောက်ပြန်ခြင်းကိုဖြစ်ပေါ်စေခဲ့သည်"ဟု ဆိုခဲ့ပြန်သည်။

အမျိုးသားပညာဝန်ဦးဖိုးကျားက "သာယာဝတီမင်း စိုးစံစဉ်ကာလတွင် မကျန်းမမာ စိတ်ဖောက်ပြန်သည်က များခဲ့သည်"ဟု ဆိုသည်။

ချစ်သမျှကိုပတ်မျိုး အစချီ သစ္စာတိုင်ပတ်မျိုးသီချင်းကြီးဖန်တီးရှင် အနောက်နန်းမိဖုရားမခြကလေးနှင့် ပြည်မင်းသားတို့မှာ သက်တူရွယ်တူဖြစ်ကြသည့်အပြင် သူတို့နှစ်ဦးစလုံးမှာ ဂီတပညာရှင်များဖြစ်ကြသဖြင့် တေးသီချင်းများရေးစပ်ရာတွင် အပျိုတော်များမှတစ်ဆင့် တေးသီချင်းပုရပိုက်များ အလဲအလှယ်ပေးပို့လေ့ရှိကြသည်၊ ထို့ပြင် ဂီတပါရဂူ မြင်စည်မင်းသားမှာလည်း ပြည်မင်းသား၏ကြင်ရာတော် ခံပေါင်မင်းသမီးနှင့် မောင်နှမအရင်းဖြစ်လေသည်၊ မြင်စည်မင်းသားနှင့် မခြကလေးတို့မှာလည်း ဂီတမိတ်ဆွေများဖြစ်ကြ၏၊ ပြည်မင်းသား၏ အကြီးဆုံးသားတော်မောင်မေပုနှင့် မခြကလေး၏သမီးတော် မှူးကြီးခေါ် လှိုင်ထိပ်ထား(နောင် ကနောင်အိမ်ရှေ့စံ၏ကြင်ရာတော် လှိုင်ထိပ်ခေါင်တင်မင်းသမီး)တို့ကို အချိန်တန်လျှင် ပေးစားထိမ်းမြားရန်ပင် မိဘများက စီစဉ်ထားခဲ့ကြသည်။

သာယာဝတီမင်းကြီး၏ ထီးမွေနန်းမွေကိုဆက်ခံရေးတွင် ပြည်မင်းသားကို ပုဂံမင်းသားထက် လိုလားခဲ့သည်မှန်သော်လည်း ပြည်မင်းသားက ထီးနန်းလုရာတွင် အနောက်နန်းမိဖုရားမခြကလေးက ပြည်မင်းသားဘက်မှ လုံးဝမထောက်ခံခဲ့သဲ ကြံရာပါဟုစွပ်စွဲကာ ထောင်သွင်းအကျဉ်းချခံခဲ့ရရှာသည်၊ ခမည်းတော်သာယာဝတီမင်းကြီး စိတ်ရောဂါဝေဒနာပြင်းထန်စွာခံစားနေရချိန်တွင် မိဖုရားခေါင်ကြီး ကျပင်းမင်းသမီး(ပုဂံမင်းသား၏မွေးမိခင်)မှလွဲ၍ အခြားမိဖုရားများနှင့် သားတော်၊ သမီးတော်များမှာ မင်းကြီးထံဝင်ရောက်ခွင့် ပြုစုခွင့်မရရှိခဲ့ခြင်းကိုလည်းကောင်း၊ မိမိအပေါ်



www.burmeseclassic.com



ခွပ်ခွဲချက်များကို မြေရှင်းခွင့်မရခြင်းကိုလည်းကောင်း အနောက်နန်းမိဖုရားမခြကလေးမှာ ပဋ္ဌာမြေလူးသည့်နှယ် ရှုမတတ်ခံစားနေရရှာလေသည်။

မခြကလေး အကျဉ်းကျနေစဉ် မခင် မင်းဖျံချိုနှင့် မိခင် ဒေါ်အိတို့သည် အကျဉ်းထောင်မှူးများကို တိုးလျှိုးတောင်းပန်ကာ သမီးဖြစ်သူအား လာရောက်တွေ့ကြစဉ် "မိမြတစ်ယောက် ငါကိုယ်တော်မြတ်ကို လင်ယောကျ်ားရယ်လို့မထင် မခင် မကြင်တော့ပါကလား" ဟု သာယာဝတီမင်းကြီးက မကြာခဏမိန့်တော်မူကြောင်း ပြန်ပြောသောအခါ မခြကလေးမှာ တွေးလေ ဆွေးလေ ဆွေးမပြေဖြစ်နေရရှာသည်။

ယခုကဲ့သို့ အကျဉ်းထောင်ပို့ထားခြင်းမှာ မိမိ၏ မောင်တော် သာယာဝတီမင်းကြီးက အချစ်ကြီး၍ အမျက်ကြီးခြင်းဖြစ်သည်ဟု မခြကလေး ထင်မြင်ခဲ့သည်၊ ထို့ကြောင့် မခြကလေးက မောင်တော့်အပေါ်ထားရှိသော အချစ်ထုထည်သည် မည်မျှကြီးမားကြောင်း ရင်ဖွင့်တင်ပြလိုသဖြင့် ချစ်သမျှကိုအစချီ သန္တာတိုင်ပတ်ပျိုးသီချင်းကြီးကို ရေးစပ်သီကုံးခဲ့လေသည်၊

ချစ်သမျှတို့၊ မြင့်မိုရ်ရွှေတောင်လုံးသာပလေး
လေးဆူဒီပါ၊ သီတာရေမြေဆုံးစေတော့လေး
ဇိုဘယ်မှန်းပါတော့နိုင် ကပ်လုံးဆုံးတိုင်တိုင်
ဖုံးညာဝိုင်၊ အုံးပြိုင်သန္တာကြွေမှာလှလေ
ကြိုးမည်နောင်တာ
ရိုးပြာမြေဝယ် မြွေစေတော့လေး. . .
မှုန်သရွှေကိုလ ဖန်စေ့ဝယ်ရေစ
တိုးဂုဏ်ရှင့် ဂုတော်မွေ
တူမသွေ၊ ပါစေမယ်နှင့်သား
လုံ့ချစ်ပျိုးမြွတ်ကြွား၊ ဝှက်မထား။
မြတ်ရှင်ပင်၊ တန်ခိုးအား
မခြားသိစေကြောင်း
ပန်ထွာတည့် ခပ်ညောင်း
တူပြိုင်၊ ဂုလိုဏ် စကားသစ္စာခိုင်
သံသာလေကမ်းတိုင်၊ တူပြိုင်ကူးမယ်
ဆုတူးဝယ်၊ ပန်ရှယ်ဘွန်း. . .
ချစ်လို့ရယ်မကုန်
ဝသုန်ဤမြေ သိကြားစေ သက်သေညွှန်း. . .
ဖုံမွှန်းမွှေးလှိုင်ကြူလေတည့်မှ
သုံးလူ့ထွတ်မှန်ကူ
မတူလေ ပြိုင်နှန်းကာင်း
မြောက်မြာစုံ ရောင်မြှူးလင်း. . .
(သဖြန်) ချစ်ခြင်းငယ်ပြိုင်
မြစ်မင်းဗိုင်၊ အဏ္ဏဝါက
ပြန်တစ်ရာတဲ
ယွန်းစေဝသုန်
ငွေဝန်းသော်တာယုန်သို့
ကမ္ဘာကုန်ကျယ်သရွှေငယ်မှာ
ဘယ်မေ့လိမ့်လည်း . . .

ချစ်သမျှကိုအစချီ သန္တာတိုင်ပတ်ပျိုးသီချင်းကြီး၏အနက်အဓိပ္ပာယ်ကို အကျဉ်းမျှတင်ပြရပါလျှင် - "မခြကလေးက မိမိ၏ချစ်မေတ္တာမှာ ယူဇနာ ၈၄၀၀၀ အမြင့်(၁၀၉၂၀၀၀ မိုင်ခန့်)ဆောင်သော မြင့်မိုရ်တောင်ကြီးတမျှရှိပါသည်၊ ကျွန်းကြီးကျွန်းငယ်များနှင့်ထက္ခ တစ်ခုစီတစ်ခုစီတည်ရှိနေကြသော အရှေ့ကျွန်း အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်းတည်းဟူသော ကျွန်းကြီးလေးကျွန်းရှိ ရေမြေသမုဒ္ဒရာ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာပါမကျန် ဖျက်ဆီးဆုံးပါးသွားပါစေတော့ ကပ်ကမ္ဘာတစ်ခုလုံးအဆုံးတိုင် မောင်တော့်အပေါ်၌ ဘယ်သောအခါမျှမမုန်းနိုင်တော့ပါ"၊

ဤနေရာတွင် ကပ်ကမ္ဘာ၏အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပါက -

(၁) အာယုကပ် - လူတို့၏သက်တမ်းသည် ၁၀၀ တမ်း ၁၀၀၀ တမ်း ၁၀၀၀၀ တမ်း စသည်ဖြင့် သတ်မှတ်ခေါ်ဝေါ်သောအပိုင်းအခြားကို အာယုကပ်ဟု ခေါ်သည်၊ (၂) အန္တရကပ် - လူတို့၏အသက် ၁၀ နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ၊ ထိုအသင်္ချေယျတမ်းမှ ၁၀ နှစ်တမ်းအထိ အပြန်အလှန်ရွေ့လျားသောကာလကို အန္တရကပ်ဟုခေါ်သည်၊ (၃) အသင်္ချေယျကပ် - အထက်ပါ အန္တရကပ်ပေါင်း ၆၄ ကပ်ကို အသင်္ချေယျ ၁ ကပ်ဟုခေါ်သည်၊ (၄) မဟာကပ် - အသင်္ချေယျကပ်ပေါင်း ၄ ကပ်ကို မဟာကပ် ၁ ကပ် သို့မဟုတ် တစ်ကမ္ဘာဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကပ်ကမ္ဘာတစ်ခုလုံးအဆုံးတိုင် မောင်တော့်အပေါ်၌ ဘယ်သောအခါမျှမမုန်းနိုင်တော့ပါ။ ပိုးဖဲကတ္တီပါ အစရှိသော ကြွကြွရွရွ လှလှပပ မွမ်းမံထားအပ်သော သဏ္ဌာလီအခန်းဆောင်၌ အတုတကွ အုံးစက်ရာယှဉ်ပြိုင်၍ ညာလက်ရုံးကိုပိုင်သော သို့မဟုတ် လက်ယာထားမျိုးစံစားရသော မိဖုရားအဖြစ်ရောက်ပါစေမည်ဟု မောင်တော်ကဆိုခဲ့ဖူးသည်။ နောင်အဖို့နောင်အခါအတွက် ဘယ်တော့မှမမုန်းနိုင်တော့ပါ။ အတုတကွချစ်ခင်ကြင်နာလျက် အမှီပြော မြေသို့ကျစဉ် ဆွေးမြည့်သည်အထိ နောင်သံသရာအတွက် ပါရမီဖြည့်ရန် ကြိုးစားပါမည်။ ရွှေဂူကြီးဘုရားရှင်၏ရှေ့တော်မှောက်၌ ယခုဆိုအပ်သောသစ္စာစကားသည် ကေနိအမှန်ဖြစ်ပါသည်။ မယ့်ကို မောင်နှင့်အတူ နိဗ္ဗာန်တည်းဟူသော သံသရာတစ်ဖက်ကမ်းသို့အပါခေါ်ဆောင်ပါမည်ဟု မောင်တော်က ကတိပြုခဲ့သည်။

မောင်က မယ့်အားချစ်သောမေတ္တာနှင့် မယ်က မောင့်အားချစ်သောမေတ္တာတို့သည် မည်သည့်အခါမျှ မတုန့်ခန်းနိုင်ပါ။ မည်သည့်အခါမျှမမုန်းနိုင်ပါ။ နှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးကို အသိသက်သေပြု၍ ကျိန်တွယ်ညွှန်းဆိုပါသည်။

သမုဒ္ဒရာက မယ်နှင့်မောင်တို့၏အချစ်ထက် ပိုမိုကျယ်ဝန်းနက်ရှိုင်းသည်ဟူ၍မရှိပါ။ ဤကမ္ဘာမြေကြီး ပျက်ယွင်းသွားပါစေ၊ ငွေလမင်း၏အတွင်း၌တည်နေသော ယုန်ရုပ်ကဲ့သို့ မိမိ၏အချစ်က တည်တံ့ခိုင်မြဲနေပြီး ဤကမ္ဘာမြေကြီး တည်တွင်းနေသရွေ့ကာလပတ်လုံး ဘယ်သောအခါမျှမမုန်းနိုင်မည်မဟုတ်ပါဟု ဖွင့်ဆိုသီကုံးခဲ့ခြင်းဖြစ်ပါသည်။

ဤချစ်သမ္မာကို အစချီ သစ္စာတိုင်ပတ်ပျိုးသီချင်းကြီး၏ ထူးခြားပြောင်မြောက်လွန်းလှသော ဂီတရသ ညည်းဝါး သံကျ၊ ဟန်ထားများကြောင့် သာယာဝတီမင်း အမျက်တော်ပြေကာ အနောက်နန်းမိဖုရားမမြကလေးအား အကျဉ်းထောင်မှလွှတ်ပေးခဲ့သည်။

ဤမျှ သိင်္ဂီရသပြောင်မြောက်လွန်းလှသော ချစ်သမ္မာကို အစချီ သစ္စာတိုင်ပတ်ပျိုးသီချင်းကြီးကို လက်ထပ်ပွဲမင်္ဂလာအခမ်းအနားများ၌ သီဆိုတီးမှုတ်လေ့ရှိကြသည်။ အချို့ကမူ ချစ်သမ္မာကိုပတ်ပျိုးသီချင်းကြီးသည် အနောက်နန်းမိဖုရားမမြကလေး ထောင်သွင်းအကျဉ်းချခံခဲ့ရစဉ်က ရေးစပ်ဆက်သွင်းသော သီချင်းဖြစ်၍ မင်္ဂလာမရှိဟုဆိုကာ ရှောင်ကြဉ်ကြသည်။

အာဘာနည်းခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ ဂီတသုတေသီ ဆရာကြီးဒီးဒုတ်ဦးဘချိုက ချစ်သမ္မာကို သစ္စာတိုင်ပတ်ပျိုးသီချင်းကြီးသည် လောကတတ်တွာ ဓမ္မတာအရ အမျိုးသားနှင့် အမျိုးသမီးတို့ အချစ်ဇာတ်လမ်းဖွင့်သမျှ၌ အချစ်စံချိန်ပြသော ပြဒါးတိုင်ကြီးသဖွယ် အမြဲတည်နေတော့မည်ဖြစ်သည်။ ဤသီချင်း၏ အချစ်စံချိန်ပမာဏကိုသိရှိတော်မူသောအခါ သာယာဝတီမင်းကဲ့သို့သော ခက်ထန်သောမင်း၏ သံနိုင်သံခဲကဲ့သို့သောစိတ်သည် ချစ်သမ္မာကိုပတ်ပျိုးတည်းဟူသော ပန်းပဲဖို၏ ချစ်မီးရှိန်တို့တွင် ပျော့ပျောင်းနူးညံ့သွားရတော့သဖြင့် မိဖုရားမမြကလေးကို အချုပ်ခန်းမှလွှတ်စေဟု ချမ်းသာခွင့်ပေးသနားတော်မူလေသည်ဟု မှတ်ချက်ပြုခဲ့ပါသည်။

မည်သို့ဆိုစေ ဂီတစာဆို အနောက်နန်းမိဖုရားမမြကလေး၏ ရင်ထဲအသည်းထဲကထွက်ပေါ်လာခဲ့သော ချစ်သမ္မာကိုပတ်ပျိုးသီချင်းကြီး၏ အဖွဲ့အနွဲ့ အသီအကုံးတို့သည် အလွန်အကြူးဖွဲ့ဆိုသီကုံးထားသော အတိသယဝုတ္တိအလင်္ကာဖြစ်သော်လည်း သိင်္ဂီရရသ၊ ဂီတရသများ ပြောင်မြောက်လွန်းလှသဖြင့် မြန်မာဂန္ထဝင်သီချင်းကြီးများတွင် ရွှေထန်းကအမြဲနေရာယူနေမည်သာဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ပါသည်။ ။

**စန်းနီလာဝင်း**

**အကိုးအကောက်**


(၁) ဂီတဝိသောဓနီကျမ်း(ဒီးဒုတ်ဦးဘချို)
(၂) ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး (ဦးမောင်မောင်တင်)
(၃) မြန်မာသီချင်းကြီးတစ်ဆယ့်ငါးပုဒ်အဖွင့် (ဆရာကြီးဦးဝုဏ်သက်နှင့် နန်းညွန့်ဆွေ)
(၄) ကုန်းဘောင်ရှာပုံတော် (အိုးဝေညီမြ)
(၅) A History of Burma (Dr.Htin Aung)


www.burmeseclassic.com

www.burmeseclassic.com




# ဘဝပုစ္ဆာ အဖြေရှာ (၁၁၁)

မနုသာကျော်ဝင်း(အမျိုးသားစာပေဆုရ)

ရာထူးအတက်မြန်ခြင်း၊ နှေးခြင်းတို့နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြနေရခြင်းမှာ အကြောင်းရှိ၏။ အလုပ်စဝင်ကတည်းက 'ငါ ဘယ်တော့ရာထူးတက်မလဲ'ဟူသော အတွေးမျိုးဝင်နေလျှင် ထိုသူသည် ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်မလာနိုင်။

"ဒီအလုပ်ကို ငါစိတ်ကြိုက်ရွေးပြီး လျှောက်ခဲ့တာပဲ၊ ဒါ့ကြောင့် အားသွန်ခွန်စိုက်ကြိုးစားပြီး အလုပ်လုပ်မယ်၊ ဒီကြားထဲမှာ ရာထူးအတက်နှေးလို့ စိတ်ဓာတ်ကျတာတို့၊ မပျော်ပိုက်တာမျိုးတွေရှိရင်လည်း စိတ်ရှည်ရှည်ထားပြီး သည်းခံမယ်၊ စေတနာမပျက်ဆက်ပြီး ကြိုးစားလုပ်ဆောင်မယ်" ဟူသော စိတ်ဓာတ်မျိုးကို မွေးမြူလျှင် အကျိုးထူးတရားခံစားရမည်မှာ မုချပင်ဖြစ်သည်။ (မိမိသည် အလုပ်ဝင်ပြီး ၁၂ နှစ်ကြာမှ ရာထူးတစ်ဆင့်တက်ရ၏။ အငယ်တန်းအရာရှိဘဝမှသည် မြန်တမ်းဝင်အရာရှိ ဖြစ်လာခဲ့ရ၏။ သို့ရာတွင် မိမိ၏အလုပ်ကို စေတနာဖြင့် သစ္စာရှိရှိလုပ်ဆောင်ခဲ့သဖြင့် နောက်ဆုံးတွင် ဌာနအကြီးအကဲ၊ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ ရာထူးတိုးမြှင့်ခြင်းခံခဲ့ရ၏။ မည်သည့်ကျောထောက်နောက်ခံမျှမရှိပါဘဲလျက် သာမန်အရပ်သားတစ်ဦး ဤမျှအဆင့်အထိ ရာထူးတိုးမြှင့်ခံခဲ့ရသည်ကို အချို့ကအံ့သြကြ၏။ မအံ့သြပါနှင့်။ စေတနာမှန်မှန်၊ ဇွဲရှိရှိဖြင့် တာဝန်ထမ်းဆောင်ခဲ့သောကြောင့်ပင်ဖြစ်ပါ၏။ ရာထူးကိစ္စနှင့်ပတ်သက်သော ဘဝပုစ္ဆာကို မိမိမည်သို့အဖြေရှာခဲ့ကြောင်း သိရှိစေလို၍ ဖော်ပြရခြင်းဖြစ်၏။)



www.burmeseclassic.com

www.burmeseclassic.com



တိုကျော်ဝင်းအား တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးနိုင်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့တင်ပြသည့်ကိစ္စအတွက် သက်ဆိုင်ရာတာဝန်ရှိသူတို့၏ဆွေးနွေးချက်မှာ အလွန်ပင် စိတ်ဝင်စားစရာကောင်း၏။ ယင်းဆွေးနွေးချက်သည် လျှို့ဝှက်ကိစ္စဖြစ်၍ အပြင်လူများသိနိုင်ခွင့်မရှိ။ သို့ရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မှတ်တမ်းလိုက်သူ ဌာနခွဲစာရေးကြီးသည် ကိုကျော်ဝင်းနှင့် ရင်းနှီးသူဖြစ်၏။ ထို့ကြောင့်လည်း -

"ဆရာဦးကျော်ဝင်းရေ. . . စိတ်ချလက်ချသာ နေပေတော့၊ ဆရာ ပြန်တမ်းဝင်အရာရှိဖြစ်ဖို့ သေချာသွားပြီ၊ ဆရာ့ကိစ္စအတွက် ဆွေးနွေးပွဲမှာ. . . မူလဝင်ပေါက်ရာထူးအတွက် ကျွန်တော်တို့ရွေးချယ်ပေးလိုက်တဲ့လူဟာ သူ့ရာထူးမှာ ၁၂ နှစ်တောင်ကြာပြီ၊ အခုထိ ရာထူးမတက်ရသေးပါလား၊ ဒီပုဂ္ဂိုလ်ကို ကျွန်တော်တို့အဖွဲ့က ရွေးချယ်ပေးခဲ့တာဟာ တကယ့်လူမှန်နေရာမှန်ပဲဗျ၊ တက္ကသိုလ်မှာ မဟာဝိဇ္ဇာဘွဲ့ရတဲ့အထိ သူလေ့လာလိုက်စားခဲ့တဲ့ပညာနဲ့ သူလုပ်ရတဲ့အလုပ်က လုံးဝကိုက်ညီမှုရှိတယ် သူဟာ တောင်တန်းဒေသတွေအပါအဝင် ပြည်ထောင်စုသားတွေနေထိုင်ကြတဲ့ ကျေးရွာတွေကို အပင်ပန်းခံပြီး ကွင်းဆင်းလေ့လာသုတေသနပြုတယ် သူ့ရဲ့တွေ့ရှိချက်တွေကို စာနယ်ဇင်းတွေမှာ ဆောင်းပါးတွေရေးသလို ဌာနအတွက်လည်း ကျမ်းစာအုပ်ပြုစုပေးတော့ အမျိုးသားစာပေဆုတောင် ချီးမြှင့်ခံခဲ့ရသဗျ၊ ရသနဲ့သုတ ရောနှောတဲ့ 'တက္ကသိုလ် ဘယ်မှာရှိတယ်'လို့ လုံးချင်းဝတ္ထုရှည်စာမူဆိုရင်လည်း စာပေဗိမာန်စာမူဆုရခဲ့တယ်၊ မြန်မာ့အသံ ယဉ်ကျေးမှုအနုပညာအစီအစဉ်ကနေ သူကိုယ်တိုင်အသံလွှင့်ဟောပြောခဲ့တာကိုလည်း ကျွန်တော်ကြားခဲ့ဖူးတယ် အလုပ်ကြိုးစားလုပ်တဲ့ ဒီလိုပုဂ္ဂိုလ်မျိုးကို ရာထူးတိုးမြှင့်ပေးသင့်တာပေါ့ဗျာ၊ အဖွဲ့ဝင်တွေကတော့ သဘောတူကြပါသလားလို့မေးတော့ အားလုံးက သဘောတူကြတယ်၊ ဒါကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ကျွန်တော်တို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဆရာဦးကျော်ဝင်းရဲ့ကိစ္စကို သဘောတူကြောင်း ဒီတနေ့ပဲ စာပြန်ကြားလိုက်မယ်၊ ဆရာနဲ့ပတ်သက်တဲ့အမိန့်ပြန်တမ်း မကြာခင်ထွက်လာတော့မှာပါ"

ဤမင်္ဂလာသတင်းစကားသည်ကား မိမိအတွက် အလွန်ပင်စိတ်အားတက်စရာဖြစ်၏။ မကြာမီ ပြန်တမ်းဝင်အရာရှိဖြစ်တော့မည်။ တစ်နည်းအားဖြင့် ဝန်ထမ်းလောကတွင် တန်းဝင်အရာရှိတစ်ဦးဖြစ်တော့မည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သဘောတူညီကြောင်း ပြန်ကြားစာရရှိပြီးနောက် ရက်ပိုင်းအတွင်းမှာပင် ကိုကျော်ဝင်းအတွက် အမိန့်ပြန်တမ်းထွက်လာ၏။ မိမိ ပြန်တမ်းဝင်အရာရှိဖြစ်ပါပြီ။ အမိန့်စာထွက်ပြီး နောက်တစ်နေ့မှာပင် -

"ရာထူးတက်ပြီးခါစ ပူပူနွေးနွေးမှာ တာဝန်ပေးရအုံးမယ်ဗျို့၊ မနက်ဖြန် ချင်းပြည်နယ်၊ ဟားခါးမြို့က ဦးလိုင်လင်းဆိုတဲ့အရာရှိ ရုံးကိုရောက်လာလိမ့်မယ်ဗျို့ ချင်းမျိုးနွယ်စုတွေထဲက အနူး(ခေါ်)ခေါင်ဇိုဆိုတဲ့ မျိုးနွယ်စုရဲ့ ယဉ်ကျေးမှုအကြောင်း ကွင်းဆင်းလေ့လာသုတေသနပြုဖို့ ပလက်ဝမြို့နယ်ကိုခရီးထွက်လာတာ ဖြစ်ပါတယ် ဦးလိုင်လင်းက အလုပ်ဝင်တာ သိပ်မကြာသေးဘူး၊ ကွင်းဆင်းသုတေသနလုပ်ငန်းနဲ့ပတ်သက်ပြီး အတွေ့အကြုံလိုတယ်၊ ဒါကြောင့် ဦးကျော်ဝင်းက သူနဲ့အတူ ပလက်ဝမြို့နယ်ကို လိုက်ပါသွားပေးပါ ကွင်းဆင်းသုတေသနလုပ်ငန်းအကြောင်း လက်တွေ့သင်ကြားပေးသွားပါ ဦးကျော်ဝင်းကိုယ်တိုင်လည်း ပလက်ဝမြို့နယ်တစ်ဝိုက်က ချင်းမျိုးနွယ်စုတွေရဲ့ယဉ်ကျေးမှုအကြောင်း လေ့လာသုတေသနပြုပြီးသားဖြစ်သွားတာပေါ့ဗျာ"

အလွန်ပင်စိတ်ဝင်စားစရာကောင်းသော ခရီးစဉ်ဖြစ်ပါ၏။ မိမိသည် မြန်မာပြည်တစ်နံတစ်လျား ခရီးသွားခဲ့ဖူးပြီ။ သို့ရာတွင် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့သို့ တစ်ခါမျှမရောက်ဖူးသေးချေ။ ဤမြို့နယ်သည် ချင်းပြည်နယ်တောင်ပိုင်းတွင်တည်ရှိ၏။ သို့ရာတွင် မြို့တော်ဟားခါးမှ တိုက်ရိုက်သွားလာနိုင်သည်မဟုတ်။ ဟားခါးမှ ခမြပြန့်ရှိ ကလေးမြို့သို့ မော်တော်ကားဖြင့်ဆင်းလာရ၏။ ကလေးမြို့မှ ရန်ကုန်သို့ လေယာဉ်၊ သို့မဟုတ် မော်တော်ကားဖြင့် လာရ၏။ ရန်ကုန်မှ စစ်တွေသို့ လေယာဉ်ဖြင့်သွားရ၏။ စစ်တွေမှ

www.burmeseclassic.com

www.burmeseclassic.com



ပလက်ဝသို့ သင်္ဘောဖြင့်ဆန်တက်ရ၏။ ကစ္ဆပနဒီမြစ်ကြောင်းအတိုင်း ဆန်တက်ရခြင်းဖြစ်၏။ နေ့ချင်းရောက်သည်တော့မဟုတ်၊ ကျောက်တော်မြို့တွင် တစ်ညအိပ်ရ၏။ နောက်တစ်နေ့နံနက်စောစော ကျောက်တော်မှ သင်္ဘောဖြင့်ဆန်တက်ရလေရာ မွန်းလွဲပိုင်းလောက်တွင် ပလက်ဝမြို့သို့ရောက်ရှိ၏။ ပလက်ဝမှ ဟားခါးသို့ပြန်လျှင်လည်း ဤလမ်းကြောင်းအတိုင်း ပြန်ရ၏။

ချင်းပြည်နယ်၊ ဟားခါးမြို့နှင့် ပလက်ဝမြို့သည် မြေပုံပေါ်၌ ပေတံဖြင့်တိုင်းတာလျှင် တစ်လက်မခွဲခန့်သာကွာဝေး၏။ တစ်မြို့မှတစ်မြို့သို့ ကျီးကန်းပျံသလိုတည့်တည့်ပျံလျှင် အချိန်သာမျှကြာမည်မဟုတ်၊ ယခုတော့ တွေ့ပတ်ဝေ့ဝိုက်သွားလာရသောကြောင့် ခရီးရှည်ကြာ၏။ အချိန်ကုန်၏။ လူပင်ပန်း၏။

ချင်းပြည်နယ်၊ ယဉ်ကျေးမှုဌာနခွဲမှ အရာရှိဦးလိုင်လင်းနှင့် ကိုကျော်ဝင်းတို့၏ ပလက်ဝခရီးစဉ်ကို အစသေးစိတ်မဖော်ပြလိုတော့ပြီ၊ စစ်တွေမှ ပလက်ဝသို့ဆန်တက်သည့်ခရီးစဉ်ကိုတော့ အကျဉ်းရုံးဖော်ပြပါမည်။ စစ်တွေမြို့မှ ကစ္ဆပနဒီမြစ်ကြောင်းအတိုင်း နှစ်ထပ်သင်္ဘောဖြင့် နံနက်စောစောဆန်တက်ခဲ့ကြရသည်၊ သင်္ဘောပေါ်တွင် ခရီးသည်တွေပြည့်ကျပ်နေ၏၊ ကိုကျော်ဝင်းတို့နှစ်ဦးသည် သင်္ဘောအပေါ်ထပ်မှ စီးနင်းလိုက်ပါလာခဲ့ကြခြင်းဖြစ်၏၊

ကစ္ဆပနဒီမြစ်၏တစ်ဖက်တစ်ချက်ရှိ မြစ်ကမ်းတို့ပေါ်တွင် တွေ့မြင်ရသောရှုခင်းများက အလွန်ပင်သာယာလှပ၏၊

'တောင်တောရယ်သာ မာလာကင့်ဖူး တစ်ပင်ကို နှစ်ပင်ယှက်တယ်၊ ကျေးငှက်တမြူး'ဟူသော ပေယ်ပေယ်က ကျောင်းသုံးမြန်မာဖတ်စာအုပ်တွင်ပါဝင်သည့်ကဗျာလေးတစ်ပုဒ်ကို ပြန်၍သတိရမိ၏။ ဤသစ်ပင်သစ်တောတို့တွင် ငှက်အမျိုးအစားအတော်များများတို့က မြူးထူးပျံသန်းလျက်ရှိကြ၏။ ချင်းလူမျိုးတို့ အလွန်မြတ်နိုးတန်ဖိုးထားကြသော အောက်ချင်းငှက်မောင်နှံကိုပင် အမှတ်မထင်တွေ့မြင်လိုက်ရ၏၊ အောက်ချင်းငှက်တို့၏အရေအတွက်ကား တဖြည်းဖြည်းနည်းပါးလာပြီဖြစ်၏၊ ရှားပါးငှက်မျိုးစိတ်စာရင်းတွင်ပင် ထည့်သွင်းသတ်မှတ်ထားခြင်းခံနေရပြီဖြစ်၏၊ ချင်းမျိုးနွယ်များရော၊ နာဂမျိုးနွယ်အတော်များများကပါ အောက်ချင်းငှက်ကို မြတ်နိုးတန်ဖိုးထားကြ၏၊ ဤတိုင်းရင်းသားမျိုးနွယ်များ၏ ဗိုရာဝတ်စုံဦးထုပ်တွင် အောက်ချင်းငှက်တောင်များကိုထိုးစိုက်ပြီး အလှဆင်လေ့ရှိကြ၏၊

သင်္ဘောစီးနေစဉ် နေမြင့်ချိန်သို့ရောက်လာသောအခါ ဝမ်းဗိုက်ကဟာလာ၏၊ အစာအိမ်က အစာတောင်းလေပြီ၊ သင်္ဘောအပေါ်ထပ် အလယ်ပိုင်းနေရာတွင် ထမင်းဟင်းရောင်းချသူဇနီးမောင်နှံကို တွေ့ရ၏။ ဝယ်ယူစားသောက်သူများပြား၍ သူတို့မောင်နှံ လက်မလည်နိုင်အောင်ဖြစ်နေရ၏၊

"ဘယ်လိုရောင်းသလဲ"

"အဝစားချစ်ကျပ်ပါ၊ အဝစားဆိုတာ ထမင်းကိုပြောတာပါ၊ ထမင်းလိုက်ပွဲထပ်ထည့်ပေးမယ်၊ ဟင်းတော့ ထပ်ထည့်မပေးပါ"

"ထမင်းထပ်ယူရင် ဟင်းအရည်ဆမ်းပေးသလား"

"မဆမ်းပေးပါ"

ထမင်းရောင်းသူအမျိုးသား၏စကားက ပြတ်သားလှသဖြင့် ကိုကျော်ဝင်း သဘောကျမိ၏၊ သူတို့၏ဟင်းလျာက အရသာရှိလှသဖြင့် ကိုကျော်ဝင်းတို့နှစ်ယောက်စလုံး အလွန်ပင်ခံတွင်းတွေ့ကြ၏၊

ထိုနေ့မွန်းလွဲ ၃ နာရီခန့်တွင် ကျောက်တော်မြို့သို့ဆိုက်ရောက်၏၊ ကျောက်တော်သို့လာသူများအတွက်ကတော့ ခရီးဆုံးပြီး ပလက်ဝသို့သွားမည့်သူတွေအတွက်က ခရီးမဆုံးသေး၊ ကျောက်တော်တွင် တစ်ညအိပ်ရပ်နားပြီး နောက်တစ်နေ့နံနက်စောစောတွင် သင်္ဘောဖြင့်ခရီးဆက်ကြရပေဦးမည်၊ မိမိနှင့်ဦးလိုင်လင်းတို့သည် ညအိပ်တည်းခိုရမည့် အစိုးရမိုလ်တဲဆီသို့ ခုတင်လုရန် အပြေးအလွှားသွားရောက်ကြရ၏၊ ကံအားလျော်စွာ နှစ်ယောက်စလုံး အိပ်စရာခုတင်ရကြ၏၊

"အချိန်ရတုန်း မဟာမုနိဘုရားသွားဖူးကြပါလား ကျွန်တော်လိုက်ပို့ပေးမယ်လေ"

ရင်းနှီးသွားပြီဖြစ်သော ဗိုလ်တဲစောင့်ကြီး၏ ပို့ဆောင်ပေးမှုကြောင့် မဟာမုနိရုပ်ပွားတော်မြတ်ကို ဖူးမြော်ကန်တော့ရ၏၊ ရုပ်ပွားတော်၏အရွယ်အစားမှာ

www.burmeseclassic.com

www.burmeseclassic.com



အလွန်မကြီးမားလှသော်လည်း အချိုးအစားကျပြီး သပ္ပာယ်၏။ ကိုကျော်ဝင်းသည် ရွှေသင်္ကန်းတပ်လျှပူဇော်ခြင်းဖြင့် ကုသိုလ်ယူခဲ့၏။

ထိုညက ကျောက်တော်ဗိုလ်တဲတွင် လပြည့်သဖြင့် ဧည့်သည်တွေ၏ဟောက်သံတွေ သောသောညံကာ ကိုကျော်ဝင်းတစ်ယောက် ကောင်းစွာအိပ်မပျော်နိုင်ဖြစ်ခဲ့ရသည်။ နောက်တစ်နေ့နံနက်စောစောထကာ အာပူလျှာပူ ရခိုင်မုန့်တီဖြင့် ဝမ်းဗိုက်ဖြည့်ပြီး ပလက်ဝသို့ထွက်ခွာမည့်သင်္ဘောဆီသို့ နှစ်ယောက်သားသွားခဲ့ကြ၏။

ကစ္ဆပနဒီမြစ်သည် အဖျားပိုင်းဘက်ဆီသို့ရောက်လာလေ မြစ်ပြင်ကျဉ်းလာလေဖြစ်၏။ ရေဆန်ခုတ်မောင်းရသည်မို့ ခရီးမတွင်လှ။ ထိုနေ့မွန်းလွဲ ၂ နာရီခန့်တွင် မိမိအလွန်ရောက်ချင်လှသော ပလက်ဝမြို့တွင် ခြေချနိုင်ခဲ့ရ၏။

"ဆရာဦးကျော်ဝင်းလို ယဉ်ကျေးမှုသုတေသနပညာရှင်တစ်ယောက် ပလက်ဝမြို့ကိုရောက်လာတာ ကျွန်တော်သိပ်ဝမ်းသာအားတက်မိပါတယ်ဆရာ"

သင်္ဘောဆိပ်တွင် လာရောက်ကြိုဆိုသူ လက်ထောက်မြို့ပိုင် ဦးဂျိုးဇက်က အားပါးတရပြောလိုက်ခြင်းဖြစ်၏။ သူသည် ဖလမ်းမြို့ဇာတိ၊ ချင်းအမျိုးသားခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်၏။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေရာ ယခုအခါ ပလက်ဝမြို့၌ လက်ထောက်မြို့ပိုင်ရာထူးဖြင့် တာဝန်ကျနေခြင်းဖြစ်၏။ ဦးလိုင်လင်းနှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်ပြီး ယခုလည်း ဦးလိုင်လင်းက ကြိုတင်အကြောင်းကြားထားသဖြင့် သင်္ဘောဆိပ်တွင် လာရောက်ကြိုဆိုခြင်းဖြစ်၏။

"ဆရာတို့လည်း ဗိုက်ဆာနေကြရောပေါ့၊ ဟိုဆိုင်မှာ နေ့လယ်စာသုံးဆောင်ကြရအောင်၊ ကျွန်တော်လည်း စားမယ်"

ဦးဂျိုးဇက် နေ့လယ်စာဖြင့်ဧည့်ခံသော ထမင်းဆိုင်ပိုင်ရှင်အမျိုးသမီးကြီးသည် အလွန်ပင်ဖော်ရွေ၏။ နှုတ်ချို၏။ စေတနာအလွန်ကောင်းသူတစ်ဦးဖြစ်ကြောင်း သူမနှင့်ဆက်ဆံရင်း နားလည်သဘောပေါက်လာရ၏။

"ဒါက ဒီထမင်းဆိုင်ပိုင်ရှင်ဒေါ်အေးမြိုင်ပါ၊ ရခိုင်အမျိုးသမီးအစစ်ပါ၊ အချက်အပြုတ်သိပ်ကောင်းတယ် သူ့ဆိုင်မှာ ထမင်းတစ်နပ်လောက်စားဖူးရင် လျှာမှာစွဲသွားပြီး မကြာမကြာလာမစားဘဲမနေနိုင်အောင်ဖြစ်သွားရတယ်၊ ဆရာတို့မပြန်မချင်း ဒီဆိုင်မှာပဲ နေ့လယ်စာရော ညစာပါ စားကြရမှာ၊ ကျွန်တော်က ကျွေးမှာမဟုတ်ဘူး၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်စားကြရမှာနော်၊ သူ့ဆိုင်က ဈေးလည်းသိပ်မကြီးပါဘူး၊ အဝစား ရှစ်ကျပ်ဆိုတော့ စားပျော်ပါတယ်"

ဦးဂျိုးဇက်က ပွင့်လင်းစွာပြောလိုက်ခြင်းဖြစ်၏။ သူပြောသည့်အတိုင်းမှန်ပါ၏။ ဒေါ်အေးမြိုင်၏ ဟင်းလျာတို့သည် အလွန်ပင်အရသာရှိလှ၏။ နှုတ်ကိုမြိန်စေ၏။ ထို့ကြောင့် အားလုံး ခေါင်းမဖော်တမ်းလွေးနေမိကြ၏။ တစ်ဦးစီအတွက် အသားဟင်းတစ်မျိုးစီမှာစားကြသော်လည်း ဒေါ်အေးမြိုင်က အပိုဟင်းလျာတွေကိုပါ တည်ခင်းကျွေးမွေးဧည့်ခံ၏။

"ဒီအပိုဟင်းခွက်တွေအတွက် ကျွန်မ ပိုက်ဆံယူမှာမဟုတ်ဘူးနော်၊ မေတ္တာနဲ့ကျွေးတာပါ"

မိမိတို့မတောင်းဆိုရပါဘဲလျက် ဒေါ်အေးမြိုင်က ထမင်းရော ဟင်းခွက်တွေပါ ထပ်၍ထပ်၍ချပေး၏။

"အားပါးတရသုံးဆောင်ကြပါ၊ ဆရာတို့မှာ ဗိုက်အပြင် အိတ်ပါလာတာမှမဟုတ်ဘဲ ဗိုက်ထဲကိုပဲ ဝအောင်ဖြည့်ကြရမှာ ထမင်းတွေဟင်းတွေပိုရင် ထည့်ယူသွားဖို့ အိတ်တွေပါလာကြတာမှမဟုတ်ဘဲရှင်"

သူ့စကားသည် လောကွတ်မဟုတ်၊ တကယ့်စေတနာအရင်းခံဖြင့် ပြောနေခြင်းဖြစ်၏။ စေတနာကောင်းလွန်းလှသဖြင့် သူ့ဟင်းလျာတွေက ထူးထူးကဲကဲ အရသာကောင်းမွန်နေရခြင်းပေလောဟု မိမိတွေးလိုက်မိ၏။ ထမင်းစားသောက်ပြီးချိန်၌ ဦးဂျိုးဇက်က မိမိတို့နှစ်ဦးကို တည်းခိုမည့် အစိုးရဗိုလ်တဲဆီသို့ ခေါ်ဆောင်သွားခဲ့၏။ ထိုဗိုလ်တဲမှာ ပျဉ်ထောင်သွပ်မိုးအဆောက်အအုံမျိုးဖြစ်ပြီး ခြေတံရှည်ရှည်ခပ်မြင့်မြင့်ဖြစ်၏။ ကိုကျော်ဝင်းသည် ဗိုလ်တဲပေါ်မှ အောက်ဘက်ဆီသို့ငုံ့ကြည့်လိုက်မိရာ ရုတ်တရက်မှင်တက်မိသလိုဖြစ်သွားခဲ့ရ၏။ ။

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)


www.burmeseclassic.com

www.burmeseclassic.com



➤ မောင်မိုးယံ

# ရောဝတီမှ နေရဉ္စရာသို့ (၁၇)



အက်ကဘာဘုရင်နန်းတော်



အာဂရာခံတပ်မှ ယမုန်နာမြစ်ကိုကျော်၍ တာ့ဂ်ျမဟာသို့မြင်ကွင်း

## တာ့ဂျ်မဟာမှ မြတ်ကလျာ

တာ့ဂ်ျမဟာပင်မအဆောက်အအုံ၏ ဘေးဘက်ရှိ အခြားတာ့ဂ်ျအဆောက်အအုံနှင့် တာ့ဂ်ျပန်းဥယျာဉ်များကိုလည်း ပင်မအဆောင်ကြီးပြီးသည့်အခါ ဆက်လက်ဆောက်လုပ်ခဲ့သည်။ ဝတ်ပြုရာဗလီကျောင်းသည် အနောက်ဘက်တွင်ရှိပြီး အစည်းအဝေးခန်းမအဆောက်အအုံတစ်ခုသည် အရှေ့ဘက်တွင်ရှိသည်။ အဆောက်အအုံအနီရောင်ကြီး ၂ လုံးသည် ယမုန်နာမြစ်ကမ်းကို မျက်နှာလှည့်ထားပါသည်။ တာ့ဂ်ျမဟာပင်မအဆောက်အအုံကို ၁၇ နှစ်ကြာဆောက်ခဲ့ပြီး ဝင်ပေါက်ဂိတ်ကြီး ၃ ခုနှင့် ဗလီဝတ်ကျောင်း၊ အခြားသော မိဖုရားဂူ၊ အိမ်ဖော်အစေခံတန်းလျားများကို ၅ နှစ် ထပ်မံဆောက်လုပ်ခဲ့ရာ အားလုံးပြီးစီးသည်အထိ ၂၂ နှစ်ကြာမြင့်ခဲ့သည်ဟု ဆိုသည်။

ရှားဂျဟန်းဘုရင်နှင့် သူ၏သားတော်သည် အခြားမိဖုရား ၂ ဦး၏ အုတ်ဂူ၊ သမီးတော်၏အုတ်ဂူ၊ မောင်းမမိသံ၊ အထိန်းတော်ကြီး၏အုတ်ဂူများကိုလည်း အနီရောင်သဲကျောက်တုံးကြီးများ၊ သလင်းကျောက်သားများ၊ လှပသောဆေးရောင်များဖန်တီးကာ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်တံခါးဂိတ်ကြီးများတွင် ထားရှိခဲ့သည်ကိုတွေ့ရသည်။ တာ့ဂ်ျမဟာအဆောက်အအုံကြီး၏ တာ့ဂ်ျပန်းဥယျာဉ်ကြီးကို ဒီဇိုင်းပညာရှင် အလီမဒမ်စန်းဆိုသူက ဖန်တီးခဲ့သည်ဟုဆိုသည်။ ယမုန်နာမြစ်ကြီးသည် တာ့ဂ်ျမဟာကို

www.burmeseclassic.com

www.burmeseclassic.com





ဂူဗိမာန်မှ ဂိတ်ဝမြင်ကွင်း

သဘာဝအတိုင်းကာဆီးထားသည့်အပြင် တာ့ဂျ်မဟာသို့ရေတင်ပို့ခြင်း၊ ရေလှောင်ကန်ဖြင့်သိုလှောင်ခြင်း၊ ရေ ဖြည့်တင်းခြင်းများကို ဆောင်ရွက်ပေးနိုင်သော မဟာမိတ်မြစ်ကြီးဖြစ်နေသည်မှာ နှလုံးသားမှယိုစီးလာသော သွေးသစ္စာပမာပုံရိပ်များဟု ဆိုရပါမည်။

ကျွန်တော်တို့ ဂူဗိမာန်အပေါ်ထပ်၏ တစ်ဖက်အဆင်းလှေကားမှပြန်ဆင်းကြရာ ဖိနပ်အိတ်များပြန်ချွတ်ပြီး အမှိုက်ပုံးတွင်စွန့်ပစ်ကြရပါသည်။ အထွက်လမ်း မြက်ခင်းပြင်အနီး ဓာတ်ပုံရိုက်နေခိုက် နိုင်ငံခြားသူ ၂ ဦးနှင့် နှုတ်ဆက်စကားပြောဖြစ်ရာ အီတလီမှဖြစ်ကြောင်း၊ ဘန်ကောက်မှတစ်ဆင့် တာ့ဂျ်မဟာကိုလာကြည့်ကြောင်း သိရပါသည်။ သူတို့ ၂ ဦး၏အလှသည် တာ့ဂျ်မဟာမှ ကွယ်လွန်သွားသော မိဖုရားကြီးအလှထက်ပိုနိုင်ကြောင်း ချီးမြှောက်စကားဆိုလိုက်ရာ "မင်းသိပ်တော်တယ်၊ ခင်မင်အောင်စကားပြောတတ်တယ်" ဟု သူတို့က ရယ်မောကာစကားဆိုပါသည်။ ကျွန်တော်က မြန်မာပြည်ကလာကြောင်း၊ ဘုရားဖူးရင်း ဒီနေရာကိုရောက်လာတာဖြစ်ကြောင်းပြောပြီး ကျွန်တော် သူတို့နှင့် Selfie ဟုခေါ်သော ဖုန်းဖြင့် ကိုယ့်ကိုယ်ကိုယ်



တာ့ဂျ်မဟာမှ မြတ်ကလျာတို့နှင့် အမှတ်မထင် ဆုံတွေ့ရပြီ

ဓာတ်ပုံအမှတ်တရရိုက်လိုက်ရာ We are Great ဟု သူတို့က ဝမ်းမြောက်ဝမ်းသာဆိုကြပါသည်။

"မင်းတို့ ၂ ယောက်က သိပ်လှနေတော့ သတိရနေမှာပါ"ဟု ဆိုလိုက်ရာ သူတို့နဲ့အတူလည်ပတ်ဖို့ ဖိတ်ခေါ်ပါတယ်ဆိုသောစကားကို ကျေးဇူးတင်ကြောင်း၊ နှုတ်ဆက်ပြောဆိုပြီး တာ့ဂျ်မဟာမှမြတ်ကလျာတို့နှင့် လမ်းခွဲခဲ့ရပါသည်။ တာ့ဂျ်မဟာဗိမာန်ကြီး ဥယျာဉ်အတွင်း နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံ၊ စုံတွဲ၊ မိသားစု၊ မောင်နှမ၊ ချစ်သူတို့ ပုံစံအမျိုးမျိုးတွေ့ရလေရာ မဂိုလူမျိုးနှင့် နီပေါနိုင်ငံသူတို့၏ လှပမှုမှာ မြင်ကွင်းတွင်ထင်ရှားနေပါသည်။ တကယ်တော့လည်း မိန်းမတို့၏အလှသည် ယောကျ်ားများအတွက်ဖြစ်သလို ယောကျ်ားများ၏အချစ်သည် မိန်းမများအတွက်ဖြစ်သည်ဆိုသောသီအိုရီကို မဂိုဘုရင်ရှားဂျဟန်းက တာ့ဂျ်မဟာအဆောက်အအုံကြီးကို သစ္စာပြု၍ထားခဲ့ပါသည်။ ကမ္ဘာကုန်ကျယ်သရွေ့ အလှနှင့်အချစ်ဆိုတာ ဒွန်တွဲနေလိမ့်မည်ဟုတွေးရင်း တာ့ဂျ်မဟာမှ အလှတရားများကိုတမ်းတလျက် ပြန်လည်ထွက်ခွာခဲ့ပါသည်။ တာ့ဂျ်မဟာသည် ကျွန်တော့်ရင်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ မေ့ပျောက်၍ ရနိုင်တော့မည်မဟုတ်ပါ။

ကျွန်တော်တို့ တာ့ဂျ်မဟာခြံဝင်းမှမထွက်ခင် ဈေးတန်းတွင် ဗုဒ္ဓဘုရားပုံ ရူပီး ၁၀၀၊ ဆင်ရုပ်၊ မြင်းရုပ် ရူပီး ၁၀၀ ဟု မြန်မာလိုအော်ကာ ဆိုင်အတွင်းသို့ဖိတ်ခေါ်နေ၍ ဝင်ကြည့်ရာ သလင်းကျောက်ဖြင့် လက်ရာမြောက်စွာထုလုပ်ထားသော ဗုဒ္ဓရုပ်တုများ၊ ပန်းချီကားများကို တွေ့ရပါသည်။ လက်ရာမြောက်သဖြင့် ဉာဏ်တော် ၅ လက်မရှိသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူဝယ်ခဲ့ပါသည်။ သူတို့ဆီမှာလည်း လူနားအတင်းကပ်ပြီး တောမိုင်းတိရစ္ဆာန်ပစ္စည်းများကို တစ်ခု ရူပီး ၁၀၀၀ အော်ရောင်းရာမှ ရူပီး ၁၀၀ ပဲပေးပါတော့ဟု ကားပေါ်တက်ခါနီး ဈေးလျှော့ရောင်းသော ဈေးကွက်ကို တွေ့ရလေရာ မသိရင် ခံရမယ်၊ သိတိုင်းလည်းမဝယ်နဲ့ဟု အတွေ့အကြုံရှိသူတို့၏ စကားကို ကြားခဲ့ရပါသည်။

ကျွန်တော်တို့ နေ့လယ်စာစားရန် အချိန်ရောက်နေသဖြင့် တာ့ဂျ်မဟာမှထွက်ခဲ့ကြသည်။ အာဂရာမြို့အသွားလမ်းဘေးတွင် ဝေါက်ကွင်းကို လှပစွာ တွေ့လိုက်ရသည်။ ဝေါက်ကွင်း၏ထူးခြားမှုက ကားလမ်းကိုဖြတ်ပြီး ၂ ပိုင်းဖောက်ထားရာ တစ်ဖက် ၉ ကျင်းစီ ခွဲထားပုံရသည်။ တာ့ဂျ်မဟာနှင့် အာဂရာခံတပ်ကြား ယမုန်နာမြစ်ကမ်းဘေးမှ ဝေါက်ကွင်းတည်ဆောက်ပုံ အလွန်လှပါသည်။ ဝေါက်သီး ကားလမ်းပေါ်ရောက်ပြီး မကောင်းသူထိပ် ကောင်းသူထိပ်များ ဖြစ်လေမလားဟု တွေးကြည့်မိလိုက်သည်။ ကျွန်တော်တို့ နေ့လယ် ၁၂ နာရီတွင် အာဂရာမြို့မှ ဟိန္ဒူထမင်းဆိုင်တွင်စားကြပါသည်။ အဆင့်အတန်းရှိသောထမင်းဆိုင်တွင် ဘူဖေးစနစ်၊ တစ်ဦးလျှင် ရူပီး ၅၀၀ (မြန်မာငွေတစ်သောင်း)ဖြင့် အားပါးတရစားခဲ့ကြပါသည်။ ဈေးကြီးသည်ဟုဆိုနိုင်သည့် အလွန်ဟင်းချက်ကောင်းသော ထမင်းဆိုင်တွင် အမျိုးသမီးဝန်ထမ်းနှင့် အမျိုးသမီး ဆိုင်ထိုင်တာ မတွေ့ရခြင်းသည်လည်း ယောကျ်ားတို့ မိန်းမကိုချစ်ပြီး ဝှက်ထားပုံရသည်။



စစ်သူကြီးအမာဆင်းရာသိုရီရုပ်တု

ထမင်းဆိုင်မှ မွန်းလွဲ ၁ နာရီတွင်ပြန်ထွက်လာကြပြီး အာဂရာမြို့မှ ထင်ရှားသော အာဂရာခံတပ်နှင့် အက်ကဘာနန်းတော်ကိုသွားရောက်ကြည့်ရှုကြပါသည်။ ယမုန်နာမြစ်ကမ်းဘေးကားလမ်းအတိုင်းသွားရာ ခံတပ်အနီရောင်ကြီး၏မြင်ကွင်းကို အဝေးကပင် ထင်ရှားစွာမြင်တွေ့ရပါသည်။ တာ့ဂျ်မဟာမှ အာဂရာသည် ၂ ကီလိုမီတာသာ ဝေးသည်။ ခံတပ်သို့ အဝင်လမ်းထိပ်တွင် မြင်းစီးသူရဲကောင်း ရုပ်တုကြီးကို ကားအဝိုင်းပတ်လမ်းအလယ်၌ထားရှိသည်ကို တွေ့ရသည်။ မြင်းခြေတစ်ဖက်မြောက်ထားသောရုပ်တုပေါ်ရှိ သူရဲကောင်းသည် သူတစ်ပါးလုပ်ကြံခံရ၍ သေဆုံးသောသူဖြစ်ပေလိမ့်မည်။ မြင်းစီးရုပ်တုများကိုထုလုပ်ရာတွင် ခြေလေးဖက်ချပြီးစီးသောသူသည် သာမန်ရိုးရိုးသေဆုံးခြင်းဖြစ်သည်။ မြင်းခြေတစ်ဖက်မြောက်ပြီး စီးသောသူသည် လုပ်ကြံခံရ၍ သေဆုံးခြင်းဖြစ်ပြီး မြင်းခြေနှစ်ဖက်မြောက်ထားသောပုံသည် စစ်မြေပြင်တွင်တိုက်ရင်း ကျဆုံးသည်ဟု နိမိတ်ဆောင်ကြောင်း မှတ်သားဖူးပါသည်။ ယခုတွေ့ရသောရုပ်တုမှာ ဘူဂါ

www.burmeseclassic.com

www.burmeseclassic.com



အင်ပါယာ သူရဲကောင်းစစ်သူကြီး ဘက္ကာထိန်း အမာဆင်းရာသိုရို၏ရုပ်တုဟုဆိုသည်။ သူသည် ခံတပ်ကြီးအဝင်ဂိတ်ကို တာဝန်ခံကြီးကြပ်ဆောက်လုပ်ခဲ့ပြီး ခံတပ်တံတားတွင်လုပ်ကြံခံရသဖြင့် ကျုံးထဲကျကာ သေဆုံးခဲ့ရသည်ဟုဆိုသည်။



ရှားဂျဟန်းဘုရင် အကျဉ်းကျစဉ် မိဖုရားအုတ်ဂူကို မျှော်ကြည့်သောနေရာ

ကျွန်တော်တို့ အာဂရာခံတပ်ကြီးသို့ရောက်ရှိရာ ဂိတ်ဝတွင် ဝင်ကြေးလက်မှတ်ဖြတ်ပြီးဝင်ရပါသည်။ ကျွန်တော်တို့ ဝင်ရောက်ရာဂိတ်ပေါက်သည် အုတ်တံတားကြီးကိုဖြတ်ပြီး အုတ်ရိုးဂိတ်အပေါက်သို့ ပထမရောက်ရှိပါသည်။ အာဂရာခံတပ်တွင် ဂိတ်ကြီးလေးဂိတ်ရှိသော်လည်း အမာဆင်းဂိတ်နှင့် ဒေလီဂိတ်နှစ်ခုသာ ဝင်ထွက်နိုင်ပြီး လေ့လာကြည့်ရှုသူများကို အမာဆင်းဂိတ်ကြီးမှသာ ဝင်ခွင့်ပြုပါသည်။ ယမုန်နာမြစ်ကမ်းမှဝင်ရောက်နိုင်ပြီး မင်းသမီးရေချိုးဆင်းရာဂိတ် (Water Gate)နှင့် ဒါရှာနီဂိတ်နှစ်ခုကို အပြီးပိတ်ထားသည်ဟုဆိုသည်။ အာဂရာခံတပ်ကြီး၏ အုတ်ရိုးကြီးသည် အမြင့်ပေ ၇၀ ခန့်ရှိပြီး အောက်ဘက်တွင် ကျုံးနှင့်ရေမြောင်းကြီးများ၊ ရေကန်များထားရှိပါသည်။ ရှေးအခါက မိကျောင်းများ၊ လိပ်ကြီးများ မွေးမြူထားပြီး ရန်သူလွယ်ကူစွာမဝင်နိုင်ရန် ထားရှိသည်ဟုဆိုသည်။ ကျွန်တော် ထိုဂိတ်ကြီးအဝင်ဝသို့ရောက်သောအခါ သုံးလက်မထုရှိပြီး ၅ ပေအကျယ်၊ ၁၀ ပေအမြင့် သစ်သားတံခါးကြီးကိုဖြတ်ရပါသည်။ အုတ်ရိုးကြီးမှာ ထုထည်ကြီးမားပြီး ပြအိုးပစ္စင်များကို တွေ့ရပါသည်။ တံခါးကြီးမှထွက်သောအခါ ၁၀ ပေခန့်ကျယ်သော လူသွားလမ်းသည် အုတ်ရိုးကြီးများအတွင်းရှိနေပြီး အပေါ်သို့ တဖြည်းဖြည်းချင်းတက်သွားပါသည်။ ရှေးအခါက ဆင်၊ မြင်းနှင့် စစ်သည်တို့ ဤလမ်းမှ စစ်ချီထွက်ပုံရပါသည်။



အာဂရာခံတပ်မှ ယမုန်နာမြစ်မြင်ကွင်း



အာဂရာခံတပ်အပြင်ကျုံးမှ ငါးမန်း မိကျောင်းများထားရာနေရာ

ကျွန်တော်တို့ အတွင်းဂိတ်ကြီးကိုထပ်မံရောက်ရှိသောအခါ ကျယ်ပြန့်သောမြက်ခင်းပြင်ကြီးရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com





အာဂရာခံတပ်ကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးမြင်ကွင်း

အမြောက် ၁ လက်နှင့် အုတ်ဂူတစ်လုံးတို့ တစ်ဖက်စီရှိသော အုတ်နီရောင်အဆောက်အအုံကြီးကို တွေ့ရပါသည်။ အမြောက်က အင်္ဂလိပ်အမြောက်ဖြစ်ကြောင်း၊ ကမ္ပည်းထိုးထားပါသည်။ အဆောက်အအုံရှေ့တွင် စကျင်ကျောက်ဖြင့်ဖန်တီးထားသောကမ္ပည်းကျောက်စာကိုတွေ့ရသည်။ အာဂရာခံတပ်ကြီးကို အေဒီ ၁၅၆၅ ခုနှစ်တွင် ဆောက်ခဲ့ပြီး ၈ နှစ်ကြာ တည်ဆောက်ခဲ့သည်ဟုဆိုသည်။ အက်ကဘာဘုရင်၏ တာဝန်ပေးအပ်မှုအရ ကဘူးမြို့ဘုရင်ခံချုပ်ကာရှင်ခန်းသည် အာဂရာခံတပ်ကိုဦးစီးပြီး စတင်ဆောက်ခဲ့သည်ဟု ရေးသားထားသည်။ ထိုအချိန်က အာဂရာနှင့်မုဂါအင်ပါယာ၏ဘုရင်မှာ အက်ကဘာဖြစ်သည်။ မုဂါအင်ပါယာ၏ တတိယမြောက်ဘုရင်ဖြစ်သည်။ မုဂါအင်ပါယာကို ဘာဘာ(Babur)ဆိုသူက စတင်တည်ဆောက်ခဲ့ပြီး အေဒီ ၁၅၂၆ မှ ၁၅၃၀ ထိ ဒေလီတွင်အုပ်ချုပ်ခဲ့သည်။ ၁၅၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် ဘာဘာ သေဆုံးပြီးနောက် ဟူမာယန်ဘုရင်ခံက ဆက်ခံခဲ့သည်။ ဟူမာယန်သည် အေဒီ ၁၅၃၀ မှ ၁၅၅၆ ထိ အုပ်စိုးခဲ့သည်။ ၎င်းနောက် အိန္ဒိယနိုင်ငံတွင်ထင်ရှားသော မုဂါအင်ပါယာသခင် အက်ကဘာဘုရင်ကြီးက ထီးနန်းဆက်ခံခဲ့သည်၊ သူ၏လက်ထက်တွင် အာဂရာခံတပ်ကိုစတင်ဆောက်လုပ်ခဲ့ပြီး ဂျဟန်းဂျား၊ ရှားဂျဟန်းနှင့် အော်ရန်ဂဇတ်ဘုရင်တို့က အဆက်ဆက် ဆောက်လုပ်နန်းစံခဲ့ကြသည်။



အက်ကဘာဘုရင် မိန့်ခွန်းပြောသော သလင်းကျောက်စင်မြင့်

အက်ကဘာဘုရင်သည် တိုင်းပြည်ကို နှစ်ပေါင်း ၅၀ ခန့်အုပ်ချုပ်ခဲ့သည်၊ ပညာတတ်မင်းမှုထမ်းများ၊ စစ်သူကြီးများ၊ သူရဲကောင်းများပေါ်ထွန်းခဲ့ပြီး သူ့ခေတ်တွင် အာဂရာခံတပ်ကြီးကိုစတင်တည်ဆောက်ခဲ့သည်။ သူ့တွင် မိန်းမအယောက် ၃၀၀ ရှိသော်လည်း သားယောကျ်ားတစ်ဦးသာ ဖွားမြင်နိုင်ခဲ့သည်၊ သူသည် အေဒီ ၁၅၅၆ မှ ၁၆၀၅ အထိ အုပ်ချုပ်ခဲ့ပြီး သူ၏



အက်ကဘာနန်းတော်မှ စစ်ထွက်မိန့်ခွန်း ပြောကြားသော ကွင်းပြင်

www.burmeseclassic.com

www.burmeseclassic.com





အာဂရာခံတပ်အဝင်လမ်းမြင်ကွင်း

သားတော် ဂျဟန်းဂျား(Jahangir)ကို ဆက်ခံစေခဲ့သည်။ ဂျဟန်းဂျားသည် တိုင်းပြည်အုပ်ချုပ်ရေးကို စိတ်မဝင်စားဘဲ အရက်နှင့် မိန်းမသာ စိတ်ဝင်စားပြီး ၁၆၂၈ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ သူ၏အမိုက် အရာကို တာ့ဂျ်မဟာ၏သခင်ဖြစ်လာသော ရှားဂျဟန်းက ၁၆၂၈ ခုနှစ်တွင် ဆက်ခံခဲ့သည်။ ရှားဂျဟန်းလက်ထက်တွင် အာဂရာခံတပ်ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ပြုပြင်ခဲ့သည်ဟုဆိုသည်။

ကျွန်တော်တို့အားလုံး ခံတပ်ကြီး၏အတွင်းသို့ ဝင်ရောက်သွားရာ ထုထည်ကြီးမားလှသော နန်းတော်ရာ အဆောက်အအုံများကိုတွေ့လိုက်ရသည်။ ဂျဟန်းဂျားနန်းတော်ဆောင်ကို အနီရောင်သဲကျောက်တုံးကြီးများဖြင့်ဆောက်လုပ်ထားပြီး အမြွာအဆောက်အအုံ ၂ လုံးကို ဘယ်ညာတွင်တွေ့ရသည်။ ဂျဟန်းဂျားသည် အက်ကဘာနန်းတော်ကို တိုးချဲ့တည်ဆောက်ရာတွင် သူ၏ချစ်ဇနီး ဟိန္ဒူဘာသာကိုးကွယ်သူ ဂျိုဒါးဘိုင်အတွက် ဟိန္ဒူဘုရားကျောင်းဆောင်ကို တစ်ပါတည်းထည့်သွင်းဆောက်လုပ်ခဲ့သည်ကိုတွေ့ရသည်။ အာဂရာခံတပ်ဟုဆိုသော်လည်း အက်ကဘာနန်းတော်သည် အတွင်း၌ ခမ်းနားထည်ဝါစွာရှိနေသည်။ ပဉ္စမမြောက် အက်ကဘာဘုရင် ရှားဂျဟန်းသည်လည်း သူ့ချစ်ဇနီး မိဖုရားခေါင်ကြီးနှင့်အတူ ဤနန်းတော်တွင်နေခဲ့သည်။ ကျွန်တော် အတွင်းနန်းတော်ဆောင်များကို ဝင်ကြည့်ရာ ဘုရင်အိပ်ဆောင်တော်၊ လသာဆောင်များကို သလင်းကျောက်ဖြူသားများဖြင့် ဆောက်ထားပြီး သလင်းကျောက်သားများကို ပန်းကနုတ်၊ ပန်းနွယ်များ စီရင်ထားပါသည်။ ထူးခြားသောခန်းမ ၂ ခုမှာ ရေချိုးကန်ကြီးများထားရှိသောနေရာဖြစ်သည်။ ရေပူရေအေးဖြင့် ချိုးနိုင်သော ရေချိုးကန်ကြီးသည် အချင်း ၈ ပေ၊ အမြင့် ၁၀ ပေရှိပြီး မိဖုရားများရေချိုးသောနေရာဟုဆိုသည်။ ဘုရင်နှင့်မိဖုရား စကြီလျှောက်သော လမ်းပေါ်သို့ထွက်လိုက်ရာ ယမုန်နာမြစ်ကြီးကို တွေ့လိုက်ရပါသည်။

ယမုန်နာမြစ်ကြီးသည် တာ့ဂျ်မဟာဂူဗိမာန်နှင့် အာဂရာခံတပ်ကို ဂငယ်ပုံသဏ္ဌာန် တွေ့ဝိုက်စီးဆင်းနေသည်။ အာဂရာခံတပ်ကြီးသည် နန်းတော်ကိုအပြည့်အဝ အကာအကွယ်ပေးဆောက်လုပ်ထားပုံကို နန်းတော်၏ လသာဆောင်မှ လှမ်းမြင်ရသည်။ ဘုရင်ကြီးအစည်းအဝေးကျင်းပရာ ရင်ပြင်သည် ရန်သူချီတက်ရာလမ်းကြောင်းများကို မြင်နေရသလို ယမုန်နာမြစ်ပြင်ကိုလည်း မြင်တွေ့နေရသည်။ ဘုရင်နှင့်မိဖုရားတို့ လေညင်းခံသော ကျောက်ဖြူသားပလ္လင်တွင် ကျွန်တော်ထိုင်ကြည့်ပြီး ယမုန်နာမြစ်တစ်ဖက်ကမ်းကို မျှော်ကြည့်ခဲ့သည်။ ယမုန်နာမြစ်ကမ်းတွင် အုတ်ကင်းတဲကိုတွေ့

www.burmeseclassic.com

အက်ကဘာနန်းတော်ရှေ့မှ စာရေးသူတို့အဖွဲ့





သလင်းကျောက်ဖြင့်ဆောက်ထားသောနန်းတော်

ရာ ကာကင်းလေးသည် မြစ်ကြောင်းအတိုင်းချီတက်လာသော ရန်သူကို ကြိုတင်တိုက်ခိုက်ခြင်း၊ အချက်ပေးခြင်း၊ လုပ်နိုင်ပေလိမ့်မည်။ ကျွန်တော် လသာဆောင်ပြတင်းပေါက်တစ်ခုမှ လှမ်းမျှော်ကြည့်ရာ တာ့ဂျ်မဟာဂူဗိမာန်ကြီးကို မှုန်ပျပျတွေ့လိုက်ရသည်။ ရှားဂျဟန်းဘုရင်ကြီးသည် စစ်ချီရာမှပြန်လာသောအခါ ကွယ်လွန်သူဇနီးကို ဤနန်းတော်တွင် ခေတ္တထားခဲ့ပြီး တပ်ပတီမြစ်ကမ်းဘေးရှိ ဇမ်နဘတ်ဥယျာဉ်တွင်မြှုပ်နှံထားခဲ့သည်။ ရှားဂျဟန်းသည် သူ့ဇနီးဂူရှိရာသို့ လမ်းလျှောက်သွားပြီး ဝတ်ပြုစင်ကြယ်ဝတ်ကာ သောကြာနေ့တိုင်း ဝတ်ပြုဆုတောင်းနေခဲ့သည်။ တာ့ဂျ်မဟာဗိမာန်ကြီးဆောက်ပြီးသောအခါ ရုပ်အလောင်းကိုပြန်လည်ရွှေ့ထားခဲ့ပြီး နန်းတော်မှ နေ့စဉ်အချိန်တိုင်း လှမ်းဆွတ်စွာကြည့်နေခဲ့သည်ဟုဆိုသည်။ ကျွန်တော်ရောက်ရှိရာနေရာသည် ရှားဂျဟန်းဘုရင်ကြီးကို သူ၏သားက ဖမ်းဆီးချုပ်နှောင်ထားသောအဆောင်ဖြစ်ပြီး မျက်လုံးကွယ်သည်အထိ သူ့ဇနီးမိဖုရားရှိရာ တာ့ဂျ်မဟာကိုကြည့်နေခဲ့သောနေရာဟုဆိုပါသည်။

ကျွန်တော်တို့ အက်ကဘာနန်းတော်အတွင်း လျှောက်ကြည့်ရင်း မဂိုဘုရင်တို့၏ စည်းစနစ်ကျမှု၊ အနုပညာလက်ရာမြောက်မှု၊ နေထိုင်မှုအလေ့အထများကို မှန်းဆကြည့်မိသောအခါ လူမျိုးတိုင်းသည် မိမိတိုင်းပြည် တည်တံ့ခိုင်မြဲရေးကို ကာကွယ်လိုစိတ်ပြင်းပြကြသည်။ မိမိတို့ဘဝရပ်တည်ရေးကို လုံခြုံအောင် ကာကွယ်ရန် စီမံထားကြသည်မှာ အစဉ်အလာဖြစ်ကြောင်း တွေ့ရသည်။ အိန္ဒိယသမိုင်းတွင် မူဂါအင်ပါယာခေတ်သည် ဘာဘာဘုရင်အစ ၁၅၂၆ ခုနှစ်မှ အော်ရန်ဂဇတ်ဘုရင်အဆုံး ၁၇၀၇ ခုနှစ်အထိ သက်တမ်းရှည်ခဲ့သည်။ အော်ရန်ဂဇတ်သည် ရှားဂျဟန်း၏သားတော်ဖြစ်သည်။ သူသည် ဖခင်ကိုနန်းချပြီး ချုပ်နှောင်ထားခဲ့သည်။ ဟိန္ဒူဘုရားကျောင်းများကိုဖျက်ဆီးကာ ဗလီဝတ်ကျောင်းများဆောက်ခဲ့သည်။ အော်ရန်ဂဇတ်သည် နှစ်ပေါင်း ၅၀ ခန့် မူဂါအင်ပါယာကိုအုပ်ချုပ်ပြီး တာ့ဂျ်မဟာနှင့် အာဂရာခံတပ်များကို ထိန်းသိမ်းထားခဲ့သည်။ သူကွယ်လွန်ပြီးနောက် သားတော် ၃ ပါးကို နန်းမွေခွဲဝေပေးခဲ့ရာ အေဒီ ၁၇၁၂ အထိ ၅ နှစ်သက်တမ်းအကြာ ဟိန္ဒူဘုရင်တို့က ပြန်လည်တိုက်ခိုက်ပြီး မူဂါအင်ပါယာ ပျက်စီးပြီးဆုံးသွားခဲ့သည်။

ကျွန်တော် တွေးကြည့်လိုက်သည်။ အိန္ဒိယနိုင်ငံ မူဂါအင်ပါယာသည် ၁၅၂၆ ခု ဘာဘာဘုရင်လက်ထက်မှစပြီး ၁၇၁၂ ခု၊ ရှားဂျဟန်း၏မြေးတော် ဘဒါဘူရှားလက်ထက်အထိ နှစ်ပေါင်း ၁၈၆ နှစ်အတွင်း မြန်မာနိုင်ငံတွင် အင်းဝခေတ်၊ တောင်ငူခေတ်၊ ဟံသာဝတီ၊ ညောင်ရမ်းခေတ်များနှင့် ခေတ်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



ကာလများဖြစ်ခဲ့သည်။ မူဂါဘုရင်များလက်ထက် စစ်မက်ဖြစ်ပွားမှုအနည်းငယ်သာရှိပြီး တိုင်းပြည်၏ ခံစစ်ကို ကောင်းစွာပြင်ဆင်ခဲ့သည်။ ထိုကာလ မြန်မာနိုင်ငံအတွင်း အင်းဝကို တောင်ငူကတိုက်၊ တောင်ငူကို ဟံသာဝတီကတိုက်၊ ဟံသာဝတီကို ညောင်ရမ်းက တိုက်၊ ညောင်ရမ်းကို အင်းဝကတိုက်၊ သန်လျင် ဇေယကာ က တောင်ငူကိုတိုက်၊ ဇေယကာကို ညောင်ရမ်းကပြန်တိုက်၊ ရှမ်းစော်ဘွားများကို တိုက်ခိုက်သိမ်းပိုက်၊ ယိုးဒယား၊ အာသံမဏိပူရဒေသများကို တိုက်ခိုက်နေသောခေတ်များသည် ကာလရှည်ကြာခဲ့သည်။ ကျွန်တော်ရောက်ဖူးသော တောင်ငူကေတုမတီနန်းမြို့ရိုး၊ ဟံသာဝတီမြို့ရိုး၊ အင်းဝမြို့ရိုး၊ စစ်ကိုင်းမြို့ရိုးနှင့် မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်များ၊ ကျုံးများ ပျက်စီးလျက်ရှိပြီး အချို့မှာ ပျောက်ကွယ်ကာ စစ်မြေပြင်ထဲက မြန်မာနိုင်ငံအဖြစ် တွေ့မြင်ရသည်။ ၁၇၁၀ ပြည့်နှစ် ညောင်ရမ်းခေတ်တွင် အက်ကဘာသံတမန်များ စနေမင်းထံ သံတမန်ခင်းကာ သန်လျင်ပင်လယ်ဆိပ်ကမ်းမှ အင်းဝသို့ရောက်ခဲ့သည်ဆိုသောမှတ်တမ်းကိုဖတ်ခဲ့ဖူးရာ အိန္ဒိယ-မြန်မာဆက်ဆံရေး ချစ်ကြည်စွာရှိနေခဲ့ဖူးသည့် သမိုင်းကာလတွင် မြန်မာတို့၏စစ်အင်အားကို အိမ်နီးချင်းနိုင်ငံများကြောက်ရွံ့ခဲ့ရခြင်းသည် စည်းလုံးခြင်းအင်အားကြောင့်ဖြစ်ကြောင်း တွေ့ရသည်။

ကျွန်တော် အာဂရာခံတပ်အတွင်း မပျောက်မပျက်ရှိနေသော နန်းတော်ရာများ၊ အနုပညာလက်ရာများ၊ ရှေးခေတ်ကျောက်သား၊ ကျောက်တုံးများကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သလို ၁၇၅၆ ခုနှစ်က ဗြိတိသျှနယ်ချဲ့တို့ဝင်ရောက်သိမ်းပိုက်ခဲ့သော အာဂရာခံတပ်ကြီးနှင့် တာ့ဂျ်မဟာမြင်ကွင်းများကိုကြည့်ပြီး အင်္ဂလိပ်တို့မဖျက်ဆီးခဲ့ဘဲ ထိန်းသိမ်းခဲ့တာကို ကျေးဇူးတင်မိပြန်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ကျွန်ဖြစ်နေသော အိန္ဒိယမှသမိုင်းအမွေများ လေယာဉ်ဗုံးဒဏ်မခံရခြင်းကလည်း ကံကောင်းလေစွဟု ကျွန်တော်



ဘုရင်မိသားစုအပန်းဖြေရာ ရေကန်



ဘုရင်အပန်းဖြေဆောင်



အာဂရာခံတပ်ဝင်ပေါက်

တွေးမိပြန်သည်။ ကျွန်တော်တို့နိုင်ငံက သမိုင်းခေတ်ဟောင်းအမွေများ တစ်စစီကျိုးပဲ့ပျက်စီးခဲ့ရမှုအတွက် နှမြောတသရင်း အာဂရာခံတပ်မှ ပြန်လည်ထွက်ခွာခဲ့ပါသည်။ ။

**မောင်မိုးယံ**

www.burmeseclassic.com

www.burmeseclassic.com



ငွေတာရီကဗျာပန်းဥယျာဉ်ချစ်သူများ
ကိုယ်စိတ်နှလုံးအေးချမ်းကြပါစေ။
ယခုလတွင်ပေးပို့လာသော
ကဗျာများမှ သင့်တင့်ဆီလျော်ရာ
လေးများကို သုံးသပ်တင်ပြပါမည်။
ယခင်လက အမေးအဖြေ
ကဏ္ဍကိုဖတ်ရှုကာ
မေးမြန်းလိုသည်များရှိက
မေးမြန်းနိုင်ကြပါကြောင်း
လည်း ထပ်လောင်း
သတင်းပေးရပါသည်။
ယခုလတွင် 'သာသာ(ဓာတု)'၏
ကဗျာလေးတစ်ပုဒ်နှင့်
စလိုက်ချင်ပါသည်။
သာသာ(ဓာတု)က

ငယ်ချစ်ကို အောက်မေ့လွမ်းဆွတ်ကာ
ကဗျာလေးဖွဲ့သီ၍
ရင်ဖွင့်လိုဟန်ရှိပါသည်။
စမ်းသပ်ရေးဖွဲ့ထားသည့်
နှောင်းအရိပ်
အချိုးတွဲ ရင်တွင်းဖြစ်ကဗျာလေးကို
မှုရင်းအတိုင်းခံစား
ကြည့်စေလိုပါသည် -
ဟိုယခင် ရို့ငယ်ကျွမ်း
မြင်ယောင်မှန်း တမ်းတလျှင်
မျက်ဝန်းမှာထင်။
ရှင်းသန့်သန့် အပြုံးလွင်
ကြည်စင်ပါတဲ့ ကြာမျက်ဝန်း။
ချစ်လွန်းသူ မှုရာဆင့်
ပန်းလှုနှယ်တင့်။

# ငွေတာရီကဗျာပန်းဥယျာဉ်(၁၀)

✔ ဦးသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ကုန်လင့်ခဲ့ နှစ်ကြာရှည်။
ဝေးလွင့်ကွာပြီ၊
ခုများဖြင့် ဘယ်ဝယ်ဆီ
မျှော်ရည်ကာစိတ်ပန်း၊၊
ပန်းမာလာ သူလေနှမ်း
မြေသက်လို့လွှမ်း၊

'ငယ်ချစ်ဟောင်းနှင့်နှစ်ပေါင်းများစွာ'သီချင်းလေးကိုပင် သတိရမိသေးတော့၊ သူ့ကဗျာလေးတွင်ခွဲခွာခဲ့ရသည့်ကာလ နှစ်ပေါင်းရှည်ကြာသော်လည်းလွမ်းဆွတ်တမ်းတမြင်ယောင်မိလျှင် မျက်ဝန်းမှာ သူ့ပုံရိပ်ထင်ဟပ်လာပုံကို အတွေးနုနုလေးနှင့် ရင်ခုန်ဆွတ်ပျံ့ဖွယ် ရေးဖွဲ့ထားသည်ကိုတွေ့ရပါသည်။

ကဗျာလေး၏ပထမပိုဒ်သည် တြိချိုးဖွဲ့လိုဟန်ရှိပြီး တြိချိုးပထမပိုဒ်ရေးဖွဲ့မှုမှာ မှန်ကန်ပြီး အပြစ်မရှိပါ။ ဒုတိယပိုဒ်သည် ယခင်လာက တြိချိုးအကြောင်းဖော်ပြချက်ပါအတိုင်း လေးဆစ်၊ လေးချိုး၏ ဒွာထောက်ပိုဒ် (ဒုတိယအစပိုဒ်)အတိုင်းရေးဖွဲ့မှုမှာလည်း 'ရှင်းသန့်သန့်အပြုံးလွင်၊ ကြည်စင်ပါတဲ့ ကြာမျက်ဝန်း' ဟုဖွဲ့ထားရာ ဖွဲ့နည်းစနစ်အရမမှားပေ၊ သို့သော်လည်း 'ကြည်စင်ပါတဲ့ ကြာမျက်ဝန်း'မှ 'ကြာ'မှာ အကျည်းတန်နေသည်၊ ထို့အပြင် 'ကြည်စင်ပါတဲ့'သည် နုနွဲ့ရန်လိုအပ်သည့် ဤကဗျာကို မနုနွဲ့စေပေ၊ သို့ဖြစ်၍ ပိုမိုလှပကာ စနစ်လည်းညီညွတ်မှန်ကန်အောင် 'ကြည်စင်စင် ညို့မျက်ဝန်း'ဟု ပြင်လိုက်မှ အပြစ်ဒေါသလည်းလွတ် ရွတ်ဆို၍လည်းကောင်းလာသည်ကို မြင်ရပါလိမ့်မည်၊

ထို့အပြင် ပထမပိုဒ်တြိချိုးတွင် အရေးကြီးသောအမှားမှာ ဒုတိယပိုဒ်ကချိတ်ထားသောအသံအတိုင်း မချိတ်ဘဲ ကာရန်(အသံ)များ၍ချခြင်းပင်ဖြစ်သည်။ 'ကြည်စင်စင် ညို့မျက်ဝန်း'မှ 'ဝန်း'ဟူသောအသံအတိုင်း ချရမည့်အစား 'တင့်'ဟုချထားလေသည်၊ ဤနေရာတွင် ချစ်လွမ်းသူမူရာဆင့်သည် ကဗျာရှင်မိန်းကလေးကိုပင် ရည်ညွှန်းသည်ဟုထင်မိပါသည်၊ ချစ်သူကညို့မျက်ဝန်းကြီးများနှင့်ကြည့်ချိန်တွင် မိန်းကလေးမှာမူရာလေးများဆင့်ကာဆင့်ကာ လှပသည့်ပန်းကလေးနှယ် တင့်တယ်နေသည်ဟု ဆိုရပေမည်။ သို့ဖြစ်၍မူလအဓိပ္ပာယ်လည်းမပျက်၊ အချိုအချလည်းညီ စနစ်လည်းမှန်အောင် 'ချစ်ရသူ သွင်မူလန်း၊ ပန်းသို့တင့်ရွှန်း' ဟု ပြင်လိုက်ပါသည်။

နောက်တစ်ပိုဒ်မှာ လေးဆစ်ရေးဖွဲ့နည်းဖြင့်ဖွဲ့ထားပြီး ပထမ ဒုတိယနှစ်ပိုဒ်လုံး တစ်ပါဒစီဖြင့်သာဖွဲ့ထားသည်၊ ဆိုစရာတော့ အနည်းငယ်ရှိပါသည်၊ 'ကုန်လင့်ခဲ့'သည် တွဲစပ်ထားသောစကားလုံးဖြစ်ပြီး ဤကဗျာနှင့်ဆီလျော်သည့်အဓိပ္ပာယ်ကိုမရသဖြင့် 'ကုန်လွန်ခဲ့'ဟူသာ ရိုးရိုးလေးထားစေချင်ပါသည်၊ တတိယပိုဒ်နှင့်အချပိုဒ်တွင် တြိချိုးကဲ့သို့မမှား။ သို့သော် အမ်းအန်းကာရန်တွေများနေသည်၊ 'အန်း'ကာရန်လည်းမထပ်၊ စကားလုံးလေးများလည်းလှအောင် 'ပွင့်မာလာ အမြေခက်၊ မြေသက်လို့လွှမ်း' ဟု ပြင်လိုက်ပါသည်၊

ပြုပြင်ပြီးနောက်ပြီး ကဗျာတစ်ပုဒ်လုံးကို ပြန်လည်ဖတ်ရှုကြည့်ပါ။ သာသာ(ဓာတု)ကိုယ်တိုင်လည်း ကဗျာပရိယာယ်ကို ပိုနားလည်လာပါလိမ့်မည်၊

ဟိုယခင် ဖို့ငယ်ကျွမ်း
မြင်ယောင်မှန်း ထမ်းတလျှင်
မျက်ဝန်းမှာထင်။
ရှင်းသန့်သန့် အပြုံးလွင်
ကြည်စင်စင် ညို့မျက်ဝန်း။
ချစ်ရသူ သွင်မူလန်း
ပန်းသို့တင့်ရွှန်း၊

ကုန်လွန်ခဲ့ နှစ်ကြာရှည်၊
ဝေးလွင့်ကွာပြီ၊
ခုများဖြင့် ဘယ်ဝယ်ဆီ
မျှော်ရည်ကာ စိတ်ပန်း၊
ပွင့်မာလာ မြေရန်ခက်
မြေသက်လို့လွှမ်း။

ယခုလအတွက် အချစ်ကဗျာလေး နောက်တစ်ပုဒ်ဖြင့် ဆက်ပါမည်၊ ကလောင်ရှင် သန်းဇော်လင်း၏ 'ရင်ခုန်မျှော်တမ်း ကဗျာပန်းကလေး'ဖြစ်သည်၊ ထူးခြားသည်မှာ တပ်မတော်သားတစ်ဦးဖြစ်နေခြင်းပင်၊

www.burmeseclassic.com

www.burmeseclassic.com



ခြေဘ်. . . တပ်မတော်သားတွေမှာလည်း အချစ်၊ အလွမ်း ရင်ခုန်ပန်းကလေးတွေနဲ့ပါလားဟု ဦးသစ္စာ အောက်မေ့မိပါသည်။ သဘာဝပေကိုး။ နွတ်ကမ္ဘှင့်ဟ ခွင့်မရခဲ့သူကို လွမ်းနေရကြောင်း၊ မငိုပါ ဆိုသည့်တိုင် မျက်ရည်စို့နေခဲ့ကြောင်းတို့ကို ချစ်စဖွယ် နုနုဆန်းဆန်း အဖွဲ့ကလေးဖြင့်ပြထားသည်။ 'ဗူးနှင့်သည့်ဆုး' ဟု ခေါင်းစဉ်ပေးထားသည်။ မူရင်းကို ဦးစွာမြည်းကြည့် ကြပါစို့။

ကျွမ်းတမြည့်မြည့်
လွမ်းတငွေ့ငွေ့
ခမ့္ဆမ္ဆမပျော်
နှုတ်တော်ဖွင့်လှဲ့ ကံကမ္ဘွဲ၊

နှုတ်ဟမပွင့်
မချင့်တချင့်
ဖျော်လင့်မရဲ
ချစ်ခွင့်မပန် ကြောင်းမဖန်။

မခမ့တမ်းတမ်း
မခန်းစိုစို
မငိုစိုစို
လွမ်းလို့မစဲ မျက်ရည်ဝဲ။

ခေတ်ပေါ်ကဗျာများ မတွင်ကျယ်ခင်ကာလများ က အချစ်ကဗျာလေးများကို လေးလုံးစပ်ဖြင့်ဖွဲ့ကြရာ တွင် ညှိနှိုယ်ပင် ၄း၂-၄း၁ ဖြင့် နုနုနှင့်သွက်သွက်လေး များရေးတတ်ကြသည်ကို သတိရမိပါသည်။ ကဗျာရှင် သန်းဇောလင်းက ပထမပိုဒ်တွင် ၄း၄-၄း၂ ဒုတိယပိုဒ် တွင် ၄း၄-၂း၂ တို့ဖြင့်ဖွဲ့ထားပြီး ပြောစရာများရှိနေ သည်။ လေးလုံးစပ်လက်ာကဗျာရေးဖွဲ့ရာတွင် ၄း၁း၂ ဖြင့် မဖြစ်မနေ၊ မပျက်မကွက်ရေးရမည်ဟု တင်းကြပ် စွာမဆိုထားသော်လည်း ၄း၄ ပုံစံဖြင့်မူ ရေးဖွဲ့လေ့ မရှိကြ။ သို့ဖြစ်၍ ပထမပိုဒ်ကို 'ကျွမ်းတမြည့်မြည့်၊ လွမ်းငွေ့ငွေ့နှင့်'ဟု ဖြင့်လိုက်ပါမည်။ တစ်ခုသာ ဖြင့် ရပါသည်။

ဒုတိယပိုဒ်တွင် 'မချင့်တချင့်'ဟူသည်မှာ မည်သို့ အဓိပ္ပာယ်ရှိသည်ကို ထိထိကျကျမသိနိုင်ပေ။ မချင့်မရဲ ဖြစ်ရသည့်အဓိပ္ပာယ်ဖြင့် ရေးသည်ဟုတော့ ယူဆမိ ပါသည်။ မူလရေးထားသည့်ဟန်လေးမပျက်ရန် တထင့်ထင့်ဖြင့် လဲလှယ်ကာ နောက်ကနှစ်ပါဒကို လည်း ကာရန်မလွတ်စေရန်အတွက် အဓိပ္ပာယ် မပျက်ဘဲ စကားလုံးအထားအသို ရွှေ့နောက်လဲလှယ် ကာ 'နှုတ်ဟမပွင့် တထင့်ထင့်နှင့် ချစ်ခွင့်မပန် ကြောင်းမဖန်ဘဲ မဖျော်ရဲ'ဟု ဖြင့်လိုက်ပါသည်။ တတိယပိုဒ်မှာ ဖြင့်ရန်မလို နဂိုအတိုင်းလေးပင်လှနေ သည်။ သို့ဖြစ်၍ ကဗျာရှင် သန်းဇောလင်း၏ 'ဗူးနှင့် သည့်ဆုး'ကဗျာလေးမှာ အချက်ကာရန်လေးများညီကာ ညှိသိုညှိနှိုယ်ဖြစ်လာပြီး တစ်ဖက်သတ်ချစ်ရသူလေး ဖတ်ဖြစ်ပါစေလို့လည်း ဦးသစ္စာဆုတောင်းပေးလိုက် ပါသည်။

ကျွမ်းတမြည့်မြည့်
လွမ်းငွေ့ငွေ့နှင့်
ခမ့္ဆမ္ဆမပျော်
နှုတ်တော်ဖွင့်လှဲ့ ကံကမ္ဘွဲ၊

နှုတ်ဟမပွင့်
တထင့်ထင့်နှင့်
ချစ်ခွင့်မပန်
ကြောင်းမဖန်ဘဲ မဖျော်ရဲ။

မခမ့တမ်းတမ်း
မခန်းစိုစို
မငိုစိုစို
လွမ်းလို့မစဲ မျက်ရည်ဝဲ။

အခုလအတွက် ငွေတာရီကဗျာပန်းဥယျာဉ် ကဏ္ဍကို သာသာ(မာတူ)၏ယေ်ချစ်ဟောင်းတို့ ဆွတ် တမ်းသည့်ကဗျာ စစ်သည်ကလောင်ရှင် သန်းဇော လင်း၏ တစ်ဖက်သတ်ချစ်ခဲ့ရပြီး တစ်ကိုယ်တည်း လွမ်းဆွေးနေရသည့်ကဗျာတို့နှင့် နှစ်သက်ဖွယ်လန်း ကဗျာပန်းလေးများ ပွင့်လန်းနိုင်ပါစေကြောင်း ဆု တောင်းရပါသည်။ ။

ဦးသစ္စာ

www.burmeseclassic.com

# ရာ ပန်းချီ ရာ



➤ ဝေမွန်လင်း

ငွေတာရီမဂ္ဂဇင်းစာဖတ်ပရိသတ် ပန်းချီချစ်သူများအတွက် ရန်ကုန်မြို့အတွင်းပြသလျက်ရှိသည့် ပန်းချီပြပွဲများကို ရှာဖွေကြည့်ရှုပြီး ကောင်းနိုးရာရာပြပွဲများကို မိတ်ဆက်ပြောပြခွင့်ရတဲ့အတွက် ရင်နှင့်အမျှ ကြည်နူးပီတိဖြစ်ရပါတယ်ဆိုတဲ့အကြောင်းကိုတော့ ပဏာမပြောကြားလိုပါတယ်။

တချို့တချို့သောပြပွဲများက အမှန်တကယ် ပန်းချီလက်ရာကောင်းလက်ရာမွန်တွေဖြစ်ပေမယ့် ငွေတာရီမဂ္ဂဇင်း ပန်းချီချစ်သူများကို တင်ပြခွင့်မရခဲ့ပါဘူး။

ဖြစ်ပုံက ဒီလိုပါ။

ရေဆေးရောင်စုံပန်းချီတွေ၊ လက်ရာကလည်းကောင်းမှကောင်း၊ ရေဆေးရောင်စုံလေးတွေကလည်း ကြည်လင်ပြီး သန့်လို့နေပေမယ့် ပန်းချီကားထိမိုက်ပျက်စီးမယ့် အန္တရာယ်ကကာကွယ်တဲ့အနေနဲ့ မှန်ဘောင်တွေနဲ့ ချိတ်ဆွဲပြသထားတာမို့ ဓာတ်ပုံရိုက်တဲ့အခါမှာ မှန်ကတစ်ဆင့် ရောင်ပြန်တွေက ပုံကောင်းတွေကို ဖျက်ဆီးနေသလိုဖြစ်တာကြောင့် ကောင်းပေမယ့် မတင်ပြနိုင်တဲ့အဖြစ်။



တချို့သောပြပွဲတွေကျတော့လည်း တစ်ခါလာလည်း ဒီပုံမျိုး၊ နှစ်ခါလာလည်း ဒီပုံမျိုးတွေချည်း ထပ်နေတာမို့ သိပ်ပြီးမထူးခြားလို့ ချန်လှပ်ခဲ့ရတဲ့ပြပွဲတွေကလည်း အများသား။

ဒီကြားထဲ ဒီလမှာတော့ ရာသီအစမှာကိုက မိုးကရွာလွန်းလှလို့ တချို့ပြပွဲတွေက ရက်တွေရွှေ့၊ သဘာဝကပ်ဘေး ရာသီဥတုပ်တွေကြောင့် လူစည်ကားရာအရပ်

www.burmeseclassic.com

www.burmeseclassic.com









ကို အသွားအလာကျဲတာမို့ အကြောင်းအမျိုးမျိုးကြောင့် နောက်ဆုတ်လိုက်ရတဲ့ပွဲတွေလည်းအများသား။

အဲဒီတော့ -

ဒီလအတွက် ငွေတာရီမဂ္ဂဇင်း ပန်းချီချစ်သူများအတွက် ထူးထူးခြားခြား ပြောပြချင်တဲ့ အကြောင်းက အမှတ်မထင်ဘဲ တွေ့ရှိခဲ့တာမို့ ပြောပြရပေဦးတော့မယ်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှာ ဧရာဝဏ်ပန်းချီပြခန်းဖွင့်လှစ်တဲ့ ၃ နှစ်မြောက် နှစ်ပတ်လည်ပွဲကို ဆရာကြီးဦးစောလှိုင်ကကျင်းပမည့်အကြောင်း၊ ဒီနှစ်ပတ်လည်ပွဲမှာ ပန်းချီဆရာကြီးဦးစောလှိုင်ရဲ့ အသက် ၈၁ နှစ်ပြည့်နဲ့လည်း တိုက်ဆိုင်နေတာမို့ ပန်းချီကား ၈၁ ကားကို ပြသမှာဖြစ်သလို ဧရာဝဏ်ပန်းချီပြခန်းနဲ့ ပတ်သက်ပြီး စာနယ်ဇင်းအသီးသီးမှာဖော်ပြထားတဲ့သတင်း၊ ဆောင်းပါးများကိုစုပေါင်းပြီး သီးသန့်စာအုပ်တစ်အုပ်လည်း သေသပ်ခံ့ညားစွာ အမှတ်တရ ဂုဏ်ပြုထုတ်ဝေမယ့်အကြောင်းကို ဆရာကြီးက ရှင်လန်းတက်ကြွစွာ ပြောပြပါတယ်။ ဆရာကြီး ရေးဆွဲထားတဲ့ ပန်းချီကား ၈၁ ကားကိုလည်း ပရိသတ်မျက်မှောက်မရောက်ခင် ဦးဦးဖျားဖျားကြည့်ခွင့်ရခဲ့လို့ ငွေတာရီမဂ္ဂဇင်းပန်းချီ

www.burmeseclassic.com

www.burmeseclassic.com




ချစ်သူများကို ပြန်ပြီးတစ်ဆင့်ဝေမျှလိုပါတယ်။

ဆရာကြီးရေးဆွဲထားတဲ့ပန်းချီကားတွေက အခရိုင်းလစ်မီဒီယံနဲ့ရေးဆွဲထားပြီး ၄ပေ × ၃ ပေ အရွယ်ပန်းချီကားတွေက အတော်များများ။ ဆရာကြီးအသက်အရွယ် ၈၁ နှစ်အတွက် ၈၁ ကား ရေးမယ်လို့ ကြိုးဝါးပြီး အားမာန်အပြည့်နဲ့ အနုပညာပေါင်းစပ်ပြီး တင်ပြရေးဆွဲထားတဲ့ကားတွေက စေတနာပါသလို အနုပညာရသမြောက်လွန်းလှပါတယ်။ ဒီကြားထဲ မြန်မာနိုင်ငံအရပ်ရပ်မှာပေါက်ရောက်တဲ့ ရှားပါးသစ်ခွပန်းမျိုးစုံကိုလည်း စုပေါင်းရှာဖွေပြီး ရေးဆွဲတင်ပြထားပါတယ်။



တကယ်လို့များ ဒီဆောင်းပါးကိုဖတ်ပြီး ကြည့်ချင်စိတ်ရှိသူများ၊ ဝါသနာရှင်များ၊ ပန်းချီချစ်မြတ်နိုးသူများ သွားကြည့်မယ်ဆိုရင်တော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးဘကြည်လမ်းမှာရှိတဲ့ ဧရာဝဏ်ပန်းချီပြခန်းကိုညွှန်းဆိုပါရစေ။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှာ စတင်ပြသမှာမို့ အချိန်မီသွားကြည့်မယ်ဆိုရင်လည်း ကြည့်နိုင်ပါရဲ့။

ဆရာကြီးဦးစောလှိုင်ရဲ့ပန်းချီကားတွေက အောက်ဗိုးထွက်ပြီး ပုံကြမ်းတွေထုတ်ကာ စိတ်ကြိုက်ပုံတွေထဲကမှ ပန်းချီကားအဖြစ် ပြန်လည်ရေးဆွဲခဲ့ကြောင်းကို ဆရာကြီးကရှင်းပြတာကိုလည်း သိခဲ့ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆရာကြီးရဲ့ပန်းချီကားတွေအားလုံးလိုလိုက အပြစ်ဆိုစရာမရှိတာကိုတော့ အထူးပြောဖို့လိုမယ် မထင်ပါဘူး။ အဲဒီထဲကမှ စာရေးသူရဲ့စိတ်ကို အပျော်တွေကူးစက်စေတဲ့ အကြိုက်ဆုံးကားကိုရွေးပြီးပြောရမယ်ဆိုရင် -

သွေးချင်းတို့ပျော်ရာမြေ ကယားဌာနေက တောင်ကွဲစေတီပန်းချီကားအကြောင်းကိုပဲ စပြီးပြောပြချင်ပါတယ်။

တောင်ကွဲစေတီပန်းချီကားလေးမှာ ကျောက်တုံးကျောက်ဆောင်အမြွှာညီနောင်ပေါ်မှ စုလစ်မွမ်းချွန်ရွှေစေတီလေးတွေကလည်း မိုးယံကိုထိုးဖောက်တော့မည့်နှယ်။ ကျောက်တုံးထုထည်တွေကိုရေးထားတာ တကယ့်ကိုမာကျောတဲ့သရုပ် ပီပြင်လှသလို နောက်ခံမိုးသားတိမ်တောင်တွေကိုရေးထားတာ ရေးချက်ပိုင်နိုင်လှပါတယ်။ သုံးစွဲထားတဲ့အရောင်တွေက ဣန္ဒြေရပြီး ငြိမ်လှပါတယ်။ ပန်းချီဆရာချင်းတောင် ချီးကျူးနှစ်ခြိုက်လှတဲ့ကားကောင်းတစ်ကားပါ။

နောက်ပြောချင်တဲ့ကားက -

မြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ညရှုခင်းကို ဆရာက အားပါးတရကြီးကိုရေးပြထားတာပါ။ လူတွေအများအပြားပြန့်ကျဲနေသလို ပွဲတော်မှာ မီးရောင်ထိန်ထိန်ညီးနေဟန်နဲ့ မီးပုံးပျံလွှတ်ပွဲကို ဆရာက ပန်းချီကားကို လှုပ်နေအောင်ရေးထားတာပါ။

ညကားဆိုတော့ အမှောင်ရောင်နောက်ခံထားပြီး မီးရှူးမီးပန်း၊ ယမ်းငွေ့တွေက ဝေဝါးပျံ့လွင့်နေပုံကို စုတ်ချက်သွက်သွက်နဲ့ ပန်းချီကားကို ပွင့်အောင်ရေးပြထားပါတယ်။ ပန်းချီချစ်မြတ်နိုးသူများ ဂရုတစိုက်ကြည့်မယ်ဆိုရင် ပညာတွေအပြည့်ရှာတွေ့မှာပါ။

နောက်ထပ်ပြောပြချင်တဲ့ကားကတော့ -

မြန်မာ့လယ်ယာမြေနဲ့ ကောက်စိုက်လုံမပျိုများရဲ့ကားပါ။

စိမ်းစိုနေတဲ့ကောက်ပင်ပျိုလေးတွေ၊ အကန့်အကန့်ခြားထားတဲ့ ကန်သင်းရိုးတွေ၊ ခပ်လှမ်းလှမ်းမှာ စိမ်းစိုညို့မှောင်နေတဲ့ တောအုပ်၊ တောတန်း။ ကောက်စိုက်သမလေးများနဲ့ ကောက်ပင်ပျိုများကိုမြင်ရတော့ ပီတိလယ်ကွင်းထဲကိုရောက်သွားသလို ခံစားရပါတယ်။ ကောင်းကင်ပြာပြာနဲ့ တိမ်သားတိမ်လိပ်ဖြူဖြူတွေက ရွေ့လျားနေသယောင်ယောင်။

ဆရာကြီးက ဆေးသားတွေကို ထူထူပျစ်ပျစ် အခဲလိုက်၊ အပျစ်လိုက် အားပါးတရကြီးကိုရေးဆွဲထား



www.burmeseclassic.com

www.burmeseclassic.com





ပါတယ်။ လယ်ကွက်ထဲကရေတွေကလည်း လှုပ်လှုပ်၊ တိမ်တွေကလည်း အလျားလိုက်၊ တောတန်းတွေကလည်း အလျားလိုက်၊ လယ်ကွက်ထဲကရေတွေကလည်း အလျားလိုက်၊ ပန်းချီသဘောနဲ့ပြောရရင်တော့ မျဉ်းလဲတွေချည်း ငြိမ်နေသလိုထင်ရပေမယ့် ကောက်ပင်ပျိုးတွေကလည်း ထိုးထိုးထောင်ထောင်၊ ကောက်စိုက်သမတွေက မျဉ်းမတ်တွေထောင်ထားသလိုမို့ မျဉ်းမတ်နဲ့ မျဉ်းလဲကို အချိုးညီညီပေါင်းစပ်ဖွဲ့စည်းထားတာကြောင့် အင်မတန်ကြည့်လို့ကောင်းတဲ့ပန်းချီကားကောင်းတစ်ချပ်ဆိုတာ ပြောပါရစေ။

ပြောမယ်ဆိုရင်တော့ မကုန်နိုင်ပါဘူး။

အခု တင်ပြခင်းကျင်းထားတဲ့ ပန်းချီကားတွေကိုမြင်ရုံနဲ့ သိနိုင်ပါတယ်။

ပန်းချီချစ်သူ၊ ပန်းချစ်သူများ အကြိုက်တွေ့စေမယ့် ရှားပါးသစ်ခွမျိုးစုံကို တစ်ပွင့်ချင်း၊ တစ်ခက်ချင်း သဘာဝအသွေးအရောင်အစစ်အတိုင်း တစ်ထပ်တည်းကျအောင် ရေးဆွဲထားသလို အရောင်ပေါင်းစပ်ပုံက ဝါနီပြာထဲကခွဲထွက်လာတဲ့ စပ်ကာလာတွေကို ဆရာက ရှာဖွေပေါင်းစပ်ထားတာ လက်ဖျားခါလောက်ပါရဲ့။

အချုပ်အားဖြင့်ဆိုရသော် -

ဒီအသက်၊ ဒီအရွယ်နဲ့မမျှအောင် ပန်းချီအနုပညာအပေါ် သံယောဇဉ်ကြီးလှတဲ့ ဆရာကြီးဦးစောလှိုင်ရဲ့ စေတနာ၊ မေတ္တာနဲ့ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်မပြုဘဲမနေနိုင်သလို စိန်ရတုအလွန်အသက်အရွယ်တွေထဲမှာမှ ဆရာကြီးတို့လို ဆရာတွေရဲ့လက်ရာကောင်း၊ လက်ရာမွန်တွေက ပန်းချီလောကကြီးတစ်ခုလုံးအတွက် စိန်ပွင့်တွေဖြန့်ကြဲထားသလို တလက်လက်တောက်ပနေမှာကိုတော့ မြင်ယောင်မိပါတယ်။ ။


ဝေမွန်လင်း



www.burmeseclassic.com

www.burmeseclassic.com





ရသစာတမ်း

# ပေါ်ဦးသစ်

## ကျွန်ုပ်သဘာဝပတ်ဝန်းကျင်

မနေ့ကပင် သူတို့ကို
သတိရနေမိသေးသည်။
အဘယ့်ကြောင့်ဆိုသော်
လွန်ခဲ့သောနှစ်က သူတို့
ကလေးနှစ်ကောင်ကို
အိပ်ခန်းပြတင်းပေါက်မှနေ၍
ဓာတ်ပုံရိုက်ယူပြီး
လူမှုကွန်ရက်တွင်
အမျှင်းပြေ Status
တင်ခဲ့ဖူးသည်။
သူတို့ကလေးနှစ်ကောင်မှာ
အခြားမဟုတ်ပါ။ နှစ်စဉ်
အောက်တိုဘာလကျော်လျှင်
ရောက်ရောက်လာတတ်သော
တောကြက်မောင်နှံဖြစ်ပါသည်။
သူတို့ရောက်လာလျှင်
မိုးကုန်ပြီဟု မှတ်ယူရမည်
ထင်သည်။ ကျွန်တော်က
သဘာဝတရား၏
အကြောင်းအရာများကို
သဘာဝပတ်ဝန်းကျင်တွင်
ရှင်သန်ကြသူများနှင့်
နှယ်ယှက်ဆက်စပ်ကာ
မှတ်သားထားတတ်
ခဲ့ပါသည်။
မနေ့ကတော့ ကျွန်တော်က
"ဒီနှစ်တော့
တောကြက်ကလေးတွေ

www.burmeseclassic.com






မလာနိုင်တော့
ဘူးထင်ပါရဲ့"ဟု
အတွေးခေါင်မိနေသေးသည်။
ဘာကြောင့်ပါလဲ။ သူတို့
နေထိုင်ကျက်စားတဲ့နေရာတွေ
တဖြည်းဖြည်းကျဉ်း
မြောင်းကွယ်ပျောက်ပြီး
တခြားလွတ်လပ်ကျယ်ပြောတဲ့
နေရာတွေကို စားကျက်
ပြောင်းသွားကြခြင်းများလား။
ဖြစ်မည်ဆိုလျှင်
ထိုအရာပဲဖြစ်နိုင်သည်။
လွန်ခဲ့သော နှစ်နှစ်၊
သုံးနှစ်က ရာသီမရွေး
ဟိုချိုတို့၊ ဒီချိုဝင်
အကြောက်အလန့်မရှိ
သွားလာနေထိုင်တတ်သော
ရေကြက်ကလေးများသည်
လည်းကောင်း၊ 'တပူပူ'
မြည်ပြီး ဟိုချုံမှ ဒီချုံသို့
အမြီးရှည်ကြီးကို
တန်းတန်းကြီးထုတ်ကာ
ကျွမ်းခြေရရပုံသန်းသွား
လာတတ်သော 'ဘုတ်ငှက်'
ကြီးများကိုလည်းကောင်း
မတွေ့မြင်ရတာ
အလွန်ပင်ကြာမြင့်
ခဲ့ပြီဖြစ်ပေသည်။
ကျွန်တော်က
အချိန်ပိုကလေးရတိုင်း
အခြေအနေပေးသည်နှင့်
ကျန်းမာရေးအတွက်
လမ်းလျှောက်တတ်
သူဖြစ်သည်။
လမ်းလျှောက်ရင်းလည်း
ပတ်ဝန်းကျင်ကို

www.burmeseclassic.com






တစေ့တစောင်းအကဲခတ်တတ်သောစရိုက်ရှိသူဖြစ်ပါသည်။ နေပြည်တော်၌ သတိထားမိသလောက် လမ်းဘေးဆိုင်ကလေးများ ပိုမိုများပြားလာခဲ့သည်။ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ကြီးများ မည်မျှတိုးပွားလာစေကာမူ ရေသန့်ဘူးခွံကလေးများကို ခုတ်ခုံတစ်လုံးပေါ်တွင်ထောင်ပြီး တစ်ပိုင်တစ်နိုင် စက်သုံးဆီရောင်းသူများလည်း ပိုမိုများပြားလာသည်။ သူတို့သည် မြို့တော်၏မီးဘေးအန္တရာယ်အတွက် မည်သို့ရှိသည်ကို မသိသော်လည်း လမ်းဘေးလူသွားလမ်းပလက်ဖောင်းပေါ်တွင် အတင့်ရဲစွာရောင်းချနေကြပေသည်။ အုပ်ချုပ်ရေးမြို့တော်ကြီးနေပြည်တော်တွင် အနီလမ်းဘေးပုလင်းထောင်ဓာတ်ဆီဆိုင်ကလေးများကို မည်ကဲ့သို့ အုပ်ချုပ်မှုအစီအမံဖြင့် အာဏာဖြန့်ကြက်ဆောင်ရွက်နေပါသနည်း။ အဆိုပါ လောင်စာဆီဆိုင်ကလေးများ၏ပယောဂကြောင့် တစ်စုံတစ်ရာပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရပါက အဖြစ်အပျက်အပေါ် မည်သူကတာဝန်ယူဖြေရှင်းပေးမည်နည်း။ ခေတ်သစ်မြို့ပြယဉ်ကျေးမှုဖြစ်စဉ်ကြီးထဲမှ လမ်းဘေးဓာတ်ဆီဆိုင်ကလေးများကသက်ရောက်လာနိုင်သော အကျိုးအပြစ်များကို ကျွန်တော်အတွေးနယ်ချဲ့နေမိခဲ့သေးသည်။

ထို့အတူ ပလက်ဖောင်းဘေးသစ်ရိပ်ကလေးများကို အမှီပြုပြီး ကွမ်းယာဆိုင်ကလေးများ၊ ဆိုင်ကယ်ပြင်ဆိုင်ကလေးများကအစ ဘူးသီးကြော်ဆိုင်၊ ရခိုင်မုန့်တီဆိုင်၊ ကောက်ညှင်းပေါင်းဆိုင်ကလေးများလည်း အသီးသီးတိုးပွားလာကြပါသည်။

ဈေးဆိုင်ကလေးများနှင့်အတူ လူတို့၏ဝေယျာဝစ္စများ ပါဝင်လာပေမည်။ လူတို့၏အပေါ့အလေးစွန့်မှုမှ အမှိုက်စွန့်ပစ်မှုအထိ ပြဿနာရှိလာနိုင်ပေသည်။

ကျွန်တော်တို့သည် ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်များ၏ပြယုဂ်တစ်ခုဖြစ်သည့် အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်သောယဉ်ကျေးမှုကို သိရှိလိုက်နာလေ့ကျင့်ကြရန်လိုအပ်ပေမည်။

ပလက်ဖောင်းဘေးမြေကွက်လပ်ကိုရှင်းလင်းကာဖွင့်လှစ်ထားသော ဆိုင်ကယ်ပြင်ဆိုင်ကလေးသည် ကနဦးက ဆိုင်ကယ်ကို လမ်းပေါ်မှ ပလက်ဖောင်းကိုကျော်ကာ မြေကွက်လပ်အထိ နေရာချပြီးမှ ပြင်ဆင်သော်လည်း ကာလအတန်ကြာလာသောအခါ ဆိုင်ကယ်ကို လူသွားလမ်းပလက်ဖောင်းပေါ်တင်၍လည်းကောင်း၊ ထို့မှ ယာဉ်အသွားအလာပြုသည့်လမ်းမပေါ်တွင်လည်းကောင်း နေရာရွှေ့ပြောင်းခြင်းမပြုတော့

www.burmeseclassic.com

ဘဲ ပြင်ဆင်ကြတော့သည်။ ထိုအခါ ပြင်ဆင်နေသော ဆိုင်ကယ်ကြောင့် ယာဉ်သွားရော ယာဉ်ကြောတစ်နေရာမှာ ပျောက်ဆုံးသွားရပေတော့သည်။ ထိုအခြေအနေသည် နေ့အချိန်တွင် အပြစ်ပြောရန်ခက်ခဲသော်လည်း ညဘက်တွင် ပြဿနာရှိပါသည်။ အကယ်၍ လမ်းပေါ်မှ ဆိုင်ကယ်ကို ယာဉ်ကြောလွတ်ရာသို့ ရွှေ့ပြောင်းခြင်းမပြုဘဲ လမ်းပေါ်မှာပင် ပြင်ဆင်ခဲ့သည်ရှိသော် အရျက်မြမ်းလည်း တစ်စုံတစ်ရာစီစဉ်ထားခြင်းမရှိပါက အရှိန်ပြင်းမောင်းနှင်လာသော မော်တော်ကားများနှင့် ထိခိုက်မိနိုင်သည်။ ညဘက်ဖြစ်သဖြင့် မော်တော်ယာဉ် ယာဉ်မောင်းသည် မှုယစ်နေပါက ယာဉ်မတော်တဆမှုများ ဖြစ်ပွားလာနိုင်သည်။

လတ်တလောမြင်ရသည်ကတော့ ဆိုင်ကယ်ပြင်ဆိုင်ဖွင့်သူ လူငယ်များသည် ကြက်တိုက်ရတာကို ဝါသနာထုံပုံရသည်။ ဆိုင်တွင် ကြက်များကိုမွေးထားသည်၊ အစက နေ့တွင်ဆိုင်ဖွင့်ပြီး ညနေဆိုင်ပိတ်ပါက ဆိုင်သို့ယူလာသော တိုက်ကြက်ကို ပြန်ယူသွားသော်လည်း များမကြာမီ အချိန်တွင် ကြက်ရော၊ လူပါ ဆိုင်နေရာတွင် ညအိပ် အခြေချကြသည်ကို မြင်တွေ့လာရသည်။

ဆိုင်ကယ်ပြင်ဆရာများသည် လမ်းဘေးတွင် ခြင်ထောင်ထောင်၍ မနက်မိုးလင်းသည်အထိ အိပ်ကြရာ မနက်ခင်းမိုးလင်းစ အချိန်အလင်းရောင်တွင် မြို့တော်ကြီး၏ကျက်သရေမင်္ဂလာမှာ လမ်းဘေးကျူးကျော် ဆိုင်ကယ်ပြင်ဆိုင်က အိပ်ရာမနိုးသေးသော၊ အိပ်ရာမသိမ်းရသေးသော ခြင်ထောင်များ၊ စောင်များနှင့် အခြားသောအိမ်ဆောင်ပရိဘောဂများ၏ ဖရိုဖရဲဖြစ်မှုများက အလွန်ပင် အကျည်းတန်လှပေသည်။

ထို့အတူ အကြော်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ကွမ်းယာဆိုင်တို့သည် ဆိုင်ဖွင့်ခါစက ဆိုင်သိမ်းသောအခါ ပစ္စည်းပစ္စယများကို သိမ်းဆည်းသွားတတ်သော်လည်း ကာလကြာလာသောအခါ အစိုင်အမာတဲထိုးခြင်း၊ ဈေးဆိုင်ဖွင့်လှစ်သည့် ပစ္စည်းပစ္စယများကို သိမ်းဆည်းခြင်းမပြုတော့ဘဲ ပလက်ဖောင်းဘေးမှာပင် ဒီအတိုင်းထားခဲ့ကြခြင်းဖြစ်သည်။ ထို့ထက်ပိုမိုဆိုးရွားသောအဖြစ်အပျက်ကိုပြောရလျှင် မြို့ပြနေထိုင်သူတို့ကြုံတွေ့ရသည်မှာ ပလက်ဖောင်းဘေးတွင်စုပုံထားရှိခဲ့သော ဈေးဆိုင်သုံးပရိဘောဂများကို တန်ဆောင်တိုင်ညတွင် လမ်းမများပေါ်သို့ ရွှေ့ပြောင်းချထားကာ သက်ဆိုင်ရာ အလုပ်အသီးသီးသို့သွားရန် နေအိမ်တိုက်ခန်းမှ မော်တော်ကားကိုမောင်းထွက်လာရာတွင် ပြဿနာရှိတော့သည်။ ကျူးကျော်ဆိုင်ခန်းများမှ ဆိုင်သုံးပရိဘောဂများက မော်တော်ကားများ အလွယ်တကူသွားမရအောင် လမ်းသွယ်၊ လမ်းကျဉ်းလေးတို့ ပိတ်ဆို့ထားခဲ့ကြပြီမဟုတ်ပါလား။ အကယ်၍သာ အစကတည်းက ကျူးကျော်ဆိုင်ခန်းများကို ပလက်ဖောင်းဘေးတွင် ခွင့်မပြုခဲ့ပါက၊ သက်ဆိုင်ရာက တားမြစ်ခဲ့မည်ဆိုပါက ယခုကဲ့သို့ မြို့ပြလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုကို ထိခိုက်စေမည်မဟုတ်ပါ။


ကျွန်တော့်အနေဖြင့် ထိုကဲ့သို့သော လမ်းဘေးကျူးကျော်ဆိုင်လေးများကိုအပြစ်ပြောနေခြင်းမဟုတ်ပါ။ သူတို့ကို စနစ်တကျဖွဲ့စည်းနေရာချထားပေးလျှင် မရနိုင်ပါလား။ ယခု

နေပြည်တော်တွင်
အစိုးရဝန်ထမ်းမဟုတ်သော
မြို့နေလူတန်းစားထက်
အစိုးရဝန်ထမ်းမြို့နေလူတန်းစား
များက ပို၍များသည်။
ဝန်ထမ်းအိမ်ရာများမှာ ယာဉ်
တောင်ကုန်းတောင်တန်း၊
သစ်တောကြီးများကြားတွင်
တည်ဆောက်ထားခြင်းဖြစ်ပြီး
တောအုပ်အတွင်းသွင်
ပေါ်ပေါက်လာသည့်
မြို့ပြတစ်ခုဖြစ်သည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com






တော့ ပလက်ဖောင်းဘေး ကျူးကျော်ဆိုင်ကလေးများက လူ့ပတ်ဝန်းကျင်ကို အရုပ်ဆိုးအကျည်းတန်စေရုံသာမက နေပြည်တော်၏ပုံရိပ်ကိုလည်း ကျဆင်းစေမည်ဖြစ်သည်။

နေပြည်တော်တွင် အစိုးရဝန်ထမ်းမဟုတ်သော မြို့နေလူတန်းစားထက် အစိုးရဝန်ထမ်း မြို့နေလူတန်းစားများက ပို၍များသည်။ ဝန်ထမ်းအိမ်ရာများမှာ ယခင် တောင်ကုန်းတောင်တန်း၊ သစ်တောကြီးများကြားတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး တောအုပ်အတွင်းတွင်ပေါ်ပေါက်လာသည့် မြို့ပြတစ်ခုဖြစ်သည်။

ယခုအခါ တောင်ကုန်းငယ်များအကြား လူသူအရောက်အပေါက်နည်းသော လျှိုမြောင်ကလေးများတွင် လူအများစု တရားမဝင်နေထိုင်လျက်ရှိသည်ကို အလွယ်တကူတွေ့မြင်နိုင်ပါသည်။ အဆိုပါ တရားမဝင်အခြေချနေထိုင်သူများနှင့်အတူ အိမ်မွေးတိရစ္ဆာန်များလည်း အတူပါဝင်လာသည်ကိုတွေ့ရပါသည်။ ဝန်ထမ်းအိမ်ရာများနှင့်မနီးသော လျှိုမြောင်များတွင် ထိုကဲ့သို့ တရားမဝင်ကျူးကျော်အခြေချနေထိုင်သူများသည် ရေသန့်ဘူးခွံ အစရှိသော ဘူးခွံပေါင်းစုံကို ဝန်ထမ်းအိမ်ရာရှိ အမှိုက်ပုံများမှကောက်ယူစုဆောင်းကြသူများဖြစ်သည်။ သူတို့သည် ခြံဝင်းခတ်နိုင်ခြင်းမရှိသော တောအုပ်အတွင်းနေထိုင်ကြသူများဖြစ်ရကား လုံခြုံရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူရစေရန် ခွေးများကိုမွေးမြူထားကြခြင်းဖြစ်ပေမည်။

ကျွန်တော့်အနေဖြင့်တော့ မည်သည့်အကြောင်းကြောင့် တရားမဝင်ကျူးကျော်နေထိုင်ကြသည်ဖြစ်စေ တရားဝင်နေထိုင်ခွင့်ရရန်အတွက်လည်းကောင်း၊ လူ့အဖွဲ့အစည်းတွင် ဂုဏ်သိက္ခာရှိစွာနေထိုင်ခွင့်ရရန်သော်လည်းကောင်း ဆောင်ရွက်ပေးနိုင်ခွင့်ရှိသော လူပုဂ္ဂိုလ်များက ဆောင်ရွက်ပေးစေလိုပါသည်။ ထို့ထက် တောတောင်ရေမြေတွင် မူလကတည်းက မှီတင်းနေထိုင်ကြသော ရေကြက်ကလေးများ၊ ဘုတ်ငှက်များနှင့် တောကြက်ကလေးများကိုလည်း ကျူးကျော်နေထိုင်သူတို့၏ပယောဂကြောင့် နေရာပြောင်းရွှေ့ကျက်စားရခြင်းမရှိဘဲ အခြေမပျက် ဆက်လက်ရှင်သန်ခွင့်ရစေချင်ပါသည်။ ။

**ပေါ်ဦးသစ်**

www.burmeseclassic.com

www.burmeseclassic.com





# ပေါ့ပ်ကြယ်ပွင့် အဆိုတော်တေလာဆွစ်

➤ ရဲဦး

ပေါ့ပ်ကြယ်ပွင့် အဆိုတော်တေလာဆွစ်ကို ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်မှာ ဖွားမြင်ပါတယ်။ အမေရိကန်ပြည်ထောင်စု၊ ပင်ဆယ်ဗေးနီးယားပြည်နယ်မှာ မွေးဖွားကြီးပြင်းခဲ့ရပြီး အသက် ၁၄ နှစ်အရွယ်ရောက်တော့ တင်နက်ဆီပြည်နယ်၊ နက်ရှ်ဗီးလ်ကို ဂီတအလုပ်ကြောင့် ပြောင်းရွှေ့ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ Big Machine တေးသွင်းနဲ့စာချုပ်ချုပ်ခဲ့ပြီး အသက်အငယ်ဆုံးသီချင်းရေးသူဖြစ်လာပါတယ်။

သူ့ရဲ့ပထမဆုံးအလုပ်ကတော့ ခရစ္စမတ်သစ်ပင်ပေါ်လာနားတဲ့ နံ့ကောင်တွေကို ဖယ်ရှားပေးရတဲ့ အလုပ်ဖြစ်ပါတယ်။ အပင်ကို ပိုးမကိုက်စေဖို့လည်း ဂရုစိုက်ပေးရပါသေးတယ်။ သူ့ကို အဆိုတော်တေလာဆွစ်ရယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မသိကြသေးခင် အသက် ၁၄ နှစ်အရွယ်တုန်းက သူဟာ CMA Music Feast မှာ အလုပ်သင်အဖြစ်နဲ့ စတင်ခဲ့ပါတယ်။

သူက ဂီတာ၊ စန္ဒရား၊ ဘင်ဂျို အစရှိတဲ့ တူရိယာတွေကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာတီးခတ်နိုင်ပါတယ်။ တကယ်တော့ သူဟာ ကန်းထရီးသီချင်းဆိုတဲ့အဆိုရှင်ဖြစ်ချင်ခဲ့တာမဟုတ်ပါဘူး။ သူ့ရဲ့ဝါသနာက ဘဏ္ဍာရေးအကြံပေးတစ်ယောက်ဖြစ်ချင်ခဲ့တာပါ။ စာဖတ်တဲ့အခါမှာ လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတွေကို နှစ်သက်ပြီး အဆိုအမိန့်တွေကိုလည်း ဖတ်လေ့ရှိပါတယ်။ ခရီးရှည်ထွက်ရတာကိုလည်း ဝါသနာပါသူဖြစ်ပါတယ်။

တေလာဆွစ်လို့ပြောလိုက်တာနဲ့ သာယာကြည်လင်တဲ့အသံလေးနဲ့ ချစ်စရာမိန်းကလေးတစ်ယောက်ကိုပြေးမြင်မိမှာပါ။ သူက လက်ရာမြောက်တဲ့ ကိုယ်တိုင်ရေးသီချင်းတွေနဲ့အတူ ပရိသတ်ကိုဖမ်းစားနိုင်သူတစ်ယောက်လည်းဖြစ်ပါတယ်။ တေလာဆွစ်ရဲ့ ထွက်






ရှိလာသမျှ တစ်ကိုယ်တော်သီချင်းတိုင်းနီးပါးဟာ သူကိုယ်တိုင်ရေးထားတာတွေချည်းပါပဲ။

Billboard ရဲ့ Hot Country Song Chart မှာ နံပါတ်တစ်ဖြစ်ခဲ့တဲ့ 'Our Song'ကို သူကိုယ်တိုင်ရေးစပ်ခဲ့တာဖြစ်ပါတယ်။ တေလာဆွစ်ရဲ့ ပထမမြောက်အယ်လ်ဘမ်ဟာ ပွဲဦးထွက်မှာတင်ပေါက်ခဲ့ပြီး Our Song သီချင်းနဲ့ ကျေးလက်ဂီတစာရင်းမှာ အအောင်မြင်ဆုံးဖြစ်ခဲ့ကာ ၂၀၀၈ ခုနှစ်ရဲ့အကောင်းဆုံး တက်သစ်စအဆိုတော်ဆုကိုရရှိခဲ့ပါတယ်။

Love Story နဲ့ You Belong With Me သီချင်းတွေဟာ အအောင်မြင်ဆုံးဖြစ်ခဲ့ပြီး အမေရိကန်ရဲ့ အရောင်းရဆုံးအယ်လ်ဘမ်စာရင်းထဲမှာ ပါဝင်နိုင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com






ပါတယ်။ နောက်ပိုင်းထွက်ရှိခဲ့တဲ့ တေလာရဲ့ နာမည်ကြီးတေးသီချင်းတွေဟာလည်း ပရိသတ်တွေကြားထဲ ရေပန်းစား အောင်မြင်တဲ့ တေးသီချင်းကောင်းတွေပဲဖြစ်ပါတယ်။ တေလာရဲ့အောင်မြင်မှုတွေဟာဆိုရင် ဂရမ်မီဆု ၁၀ ဆု၊ Billboard တေးဂီတဆု ၁၂ ဆု၊ ကျေးလက်တေးဂီတအဖွဲ့ကချီးမြှင့်တဲ့ဆု ၁၁ ဆုနဲ့ ကျေးလက်တေးဂီတအကယ်ဒမီဆု ၆ ဆုကို ရရှိခဲ့ပါတယ်။

သူ့ရဲ့အချစ်ရေးကတော့ နည်းနည်းရှုပ်ထွေးသလိုပါပဲ။ ၂၀၀၉ ခုနှစ်တုန်းက တေလာဟာ သူ့ရဲ့ပထမဦးဆုံးရုပ်ရှင်ဇာတ်ကားဖြစ်တဲ့ Valentine Day ကိုရိုက်ကူးနေစဉ် တွဲဖက်သရုပ်ဆောင်ဖြစ်တဲ့ Taylor Lautner နဲ့ ချစ်သူအဖြစ်တွဲခဲ့ကြပြီး နှစ်ကုန်မှာ လမ်းခွဲခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်အကုန်ပိုင်းလောက်မှာ ရုပ်ရှင်သရုပ်ဆောင်ဖြစ်တဲ့ Jake Gyllenhaal နဲ့ ခဏတာလက်တွဲခဲ့ကြပါတယ်။ ပြီးတော့ One Direction အဖွဲ့က နာမည်ကြီးအဆိုတော်ဖြစ်တဲ့ Harry Styles နဲ့ ၂၀၁၂ ခုနှစ်မှာ ချစ်ကြိုက်ခဲ့ကြပါတယ်။ နောက်ပိုင်းမှာ အကြီးအကျယ်စကားများကြပြီး ၂၀၁၃ ခုနှစ်မှာ ဇာတ်လမ်းတွေပြီးဆုံးခဲ့ကြပါတယ်။

Calvin Harris နဲ့ ၂၀၁၅ ခုနှစ်မှာ ချစ်သူတွေဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ တေလာရဲ့အောင်မြင်မှုတွေကို သဝန်တိုတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ နှစ်ဦးသား လမ်းခွဲခဲ့ကြပါတယ်။ အဲဒီနောက် နာမည်ကြီးသရုပ်ဆောင် Tom Hiddleston နဲ့တစ်ခါ ချစ်ကျွမ်းဝင်ခဲ့ပြန်ပြီး ၂၀၁၆ ခုနှစ်ထဲမှာပဲ ပြတ်စဲခဲ့ကြပါတယ်။

ပေါ့ပ်ကြယ်ပွင့် အဆိုတော်တေလာဆွစ်က မကြာမကြာ အချစ်သစ်တွေမွေးဖွားနေတတ်ပြီး အခုလည်း နောက်ထပ်အချစ်သစ်တစ်ခုကို တွေ့နေပြန်ပြီဖြစ်ပါတယ်။ လက်ရှိတွဲနေတဲ့ရည်းစား ဂျိုးအယ်လ်ဝင်နဲ့ သူတို့နှစ်ဦးသားက ချစ်သူအဖြစ် အချိန်အနည်းငယ်တောင်ကြာနေပြီဖြစ်ကာ သတင်းမှုဆိုးပါပါရာဇီတွေ သတင်းအနံ့ခံကောင်းခဲ့ကြလို့ လျှပ်တစ်ပြက်ဓာတ်ပုံရိုက်ချက်



www.burmeseclassic.com

www.burmeseclassic.com





သက်တမ်းကာလတစ်လျှောက် မန်နေဂျာမထားဘဲ သူ့ရဲ့အစီအစဉ်တွေကိုပြီးမြောက်အောင်လုပ်ဆောင်ခဲ့ပါတယ်။ အနုပညာသည်တိုင်း မန်နေဂျာရှိမှ အဆင်ပြေနေတဲ့ခေတ်မှာ တေလာဟာ သူ့အလုပ်တွေကို မန်နေဂျာမရှိဘဲ ပိုင်ပိုင်နိုင်နိုင်လုပ်သွားနိုင်တာဟာ အံ့ဖွယ်အရည်အချင်းပါပဲ။ သူရရှိခဲ့တဲ့ ဂရမ်မီဆုတွေကို စင်ပေါ်မှာ တစုတစည်းတည်းမထားဘဲ အိမ်အတွင်းအလှဆင်သလိုထားရှိပါတယ်။ MTV Moonman ဆုကို မီးဖိုစင်ပေါ်မှာထားပြီး ရေချိုးခန်းမှာ Grammy ဆုတစ်ဆု၊ ငှက်လှောင်အိမ်ထဲမှာတော့ ၂၀၁၀ ပြည့်နှစ်တုန်းက ရခဲ့တဲ့ Grammy ဆုကို ထားပါတယ်။

တေလာဆွစ်က သူပိုင်ဆိုင်တဲ့ ဗီဗာလီဟေးစ်မှာရှိတဲ့အိမ်ကြီးကို နယ်မြေအမှတ်အသားတစ်ခုအဖြစ် ကြေညာခွင့်ရရှိလိုကြောင်းနဲ့ လတ်တလောနဲ့ ကြိုးခဲ့ရပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ အဆိုတော်မလေးတေလာက ကြိတ်ပုန်းခုတ်နေတဲ့ ၂၆ နှစ်အရွယ် ချစ်သူကောင်လေး ဂျိုးနဲ့ နယူးယောက်တိုက်ခန်းတစ်ခုကနေ အတူထွက်လာစဉ် ပါပါရာဇီတွေနဲ့တိုးခဲ့တာဖြစ်ပါတယ်။ ပေါ့ပေါ့ပါးပါး အားကစားဝတ်စုံတွေဝတ်ဆင်ပြီး ကျောပိုးအိတ်ကိုယ်စီလွယ်ကာ တိုက်ခန်းထဲကနေ သူတို့ထွက်လာစဉ် သတင်းသမားတွေက ဓာတ်ပုံအမိအရရိုက်ယူနိုင်ခဲ့ကြတာဖြစ်ပါတယ်။

သူဟာ နာမည်ကျော်တစ်ယောက်ဖြစ်ပေမယ့်လည်း သူ့ရဲ့ပရိသတ်တွေနဲ့ဆိုရင်တော့ တရင်းတနှီးပြောဆိုဆက်ဆံတတ်သူဖြစ်ပါတယ်။ သူဟာ Instagram, Facebook, Twitter လို Social Media တွေမှာလည်း သူ့ရဲ့ပရိသတ်တွေကို အချိန်ရရင်ရသလို စကားစမြည်ပြောတာမျိုး၊ ပို့စ်တွေအောက်မှာ Comment ပေးတာမျိုးလေးတွေလုပ်တတ်ပါတယ်။ သူ့ရဲ့အနုပညာ



www.burmeseclassic.com

www.burmeseclassic.com





မှာ အဲဒီအိမ်ကို အကြီးစားပြင်ဆင်မှုတွေလုပ်နေကြောင်း၊ ဖော့စ်ရှိုးဘစ်ဇ်ဒေါ်ကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။ သူ့ရဲ့နေအိမ်ကို အခုလို နယ်မြေအမှတ်အသားတစ်ခုအဖြစ် ကြေညာခြင်းခံရဖို့က လတ်တလောမှာ တေလာဆွစ်ဟာ ဗီဗာလီဟေးစ်ယဉ်ကျေးမှုအမွေအနှစ်ကော်မရှင်ရဲ့ အတည်ပြုချက်တစ်ခုကိုလည်းရရှိခဲ့ပြီးဖြစ်ပါတယ်။ အရင်က ဟောလီးဝုဒ်ရဲ့ထင်ရှားတဲ့ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ဆန်မြူရယ်လ်ဂိုးဒ်ဝင်းနဲ့ သူ့ရဲ့မိသားစုတွေနေထိုင်ခဲ့တဲ့ နေအိမ်ကြီးကို အမေရိကန်ဒေါ်လာ ၂၅ သန်းနဲ့ တေလာဆွစ်ကဝယ်ယူခဲ့တာဖြစ်ပါတယ်။ ၁၉၃၄ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ အဆိုပါအိမ်ကြီးဟာ အိပ်ခန်းခြောက်ခန်းနဲ့ ရေချိုးခန်းငါးခန်းပါဝင်ပြီး အိမ်ကြီးရဲ့ခြံဝင်းဟာလည်း ၁၀၉၈၂ စတုရန်းပေ ကျယ်ဝန်းပါတယ်။ ဒီအိမ်ကြီးကို လတ်တလောမှာ အကြီးစားပြင်ဆင်မှုတွေပြုလုပ်လျက်ရှိပြီး ဗီဗာလီဟေးစ်ဒေသရဲ့ အထင်ကရနယ်မြေအမှတ်အသားတစ်ခုအဖြစ် ဖန်တီးလိုတာဖြစ်ပါတယ်။ အဲဒီအိမ်ကြီးကို နယ်မြေအမှတ်အသားအဖြစ် ကြေညာပေးဖို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်မှာ ဗီဗာလီဟေးစ်ယဉ်ကျေးမှုအမွေအနှစ်ကော်မရှင်မှ အဖွဲ့ဝင်ငါးဦးက ထောက်ခံမဲပေးခဲ့ကြပါတယ်။

Forbes မဂ္ဂဇင်းက ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်အထိ ကမ္ဘာ့အချမ်းသာဆုံး ဆယ်လီ ၁၀၀ စာရင်းထုတ်ပြန်လိုက်တာမှာ တေလာဆွစ်က ထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ အသက် ၂၉ နှစ်အရွယ် တေလာဆွစ်ဟာ တစ်နှစ်တာအတွင်း အခွန်မဆောင်ရသေးမီ ဝင်ငွေ ဒေါ်လာ ၁၈၅ သန်း ရရှိသူဖြစ်ပါတယ်။

သူ့ရဲ့လူမှုရေးကူညီမှုတွေကြောင့် အသိအမှတ်ပြုခံရတဲ့ဆုတံဆိပ်တွေလည်း ရရှိခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်တုန်းက အိုင်အိုဝါရေဘေးအတွက် ကြက်ခြေနီအသင်းကို ဒေါ်လာတစ်သိန်းလှူဒါန်းခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ မေလတုန်းက တင်နက်ဆီပြည်နယ်ရေဘေးအတွက် ဒေါ်လာငါးသိန်းလည်းလှူဒါန်းခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် အမေရိကန်နိုင်ငံမှာ တော်နေးဒိုးမုန်တိုင်းဒဏ်ခံရသူတွေအတွက် ဒေါ်လာခုနစ်သိန်းခွဲလှူဒါန်းခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် လူဝီစီးယားနားပြည်နယ်ရေဘေးအတွက် ဒေါ်လာတစ်သန်းပေးလှူခဲ့ပြီး ၂၀၁၇ ခုနှစ် ဟာရီကိန်းမုန်တိုင်းဒဏ်သင့်ပြည်သူတွေအတွက် အာဟာရအလှူငွေအဖြစ် ထောက်ပံ့ကူညီခဲ့ပါတယ်။

၂၀၀၉ ခုနှစ်တုန်းက နိုင်ငံတစ်ဝန်း စာသင်ကျောင်းတွေမှာ ပညာရေးအဆင့်မြှင့်တင်နိုင်ဖို့ ဒေါ်လာနှစ်သိန်းခွဲလှူခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ နက်ရှ်ဗီးလ်အထက်တန်းကျောင်းမှာ အနုပညာခန်းမဆောက်လုပ်ဖို့အတွက် ဒေါ်လာခုနစ်သောင်းခွဲ မတည်ပေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ နက်ရှ်ဗီးလ်မြို့က ဂီတအနုပညာပြတိုက်မှာ စာသင်ဆောင်အသစ်ဆောက်လုပ်ဖို့လိုအပ်တဲ့ ဒေါ်လာလေးသန်းကို ရန်ပုံငွေရရှိအောင်ဆောင်ရွက်ပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ကောလိပ် ၆ ခုမှာလိုအပ်နေတဲ့ ဂီတ ပြဋ္ဌာန်းစာပြုစုဖို့ ဒေါ်လာခြောက်သောင်းပေးလှူခဲ့ပါတယ်။ ပင်ဆယ်ဗေးနီးယားပြည်နယ်စာကြည့်တိုက်အတွက် စာအုပ်ခြောက်ထောင်လှူခဲ့သလို နက်ရှ်ဗီးစာကြည့်တိုက်အတွက် စာအုပ်တစ်သောင်းလေးထောင်၊ နယူးယောက်မြို့တော် ကလေးဆေးရုံက စာကြည့်တိုက်အတွက် ကျန်းမာရေးနဲ့ပတ်သက်တဲ့စာအုပ်နှစ်သောင်းငါးထောင်၊ နယူးယောက်ပညာရေးဌာနကို ဒေါ်လာငါးသောင်း လှူဒါန်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ကင်ဆာဖောင်ဒေးရှင်းအတွက် ဒေါ်လာတစ်သိန်း၊ ဖီလာဒဲဖီးယားကလေးဆေးရုံအတွက် ဒေါ်လာငါး




သောင်းတို့အပြင် အယ်လ်တန်ဂျွန်အေအိုင်ဒီအက်စ်ဖောင်ဒေးရှင်း၊ ဂီတလောက နာမကျန်းထောက်ပံ့ရေး၊ ယူနီဆက်စီမံကိန်းအချို့တို့အတွက်လည်း ထောက်ပံ့ကူညီမှုတွေပြုလုပ်ခဲ့ပါသေးတယ်။

၂၀၁၈ ခုနှစ်မှာ ဟောလီးဝုဒ်က အမျိုးသမီး ၃၀၀ အစုအဖွဲ့နဲ့အတူ လိင်အကြမ်းဖက်မှုကာကွယ်ရေးနဲ့ ကျားမခွဲခြားမှုဆန့်ကျင်ရေးအတွက် ဒေါ်လာတစ်သိန်းလှူခဲ့ပြီး သူကိုယ်တိုင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဖွန်လမှာလည်း မီဒီယာရှေ့နေများအဖွဲ့ကို ပမာဏဖော်ပြမထားတဲ့ ငွေကြေးပေးလှူခဲ့ကြောင်း သိရပါတယ်။ ကင်ဆာရောဂါဝေဒနာသည်တွေအတွက် 'Stand Up to Cancer' ဆိုတဲ့ အစီအစဉ်ကိုလည်း ပရဟိတအနေနဲ့ ထုတ်လွှင့်ပေးခဲ့ပါတယ်။

တေလာဆွစ်ရဲ့ Reputation World Tour ဟာ ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်မှာ စတင်ခဲ့ပါတယ်။ အဲဒီပွဲအတွက် အထူးပြင်ဆင်ခဲ့တဲ့ တေလာဆွစ်ဟာ ဝတ်စုံပြည့်လေ့ကျင့်တဲ့အခါမှာတော့ ပရိသတ်တစ်ဦးမှမရှိတဲ့ ဇာတ်ရုံထဲမှာ လေ့ကျင့်တာမျိုးမလုပ်တော့ဘဲ စောင့်ရှောက်ရေးဂေဟာက ကလေးငယ်တွေနဲ့ ဂေဟာတာဝန်ရှိသူတွေကို ဖိတ်ကြားခဲ့ပြီး သူ့ရဲ့လေ့ကျင့်မှုတွေကို အခမဲ့လာရောက်ကြည့်ရှုဖို့ကမ်းလှမ်းခဲ့ပါတယ်။ စောင့်ရှောက်ရေးဂေဟာမှာရှိတဲ့ ကလေးတွေနဲ့ တာဝန်ရှိသူဦးရေဟာ စုစုပေါင်း ၂၀၀၀ ကျော်ရှိပြီး သုံးနာရီကြာတင်ဆက်ဖျော်ဖြေမှုအပြီးမှာတော့ သူက ပီဇာ၊ ဘီစကွတ်တွေနဲ့ တခြားမုန့်မျိုးစုံကိုလည်း ဝယ်ကျွေးခဲ့သေးတယ်လို့ သိရပါတယ်။ သူဟာ အရိုဇိုးနား ကဇာတ်ရုံတစ်ခုမှာ လေ့ကျင့်ခဲ့တာဖြစ်ပြီး ကလေးတွေအတွက်တော့ အလွန်ရခဲတဲ့အခွင့်အရေးဖြစ်ပါတယ်။ တက်ရောက်ခဲ့သူတစ်ဦးက ဒေသခံသတင်းစာနဲ့ တွေ့ဆုံစဉ်မှာ တေလာဆွစ်ဟာ ရှိုးပွဲမစမီမှာ ဂေဟာအကြီးအကဲတွေနဲ့လည်း စကားလက်ဆုံကျခဲ့သလို ကလေးတွေနဲ့ ပျော်ပျော်ပါးပါးစကားပြောခဲ့သေးတယ်လို့ ဆိုပါတယ်။ အဲဒီနောက် သူ့ရဲ့နောက်ဆုံးထွက်ထားတဲ့ အယ်လ်ဘမ်အခွေတချို့ပေါ်မှာ အမှတ်တရလက်မှတ်ရေးထိုးပေးပြီး ကလေးတွေအတွက် ပီဇာပါတီကိုလည်း ကျင်းပပေးခဲ့ပါတယ်။ ။

ရဲဦး

Ref; https://www.taylorswift.com/
https://en.wikipedia.org/wiki/Taylor_Swift
https://www.biography.com/musician/ taylor-swift

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ ဘာသာကြီးလေးခုရှိတဲ့အနက် ဗုဒ္ဓဘာသာဟာ ၄ ခုမြောက် ကိုးကွယ်သူလူဦးရေ အများဆုံးဘာသာဖြစ်ပါတယ်။ ကိုးကွယ်သူလူဦးရေအားဖြင့်တော့ သန်း ၅၀၀ ခန့်ရှိကာ ကမ္ဘာ့လူဦးရေစုစုပေါင်းရဲ့ ၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာမှာ ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယာနဗုဒ္ဓဘာသာ၊ ဝဇီရယာနဗုဒ္ဓဘာသာဆိုပြီး အဓိက ၃ မျိုးရှိပါတယ်။ တိဗက်ဗုဒ္ဓဘာသာဖြစ်တဲ့ ဝဇီရယာနဗုဒ္ဓဘာသာကို အချို့က မဟာယာနရဲ့ ဂိုဏ်းခွဲလို့ သတ်မှတ်သော်လည်း အချို့ကမူ မူလဗုဒ္ဓဘာသာရဲ့ တတိယမြောက်ဂိုဏ်းကြီးအဖြစ် သတ်မှတ်ကြပါတယ်။

တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ် စတဲ့နိုင်ငံတွေက မဟာယာနဗုဒ္ဓဘာသာဖြစ်ပြီး မြန်မာ၊ ထိုင်း စတဲ့ အရှေ့တောင်အာရှနိုင်ငံတွေက ထေရဝါဒဗုဒ္ဓဘာသာဖြစ်ကာ ကျန်တဲ့ ဘူတန်၊ တိဗက်၊ မွန်ဂိုလီးယား၊ နီပေါ စတဲ့ နိုင်ငံတွေကတော့ ဝဇီရယာနဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါတယ်။ ယနေ့အချိန်မှာတော့ ကမ္ဘာပေါ်က ဗုဒ္ဓဘာသာကိုးကွယ်သူအများဆုံးရှိတဲ့ နိုင်ငံ ၁၀ နိုင်ငံအကြောင်းကို ဗဟုသုတအဖြစ်တင်ပြလိုက်ပါတယ်။

➤ ရဲမာန်ဝ

# ကမ္ဘာပေါ်က ဗုဒ္ဓဘာသာဝင်အများဆုံး ၁၀ နိုင်ငံ



## ၁။ တရုတ်နိုင်ငံ

ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာကိုးကွယ်သူအများဆုံးရှိတဲ့နိုင်ငံကတော့ တရုတ်နိုင်ငံပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာတော့ နိုင်ငံလူဦးရေစုစုပေါင်းရဲ့ ၁၅ ဒသမ ၈၇ ရာခိုင်နှုန်းဟာ ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါတယ်။ မဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်ကြတာဖြစ်ပြီး အရေအတွက်အားဖြင့်ဆိုရင်တော့ ၂၄၄ သန်းခန့်ရှိပါတယ်။

မဟာယာနဗုဒ္ဓဘာသာကနေ အခြေခံထားတဲ့ တရုတ်ဗုဒ္ဓဘာသာ၊ တိဗက်ဗုဒ္ဓဘာသာ၊ ဂျပန်ဗုဒ္ဓဘာသာတို့အပြင် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သူတွေလည်းရှိပါတယ်။ ဟန်မင်းဆက်လက်ထက် အေဒီ ၁ ရာစုလောက်ကတည်းက အိန္ဒိယနိုင်ငံ သာသနာပြုတွေထံကနေတစ်ဆင့် ဗုဒ္ဓဘာသာဟာ တရုတ်နိုင်ငံကိုရောက်ရှိလာခဲ့တာပဲဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





၂။ ထိုင်းနိုင်ငံ

ဗုဒ္ဓဘာသာဟာ ဘီစီ ၂၅၀ ခန့်မှာပဲ အသောကမင်းကြီးစေလွှတ်လိုက်တဲ့ သာသနာပြုအဖွဲ့တွေနဲ့ ရောက်ရှိလာခဲ့တာပဲဖြစ်ပါတယ်။ ထိုင်းဘုရင် အစဉ်အဆက်ဟာလည်း ဗုဒ္ဓဘာသာကိုစောင့်ရှောက်ခဲ့ကြပြီး အေဒီ ၁၃ ရာစု Sukhothai ဘုရင့်နိုင်ငံလက်ထက်မှာတော့ ထေရဝါဒဗုဒ္ဓဘာသာဟာ နိုင်ငံတော်ဘာသာ ဖြစ်လာခဲ့ပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာကိုကိုးကွယ်ကြသူများဟာ အရေအတွက်အားဖြင့်ဆိုရင်တော့ ၆၄ သန်း ၄ သိန်း ၂ သောင်းခန့်ရှိပါတယ်။





၃။ မြန်မာနိုင်ငံ

ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ ကမ္ဘာမှာထင်ရှားတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံကတော့ ဗုဒ္ဓဘာသာဝင် အများဆုံးနိုင်ငံစာရင်းမှာတော့ နံပါတ် ၃ မှာရှိပါတယ်။ နိုင်ငံ၏စုစုပေါင်းလူဦးရေရဲ့ ၈၇ ဒသမ ၉ ရာခိုင်နှုန်းက ထေရဝါဒဗုဒ္ဓဘာသာကိုကိုးကွယ်ကြပြီး အရေအတွက်အားဖြင့်ဆိုရင်တော့ ၃၈ သန်း ၄ သိန်း ၁ သောင်းခန့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုတော့ ဗုဒ္ဓဘာသာဟာ ဘီစီ ၂၂၈ ခန့်မှာ အသောက မင်းကြီးစေလွှတ်လိုက်တဲ့ သာသနာပြုရဟန်းတော်တွေဖြစ်တဲ့ အရှင်သောနနဲ့ အရှင်ဥတ္တရ (Sona and Uttara)ကနေ ပြန့်ပွားလာခဲ့တယ်လို့ သိရပါတယ်။ အရှင်သောနနဲ့ အရှင်ဥတ္တရတို့ဟာ သုဝဏ္ဏဘူမိ(သထုံ) ကိုရောက်ရှိပြီး ဗုဒ္ဓဘာသာဟာ မြန်မာနိုင်ငံမှာ စတင်ပြန့်ပွားခဲ့တာဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှာတော့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် စတင်ပြဋ္ဌာန်းခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





### ၄။ ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံမှာတော့ ရှင်တိုဘာသာဟာ ကိုးကွယ်သူအများဆုံးဘာသာဖြစ်ပြီး ဒုတိယကိုးကွယ်သူအများဆုံးဘာသာက ဗုဒ္ဓဘာသာပဲဖြစ်ပါတယ်။ နိုင်ငံလူဦးရေစုစုပေါင်းရဲ့ ၃၄ ဒသမ ၉ ရာခိုင်နှုန်းခန့်က မဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး လူဦးရေနဲ့တွက်ရင် ၈၄ သန်း ၆ သိန်း ၅ သောင်း ၃ ထောင်ခန့် ကိုးကွယ်ကြတာပဲဖြစ်ပါတယ်။ မဟာယာနဗုဒ္ဓဘာသာကိုမှ Pure Land Buddhism၊ Nichiren Buddhism၊ Shingon Buddhism နဲ့ Zen ဆိုပြီး ဂိုဏ်းခွဲအသီးသီးရှိကြပါသေးတယ်။ ဗုဒ္ဓဘာသာဟာ ဂျပန်နိုင်ငံကိုတော့ အေဒီ ၅၅၂ ခုလောက်မှာ Baekje ဘုရင့်နိုင်ငံ(ကိုရီးယား)ကနေတစ်ဆင့် ရောက်ရှိလာခဲ့တာပဲဖြစ်ပါတယ်။ Baekje ဘုရင် Seong ဟာ ဂျပန်အင်ပါယာဘုရင် Kinmei ထံ ဘုန်းတော်ကြီး၊ သီလရှင်တွေနဲ့အတူ ဗုဒ္ဓဘာသာကျမ်းစာများ ပေးလွှတ်ခဲ့ရာကနေ ဗုဒ္ဓဘာသာဟာ ဂျပန်မှာ အစပြုခဲ့တာဖြစ်ပါတယ်။



### ၅။ ကမ္ဘောဒီးယားနိုင်ငံ

ခမာတို့ရဲ့နိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံမှာတော့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ထားပါတယ်။ နိုင်ငံလူဦးရေစုစုပေါင်းရဲ့ ၉၆ ဒသမ ၉ ရာခိုင်နှုန်းခန့်က ဗုဒ္ဓဘာသာဝင်တွေဖြစ်ပါတယ်။ စုစုပေါင်း ဗုဒ္ဓဘာသာဝင် ၁၃ သန်း ၆ သိန်း ၉ သောင်း ခန့်ရှိပါတယ်။ ကမ္ဘောဒီးယားကိုတော့ အေဒီ ၅ ရာစုခန့်လောက်ကတည်းက ဗုဒ္ဓဘာသာရောက်ရှိနေခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့ အစောပိုင်းဗုဒ္ဓဘာသာက မဟာယာနဗုဒ္ဓဘာသာဖြစ်ပြီး ယနေ့အချိန်မှာတော့ ထေရဝါဒဗုဒ္ဓဘာသာအဖြစ် ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာကို ၁၃ ရာစုကနေစလို့ ယနေ့အချိန်ထိကိုးကွယ်လာခဲ့တာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၆။ သီရိလင်္ကာနိုင်ငံ



ထေရဝါဒဗုဒ္ဓဘာသာအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ သီရိလင်္ကာနိုင်ငံမှာတော့ နိုင်ငံလူဦးရေ စုစုပေါင်းရဲ့ ၇၀ ဒသမ ၂ ရာခိုင်နှုန်းခန့်ဟာ ဗုဒ္ဓဘာသာကိုးကွယ်ကြပါတယ်၊ ကိုးကွယ်သူအရေအတွက်ကတော့ ၁၄ သန်း ၄ သိန်း ၅ သောင်းခန့်ဖြစ်ပါတယ်၊ သီဟိုဠ်ကျွန်းကိုတော့ ဗုဒ္ဓဘာသာဟာ အသောကဘုရင်လက်ထက် တတိယသင်္ဂါယနာတင်ပြီးချိန် ဘီစီ ၂၅၀ ခန့်မှာ စတင်ရောက်ရှိခဲ့တယ်လို့ ဆိုပါတယ်၊ ဗုဒ္ဓဘာသာကို စတင်ပြန့်ပွားစေခဲ့တဲ့သူကတော့ အသောကဘုရင်ရဲ့သားတော်ဖြစ်တဲ့ ရဟန်းတော် အရှင်မဟိန္ဒ (Ven Mahinda) ဖြစ်ပါတယ်၊ အရှင်မဟိန္ဒဟာ သီဟိုဠ်ကျွန်းက Mihintale (မဟိန်တလေတောင်)မှာ စတင်သီတင်းသုံးခဲ့ပြီးနောက် ညီမတော် ဘိက္ခုနီသံဃာမိတ္တ(Sanghamitta)ကို ဗောဓိပျိုးပင်ငယ်ကိုယူဆောင်လာစေခဲ့ပြီးတဲ့နောက် ပထမဆုံးဘုန်းတော်ကြီးကျောင်းကို သီရိလင်္ကာနိုင်ငံမှာ စတင်တည်ထောင်ခဲ့ပါတယ်၊ ယနေ့အချိန်မှာတော့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ၆၀၀၀ ကျော်ခန့်ရှိနေပြီဖြစ်ပါတယ်၊



## ၇။ ဗီယက်နမ်နိုင်ငံ


ဗီယက်နမ်လူမျိုးအများစုကတော့ ဗီယက်နမ်ရိုးရာဘာသာ (Vietnamese Folk Religion) ကို ကိုးကွယ်ကြပေမယ့် ဒီနိုင်ငံရဲ့ဒုတိယအကြီးဆုံးဘာသာကတော့ ဗုဒ္ဓဘာသာဖြစ်ပါတယ်၊ စုစုပေါင်းဗီယက်နမ်လူဦးရေရဲ့ ၁၂ ဒသမ ၂ ရာခိုင်နှုန်းက မဟာယာနဗုဒ္ဓဘာသာကိုကိုးကွယ်ကြပြီး အရေအတွက်အားဖြင့်ဆိုရင်တော့ ၁၄ သန်း ၃ သိန်း ၈ သောင်းခန့်ရှိပါတယ်၊ ဘီစီ ၂ ရာစု၊ သို့မဟုတ် ၃ ရာစုလောက်တုန်းက အိန္ဒိယ၊ သို့မဟုတ် တရုတ်နိုင်ငံကနေ ဗုဒ္ဓဘာသာဟာ ဗီယက်နမ်နိုင်ငံကိုရောက်ရှိခဲ့ပြီလို့ ပညာရှင်တွေက ခန့်မှန်းကြပါတယ်၊ အေဒီ ၂ ရာစုဝန်းကျင်လောက်မှာတော့ ယနေ့ Bắc Ninh ပြည်နယ်ဖြစ်လာမယ့် Luy Lâu ဒေသမှာ မဟာယာနဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



## ၈။ အိန္ဒိယ နိုင်ငံ



တစ်ချိန်က ဗုဒ္ဓဘာသာဝင်အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ဖူးတဲ့ အိန္ဒိယနိုင်ငံရဲ့ ယနေ့ဗုဒ္ဓဘာသာဝင်လူဦးရေကတော့ အလွန်နည်းပါး သွားခဲ့ပါပြီ။ ဗုဒ္ဓဘာသာစတင်ခဲ့ရာနေရာလို့ဆိုရမယ့် အိန္ဒိယနိုင်ငံမှာရှိတဲ့ ဘာသာတွေအနက် ဗုဒ္ဓဘာသာဟာ ၅ ခု မြောက်အများဆုံး ဘာသာဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့်ဆိုရင်တော့ အိန္ဒိယနိုင်ငံ စုစုပေါင်း လူဦးရေရဲ့ ဝ ဒသမ ၇ ရာခိုင်နှုန်းသာ ကျန်ရှိပါတော့တယ်။ လူဦးရေ သန်းပေါင်း ၁၃၀၀ ကျော်ရှိတဲ့ အိန္ဒိယနိုင်ငံရဲ့ ဝ ဒသမ ၇ ရာခိုင်နှုန်းလို့ ဆိုပေမယ့် အရေအတွက်အားဖြင့်ဆိုရင်တော့ ၉ သန်း ၂ သိန်း ၅ သောင်းခန့်ရှိပါတယ်။ ဗုဒ္ဓဘာသာရဲ့ရှေ့မှာတော့ ဟိန္ဒူ၊ အစ္စလာမ်၊ ခရစ်ယာန်၊ ဆစ်ခ် စတဲ့ ဘာသာတွေက အိန္ဒိယမှာ ကိုးကွယ်သူ အများဆုံးဖြစ်ပါတယ်။

## ၉။ တောင်ကိုရီးယားနိုင်ငံ



တောင်ကိုရီးယားနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေကတော့ မဟာယာနဗုဒ္ဓဘာသာအပေါ်မှာ အခြေခံထားတဲ့ ကိုရီးယားဗုဒ္ဓဘာသာ (Korean Buddhism) ကို ကိုးကွယ်ကြပါတယ်။ နိုင်ငံစုစုပေါင်းလူဦးရေရဲ့ ၁၅ ဒသမ ၅ ရာခိုင်နှုန်းခန့်က ဗုဒ္ဓဘာသာကိုကိုးကွယ်တာဖြစ်ပြီး အရေအတွက်အားဖြင့်ဆိုရင်တော့ ၁၁ သန်း ၅ သောင်းခန့်ရှိပါတယ်။ ကိုရီးယားနိုင်ငံကိုတော့ ဗုဒ္ဓဘာသာဟာ အေဒီ ၃၇၂ ခန့်မှာ တရုတ်နိုင်ငံ Former Qin ပြည်နယ်ကတစ်ဆင့် ပျံ့နှံ့ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

## ၁၀။ မလေးရှားနိုင်ငံ



မလေးရှားနိုင်ငံဟာ အစ္စလာမ် ဘာသာကိုးကွယ်သူအများဆုံးဆိုတာ သိကြပြီးဖြစ်မှာပါ။ ဒါပေမဲ့ မလေးရှားနိုင်ငံလူဦးရေစုစုပေါင်းရဲ့ ၁၉ ဒသမ ၈ ရာခိုင်နှုန်းက ဗုဒ္ဓဘာသာကိုးကွယ်သူတွေဖြစ်ကာ လူဦးရေအားဖြင့်တော့ ၅ သန်း ၁ သောင်းခန့်ရှိပါတယ်။ အဓိက ကိုးကွယ်သူတွေက မလေးအနွယ်ဝင် တရုတ်လူမျိုးတွေက ကိုးကွယ်ခဲ့ကြတာပဲ ဖြစ်ပါတယ်။ မလေးကျွန်းဆွယ်ကို ရေကြောင်းကနေဝင်ရောက်လာတဲ့ အိန္ဒိယကုန်သည်တွေနဲ့ ဘုန်းတော်ကြီးတွေထံမှတစ်ဆင့် ဗုဒ္ဓဘာသာဟာ မလေးရှားနိုင်ငံသို့ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ချိုလာမင်းဆက်များမအုပ်စိုးမီ ၁၁ ရာစုအချိန်ထိတော့ ဟိန္ဒူဘာသာနဲ့ ဗုဒ္ဓဘာသာဟာ မလေးရှားနိုင်ငံရဲ့ကိုးကွယ်သူအများဆုံးဘာသာတွေ ဖြစ်ခဲ့ဖူးပါတယ်။ ။

ရဲမာန်ခ

Source; 10 Countries with Highest Buddhist Population by www.insidermonkey.com
www.thutazone.com

www.burmeseclassic.com

www.burmeseclassic.com



ရသစာတမ်း

# ကိုစာကမြ
## နှစ်မွေးပန်း

ဇွန်လ ၂ ရက်က
တက္ကသိုလ်ဝင်တန်းစာမေးပွဲ
အောင်စာရင်းထွက်လာပါသည်။
ရောင်နီပျို့ဆဲသာရှိပေမယ့်
လမ်းပေါ်မှာ လူတွေမနည်းလှ၊
အိမ်အနီးမှာ ဖြတ်သွားဖြတ်လာ
ရှိကြသူများအနက်
ကျောင်းသားမိဘ
အချို့ပျော်ကြသည်၊
အချို့ငိုကြသည်၊ အချို့
မအောင်သော်ငြားလည်း
အပြုံးမပျက်၊
ဟန်ဆောင်ပြုံးလည်း
ဖြစ်နိုင်ပါသည်။
ပြုံးသူသုံးဦးရှိလျှင်
မဲ့သူခုနစ်ဦးနှုန်း ရှိပါသည်။
မဲ့သူတွေဘက်က အမြဲ
အလေးသာလျက်ရှိ၏။
မိဘတွေနှင့် ကျောင်းသား
တွေကိုမြင်ရချိန်တွင်
အတိတ်ကိုအမှတ်ရမိသည်။
ကျွန်တော် ဆယ်တန်းအောင်တာ
ဆယ်စုနှစ်နှစ်ခုနီးပါးရှိခဲ့ပြီ။
သို့သော် ဆယ်တန်း
အောင်စာရင်းထွက်ပြီဟု
အသံကြားရတိုင်း ရင်ခုန်ရမြဲ၊
ဝမ်းသာပီတိဖြစ်ရမြဲ။
ဖြစ်ရပ်ကလေးတစ်ခုကို
လွမ်းမြဲလွမ်းလျက်သာရှိပါ၏။
ကျန်အချိန်များ၌ စားဝတ်
နေရေး၊ ကြွေးဟောင်း၊
ကြွေးသစ်အရေးတို့အတွက်
လှုပ်ရှားရုန်းကန်နေရသဖြင့်
မေ့လျော့တောင်း
မေ့လျော့နိုင်သော်လည်း
ဤအချိန်ကိုရောက်တိုင်း
တစ်ခုသောအကြောင်းက
ပြက်ပြက်ထင်ထင်ရှိလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com





“

ပြတင်းတံခါးအနီးမှ
ညမွှေးပန်းရုံကလေးသည်
လေငြိမ်နေသည့်တိုင် နှစ်လို့ဖွယ်ရနံ့တို့က
တသင်းသင်းမွှေးလျက်
ညရနံ့တို့သည် နောက်ဆုံးနှုတ်ဆက်နေကြ၏။
ညမွှေးပန်းကလေးသည် ညစဉ်ညတိုင်းဝတ်မပျက်
မွှေးလှော့ရှိသကဲ့သို့ ဖြစ်ရပ်ကလေးတစ်ခုသည်
တစ်နှစ်တစ်ခါမှန်မှန်မွှေးစေသော
နှစ်မွှေးပန်းကလေးအဖြစ် ရှိနေပါလိမ့်မည်။

”

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းတံခါးအနီးမှ ညမွှေးပန်းရုံကလေးသည် လေငြိမ်နေသည့်တိုင် နှစ်လိုဖွယ်ရနံ့တို့က တသင်းသင်း မွှေးလျက် ညရနံ့တို့သည် နောက်ဆုံးနှုတ်ဆက်နေကြ၏။ ညမွှေးပန်းကလေးသည် ညစဉ်ညတိုင်းဝတ်မပျက် မွှေးလေ့ရှိသကဲ့သို့ ဖြစ်ရပ်ကလေးတစ်ခုသည် တစ်နှစ်တစ်ခါ မှန်မှန်မွှေးစေသော နှစ်မွှေးပန်းကလေးအဖြစ် ရှိနေပါလိမ့်မည်။

ကျွန်တော့်တွင် အစ်ကိုတစ်ဦးရှိပါသည်။ အစ်ကို ပထမတန်းစတက်သည့်နှစ်မှာ ကျွန်တော့်ကိုမွေးပါသည်။ မိသားစုတစ်ခုလုံး၏အချစ်တော်ဘဝမှာ အတန်ကြာနေဖူးသည့် အစ်ကိုက နေရာလုလာသည့် ကျွန်တော့်ကို ကြည်ဖြူပုံမရ။ ညီအစ်ကိုဆိုပေမယ့် စရိုက်၊ အသွင်အပြင် လုံးလုံးခြားနားပါသည်။ အမှန်အတိုင်းဝန်ခံရပါလျှင် အစ်ကိုနှင့်ကျွန်တော် မတည့်။ သူက လေးဆယ့်တစ်နှစ်။ ကျွန်တော်က သုံးဆယ့်ခြောက်နှစ်။ ယခုအချိန်အထိမတည့်။ နှစ်ဦးသားဆုံချိန် ဆယ့်ငါးမိနစ်ကျော်လာပါက လွန်ခဲ့သည့်နှစ်ပေါင်းသုံးဆယ်ကလို ရန်ဖြစ်မြဲသာ။ ယခင်ကတော့ လက်သီးနှင့်ထိုးကြသည်။ ယခုတော့ စကားလုံးနှင့်ထိုးသည်။ တစ်ခါတလေသာသာထိုးပေမယ့် ထိချက်တွေပြင်းသည်။

အဝေးရောက်လျှင် အစ်ကို့ကို ကျွန်တော်လွမ်းပါသည်။ သူလည်း လွမ်းနေမည်ဖြစ်ကြောင်း အလိုလိုသိပါသည်။ မတည့်သည့်ညီအစ်ကိုမို့ တိုင်ပင်နှီးနှောမှုဆိုတာ ရှားလွန်းပါသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်သာ တိုင်ပင်ဖြစ်ခဲ့သည်။ ညီညွတ်



စွာတိုင်ပင်ခဲ့ကြပါသည်။

အစ်ကိုက ဆယ်တန်းနှစ်မှာ ကျွန်တော်က ခြောက်တန်း။ မိဘတွေစီးပွားပျက်သည့်အဖြစ်နှင့်ကြုံရသည်။ နံနက်စာစားပြီးလျှင် ညစာဘယ်နေမှန်းမသိ။ မိဘများ အူယားဖားယားရှာဖွေရသည်။ အချိန်မတော်မှ ဆန်ဝယ်ချက်ရသည်။ အလွန်ခက်ခဲသည့်အချိန်ကို တည့်တည့်ကြုံရသည်။ မိုးရွာလျှင် ကျောင်းသွားရန် အလွန်ကြောက်ပါသည်။ ညီအစ်ကိုနှစ်ယောက်စလုံး ထီးမရှိ။ ကျောင်းရောက်လျှင် အကျႌရေစို၊ ကျောင်းစိမ်းရေစိုလေးများနှင့် စာသင်ခုံပေါ်မှာ တဆတ်ဆတ်တုန်အောင် ထိုင်နေရသည်။ အိမ်ပြန်ရောက်လျှင် ကျွန်တော်နှင့် အစ်ကို၏လုံချည်ကလေးများကို အမေက မီးဖိုတွင် ကင်ပေးပါသည်။ ကင်ပုံကင်နည်း ထူးပါသည်။ လုံကွင်းတစ်ဖက်စကို စုစည်းလိုက်ပြီးလျှင် မီးဖိုပေါ်တွင် အမေက လှည့်ပါသည်။ မှိုင်းဝင်ပြီး မီးပုံးများဖောက်ထိုးဆွဲထားသကဲ့သို့ ဖောင်းဖောင်းကလေး လည်နေလျှင် ကျွန်တော်ငေးကြည့်နေမိပါသည်။ အစ်ကိုလည်း ဘောင်းဘီတိုလေးဖြင့် အမေလုပ်သမျှ မျက်ရည်အဝိုင်းသားနှင့် ငေးနေတာ ကျွန်တော်မှတ်မိသည်။ မကြာခင် လုံချည်ကလေးများ ခြောက်ပါသည်။ နွေးနွေးလေးဝတ်ရပေမယ့် မှိုင်းနံ့တွေလည်း ဝေလို့။ အစ်ကိုနှင့်မတော်တော့သည့် ရော်ဘာဖိနပ်ကလေးကို ကျွန်တော် ဆက်စီးရပါသည်။ ညီအစ်ကိုနှစ်ဦး၏ ဖနောင့်ဒဏ်ကို နှစ်နှင့်ချီ၍ခံစားခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



> ကျောင်းထွက်မည်ဟုတိုင်ပင်တိုင်း
> အမေ့ကိုသတိရမိသည်။
> သားတွေကိုပညာတတ်စေချင်
> လွန်းသဖြင့် ရှိသမျှရောင်းချပြီး
> ဇာတိရွာကလေးကို
> စွန့်ခွာခဲ့သည့်အမေ။
> အမေ့ကိုတော့
> မျှော်လင့်ချက်မမဲ့စေချင်၊
> သို့နှင့် တစ်ဦးကကျောင်းထွက်၍
> အလုပ်လုပ်ရန်
> ဆုံးဖြတ်ကြသည်။

သောဖိနပ်လေးမှာ နောက်ဆုံးအကွင်းလိုက် ပြတ်နေပါသည်။ ဗလာစာအုပ်တစ်အုပ်တည်းမှာ အစ်ကိုက ဘာသာပေါင်းစုံရေးရသည်။ ကျောင်းကတောက်သည့် တံမြက်စည်းဖိုး ပန်းဖိုး၊ အချိန်ပိုကြေးတို့အတွက် မတ်တတ်ရပ်ရသည့် လူစာရင်းတွင် ကျွန်တော်တို့ညီအစ်ကို အမြဲပါသည်။ အခြေအနေမျိုးစုံကြောင့် ကျောင်းဆက်တက်ရန် မဖြစ်နိုင်ကြောင်းကို ကျွန်တော်တို့နှစ်ဦးသား အလိုလို နားလည်လာကြသည်။ သို့သော် ကျောင်းထွက်မည်ဟုတိုင်ပင်တိုင်း အမေ့ကို သတိရမိသည်။ သားတွေကို ပညာတတ်စေချင်လွန်းသဖြင့် ရှိသမျှရောင်းချပြီး ဇာတိရွာကလေးကိုစွန့်ခွာခဲ့သည့်အမေ၊ အမေ့ကိုတော့ မျှော်လင့်ချက်မမဲ့စေချင်၊ သို့နှင့် တစ်ဦးကကျောင်းထွက်၍ အလုပ်လုပ်ရန် ဆုံးဖြတ်ကြသည်။ ဆယ်တန်းရောက်နေသည့်အစ်ကိုက အမေ့ရည်မှန်းချက်ကို မြန်မြန်အကောင်အထည်ဖော်နိုင်မည့်သူ။ ထို့ကြောင့် အစ်ကိုကျောင်းဆက်တက်၍ ကျွန်တော်အလုပ်လုပ်ရန် ဆုံးဖြတ်ပါသည်။

ထိုဆုံးဖြတ်ချက်ကို အစ်ကိုငြင်းပါသေးသည်။ အကျိုးအကြောင်းသင့်လွန်းသဖြင့် မငြင်းသာတော့ဘဲ အစ်ကိုလက်ခံရသည်။ သူဆယ်တန်းအောင်လျှင် ကျောင်းဆက်မတက်ဘဲ ကျွန်တော့်ကို ကျောင်းပြန်ထားမည်ဟု သဘောတူခဲ့သည်။ အမေ့ကို ကျွန်တော်တို့ ဆုံးဖြတ်ချက်ပြောပြတော့ အမေမှိုင်ကြီးတငိုင်ငိုင်ပါသည်။ အမေ့မျက်ရည်ကို မြင်ရခဲ့၏။ အမေသည် ကျွန်တော်တို့ကွယ်ရာ၌သာ ငိုလေ့ရှိသည်။ ကျွန်တော်တို့ကျောင်းတွင်ကြုံနေရသည့် သိမ်ငယ်မှုကို ပါးနပ်သည့် အမေက မသိဘဲနေပါမည်လား။ မတားသာသည့်အဆုံး အမေက ကျွန်တော့်ကို ကျောင်းထွက်ခွင့်ပြုသည်။ ကျောင်းထွက်ရသည်မှာ စာမလုပ်ရသဖြင့် အစပိုင်းတွင် ပျော်သလိုလို ရှိသော်လည်း နောက်တော့ ကျောင်းသွားသည့်ရွယ်တူတွေ ငယ်သူတွေမြင်တိုင်း အားငယ်စိတ်ကို ထိန်းမရ၊ မျက်ရည်စို့ချင်ပါသည်။

ခြောက်တန်းကျောင်းသား ကျွန်တော် ဘယ်လောက်ငွေရှာနိုင်ပါသနည်း။ ကုန်စုံဆိုင်ကြီးတစ်ခု၌ ဈေးကူရောင်းရပါသည်။ တစ်လလျှင် ငွေငါးရာရသည်။ ဆိုင်ရှင်က လုပ်ရည်ကိုင်ရည်သဘောကျသည့်အတွက် ပထမလခ္ခပင် တစ်ရာတိုး၍ လစာ ခြောက်ရာရသည်။ အမေ့ကို ငွေငါးရာအပ်သည်။ ငါးဆယ်ကို ဓာတ်မီးတစ်လက်ဝယ်သည်။ ကျန်သည့် ငါးဆယ်ကို ဘုရားပွဲဈေးမှ စတီးဇလုံလေးတစ်လုံးဝယ်ဖြစ်ပါသည်။ ယခုတိုင် ထမင်းစားလျှင် အခါအားလျော်စွာ ထိုဇလုံလေးကိုသုံးဖြစ်ပါသည်။ ၁၉၉၄ ခုနှစ်ကဆိုတော့ ၂၄ နှစ်တောင်ကြာခဲ့ပြီ။

ကျွန်တော်အလုပ်လုပ်သည့်တိုင် အစ်ကိုလည်း မသက်သာလှ။ ဆီစက်တစ်ခုတွင် ညပိုင်းဝင်၍ အလုပ်လုပ်ရသည်။ နေ့ပိုင်းကျောင်းတက်၊ ညအလုပ်ဝင်သဖြင့် မိသားစုစားဖို့ကို တစ်ဖက်တစ်လမ်းက ထောက်နိုင်သည်ဆိုသော်ငြားလည်း အစ်ကို့မှာ စာကျက်ချိန်သိပ်မရှိ၊ ပထမဆယ်တန်းနှစ်တွင် အစ်ကိုကျပါသည်။ သူ့ကိုလည်း အပြစ်မတင်နိုင်၊ ဒုတိယနှစ် (ခ)နှင့်အောင်ပါသည်။ တတိယနှစ် အပြင်ဖြေချိန်မှာ အစ်ကိုက "ဒီနှစ် အောင်အောင် မအောင်အောင်ကွာ

www.burmeseclassic.com

ညီလေး မင်းကျောင်းပြန်တက်တော့"ဟု ပြောလာပါသည်။ တဖြည်းဖြည်းကြီးကောင်ဝင်လာသည့် ကျွန်တော့်အပေါ် အစ်ကိုအားနာလာပုံ ရသည်။ ကျွန်တော် တိတ်တိတ်ကလေး ဝယ်စုထားသည့် ခရမ်းရောင်လွယ်အိတ်ကလေး၊ ဗလာစာအုပ်တစ်ဒါဇင်နှင့် Reynolds ဘောပင် ခြောက်ချောင်းမှာလည်းဖုန်တက်လှပြီ။ 'မင်းအောင်မှ ကျောင်းပြန်တက်မယ်ကွာ'ဟု ပြောတော့မှ အစ်ကိုပင်ပန်းကြီးစွာကြိုးစားပါသည်။ အပြင်ဖြေရောက်မှ အစ်ကို (က) နှင့်အောင်ပါတော့သည်။



လူတို့သည် ဝမ်းနည်းသည့်အခါ၊
ဝမ်းသာသည့်အခါ မျက်ရည်ကျပါသည်။
မျက်ရည်သာ ချောင်းကလေးဆိုလျှင်
ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းသည်
ဟိုဘက်ဒီဘက်ကမ်းပါးနှစ်ခုဖြစ်ပါလိမ့်မည်။

ကျွန်တော် ပျော်လိုက်တာ။ ငယ်ဆရာမတစ်ဦးကို အပြေးအလွှားသွားပြောမိသည်။ "ဆရာမရေ အစ်ကို ဆယ်တန်းအောင်ပြီဗျ" ဆိုတော့ ဆရာမပြုံးနေပါသည်။ ထို့နောက် "နင့်အစ်ကိုအောင်တာလေ၊ နင်အောင်တာမှမဟုတ်တာ"တဲ့။ ဟုတ်သားပဲ။ ကျွန်တော်ကျောင်းပြန်တက်ဖို့သတိရလာသည်။ အစ်ကိုက သူ့စကားအတိုင်း ကျောင်းဆက်မတက်တော့ဘဲ ကျွန်တော့်ကို ကျောင်းပြန်ထားပါသည်။ အမေသိတော့နောက်တစ်ကြိမ်ငိုပြန်ပါသည်။

အရွယ်မတူသည့်ကလေးတွေကြားမှာ ကျောင်းသားပြန်လုပ်ရတာမလွယ်လှ။ အတန်းထဲတွင် ကိုယ့်ထက်ကြီးသူဆို၍ ဆရာသာရှိတော့သည်။ ရွယ်တူတွေက ကိုးတန်းတက်နေကြပြီ။ တစ်ခုတော့ရှိပါသည်။ ကျောင်းမှာ ငယ်ငယ်ကအနိုင်ကျင့်ခံရသမျှ ကိုယ့်အရွယ်ကြီးနှင့် ကလေးတွေကိုအနိုင်မကျင့်မိတော့။

ထိုစာနာစိတ်ကိုတွေးမိတိုင်း ကျေနပ်ပါသည်။ မိမိအလှည့်မှာ ခွင့်လွှတ်နိုင်သည့် ချိမြိန်မှုက အတော်ပီတိဖြစ်ရပါသည်။ ကျောင်းပြန်တက်ကတည်းက အစမ်းစာမေးပွဲ ပင်မကျ။ ဘဝက တော်တော် သင်ပေးလိုက်သည်။ သို့နှင့် ၂၀၀၂ ခုနှစ်တွင် ကျွန်တော် ဆယ်တန်းအောင်မြင်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်၊ မေလ ၈ ရက်တွင် ပြည်မြို့၊ မြို့တော်ခန်းမရှိ ဘွဲ့နှင်းသဘင်တွင် ကျွန်တော် အင်ဂျင်နီယာဘွဲ့ကို ယူခဲ့ပါသည်။ အဖေနှင့်အမေ နှစ်ဦးစလုံး ပွဲတက်ခဲ့သည်။ ဘွဲ့ရမောင်မယ်တွေကို မြန်မာဆိုင်းဝိုင်းကြီးက ဗိန်းဗောင်းရိုက်ကြိုဆိုပါသည်။ နိုင်ငံတော်သီချင်းကိုတီးခတ်တော့ ဗုံသံတဗိန်းဗိန်းကြောင့် ငယ်ဘဝကိုသတိရပြီး မျက်ရည်လည်မိပါသည်။ မည်းမည်းလှုပ်နေသည့် ဘွဲ့ဝတ်စုံတွေအကြားမှာ အမေက လည်ပင်းလေးဆန့်ပြီး ကျွန်တော့်ကိုလိုက်ကြည့်နေပါသည်။ အမေကြည့်လို့ဝမည်မထင်ပါ။ အဖေကပြုံးနေပါသည်။ အဖေလည်း ပြုံးလို့ဝမည်မထင်ပါ။ အစ်ကိုကတော့ မလာနိုင်ခဲ့။ အဝေးကဂုဏ်ယူနေပါလိမ့်မည်။ မိသားစုဓာတ်ပုံရိုက်တော့ အမေမျက်ရည်ကျသည်။

လူတို့သည် ဝမ်းနည်းသည့်အခါ၊ ဝမ်းသာသည့်အခါ မျက်ရည်ကျပါသည်။ မျက်ရည်သာ ချောင်းကလေးဆိုလျှင် ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းသည် ဟိုဘက်ဒီဘက် ကမ်းပါးနှစ်ခုဖြစ်ပါလိမ့်မည်။

နှစ်မွှေးပန်းကလေးကို ကျွန်တော် မသေသေးသမျှ သတိရနေပါလိမ့်မည်။ ။

**တိုးစက်မေ**

www.burmeseclassic.com

www.burmeseclassic.com



# ကြယ်ပွင့်များရဲ့စကားသံ

➤ ကေကေ

## ပရိသတ်ရဲ့မွေးနေ့လက်ဆောင်ကြောင့် ပျော်နေတဲ့ဟန်တီ

ဟန်တီဟာ မန္တလေးကပရိသတ်တစ်ဦးပို့ပေးတဲ့ ဖန်သားပြင်ပေါ်မှာရေးဆွဲထားတဲ့ ပုံတူပန်းချီကား မွေးနေ့လက်ဆောင်ကြောင့် သိပ်ကိုပျော်ရွှင်ခဲ့ရပါတယ်။ အသက် ၂၂ နှစ်ပြည့်မွေးနေ့မှာ ပရိသတ်တစ်ဦးရဲ့ မထင်မှတ်ထားတဲ့လက်ဆောင်ကို လက်ခံရရှိလိုက်တာပါ။ "မွေးနေ့လက်ဆောင်တစ်ခုရောက်လာတယ်၊ အရမ်းလန့်သွားတယ်၊ လက်ဆောင်က အကြီးကြီးပဲ၊ သစ်သားတွေ ဘောင်တွေနဲ့ သေချာရိုက်ပြီး ထည့်ထားတယ်၊ အထဲမှာလည်း ကောက်ရိုးတွေအများကြီးနဲ့ မကွဲအောင်လို့ဆိုပြီးတော့ လုပ်ထားတာ၊ မန္တလေးက နေရောက်လာတာ၊ ဒီနှစ်မွေးနေ့မှာ တကယ့်ကိုတန်ဖိုးရှိတဲ့လက်ဆောင်ပါပဲ၊ ပညာသားလည်း ပါသလို အမှတ်တရလည်းဖြစ်ရပါတယ်"လို့ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# အနုပညာလောကထဲဝင်လာပြီဖြစ်တဲ့ ဂျူနီယာချစ်ကောင်း

အဆိုတော်ချစ်ကောင်းရဲ့ ဂီတမျိုးဆက်သစ်တစ်ယောက်ဖြစ်လာဦးမယ့် ဂျူနီယာချစ်ကောင်းက တစ်ကိုယ်တော်သီချင်းအခွေထွက်လာဖို့ကြိုးစားနေပါတယ်။ သီချင်းကောင်းလေးတွေဖြစ်ဖို့ကိုလည်း သေသေချာချာအချိန်ယူနေတယ်လို့ သိရပါတယ်။ "Junior လေး မပျောက်ပါဘူးနော်၊ အခွေထွက်နိုင်ဖို့အရေး ကြိုးစားနေပါတယ်၊ အားပေးနေတဲ့ပရိသတ်








တွေ အကောင်းဆုံးတွေနားထောင်ရဖို့ အချိန်ယူပြင်ဆင်နေပါတယ်"လို့ဆိုပါတယ်။ ချစ်ကောင်းနဲ့ အိမ့်ချစ်တို့ကို အားပေးတဲ့ ပရိသတ်တွေကလည်း ဂျူနီယာချစ်ကောင်းရဲ့သီချင်းတွေကို နားထောင်ချင်နေပြီလို့ တောင်းဆိုနေကြပါတယ်။ ဂျူနီယာချစ်ကောင်းဟာ ဖခင်ဖြစ်သူ အဆိုတော်ချစ်ကောင်းရဲ့သီချင်းတွေကိုလည်း Cover Song အဖြစ် ပြန်လည်သီဆိုနေတာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# နယူးယောက်မှာကျောင်းသွားတက်နေတဲ့ ပိုင်ဖြိုးသု

ပိုင်ဖြိုးသုဟာ New York Film Academy မှာကျောင်းတက်ဖို့အတွက် အမေရိကန်နိုင်ငံကိုရောက်နေပါပြီ။ ကျောင်းသွားတက်မယ့်ကာလကလည်း သိပ်မကြာဘူးလို့သိရပါတယ်။ "အခုကတော့ New York Film Academy (NYFA)မှာ Action for form ဆိုတဲ့ Class လေး သွားတက်မှာပါ၊ အကြာကြီးတော့မဟုတ်ဘူး၊ ၁ လကျော်ကျော်လောက်ပါပဲ၊ ကျောင်းသွားတက်ပြီဆိုတော့ သုသု ပွဲတွေလည်းတက်ဖြစ်မှာမဟုတ်ဘူး၊ ကြော်ငြာတွေလည်းမရိုက်ဖြစ်ဘူးဆိုတော့ ပရိသတ်တွေနဲ့အဆက်အသွယ်ပြတ်သွားမှာစိုးလို့ အသိပေးတာပါ၊ မနှစ်ကတည်းက ကျောင်းသွားတက်ချင်ခဲ့တာပါ၊ ဒါပေမဲ့ ညှိလို့မရဘူးဖြစ်နေခဲ့တယ်၊ အခုကျတော့ သုသုရိုက်မယ့်ဇာတ်ကားက ဖျက်သွားတယ်၊ ကျောင်းတက်ခွင့်ကလည်း မနှစ်ကတည်းကရထားတာပါ၊ ဒါပေမဲ့ ဒီလတွေထဲမှာ တက်လို့ရမလားဆိုပြီး လှမ်းမေးလိုက်တော့ တက်လို့ရတယ်ဆိုတာနဲ့ သွားတက်ဖြစ်တာပါ"လို့ ပြောသွားပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



# မေမေက ဘဝအတွက်အင်အားလို့ပြောတဲ့ ရတနာမိုင်

ရတနာမိုင်ဟာ လက်ရှိမှာ ကိုယ်ပိုင်စီးပွားရေးနဲ့ ဂီတအလုပ်တွေကို မိခင်ဖြစ်သူ မိုင်နဲ့အတူတူ တိုင်ပင်ပြီး ဆောင်ရွက်နေပါတယ်။ မိခင်ဖြစ်သူဟာ သူ့အတွက် အင်အားတစ်ခုပဲလို့ပြောပါတယ်။

"အမေပါတော့ အားရှိတာပေါ့၊ တစ်ခုခုဆိုရင် သီချင်းကိစ္စကအစတိုင်ပင်ဖြစ်တယ်၊ အခုနောက်ပိုင်းမှာ အမေသာမရှိတော့ဘူးဆိုရင် ဆိုတဲ့စိတ်ကိုတွေးတယ်၊ အမေသာမရှိတော့ဘူးဆိုရင် ကိုယ်ဘယ်လိုမျိုး ရှေ့ဆက်လျှောက်လှမ်းရမလဲ၊ အဲဒါကြောင့် အခု အလုပ်ကိစ္စတွေဆိုလည်း ကိုယ်ကိုယ်တိုင်ပဲပြောတယ်၊ ကိုယ်ကိုယ်တိုင်ပဲ အလုပ်တွေကို စီမံခန့်ခွဲတော့တယ်"လို့ ဆိုပါတယ်။ ဘယ်သွားသွား မိခင်ဖြစ်သူနဲ့အတူသွား၊ အတူလာလေ့ရှိသူဖြစ်ပြီး သားအမိနှစ်ယောက်ကလည်း အမေနဲ့သမီးဆိုပေမယ့် သူငယ်ချင်းလိုဆက်ဆံရေးမျိုးရှိတယ်လို့လည်း ရတနာမိုင်က ဆက်လက်ပြောပြခဲ့ပါသေးတယ်။ မိခင်ကိုကျေးဇူးဆပ်တဲ့အနေနဲ့ မိခင်ဖြစ်သူမိုင်ရဲ့ သီချင်းကောင်းတွေကိုရွေးချယ်ပြီး သားအမိနှစ်ယောက်ပူးပေါင်းကာ ပရိသတ်တွေအတွက် Two Ladies Show ပွဲကျင်းပပြုလုပ်ဖို့စီစဉ်နေပြီလို့ သိရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



# သီချင်းသစ်တွေဆက်တိုက်လုပ်နေတဲ့ ဂိုင်းလေး



ဂိုင်းလေးဟာ သူ့ရဲ့သီချင်းအသစ်တွေကို မကြာခဏထွက်ရှိအောင် ကြိုးပမ်းလေ့ရှိသူပါ။ တစ်ပုဒ်ဆိုရင်ဆိုသလောက် အောင်မြင်မှုရရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုသီချင်းကောင်းတစ်ပုဒ်ဖြစ်လာဖို့အတွက် သေသေချာချာပြင်ဆင်ရတဲ့ အခက်အခဲတွေရှိကြောင်း သူက ပြောလာပါတယ်။ "Album ချပ်လိုက်မပြောနဲ့၊ Single Song လေးတစ်ပုဒ်လောက်ထွက်ဖို့ကို ရေးရ၊ တီးရ၊ mixing အဆင့်ဆင့်ဖြတ်ကျော်ပြီး ကိုယ်တိုင် အခက်အခဲတွေနဲ့ရိုက်ကူးထားရတဲ့ သီချင်းလေးတစ်ပုဒ်ကို အားပေးနေတဲ့သူတွေအတွက် အခမဲ့တင်ပေးလိုက်တာပါ၊ ကိုယ်တွေနိုင်ငံက အနုပညာရှင်တွေ တော်တော်တောင့်ခံနိုင်ကြတယ်၊ စိတ်ရော၊ နှလုံးသားရော၊ အချိန်ရော၊ လူရော အားလုံးပေးဆပ်ပြီးမှ အဆိုတော်တစ်ယောက်ဖြစ်ဖို့ လွယ်ကူသလား၊ ဒါတောင် ကိုယ်တိုင်လေးရေးနိုင်နေလို့ တစ်ခါတလေအသက်ရှူချောင်တာ၊ ကိုယ်တော့ စိတ်ရောလူရော ပင်ပန်းနေပါပြီ၊ အခုထွက်မယ့်သီချင်းလည်း ရေစုန်မမျောရင် ကျေနပ်ပါပြီ၊ လူအချင်းချင်း Respect ထားတတ်ကြပါစေ"လို့ ပြောသွားပါတယ်။ ။

**ကေကေ**

www.burmeseclassic.com

www.burmeseclassic.com

ငွေတာရီ မဂ္ဂဇင်း၊ ၁၀၆၊

သန်းမြင့်သန်း(ကွမ်းခြံကုန်း)

# ဟုံးနောက်နွယ်ပင် မှုံမြင်လေလား



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးဆေးသည်
တဲရှေ့ကပြင်တွင်ထိုင်ရင်း
မြစ်အတွင်းမှ တံငါလှေအချို့
စုန်ချည်ဆန်ချည်လှော်ခတ်သွားနေ
သည်ကို လှမ်းမျှော်ကြည့်နေ၏။ အနီးရှိ
သစ်သားခုံပုကလေးပေါ်မှာ
နှတ်သီးပုံ အဖန်ရည်အိုးနှင့်
အကြွမ်းပန်းကန်နှစ်လုံးလည်းရှိနေ၏။
ပန်းကန်လုံးနှုတ်ခမ်းပတ်လည်၌
လက်ဖက်ခြောက်ကြေးများ စွဲနေ၏။
နံနက်ခင်း ထမင်းလှော်နှင့်
ငါးပြက်ကြော် စားပြီးနောက်
မြစ်ကမ်းနဖူးရှိမြူးပင်များဆီသို့
မျက်စိရောက်သွားပြန်၏။

စိမ်းစိုလန်းဆန်းနေသော
ရေငန်သောက် အလေ့ကျ
သဘာဝပေါက်ပင်များ ပင်ချင်းယှက်
အုံကျင်းဖွဲ့လျက်ရှိကြသည်။
မြစ်လယ်ရေပြင်ကို ဖြတ်သန်းလျက်
မြောက်ပြန်လေယမ်းတစ်ချက်
တိုက်ခတ်လိုက်ရာ မြူးခြေထောက်၊
မြူးသံချေး၊ မြူးဥတစ်လုံးပင်များ
လှုပ်ရှားယိမ်းထိုးသွားတော့သည်။
မြူးပင်များပေါ်သို့ နွယ်ယှက်
တွယ်တက်နေသော
ဟုံးနွယ်ပင်များကိုလည်း
မြင်တွေ့နေရ၏။ ဟုံးနွယ်ပင်က
မြူးပင်များ အကာအကွယ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လီလုပ်လဲ့ရုံမျှသာပင်။ ထို့နောက် ဦးဖိုးဆေး၏တဲ တံခါးဖွင့်ထားသည့်ပေါက်သို့ ဖြန်းဇာကြီးရောက်လာသည့် ဖူးသီးကို ရုတ်တရက်တွေ့လိုက်ရ၏။

"အမယ်မင်းဗျာ. . . ဟကောင် မောင်ဖူးသီးရဲ့ ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ဘယ်ကိုသွားလို့ ဘယ်ကိုလာ သတုံးဟ၊ ကိုင်း. . . တဲပေါ်တက်ခဲ့လေကွာ၊ တကူး တက ရောက်လာမှတော့လည်း လောကွတ်ပြုရဦးမ ပေါ့၊ ဟောဒီမှာ အကြမ်းရည်နဲ့ ငါးပြက်ကြော်ဖြည်း စမ်းကွ"

ဆံပင်စုတ်ဖွားနှင့်မြူးထောင်သမားက လက်ထဲမှ လှော်တက်ကို တဲရှေ့ချွေးတာတက်တွင် ထောင်ထားပြီး တဲပေါ်သို့လှမ်းတက်လိုက်၏။ တဲဝသည် မြစ်ပြင်ဘက် မျက်နှာမူလျက် ရေပြင်နှင့်တစ်ဆက်တည်း ဦးတိုက် တည်ရှိနေ၏။

"ဘဖိုးဆေးဆီမရောက်တာကြာလို့ တွေ့ရ အောင်ဆိုပြီး ပေါက်ချလာတာပဲ"

"ဟုတ်ရဲ့ဗျာ၊ ကျားသားမိုးကြိုး ဘိုကြီးအိုမ အဘိုး ကြီးကို မင်းကများ တွေ့လိုသပါဆိုပါလား သုံးစား မရတော့တဲ့ ခေါင်းဖြူဖွယ်ကျိုးကို အရေးတယူလုပ်လို့ ကွာ"

"မဟုတ်တာ ဘဖိုးဆေးရာ၊ နှာခေါင်းချောင်း နှာလောင်းဘက် 'ရေပါး'နေရာရှာပြီး မြူးထောင်ရင်း သမိုးရှိတဲ့ ဗီဇအမောင်ကျွန်းကို ပတ်လှော်လာခဲ့တာ ပေါ့၊ ဘဖိုးနဲ့တွေ့ရင် လုပ်စားကိုင်စား ရေလုပ်သား ဖဟုသုတတစ်ခုမဟုတ်တစ်ခုရတာကိုသမို့ မဟုတ်လား"

ဦးဖိုးဆေးသည် မြူးသမားဖူးသီး၏အပြောကို သဘောကျလျက် ခေါင်းတဆတ်ဆတ်နှင့် ရယ်တဲ့ကဲ့ လုပ်နေ၏။

"အေး. . ကောင်းပေ့ဗျာ ဝလိုဖြင့်လည်း ကြောင် ဖို ကြွက်မလေး မဖြစ်သေးဘူးဆိုတော့ကာ ပြောကြရ တာပေါ့ တစ်ဆင့်စကားတစ်ဆင့်နား သတ်ကြီးစကား သတ်ငယ်ကြားပေါ့၊ နို့ . . . နေပါဦး၊ မင်း မြူးထောင် တာကော နေရာကျရဲ့လားဟေ့"

ဖူးသီးသည် ဦးဖိုးဆေးအစီးသို့တိုးကပ်သွားပြီး အဖန်ရည်တစ်ခွက်ငှဲ့သောက်၏။

"မဟန်လှပါဘူး ဘဖိုးရာ၊ တိုးမြစ်တစ်ကြောမှာ ငါးမှန်ရှိပါသေးရဲ့လား မသိဘူး၊ သူလိုကိုယ်လို တံငါများ လည်း အမှုမစိုနိုင်တော့ပါဘူးဗျာ ချဉ်သီးပင်အောက် ချဉ်သီးရှားသလိုဖြစ်နေပြီ"

ဦးဖိုးဆေးသည် သူ့ဒေါ်ပါဒဆေးပေါ့လိပ်ကြီးကို မီးညှိဖွာရှိုက်ရင်း ဖူးသီးမျက်နှာကိုစိုက်ကြည့်လိုက် ၏။

"မင်းနှယ်ကွာ. . . တံငါလုပ်စားပြီး စိတ်ပျက် စကားပြောလွယ်လှချေလား၊ တံငါဆိုတာ ဖွဲ့သန်ရ တယ် ဇွဲကောင်းရတယ်၊ စာတတ်ပေတတ် ပညာတတ် တွေမဟုတ်လေတော့ သဘာဝပတ်ဝန်းကျင်က အတွေ့ အကြုံ အဖြစ်အပျက်တွေကို ရအောင်ယူတတ်ရသကွ ငါမှ ဗီတွေ့မှာ ဗီတက်နဲ့လှော်လို့ ဟိုတွေ့မှာ ဟိုတက်နဲ့ လှော်နိုင်မပေမယ်၊ 'တံငါဖွဲ့ မဲမှ'လို့ ဆိုတယ်မဟုတ်လား ဖွဲ့နပဲကြီးကြီးထားပြီး ညာဏ်ကိုလှာသုံးတတ်ဖို့လိုတယ် လေ"

"ဘဖိုးပြောတာတော့ဟုတ်ပါရဲ့၊ မြူးသမားဘဝနဲ့ ရေထဲကတက်ရတယ်ကိုမရှိတာတောင် ဝမ်းဝဖို့အနိုင် နိုင်ဆိုတော့လည်း တစ်ခါတစ်ခါ စိတ်ဓာတ်ကျမိတာ ပေါ့"

ပြောပြောဆိုဆိုနှင့် ဖူးသီးသည် အကြမ်းရည်တစ် ခွက် ထပ်ငှဲ့သောက်လိုက်ပြန်၏။

"အင်း . . . မင်းက မြူးသမားဆိုတော့ မြူးထဲ ကို ငါးဝင်လာစေတဲ့နည်းလမ်းတစ်ခု ပြောပြရဦးမ တာပေါ့၊ ဟိုး. . . လွန်ခဲ့တဲ့နှစ်သုံးဆယ်လောက် ကတည်းက တံငါတိုင်းမသိခဲ့ကြတဲ့ ရှားပါးဖြစ်စဉ် တစ်မျိုးအကြောင်း ဖောက်သည်ချချင်နေတာ မင်း လာတာနဲ့ အံကိုက်ပဲပေါ့ကွာ၊ တိုင်းရှုရက်သည်ပဏ္ဏ လာ မိုးရွာတာနဲ့အခန့်သင့်ဆိုသလိုပဲ၊ ဒီလိုကွ . . . ငါ အသက်နှစ်ဆယ်ကျော်အရွယ် အိမ်ထောင်ကျစတုန်း ကပေါ့"

❑

ကိုဖိုးဆေးနှင့် မကြိတ်ဆုံတို့ ညားခါစလင်မယား နှစ်ယောက် ဦးလိပ်အောက်တူကြီးကို အူယားဖားယား အတင်းလှော်လာကြသည်။ ဦးလိပ်အောက်တူခေလှ သည် အခြား ဦးချွန်းလှေ လောင်းလှေများကဲ့သို့မဟုတ်။ အထေနေးသောလှေမျိုးဖြစ်၏။ သို့နှင့် ခရီးရောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် မကြိတ်ဆုံက လှေဦးမှ ပက်လက်ခတ်တက်ဖြင့် နောက်ပြန်ဆွဲခတ်ပေးရ၏။ ကိုဖိုးဆောက မတ်တတ် ခတ်တက်နှင့် အားကုန်ကျုံး၍ ခတ်ရ၏။ သို့မဟုတ်ပါက ဘောက်တူလှေသည် ဒီဆိုင်ဝဲလှည့်ရေစီးကြမ်းကို ဖြတ် သန်းနိုင်မည်မဟုတ်ချေ။ ရန်ကုန်မြစ်မှတိုးဆင်းလာ သော ရေစီးအားနှင့် တိုးမြစ်အထက်ပိုင်းမှ ကျရေ အရှိန်တို့ပေါင်းဆုံပြီး လှိုက်သွင်းဝိုက်ဆင်းနေသည့် ရေဆိုင်ဝဲအလှည့်ကိုကျော်ဖြတ်နိုင်မှသာ တစ်ဖက်ကမ်း ရှိ ငွေပင်ဆိပ်လတာစွန်းသို့ရောက်ပေမည်။

တံငါမယားလည်း တဖားဖားနှင့် မောင်တစ်တက် မယ် တစ်တက် ကူဖော်ကူဖက်ဖြစ် ရချေ၏။ လှေပေါ်တွင် ဒီလင် မယားမှတစ်ပါး အခြားသူမရှိ၊ ဦးလိပ်ဘောက်တူတစ်စင်းနှင့် မြစ်တွင်းအနှံ့သွားလာလုပ်ကိုင် စားသောက်နေကြရ၏၊ သူတို့ နေထိုင်ရာ ခလောက်မော်ရွာ ကလည်း တိုးမြစ်နှင့် တော် ခရမ်းချောင်းဝရှိ တံငါရွာစု ကလေးသာဖြစ်၏။ ငါးရှာဖား ရှာ တံငါလုပ်ငန်းများနှင့်သာ ရင်ကြားစေ့စေ့ထိတွေ့ခဲ့ကြ သူများဖြစ်သည့် အလျောက် ကိုဖိုးဆောနှင့် မကြိတ်ဆုံတို့ အကြောင်းဆက် ပေါင်းဖက် ကြရသည်နှင့် ဦးလိပ်ဘောက် တူကိုအဖော်ပြုကာ ဝမ်းစာရှာကြရတော့သည်။ လှေ ပေါ်တွင် ပေါင်းမိုးတပ်ဆင်၍ နေ့နေ့မိုးမိုး စားအိုး စားခွက်နှင့် တိုးမြစ်အောက်ပိုင်းတစ်ကြောသို့ ရေဆင်း ခဲ့ကြရသည်။ သူတို့နှင့်အတူ လှေပေါ်တွင် အမြဲပါရှိ သည်ကား ဆွဲပိုက်တစ်လက်ပင်ဖြစ်လေသည်။

ဒီဆိုင်ချွန်းအလှည့်ကိုကျော်လာသည်နှင့် ငွေပင် ဆိပ်လတာပြင်အစပ်မှ ကလပ်ပင်စိမ်းစိမ်းစိုစိုများကို လှမ်းမြင်နေရ၏။ သို့သော် ဒီဆိုင်မြစ်ဝကိုဖြတ်ရဦး မည်၊ ဒီရေအတက် ဂယက်လှိုင်းတံပိုးနှစ်ဖက်ကြား ညပ်လျှက်သွားပါက လှုတခြားလှေတခြား သေလုမြော ပါးခံစားသွားရတတ်သည်။ ငါးမန်း၊ ငါးပွတင်း၊ ငါး အုပ်ဖားစာ မိသွားတတ်၏။ ဒီမျှအန္တရာယ်ကြီးမားလှသည့်နေရာဆိုပါက မမှားပါချေ၊ အလွန်အမင်း သတိထားရပေသည်။

ကိုဖိုးဆောအဖို့ရာ မိန်းမသားကပါလာလေ၍ ပိုပြီးဂရုစိုက်ရ၏။ နှစ်ယောက်တည်းသာရှိသည်မို့ မိမိတစ်ခုခုဖြစ်ချေသော်အခက်၊ လှော်တက်ကို လက် အနှံ့သေလုနီးပါး ရေသံမကြားအောင် ဆုပ်ကိုင်လှော် ခတ်သွားရသည်၊ အသက်ကို ပင်ပြင်းပြင်းမရှူရဲဘဲ ဒီဆိုင် ဝဲပြန်ကိုကျော်လျှက် ငွေပင် ဆိပ်လတာပြင်ထက်သို့ လှေ ဦးထိုးလေမှသာ ဟင်းလုံးချ နိုင်လေတော့သည်။ သို့သော် ငွေပင်ဆိပ်ချောင်း အောက် နှုတ်ခမ်းရောက်ရုံမျှနှင့် စိတ်ချ ရသေးသည်မဟုတ်၊ ငွေပင် ဆိပ်ချောင်းအထက်နှုတ်ခမ်း ရောက်ပါမှ ရာနှုန်းပြည့်စိတ် ချရမည်ဖြစ်သည်။

ချောင်းအထက်နှုတ်ခမ်း သည် ဒီဆိုင်ဝနှင့် လောက် လေးခွတစ်ပစ်သာသာအကွာ တွင်ရှိသောကြောင့် အန္တရာယ် စက်ကွင်းနှင့် လွတ်ကင်းရာ လည်းဖြစ်၏။ လတာပြင်စပ် မှ ကလပ်တောသို့ လှေဦးထိုးကာ နေရာယူထားသဖြင့် လှိုင်းလေဒဏ်နှင့်လည်း အထိုက်အလျောက်လွတ်ကင်း လေ၏။ ဒီဆိုင်မြစ်အတွင်း လှေငယ်တို့ အသွားအလာ နည်းပါးနေ၏။

"တစ်မြစ်ရိုးလုံးလည်း လူသူလေးပါးရှင်းနေပါ လား ကိုဖိုးဆောရဲ့"

မိန်းမသားမို့ အသည်းတယားယားနှင့် မြစ်ပြင် တစ်ခွင်ကိုကြည့်ရင်း ကြောက်အားသန်နေပုံရ၏။ မြစ် အနောက်ဘက်ကမ်း တောတန်းပေါ်မှ နေဝင်စပြုချိန်

တံငါမယားလည်း တဖားဖားနှင့်
မောင်တစ်တက် မယ်တစ်တက်
ကူဖော်ကူဖက်ဖြစ်ရချေ၏။
လှေပေါ်တွင် ဒီလင်မယားမှတစ်ပါး
အခြားသူမရှိ၊ ဦးလိပ်ဘောက်တူတစ်စင်းနှင့်
မြစ်တွင်းအနှံ့သွားလာလုပ်ကိုင်
စားသောက်နေကြရ၏။ သူတို့နေထိုင်ရာ
ခလောက်မော်ရွာကလည်း တိုးမြစ်နှင့်
တော်ခရမ်းချောင်းဝရှိ
တံငါရွာစုကလေးသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တွင် လှေကို ဦးတိုင်ပဲ့တိုင် ထိုးဝါးနိုင်နိုင်စိုက်ကာ ကြိုးချည်ထားလိုက်သည်။ ညနေစာအတွက် ချက်ပြုတ်စားသောက်ဖို့ပြင်ဆင်ကာ တစ်နေ့တာပင်ပန်းလာသမျှ အနားယူလိုက်ကြသည်။ လေးထောင့်သံပုံးခွံနှင့် လက်လုပ်ဖိုခုံလောက်မှ အူထွက်နေသောမီးခိုးလုံးများမှာ အထက်သို့လွင့်ပျံ့တက်လျက်ရှိသည်။

ကိုဖိုးဆေးတို့လင်မယား၏အဓိကလက်နက်မှာ ဆွဲပိုက်တစ်လက်သာဖြစ်၏။ ယင်း ဆွဲပိုက်ဟူသည်မှာ အလျားဆယ်တောင်၊ အနံငါးတောင်ရှိသည့် ပိုက်သားတပ်ဆင်ထားသော စတုဂံပုံစံပိုက်မျိုးဖြစ်၏။ ကိုဖိုးဆေး၏ဆွဲပိုက်မှာ ချည်သားပိုက်စိပ်ဖြစ်၏။ ပိုက်ကွက်လက်သန်းပြူဖြစ်၍ ငါးပုစွန်အသေးအမွှားနှင့် အလတ်စားပါမကျန် ဖမ်းဆီးနိုင်သော အနေတော်ပိုက်သားကွင်းဖြစ်၏။ ပိုက်ကွက်ကြီးမျိုးလည်းရှိ၏။ တစ်လက်မကွက်ကျဲကွင်းကျယ်ပိုက်ကြီးမျိုးကား ငါးကြီး၊ ငါးလတ်၊ ပုစွန်တုပ်ကြီးသက်သက် ဖမ်းဆီးနိုင်သည်။ ဆွဲပိုက်တွင် လက်နားနှစ်ဖက်ပါရှိ၏။ လက်နားပိုက်သားကို နှစ်ဖက်ထိပ်ရှိ ဘုသီးပါသော လက်ကိုင်ဝါးလုံး၊ သို့မဟုတ် သစ်သားနှစ်ချောင်းတွင် အသေချည်တုပ်ထားရသည့် ပိုကြိုးနှစ်ချောင်းရှိ၏။ သို့မှသာ ရေဆန်ကိုလှန်ဆွဲရသော ပိုက်သားများ လျော့ရိလျော့ရဲဖြစ်ခြင်း၊ ပြုတ်ထွက်ခြင်းဖြစ်မည်မဟုတ်ချေ။ ဆွဲပိုက်တိုင်းတွင် အောက်ပိုင်းပိုကြိုးနှင့်တွဲစပ်လျက် 'ချေးအိတ်' ထားရှိ၏။ ဆွဲပိုက်၏ အထက်အောက်ပိုကြိုးများကိုမူကား လက်ကိုင်ထိပ်ဖူးဘုသီးနေရာများတွင် ခိုင်ခံ့စွာချည်နှောင်ထားရ၏။ ကိုဖိုးဆေးတို့ကာလမှာ ယခုခေတ်အခါလို နိုင်လွန်၊ တက်ထရွန်၊ ပလာတူး၊ ဖော့ပိုက်များမပေါ်သေး၍ သုံးလွန်းတင်သုံးပင်လိမ် ကိုးပင်ချည်ခင်များနှင့်သာ ပိုက်ကွက်ထိုးပြီး ဆွဲပိုက်အဖြစ်ဖန်တီးသုံးစွဲကြရသည်။ ချည်ပိုက်ဖြစ်သည့်အတွက် ရေစဉ်တိုင်းတွင် ပိုက်သားကို 'တည်ရည်' ဆိုးကြရ၏။ တည်ပင်အခေါက်ကိုပြုတ်ပြီး ချည်ပိုက်သားအား နာရီဝက်နီးပါးစိမ်ထားကာ နေပူလှန်းပေးရ၏။ သို့မှသာ ရေငန်ကိုက်၍ ပိုက်မဆွေးတော့ဘဲ ရေငန်တွင် ကြာရှည်ခံနိုင်စွမ်းရှိမည်ဖြစ်သည်။ တည်ရည်ခေတ်ကုန်သော် 'မဒမခေါက်ရည်' ကိုအစားထိုးသုံးစွဲကြရပြန်၏။ ကရိကထလွန်စွာများလှပေသည်။ ယနေ့ခေတ်ကာလတွင်မူ ဒီလိုမျိုးမရှိတော့ပြီ။ အချိန်နှင့်အမျှအရာရာတွင်ပြောင်းလဲခဲ့ကြသော်လည်း ကိုဖိုးဆေးတို့ဘဝအခြေအနေကား ဗုံရင်းအတိုင်းပင်။

❑

မှောင်နက်မည်းမည်းမို့ ညက ပိုက်ဆွဲ၍မဖြစ်ခဲ့ချေ။

နောက်တစ်နေ့ ဒီဆိုင်တောကွက်ပေါ်မှ နံနက်ခင်းနေရောင်ခြည်ထွက်ပြူချိန်၌ ဝန်းကျင်တစ်ခို အလင်း



www.burmeseclassic.com

www.burmeseclassic.com



မြန့်ကြက်စဉ် ရွှေပင်ဆိပ်ချောင်းဝ၌ ညရေတက်သည် ရေဝက်တန်းသို့ပြန်လည်ကျဆင်းနေ၏။ တောကွက်အတွင်းမှ တောကျွတ်ရေကျအချိန်နှင့် လတာပြင်နှစ်ဖက်သို့ ရေစီးတိုက်စားနေရာ ကလပ်ပင်များ ပြားပြားဝပ်မှုရှိနေ၏။ အနေတော်ရေချိန်ဖြစ်၍ ကိုဖိုးဆေးသည် ဆွဲပိုက်ကိုချရလိုက်၏။

"ဟဲ. . . မိန်းမရေ ရေမစစ်ခင် ပိုက်တစ်လားလောက်ဆွဲလိုက်ကြအုံးစို့ရဲ့"

ဆွဲပိုက် ချရပြီဆိုကတည်းက ဘောက်ထူလှေကို ချန်ထားရစ်ခဲ့ရသည်။ ပြီးမှ ပိုက်လက်နားတစ်ဖက်ရှိ လက်ကိုင်သစ်သားချောင်းကို မိန်းမဆီသို့လှမ်းပေးပြီး လတာရေပြင်စပ် ဒူးတစ်ဝက်ခန့် နေရာချထားပေး၏။ ကိုဖိုးဆေးက ခါးတစ်ဝက် ရေနက်ပိုင်းပိုက်သား ပဓောက်ပုံအနေအထားရသည်အထိ တစ်ဖက်လက်ကိုင်ကို မြဲမြဲဆုပ်ကိုင်ကာ ရေနက်ရာသို့ဆင်းခဲ့သည်။ ရေတစ်ပိုင်းကုန်းတစ်ပိုင်းနှင့် ရေဆန်ကို ခြေကန်၍ ပိုက်ဆွဲကြတော့သည်။ ပိုက်အတွင်းသို့ ရေစီးနှင့်ရောပါလာသော အမှိုက်သရိုက်၊ ဒိုက်များကိုလည်း လက်လှမ်းမီသမျှ ကြောခဏဖယ်ရှားပစ်ကြရ၏။ သို့မှသာ ပိုက်ဆွဲအားကောင်းမည်ဖြစ်ပေသည်။

ခဲတစ်ပစ်သာသာ အကွာအဝေးအထိ ဆွဲပိုက်ကို အားခဲဆွဲလာနေစဉ် မထင်မှတ်ထားသည့်မြင်ကွင်းကို မယုံနိုင်လောက်အောင်ပင် တွေ့မြင်လိုက်ရသည်။ လင်မယားနှစ်ယောက်သား ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်လျက် မှင်တက်မိနေကြလေသည်။

"ဟ. . . ဟ. . . မိန်းမရေ ဘယ်လိုများဖြစ်သွားတာပါလိမ့် ငါးတွေ ပိုက်ထဲကို လုံးထွေးဝင်လာလိုက်တာ အများကြီးပါပဲကလား"

"ဟုတ်ပါ့တော်၊ တခွေခြောက်တာများလားပဲ"

"မင်းနှယ်ကွာ၊ ဘယ်ကလာ မဟုတ်ကဟုတ်ကတွေမပြောစမ်းပါနဲ့၊ ဖွဟဲ့. . . လွဲပါစေ"

"ဒီလောက်ကြီး ငါးတွေများလှတာ တစ်ခုခုတော့ တစ်ခုခုပဲ ကျုပ်လည်း ပိုက်ဆွဲလို့မနိုင်တော့ဘူး၊ ပိုက်တစ်လက်လုံး ငါးတွေနဲ့ပြည့်ပြီး မတရားလေးလံနေတဲ့ ဥစ္စာ"

တစ်ယောက်တစ်ပေါက်ပြောရင်း အံ့ဩခြင်းလည်း အမှန်ဖြစ်နေကြ၏။ ကိုဖိုးဆေးသည် တွေရာလေးပါးစဉ်းစားမနေတော့ဘဲ ဆွဲပိုက်လက်ကိုင်ကို အားကုန်သုံး၍ အတင်းရုန်းကန်ကာဆွဲလေတော့၏။ မကြိတ်ဆုံကလည်း ကျားကန်ဆွဲနေခိုက်တွင် ရေစီးအားနှင့်မျောပါစီးဝင်လာသော အမှိုက်နှင့်ရောထွေးနေသည့် သစ်နွယ်ပင်တလုံးတထွေးများ ပိုက်တွင်းသို့ သပွတ်အူပမာငြိတွယ်လာမြန်သည်။ လက်တစ်ဖွေ့တစ်ပိုက်စာမျှ စိမ်းစိမ်းစိုစို အရွက်အသီးများနှင့် ပင်လယ်တန်ရွှန်းနွယ်ပင်များ ဒီရေအမှိုက်မှာ မျောတိုက်ပါလာလေသလားဟု ထင်မှတ်မှားရ၏။ သေသေချာချာကြည့်မိပါမှ အမျိုးအမည်မသိသော အရွက်ဖားဖားအသီးတောင့်များနှင့် သစ်နွယ်ပင်များဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"ရှုပ်တယ်ကွာ၊ အကုန်သိမ်းကျုံးပြီး ပိုက်နဲ့သာလုံးထွေးလိုက်တော့ ဒါမှ ငါးတွေလည်းရမှာ၊ ဘောက်တူဆီကိုသာ အားခဲပြီးဆွဲပေတော့မိန်းမရေ"

ကိုဖိုးဆေးတစ်ယောက် ပြောသာပြောလိုက်ရသည်။ သာကြောင့် ဆွဲပိုက်ထဲသို့ ငါးတွေအုံလိုက်ကျင်းလိုက်ဝင်လာသည်ကိုမူကား စဉ်းစားရကျပ်နေလေ၏။ ပေါက်သည့်နဖူး မထူးဇာတ်ခင်းကာ ငါးရောဒိုက်ရော သစ်နွယ်ပင်အမှိုက်သရိုက်များပါ ပိုက်အတွင်းသို့ ခွတ်သွင်းလိုက်တော့သည်။ သို့မဟုတ်ပါက နွယ်ပင်ရှပ်တွေများဖယ်ရှားနေရသည်နှင့် ငါးများလွတ်သွားမည်ဖြစ်သည်။ လှေဆီသို့သာအရောက်သွားလျက် ဆွဲပိုက်တစ်လက်လုံးကို လှေပေါ်သို့ မတင်လိုက်ကြသည်။

"ဒါတွေဘယ်လိုလုပ်ကြမလဲ ကိုဖိုးဆေး"

ရွှံ့နွံပေနေသောခြေလက်များကို ရေဆေးရင်း မကြိတ်ဆုံက လှမ်းမေးနေ၏။

"လှေပေါ်ကိုသာမြန်မြန်တက်လေ ရေအကျနဲ့ ကညင်ကုန်းချောင်းခေါင်းဖိုင်ကိုသွားရောင်းကြတာပေါ့ နို့မဟုတ်ရင် ဒီငါးတွေကိုကုန်စင်အောင် ဘယ်လိုလုပ်နိုင်မှာလဲ ငါးနုံဖြစ်လေတော့ ငါးဆားနယ်၊ ငါးပိ ငါးခြောက်လုပ်လို့လည်း ကုန်နိုင်မှာမဟုတ်ဘူး"

ပြောပြောဆိုဆိုနှင့် ကိုဖိုးဆေးသည် ရေစိုပုဆိုးပိုင်းကိုပင် မလဲတော့ဘဲ လှေပဲ့တုံးပေါ်ထိုင်လျက် လှော်တက်နှင့်ယက်လေတော့၏။ ရေအစုန်မို့ အားစိုက်ဖို့

www.burmeseclassic.com

မလိုဘဲ အသာတကြည့်ပင်လှော်ထွက်သွားရာ ကညင်တုန်းချောင်းဝ ငါးရွှံ့ဒိုင်ရေဆင်းတံတား၌ ဆိုက်ကပ်လိုက်၏။ ဒိုင်ဆိပ်တွင် အခြားငါးလှေများလည်း ငါးများချိန်တွယ်ရောင်းချနေကြသည်။ မြင်တွေ့နေကျ အဝတ္ထုတ်ငါသည်များ၊ ရောင်းချရသမျှ ငွေယားများနှင့် ဖျော်တပြုံးပြုံး၊ ပင်ပန်းနွမ်းနယ်ခဲ့သမျှ ငွေမြင်ရတော့ တခဏမေ့ပျောက်သွားကြပေသည်။

ဒိုင်ကြားထဲတွင်မှ ပိုက်သမားတစ်ပိုင်း၊ မိခွေ့ဆေးဆရာတစ်ပိုင်း ကိုကံသာ ငါးလာရောင်းသည်နှင့်ကြုံကြိုက်ရသည်။

"ဟ. . . ဖိုးဆေးတို့လင်မယား၊ ငါးတွေ တနင့်တပိုးနဲ့အလုပ်ဖြစ်လာကြပါကလား"

"ဟုတ်ပေ့ ဆရာသမားရေ့ မယုံနိုင်စရာဘဲဗျ၊ တစ်သက်နဲ့တစ်ခါ မကြုံဖူးပေါင်ဗျာ"

ကိုဖိုးဆေးသည် ဆွဲပိုက်ချေးအိတ်ထဲမှ ငါးများကို တစ်ကောင်ချင်းထုတ်ယူပြီး ချိန်ခွင်တောင်းအတွင်းသို့ ပစ်သွင်းနေ၏။ ကိုဖိုးဆေးနှင့် မကြီတ်ဆုံတို့နှစ်ယောက် လက်မလည်ပေ။ ကဘီလူး၊ ငါးစင်း၊ ငါးပုတ်သင်၊ ကကတစ် ငါးပုဏ္ဏားများက ပိဿာချိန်တစ်ဆယ်ဝင် သည့်ချိန်တောင်းနှင့်အပြည့်။ ငါးများကုန်အောင် ကောက်ထည့်ပြီးနောက် လုံးထွေးငြိတွယ်နေသော သစ်နွယ်ပင်အစုအဝေးကိုမူ ကိုဖိုးဆေးက ချောင်းရေပြင်သို့ လွှင့်ပစ်ရန်ဟန်ပြင်လိုက်၏။

"ဟဲ့ . . . ဟဲ့ . . . ခနပါအုံး ဖိုးဆေးရ၊ အဲဒီအမှိုက်ပင်တွေကိုကြည့်စမ်းပါရစေ"

"ဟာ. . ဆရာသမားကလည်း ပိုက်ထဲဝင်အောင်းလာတဲ့ သစ်မှိုက်တွေပါဗျာ၊ ရှုပ်ရှုပ်ထွေးထွေးတွေမို့ ဝေးရာပစ်လိုက်တာပဲကောင်းတယ်"

ကိုကံသာသည် ကိုဖိုးဆေးလက်ထဲမှ နွယ်မြက်ပင်တစ်သိုက်ကို ဆေးဆရာပီပီ အနီးကပ်ကြည့်လိုက်၏။ သစ်နွယ်ပင်နှင့် အရွက်၊ အသီး၊ အပွင့်များကို သေသေချာချာလေ့လာကြည့်ပြီး -

"လက်စသတ်တော့ မင်းဆွဲပိုက်ထဲ ငါးတွေဝင်လာတာ ဒါကြောင့်ကိုး"

ကိုကံသာ့စကားအား ကိုဖိုးဆေး နားမရှင်းဖြစ်နေ၏။

"ဘယ်လို ဘယ်အကြောင်းဆိုတာများ မသိရပါလားဗျာ သိရင်လည်း ကျုပ်နားလည်အောင်ပြောပြစမ်းပါအုံးတော့လား၊ ထူးထူးခြားခြားဖြစ်နေတာတော့ အမှန်ပဲ"

"ထူးခြားပေမပေါ့ မောင်ရာ၊ မင်းဆွဲပိုက်ထဲပါလာတဲ့အမှိုက်ပင်တွေက နွယ်နွယ်ရရမဟုတ်လေဘူး၊ အစွမ်းထက်လှတဲ့ 'ဟုံးနွယ်ပင်'တွေဖြစ်နေလို့ပဲကွ"

"ဗျာ. . . ဟုံးနွယ်ပင်"

"ဟုတ်သပေါ့ကွာ ဟုံးနွယ်ပင်မှ ဟုံးနွယ်ပင်အစစ်ပဲ၊ အဲဒီဟုံးနွယ်ပင်မှာလည်း အဖြူနဲ့အနက်နှစ်မျိုးရှိတယ်၊ ဟောဒီမှာကြည့်. . . အသီးထဲကအစေ့တွေဟာ မည်းနက်နေတာမြင်တယ်မဟုတ်လား တောခွေးလေးယားအမှိုင်းလို နွယ်တက်ရှင်သန်ပြီးမှ သီးပွင့်ကြတယ်၊ ငါက ဓိနွေ့ဆရာလုပ်တာကြာပြီဆိုတော့ မြင်တာနဲ့သိပေါ့၊ ဟောဒီမြစ်ရိုးတစ်လျှောက် တောတွက်ထဲမှာ ခတာချောက်ဓါး၊ သံသတ်၊ မိကျောင်းနွယ် သင်ပေါင်း ပင်လယ်ကန်စွန်း ရောပင်တွေဟာ ဆေးဖက်ဝင် ပရေးဆေးချည်းပဲ၊ ခွေးလေးယား၊ ခွေးမြီးမြက် ခွေးသေးပန်း ခွေးအန်ဖတ်၊ ခွေးတောက်၊ ခွေးထရော်ပင် စတဲ့ နွယ်မြက်သစ်ပင်တွေဟာလည်း ဆေးဖက်ဝင်တာပဲ ဟောဒီ ဟုံးနက်နွယ်ပင်ကလည်း တစ်မျိုးတစ်ဖုံအာနိသင်ရှိသပေါ့လေ၊ ဟုံးနက်နွယ်သီးက တန်ဖိုးကြီးတယ်"

ကိုဖိုးဆေး နားဝတီမိတောင်နှင့်သာ နားစိုက်ထောင်လျက်ရှိသည့်အတွက် ကိုကံသာကလည်း ဆက်လက်ပြောပြနေပြန်၏။

"မင်းသိထားရမှာက ဟောဒီဟုံးနွယ်ပင်ဟာ တို့များ ငါးလုပ်စားသူတွေအတွက် အဖိုးအနဂ္ဃပဲ ဘာကြောင့်လဲဆိုတော့ ရှေးလူကြီးသူမများပြောစကားနဲ့ ဆေးကျမ်းစာတွေအလိုအရ 'ဟုံးတစ်ပွေ့ မြစ်တစ်ကွေ့'လို့ မှတ်သားခဲ့ဖူးတယ်၊ ဟုံးနွယ်ပင်ရဲ့သဘောသဘာဝဟာ ရေညာဘက်ချယား လိုက်ခဲ့နဲ့ မြစ်တစ်ကွေ့မှာရှိတဲ့ ငါးသတ္တဝါတွေကို အနံ့အခေါက်တွေက ထွက်လာတဲ့ စွမ်းအင်တစ်မျိုးကြောင့် ဒဏ်ရာပြင်းစွာမဖြစ်စေဘဲ မူးမေ့သတိလစ်သွားပြီး အသက်ရှူမှား စေသတဲ့ ဒါကြောင့်ရှိ မင်းတို့ပိုက်ဆွဲတဲ့ ရွှေးပင်ဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းအထက်မှာ ဟုံးနွယ်ပင်တွေက အစွမ်းပြသွားတာမျိုးပေါ့"

❑

ဦးဖိုးဆေးသည် မြို့သမား ဖူးသီးအား စိတ်ဝင်စားဖွယ်ကောင်းသောအကြောင်းအရာကိုပြောပြပြီးနောက် ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်နေ၏။

"ဟုံးတစ်မွေ့ မြစ်တစ်ကွေ့ ဆိုတဲ့စကား မင်းကြားဖူးသလား"

"ဟင့်အင်း. . . မကြားဖူးပါဘူး ဘဖိုးဆေးရာ"

"အေး. . . ကြားတောင်မှမကြားဖူးလေတော့ မြင်ဖူးဖို့ဆိုတာ ဝေလာဝေးပေါ့"

"ဟုတ်ကဲ့ခင်ဗျ"

"အဲဒါကြောင့် မသိသူကျော်သွား၊ သိသူဖော်စားလို့ပြောစမှတ်ပြုကြတာနေမှာ၊ ဟိုကမ်းစပ်ပေါ်က မြူးပင်တွေပေါ် တွယ်ကပ်တက်နေတဲ့ ဟုံးနွယ်ပင်တွေဟာ အခုလိုဆောင်းတွင်းဘက်မှာ အသီးအနိုင်တွေ လှိုင်လှိုင်ဖူးပွင့်လေ့ရှိတယ်၊ သစ်ပလွေပင်လို့လည်း ဆိုကြပြန်သေးသကွ၊ ဝံပုလွေတို့၊ ခွေးအတို့ဟာ သူတို့အစာ သတ္တဝါအကောင်ပလောင်တွေ့ရင် ပါးစပ်က အာငွေ့နဲ့ မူးမေ့အောင်လုပ်သလိုမျိုး အခွံအခေါက်ကအငွေ့အသက်ဟာ ရေထဲမှာရှိတဲ့ငါးတွေကို သတိလစ်မိန်းမောသွားစေတဲ့သဘောပဲ၊ ဥပမာကွာ. . . မြစ်ချောင်းကမ်းပါးတွေမှာပေါက်တဲ့ ပုံလုံပင်ရဲ့အသီးဟာလည်း ငါးတွေရဲ့မျက်စိကို ပူလောင်စပ်ဖျဉ်းစေတဲ့သဘာဝအာနိသင် ရှိသလိုမျိုးပေါ့ကွာ။

တကယ်တမ်းစဉ်းစားကြည့်တော့ ဒီနည်းလမ်းနဲ့ ငါးဖမ်းတာမျိုး အားမပေးချင်ဘူး၊ ငါးမျိုးသုဉ်းစေတဲ့ အဆိပ်ချနည်း၊ ဘက်ထရီရှော့ခ်ရိုက်နည်းနဲ့ ခပ်ဆင်ဆင်တူတယ်လေ၊ ဟိုတုန်းက တိုးမြစ်တစ်ကြောမှာ ငါး ပုစွန်ဆိုတာ ပေါပါဘိသနဲ့ အခုများတော့ အသေးအမွှားပါမကျန် ဖမ်းဆီးနေတာမို့ ရှားပါးကုန်တော့တာပေါ့လေ၊ ပင်လယ်ထွက်ငါးဖမ်းစက်လှေကြီးတွေက ကမ်းနီးကမ်းဝေးမှာ ပိုက်စိပ်တိုက်ပြီး အကြီးအသေးမကျန်ဖမ်းနေကြတော့ ငါးမျိုးမသုဉ်းဘဲနေပါတော့မလား၊ ငါးသားပေါက်မှန်သမျှ ကြီးထွားရှင်သန်ခွင့်မရတဲ့အခါ အင်းအိုင်မြစ်ချောင်းတွေမှာ ရှားပါးလာပြီပေါ့၊ အခုဆို အစိုးရက သားပေါက်ငါးမျိုးတွေကို စိုက်ထည့်မွေးမြူပေးနေကြရပြီ၊ ငါးလုပ်ငန်းဌာနကလည်း သတိပေးတားမြစ်ချက်တွေ ထုတ်ပြန်ပြီး ကန့်သတ်ပေးနေရပြီ၊ ဟုံးတစ်မွေ့နည်းကလည်း ငါးမျိုးသုဉ်းစေတာမို့ မလုပ်သင့်တာတော့အမှန်ပဲ၊ မသမာတဲ့နည်းလမ်းမဟုတ်သော်ငြားလည်း ငါးမှန်သမျှ ပုစုရကအစ ထိခိုက်ပျက်စီးတာဖြစ်လို့ ရှောင်ကြဉ်မှသာ နောင်အစဉ်အဆက် ငါးမျိုးပွားများလာမှာ မဟုတ်လား မောင်ဖူးသီးရာ"

"ဟိုကမ်းစပ်ပေါ်က မြူးပင်တွေပေါ် တွယ်ကပ်တက်နေတဲ့ ဟုံးနွယ်ပင်တွေဟာ အခုလို ဆောင်းတွင်းဘက်မှာ အသီး အနိုင်တွေ လှိုင်လှိုင်ဖူးပွင့်လေ့ရှိတယ်၊ သစ်ပလွေပင်လို့လည်း ဆိုကြပြန် သေးသကွ၊ ဝံပုလွေတို့၊ ခွေးအတို့ဟာ သူတို့အစာသတ္တဝါအကောင်ပလောင် တွေ့ရင် ပါးစပ်က အာငွေ့နဲ့ မူးမေ့အောင်လုပ်သလိုမျိုး အခွံ အခေါက်ကအငွေ့အသက်ဟာ ရေထဲမှာရှိတဲ့ငါးတွေကို သတိလစ် မိန်းမောသွားစေတဲ့သဘောပဲ..."

မြောက်ပြန်လေညင်းကလေး ဝှေ့ပိုက်တိုက်ခတ်သွားရာ ဦးဖိုးဆေး၏တဲပေါ်သို့ အုံ့ဆိုင်းဝိုင်းဖွဲ့နေသည့် နှင်းကြွင်းအစုအဝေးများ မြစ်ရေပြင်တစ်လျှားဆီသို့ လွင့်ပါးသွားကြလေတော့သည်။ ဦးဖိုးဆေးပြောပြ၍သာ မြို့သမား ဖူးသီးမှာ နားရှိ၍ကြားခဲ့ရသော်လည်း ဘူးလုံးနားမထွင်းနှင့်ပင် မြစ်ပြင်ဆီသို့ ငေးမျှော်ငူငိုင်လျက်ရှိနေတော့သည်။

တစ်စုံတစ်ရာကိုဆုံးဖြတ်ချက်ချရန် ဝေခွဲမရ ခက်ခဲလှပါဘိ။ ။

**သန်းမြင့်သန်း(တွမ်းမြို့တုန်း)**

www.burmeseclassic.com



# အာရှတစ်လွှား အနုပညာလှုပ်ရှားမှုများ

➤ အေးအေးမိတီ





## ဆယ်ဟန်နဲ့ချန်ယိုး

## (Sehun and Chanyeol)

နာမည်ကျော်ကေပေါ့ပ်အမျိုးသားတေးဂီတအဖွဲ့ဖြစ်တဲ့ EXO ရဲ့အဖွဲ့ဝင်နှစ်ဦးဖြစ်သူ ဆယ်ဟန်နဲ့ချန်ယိုးတို့နှစ်ဦးရဲ့ တေးသီချင်းဗီဒီယိုအသစ်ကို မကြာသေးမီက ထုတ်လွှင့်ပေးလိုက်တယ်လို့သိရပါတယ်။ ၎င်းတို့နှစ်ဦးဟာ EXO ရဲ့ အဖွဲ့ခွဲအနေနဲ့ Exo-Sc လို့အမည်ပေးပြီး ယခုလိုပွဲဦးထွက်တေးဗီဒီယိုကိုထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း သတင်းတွေက ဖော်ပြခဲ့ပါတယ်။

'What a Life' လို့ အမည်ရတဲ့ အဆိုပါတေးသီချင်းဗီဒီယိုကို ပြီးခဲ့တဲ့ဇူလိုင်လ ၂၁ ရက်က ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး ၎င်းတို့နှစ်ဦးရဲ့ ပထမဆုံးတေးဗီဒီယိုဖြစ်တယ်လို့ သိရပါတယ်။ ဒီတေးဗီဒီယိုရိုက်ကူးမှုကိုတော့ အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်မှာ ပြုလုပ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





## ကန်ဒန်နီရယ်
## (Kang Daniel)

တောင်ကိုရီးယားကေပေါ့ပ်ကြယ်ပွင့်တစ်ဦး ဖြစ်တဲ့ ကန်ဒန်နီရယ်ရဲ့ ပထမဆုံးတစ်ကိုယ်တော် တေးအယ်လ်ဘမ်ကို မကြာမီထုတ်လွှင့်ပေးသွားဖို့ ရှိတယ်လို့ သိရပါတယ်။

လတ်တလောမှာတော့ အဆိုပါတေးအယ်လ်ဘမ်မထွက်ရှိခင် ကြိုတင်အမှာစာတစ်သိန်းခွဲ လောက်လက်ခံရရှိပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

'Wanna One' တေးဂီတအဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်သူ ကန်ဒန်နီရယ်ဟာ သူ့ရဲ့ပထမဆုံး တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို 'color on me' လို့ အမည်ပေးထားပြီး စုစုပေါင်းတေး သီချင်းငါးပုဒ်ပါဝင်ထားတယ်လို့ သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com







## SISTERS

နာမည်ကျော် တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 'SISTERS' အဖွဲ့ဟာ ၎င်းတို့ရဲ့ ဂီတခရီးမှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့ပြီလို့သိရပါတယ်။

'SISTERS' အဖွဲ့ရဲ့ တေးဗီဒီယို 'Alone' သီချင်းဟာ ကြည့်ရှုသူဦးရေ သန်း ၁၀၀ ပြည့်မြောက်ခဲ့ပြီး အဆိုပါအရေအတွက်ဟာ ၎င်းတို့အတွက် ပထမဆုံးသော အကြီးမားဆုံး အောင်မြင်မှုဖြစ်တယ်လို့လည်းဆိုပါတယ်။ အဆိုပါတေးသီချင်းဟာ ၎င်းတို့အဖွဲ့ရဲ့ အောင်မြင်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ 'Alone' သီချင်းကို လွှင့်ခဲ့တဲ့ ၂၀၁၂ ခုနှစ်ကတည်းက စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ခုနှစ်နှစ်ကြာတဲ့အခါ You Tube မှာ ကြည့်ရှုသူသန်း ၁၀၀ ပြည့်လာခဲ့တာဖြစ်ပါတယ်။ ယခုလိုအောင်မြင်မှုဟာ ၎င်းတို့အဖွဲ့အတွက် အကြီးမားဆုံး အောင်မြင်မှုဖြစ်ခဲ့တယ်လို့ ပြောဆိုခဲ့ကြောင်း သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com









## T-ara

တောင်ကိုရီးယားနာမည်ကျော်အမျိုးသမီးတေးဂီတအဖွဲ့ T-ara ဟာ ၎င်းတို့ရဲ့အနုပညာသက်တမ်း ၁၀ နှစ်ပြည့်နှစ်ပတ်လည်ပွဲကိုပြုလုပ်သွားဖို့ရှိတယ်လို့ သိရပါတယ်။ လွန်ခဲ့တဲ့ဆယ်နှစ်ခန့်ကတည်းက အလွန်လူသိများထင်ရှားခဲ့တဲ့ ၎င်းတို့အဖွဲ့အနေနဲ့ ယခုနှစ်ပတ်လည်ပွဲမှာ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်မှုတွေပြုလုပ်ပြီး ပရိသတ်နဲ့ထိတွေ့သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါပွဲမှာ ဝေးကွာနေကြတဲ့အဖွဲ့ဝင်တွေအားလုံး တစုတစည်းတည်းပြန်လည်ဆုံတွေ့ကြမှာလည်းဖြစ်ပါတယ်။ ကျူရီ၊ အွန်ဂျန်း၊ ဟိုမင်၊ ဂျီဟောင်းတို့ဟာ အတူစုစည်းပြီး ရုပ်သံကတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှုပြုလုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

T-ara အဖွဲ့ဟာ လွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ်က Lie တေးသီချင်းနဲ့ တေးဂီတလောကကို စတင်ဝင်ရောက်ခဲ့တဲ့အဖွဲ့လည်းဖြစ်ပါတယ်။ ။

**အေးအိမ်တီ**

**Ref; Mizzimanews.com, BBC.com.**

www.burmeseclassic.com

www.burmeseclassic.com



ငွေတာရီ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

# အဖြေရှာပေးတဲ့ချိန်ခွင်လျှာ




www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာချိုဇင်လတ်
အသားတွေ တဆတ်ဆတ်
တုန်နေလေပြီ။
သေသေချာချာပြောဆိုပြီး
ကြိုက်ဈေးပေးကာ
ချိန်တွယ်ဝယ်ယူခဲ့သော
ပုစွန်တုပ်ကြီးတစ်ပိဿာ
က ယခုတော့ တစ်ဆယ်
ကျပ်သားလျော့နေသည်။
ဈေးကြီးကြပ်ရေးရုံးခန်း
ရှေ့ရှိ စံမီချိန်ခွင်တွင်
ချိန်ကြည့်တော့မှ
အလေးခိုးခံရမှန်း
သိလိုက်ရခြင်းဖြစ်သည်။
တစ်ပိဿာလျှင်
တစ်သောင်းဈေးဖြင့်ဝယ်ခဲ့ရာ
တစ်ဆယ်သား
အလေးခိုးထားသဖြင့်
ငွေတစ်ထောင်
နစ်နာသွားသည်။
ထိုငွေလောက်ကို
ဒေါက်တာချိုဇင်လတ်က
ဂရုမစိုက်သော်လည်း
အလေးချိန်မှန်မှန်ချိန်ပေးရန်
မဝယ်ခင်က
သေသေချာချာမှာထားပါလျက်
လုပ်ရက်လေခြင်း၊
ခိုးရက်လေခြင်းဟု
ခံပြင်းဒေါသဖြစ်ကာ
ငါးစိမ်းတန်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်လာသည်။ ငါးစိမ်းသည်ရှေ့သို့ရောက်သော အခါ ပုစွန်တုပ်ထည့်ထားသည့်အထုပ်ကို ပစ်ချလိုက်ကာ ခါးသကိုထိန်းပြီး လေအေးလေးနှင့်ပြောသည်။

"ခုနက ဝယ်သွားတာ တစ်ဆယ်သားလျော့နေတယ်၊ ဘယ်လိုလုပ်လိုက်တာလဲရှင်"

"ကျွန်မ တစ်ပိဿာအပြည့်ချိန်ပေးလိုက်တာပဲ၊ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုမှမဖြစ်ဘူး၊ စံမီချိန်ခွင်နဲ့ချိန်ကြည့်မှ လျော့နေတာသိလို့ ပြန်လာတာ"

ငါးစိမ်းသည်က တစ်ပိဿာအလေးကိုထည့်ကာ ပုစွန်တုပ်ကိုပြန်ချိန်သည်။ ပြန်ချိန်တော့ ချိန်ခွင်လျှာက တန်းနေသည်။ မှန်နေသည်။

"ကဲ . . . ကြည့် . . . တစ်ပိဿာအပြည့်ပဲ၊ ဘယ်မှာလျော့လို့လဲ"

"ဒီလိုဆိုရင် ရှင့်အလေးကိုက တစ်ပိဿာမပြည့်တာပဲ"

"ဘာတကားပြောတာလဲ၊ ဒီဈေးထဲမှာ ဈေးရောင်းစားနေတာ ကြာလှပြီ၊ လူကိုလာပြီးနာမည်မဖျက်နဲ့"

"ရှင့်ကို နာမည်ဖျက်တာမဟုတ်ဘူး၊ အလေးမပြည့်တာလာပြောတာ ဈေးကြီးပေးဝယ်ထားတာ ဒီအတိုင်းဆို ကျွန်မ မယူနိုင်ဘူး၊ ရှင်ထပ်ဖြည့်ပေးပါ"

"ဘာမှထပ်ဖြည့်မပေးနိုင်ဘူး၊ ကျွန်မအလေးက မှန်နေတာပဲ"

"ဒီလိုဆို ကျွန်မငွေတစ်သောင်းပြန်ပေးပါ"

"မပေးနိုင်ဘူး၊ ရှင်ကြိုက်သလိုလုပ်"

"အလေးလည်းခိုးသေးတယ်၊ ရိုင်းစကားလည်းပြောသေးတယ်၊ ဈေးခေါင်းကိုသွားတိုင်မယ်"

"တိုင်ချင်ရာတိုင်၊ ဘယ်သူ့ကိုမှဂရုမစိုက်ဘူး၊ မိအေးတဲ့ဟေ့ . . . တစ်ဈေးလုံးမှာ မိအေးကြောက်တာ တစ်ယောက်မှမရှိဘူး"

ငါးစိမ်းသည်မိအေးက ကြိမ်းမောင်းဟစ်ကြွေးရင်း ကျန်ရစ်ခဲ့သည်။

ဒေါက်တာချိုဇင်လတ်က ဈေးကြီးကြပ်ရေးရုံးသို့ သွားရောက်တိုင်ကြားရာ ဈေးခေါင်းကိုယ်တိုင် စံမီအလေးကိုယူကာ လိုက်ပါလာသည်။

"မိအေး . . နင်တော့ပြဿနာရှာပြန်ပြီ ဈေးဝယ်သူက ခွဲစိတ်ဆရာဝန်ကြီးဟ"

"ဆရာဝန်မကလို့ ဘာကြီးပဲဖြစ်ဖြစ် မိအေးတို့က ကိုယ်မှန်ရင် ဘယ်သူ့မှမကြောက်ဘူး"

မိအေးက ကက်ကက်လန်ပြန်၍ ရန်တွေ့သည်။ သည်တော့ ဈေးခေါင်းကပါ ဒေါကန်သွားပြီး မာန်မဲလိုက်သည်။

"တိတ်စမ်း . . . မိအေး၊ နင်ကြောက်မကြောက်ဆိုတာ နောက်တော့သိရမယ်၊ ပေးစမ်း နင့်ပိဿာလေး"

"ရော့ . . . ဒီအလေးပဲ"

ဈေးခေါင်းက သူယူလာသောအလေးနှင့် မိအေးပေးသောအလေးကို ချိန်ခွင်ခွက်တစ်ဖက်စီတွင်ထည့်၍ ချိန်ကြည့်လိုက်ရာ မိအေး၏အလေးက ပေါ့နေသည် လျော့နေသည်ကို တွေ့လိုက်ရသည်။

"ကဲ . . . နင်ဘာပြောဦးမလဲ၊ နင့်အလေးက အစကတည်းက တစ်ပိဿာမပြည့်တဲ့အလေး၊ နင့်အလေးကို ငါသိမ်းသွားမယ်၊ အလေးခိုးမှုနဲ့အမှုဖွင့်မယ် ဒေါက်တာ့ကိုလည်း ကျွန်တော်တောင်းပန်ပါတယ် အခု ဒေါက်တာဘာဖြစ်ချင်ပါသလဲ"

"ကျွန်မကတော့ လိုတဲ့တစ်ဆယ်သားဖြည့်ပေးရင် ကျေနပ်ပါပြီ"

"ကဲ . . . မိအေး၊ တစ်ဆယ်သားဖြည့်ပေးလိုက်"

သည်တစ်ခါတော့ မိအေး ကက်ကက်လန်ပြန်၍ ရန်မတွေ့နိုင်တော့ဘဲ တစ်ဆယ်သားချိန်ကာ ဖြည့်ပေးလိုက်ရသည်။

"ဈေးခေါင်းကြီးကို ကျေးဇူးတင်ပါတယ်ရှင် ကျွန်မကိုခွင့်ပြုပါအုံး"

ဒေါက်တာချိုဇင်လတ်က ဝိုင်းကြည့်နေကြသော လူအုပ်ကြီး၏ကြားမှတိုးဝှေ့ကာ အမြန်ထွက်ခဲ့သည်။ ငါးစိမ်းသည်နှင့်ဖက်ပြိုင်ပြီး ရန်ဖြစ်ရမှာကို ရှက်လွန်းသဖြင့် စိတ်ကိုမနည်းထိန်းနေခဲ့ရသည်။ သည်တစ်သက် ဘယ်တော့မှမမေ့နိုင်တော့မည်မဟုတ်သည့်ဖြစ်ရပ်ပင်တည်း။

❑

"ဒေါက်တာရေ . . . အရေးပေါ်ခွဲစိတ်ခန်းဝင်ရမယ်၊ ကူညီပါအုံး"

ခွဲစိတ်ခန်းဝင်ပြီးလို့ နာရီဝက်ခန့်ရှိသေးသည်၊ အရေး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လူနာရောက်လာသဖြင့် ဒေါက်တာချိုဇင်လတ် တစ်ယောက် ခွဲစိတ်ခန်းသို့ဝင်ခဲ့ရပြန်သည်။

အရေးပေါ်လူနာက အသက်သုံးဆယ်ကျော် အရွယ် အမျိုးသမီး၊ အရပ်လက်သည်နှင့် ကလေးဖျက်ချရာမှ သားအိမ်အတွင်းပုပ်ကာ သွေးဆင်းမှုမရပ်သောကြောင့် အရေးပေါ်ခွဲစိတ်ရခြင်းဖြစ်သည်။

ဒေါက်တာချိုဇင်လတ်က လူနာကိုခွဲစိတ်နေရင်းက လူနာ၏မျက်နှာကို သေသေချာချာကြည့်လိုက်သောအခါ သူတစ်သက်ဘယ်တော့မှမေ့လို့မရသည့် ငါးစိမ်းသည် မိအေးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"ဩော်. . . ကြုံမှကြုံတတ်ပလေတယ် မိအေးရယ်"

ဒေါက်တာချိုဇင်လတ်က စိတ်ထဲကပဲရေရွတ်လိုက်သည်။ ဆေးရုံသို့အရောက်မြန်လို့သာ မိအေး၏အသက်ကိုကယ်တင်နိုင်လိုက်ခြင်းဖြစ်သည်။

မိအေး ဆေးရုံမှာတစ်ပတ်နေပြီး ဆေးရုံဆင်းမည့်နေ့တွင် သူတို့လင်မယားနှစ်ယောက် ဒေါက်တာချိုဇင်လတ်အနားယူနေသည့်အခန်းထဲသို့ မုန့်ပုံးတွေနှင့်ရောက်လာကြသည်။

"ဒေါက်တာ့ကို ကျွန်မကန်တော့ပါရစေ"

"မလိုပါဘူး မအေးရယ်၊ ကျွန်မက တာဝန်အရဆောင်ရွက်ပေးရတာပါ"

"တာဝန်အရရော၊ စေတနာအရပါ ကျွန်မရဲ့အသက်ကိုကယ်ခဲ့တဲ့ ဒေါက်တာ့ရဲ့ကျေးဇူးကို ကျွန်မတစ်သက် ဘယ်တော့မှမမေ့တော့ပါဘူးရှင်၊ ဟိုး. . . တစ်ခါကလည်း. . . "

"တော်တော့ မအေး. . . တော်တော့. . . ဟိုတစ်ခါကအကြောင်းကို မပြောပါနဲ့တော့၊ ကျွန်မမှာချင်တာက အရပ်လက်သည်နဲ့ ကလေးဖျက်ချတာဟာ လူသတ်မှုပဲ၊ ရှင့်အတွက်လည်းအန္တရာယ်ရှိတယ်၊ ကျွန်မတို့အမှုဖွင့်လို့ရပါတယ်၊ ဒါပေမဲ့ မဖွင့်ပါဘူး၊ နောင်ကိုအဲဒီလိုမလုပ်ပါနဲ့လို့ပဲ ကျွန်မမှာချင်တယ်၊ ကဲ. . . ကဲ. . . မုန့်ပုံးတွေပြန်ယူသွားပါ"

ဒေါက်တာချိုဇင်လတ်က မအေး အလေးခိုးခဲ့သည့်အကြောင်းကို ပြန်လည်ပြောပြနေမည်ကို စိုးရိမ်သဖြင့် စကားကိုပိတ်ပြောလိုက်သည်။


"ကျွန်မအမှားတွေကိုသိလို့ သဘောထားကြီးတဲ့ ဒေါက်တာ့ကိုကန်တော့ခွင့်ပြုပါ ဒေါက်တာရယ်၊ ကျွန်မတောင်းပန်ပါတယ်"

မိအေးက မျက်ရည်များဖြိုင်ဖြိုင်ကျကာ တောင်းပန်နေသောကြောင့် ဒေါက်တာချိုဇင်လတ်က လက်ခံလိုက်ရလေတော့သည်။

❑

ဒေါက်တာချိုဇင်လတ်သည် အပြင်ဆေးခန်းတစ်ခန်းမှာ အချိန်ပိုင်းထိုင်ပြီး ဆေးရုံသို့ ကိုယ်တိုင်ကားမောင်းပြီး လာခဲ့သည်။

နောက်ကျနေသဖြင့် ကားကိုအမြန်မောင်းလာခဲ့ရာ လမ်းချိုးအကွေ့တွင် ဆိုက်ကားတစ်စီးကလည်း ကွေ့ဝင်လာသဖြင့် ရှောင်လိုက်သော်လည်းမလွတ်ဘဲ ဆိုက်ကားကိုပွတ်၍တိုက်မိသွားသည်။ ဆိုက်ကားက မှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပင် လူတွေကဝိုင်းအုံလာကြသည်။

ဒေါက်တာချိုဇင်လတ်ကလည်း ကားကိုရပ်ကာ ဆိုက်ကားနောက်သည့်နေရာသို့ ပြေးလာခဲ့သည်။ ဆိုက်ကားသမားကိုကြည့်တော့ ထိခိုက်မှုမရှိ၊ ဆိုက်ကား ရှေ့ဘီးသာ ခွေသွားသည်။

"မောင်လေး. . . မမမှားသွားတယ်၊ မောင်လေး လိုအပ်တာ မမအကုန်လုပ်ပေးပါ့မယ်ကွယ်"

ဒေါက်တာချိုဇင်လတ်က ဆိုက်ကားနင်းသူလေး ကို တောင်းပန်စကားဆိုသည်။

"ယာဉ်ထိန်းရဲတွေမလာခင် ပြေလည်အောင်လုပ် လိုက်ရင်ကောင်းမယ်"

ဝိုင်းကြည့်နေသူတွေထဲက အသံထွက်လာ သည်။ ဤသည်ကို ဒေါက်တာချိုဇင်လတ်က နားလည် သဘောပေါက်ပါသည်။

ဆိုက်ကားနင်းသူလေးက ဘာမှမပြောဘဲ ငြိမ်နေ သည်။

"ကဲ. . မောင်လေး နည်းတယ်များတယ် သဘော မထားပါနဲ့ကွယ်၊ ဆိုက်ကားပြင်ဖို့ ငွေသုံးသောင်းယူထား လိုက်ပါကွယ်"

"ဟာ. . နည်းတာပေါ့ဗျာ အနည်းဆုံး ငါးသောင်း လောက်တော့ ပေးခဲ့ပါ"

အသားလူတစ်ယောက်က ဝင်ပြောပြန်သည်။ ဒေါက်တာချိုဇင်လတ်က အကျယ်အကျယ်မငြိမ်းဖွယ် ဖြစ်မှာစိုးတာကြောင့် အိတ်ထဲမှငွေနှစ်သောင်းထုတ် ကာ ငွေငါးသောင်းကို ဆိုက်ကားနင်းသူလေး၏လက် ထဲသို့ထည့်ပေးလိုက်သည်။

ဆိုက်ကားနင်းသူလေးက ဒေါက်တာချိုဇင်လတ် ပေးသည့်ငွေကိုလက်ခံရန် လှမ်းအယူတွင် -

"မောင်လေး. . . ဒေါက်တာ့ဆီက ဘာမှမယူ နဲ့၊ ပြန်ပေးလိုက်"

လူအုပ်ထဲမှ အမျိုးသမီးတစ်ယောက်၏အသံက မမျှော်လင့် မထင်မှတ်ဘဲ ရုတ်တရက်ထွက်ပေါ်လာ သည်။ ဒေါက်တာချိုဇင်လတ်လည်း အံ့အားသင့်သွား ကာ အသံလာရာဘက်ဆီသို့လည်ပြန်ကြည့်လိုက်ရာ ငါးစိမ်းသည်မိအေးကို အံ့အားသင့်စွာတွေ့လိုက်ရ သည်။

"ဟင်. . . မအေး"

"ဟုတ်ပါတယ် ဒေါက်တာ ကျွန်မ မိအေးပါ အဲဒီဆိုက်ကားက ကျွန်မဆိုက်ကားပါ၊ သူက ကျွန်မ မောင်လေးအရင်းပါ မောင်လေး. . . ဒီဒေါက်တာက မမရဲ့အသက်သခင်ကျေးဇူးရှင်လေ မတော်တဆဖြစ် တာကို ခွင့်လွှတ်သလို ဘယ်တော့မှမလုပ်မိစေနဲ့၊ ကိုယ် ချင်းစာစိတ်ထားရမယ် မောင်လေးရဲ့"

မိအေးပါးစပ်က သည်လိုစကားမျိုးထွက်လာသော အခါ ဒေါက်တာချိုဇင်လတ်မှာ ဝမ်းသာပီတိဖြစ်ကာ မျက်ရည်ပင်ဝဲလာရသည်။

"မအေးရယ်. . . ကျွန်မ သိပ်ကျေးဇူးတင်ပါ တယ် ဒါပေမဲ့ ဆိုက်ကားကပြင်ရအုံးမယ်လေ ယူထား လိုက်ပါကွယ်"

"ဒေါက်တာရယ် မယူပါရစေနဲ့၊ ကျွန်မ ကြိုတုန်း မှာ ကျေးဇူးဆပ်ခွင့်ရတယ်လို့ပဲ သဘောထားပါတယ်"

"အို. . . မဟုတ်တာကွယ် ကျွန်မက တာဝန်အရ ဆောင်ရွက်ပေးတာပါ၊ ကျေးဇူးတင်စရာမလိုပါဘူး"

"ဒေါက်တာရယ်၊ ကျွန်မကို ဒီအခွင့်အရေးလေး တော့ ပေးပါရှင်၊ ဒေါက်တာနဲ့ကျွန်မက ဆုံစည်းခဲ့ပါ တယ်၊ တွေ့ရခဲ့ပါတယ်၊ ဒေါက်တာ့ကြောင့် ကျွန်မ အသက်ရှင်ရသလို ဘဝလည်းရှင်ရတာပါ"

"ဘယ်လို မအေး. . . ဘဝရှင်ရတယ်ဟုတ်လား ကျွန်မတော့ နားမလည်တော့ဘူး"

"ဒီလိုပါဒေါက်တာ၊ ကျွန်မဟာ ငါးစိမ်းသည်ပီပီ ရန်ဖြစ်ရမှာ ရန်တွေ့ရမှာကို ဝန်မလေးခဲ့ဘူး၊ ဒေါက်တာ နဲ့ကြုံတွေ့ပြီးတဲ့နောက်ပိုင်းမှာ ကျွန်မအမှားတွေကို သိပြီး ပြင်နိုင်ခဲ့တယ်၊ ပြီးတော့ ဒေါက်တာ့ရဲ့သဘော ထားကြီးမှုနဲ့ သည်းခံစိတ် မေတ္တာစိတ်တွေကလည်း ကျွန်မ ကို သင်ခန်းစာပေးလိုက်တယ်၊ ဒါကြောင့် ကျွန်မရဲ့ဘဝ ဟာလည်း တိုးတက်လာခဲ့ပါတယ်၊ ဘဝရှင်သန်ခဲ့ရ ပါတယ် ဒေါက်တာရယ်"

မိအေးစကားကြောင့် ဒေါက်တာချိုဇင်လတ် ကြည်နူးဝမ်းသာဖြစ်ကာ မည်သည့်စကားကိုမျှ ပြန် လည်ပြောဆိုနိုင်ခြင်း မရှိတော့ပါတကား။ ။

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com






Cartoon

www.burmeseclassic.com

www.burmeseclassic.com





# ကျောက်စက်ရုံနှင့် သမုဒယကြီးများ

မရောက်တာကြာပြီဖြစ်သည့် မွေးရပ်မြေ နယ်မြို့လေးဆီသို့ တစ်ခါတစ်ခေါက်အရောက်ပြန်လာနေသည်မို့ သူ့ရင်တလှပ်လှပ်ခုန်နေသည်။ သူနှင့်မတွေ့ရသည်မှာ ဆယ်စုနှစ်တစ်ခုကြာပြီဖြစ်သည့် အဖေအိုနှင့်အမေအိုသည်လည်း ဘယ်လောက်ထိစိတ်လှုပ်ရှားနေမည်မသိ။ သူအိမ်ထောင်ကျပြီးနောက် သားကိုမမွေးခင်အချိန်အထိ မွေးရပ်မြေမြို့လေးဆီ တစ်နှစ်တစ်ကြိမ်မျှ သူပြန်ဖြစ်ခဲ့ပါသည်။ သူ၏တစ်ဦးတည်းသော မောင်လေးမင်္ဂလာဆောင်တော့ မောင်နှင့်သားကိုခေါ်ပြီး မွေးရပ်မြို့ကလေးဆီ သူရောက်ဖြစ်ခဲ့သေးသည်။ ထို့နောက်ပိုင်းတွင် မောင်က အစိုးရဝန်ထမ်းဘဝမှ ထွက်ပြီး နိုင်ငံခြားမှာအလုပ်သွားလုပ်ချိန်ကစ၍ မွေးရပ်မြေဆီ သူ မရောက်ဖြစ်တော့။ အခုဆို သားတောင်မှ ဆယ်တန်းဖြေထားပြီးပြီ။

မောင်လေးနှင့်သူ အသက်ခြောက်နှစ်ကွာသည်။ မောင်လေးက အိမ်ထောင်ကျပြီးသည်နှင့် စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com





အလုပ်အကိုင်အရ မြို့မဈေး အနီးတွင် ဆိုင်ခန်းဝယ်ပြီး အိမ်ခွဲနေခဲ့သည်။ အခုဆိုလျှင် မောင်လေးလည်း သားတစ်ယောက်၊ သမီးတစ်ယောက် ပိုင်ဆိုင်ထားပြီးဖြစ်သည်။ မောင်လေးအိမ်ထောင်ကျပြီး ကတည်းက အဖေနှင့်အမေ နှစ်ယောက်တည်း နေကြရတော့သည်။ မောင်လေးကတော့ သုံးလေးရက်တစ်ခါမျှ အိမ်ကိုလာပြီး အဖေနှင့်အမေအတွက် စားစရာတွေလာပို့ကာ အိမ်အလုပ်တွေ ကူလုပ်ပေး လေ့ရှိသည်။ သူကသာ အဖေနှင့်အမေဆီ မရောက်လာဖြစ်ခြင်းပါ။ နိုင်ငံရပ်ခြားမှာ မောင် အလုပ်သွားလုပ်ချိန်ကစပြီး အသက်ရှစ်ဆယ်ကျော်အရွယ် မောင့်မေမေ၏ ဝေယျာဝစ္စများနှင့် သား၏ အကြောင်းကိစ္စများဖြင့်သာ တစ်နေ့ထွက်တစ်နေ့ဝင် အချိန်တွေ ကုန်မှန်းမသိ ကုန်ခဲ့ရသည်။ တကယ်တော့ မောင် ဝယ်ထားသည့် ခုနစ်လွှာ မြောက်တိုက်ခန်းမှာ နေထိုင်ရသောဘဝတစ်ခုကို လုံးဝမနှစ်သက်ပေမယ့် ယောက္ခမအိုကြီးကိုငဲ့ပြီး သူနေထိုင်ခဲ့ရသည်။ သူတို့မြို့ကလေးက စီးပွားရေးဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာအဖြစ် တာဝန်လာရောက်ထမ်းဆောင်ခဲ့သည့် မောင်နှင့်အကြောင်းပါခဲ့ပြီး ရန်ကုန်မြို့ကြီးသား မောင့်နောက်လိုက်ကာ သျှောင်နောက် ဆံထုံးပါခဲ့ရသည်။ သူ အိမ်ထောင်မကျခင် အသက်သုံးဆယ်အရွယ်အထိ ကျယ်ဝန်းလှသောခြံဝင်းကြီးထဲက နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးထဲမှာ မိဘ၊ မောင်နှမများနှင့်အတူနေထိုင်ခဲ့ပြီး ရပ်ဆွေရပ်မျိုးများကြား ကြီးပြင်းလာခဲ့သည်မို့ ရှပ်ထွေးပွေလီသည့်မြို့ပြသည် သူ့အတွက်နေချင်စရာတော့သိပ်မကောင်းလှ။ အိမ်ထောင်ကျပြီးအစပိုင်းကာလများမှာ နယ်မြို့လေးကိုလွမ်း၍ ညတိုင်း



နီးပါး သူမျက်ရည်ကျခဲ့ရသည်။ အခုတော့လည်း မွန်းကျပ်သည့်မြို့ပြလူနေမှုစနစ်မှာ အရင်ထက်စာလျှင်တော့ အတော်လေးကိုနေသားတကျရှိခဲ့ပါပြီ။ မောင်က နှစ်နှစ်တစ်ကြိမ်မျှ မြန်မာပြည်ပြန်လာနေခဲ့ပေမယ့် အခြေအနေအမျိုးမျိုးကြောင့် မိဘအိမ်ပြန်လည်ဖို့အကြောင်းမဖန်ခဲ့ပါ။

လွန်ခဲ့သည့်တစ်ပတ်က မောင်အပြီးပြန်လာသည့်အတွက် မွေးရပ်မြေကိုပြန်ဖို့ သူအခွင့်အရေးရခဲ့သည်။ သည်ခရီးမှာ မောင်နှင့်သားကို အတူလိုက်ပါစေချင်သည်။ သို့ပေမယ့် ကျန်းမာရေးမကောင်းတော့သည့် မောင့်မေမေရှိနေသည့်အတွက်ကြောင့် မောင့်ကိုခေါ်၍မဖြစ်ခဲ့၊ သားကလည်း သင်တန်းများကိုအကြောင်းပြကာ မလိုက်ချင်သည်မို့ သူတစ်ဦးတည်းသာလာခဲ့ရသည်။

အိမ်ရောက်လျှင်တော့ အနည်းဆုံး တစ်ပတ်ဆယ်ရက်ခန့်နေပြီး အဖေနှင့်အမေ့ကို သူ အတိုးချပြုစုရမည်။ ကျယ်ဝန်းလှသောခြံဝင်းထဲက သစ်ပင်ကြီးများအောက်မှာ ဝါးပက်လက်ကုလားထိုင်လေးချပြီး ဖေဖေ့စာအုပ်စင်က သူကြိုက်သည့်စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ယူဖတ်ရမည်။ သူတို့မြို့နှင့်သိပ်မဝေးသည့်ပင်လယ်ကမ်းခြေသို့သွားပြီး လတ်ဆတ်သည့်လေကိုအဝရှူရှိုက်ဖို့လည်းစဉ်းစားထားသည်။ ပြီးလျှင် မစားရတာကြာပြီဖြစ်သည့် ဒေသစာများကို အားပါးတရချက်ပြုတ်စားသောက်မည်ဟု သူတွေးထားသည်။ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများဆီသွားလည်ပြီး ရှေးဟောင်းနှောင်းဖြစ်များပြောဖို့ကိုလည်း စိတ်ကူးထားသည်။

သည်တစ်ခေါက် အိမ်အပြန်ခရီးသည် သူ့အတွက် စိတ်လှုပ်ရှားစရာများလှသည်။

❑

သူစီးလာသောမှန်လုံကားကြီးသည် နယ်မြို့လေးဆီ ပုံမှန်အတိုင်းမောင်းနှင်နေသော်လည်း ရောက်ချင်လှသည့်စိတ်ကြောင့် နှေးနေသည်ဟုပင်ထင်နေမိသည်။ ကားပေါ်တွင် ကောင်းစွာအိပ်မပျော်ခဲ့၊ နာရီကိုကြည့်တော့ နံနက် ၅ နာရီထိုးတော့မည်။ ပတ်ဝန်းကျင်မှာ မှောင်နေဆဲပင်။ ရန်ကုန်မြို့ကြီးမှ ည ၉ နာရီ

www.burmeseclassic.com

www.burmeseclassic.com



တွင် ထွက်လာခဲ့သည်မှ နောက်ထပ်တစ်နာရီအကြာဆိုလျှင် ဇာတိမြေကိုခြေချရတော့မည်။ သူ့ရင်သည် ပို၍ပင်ခုန်လာသည်။ ဆယ်နှစ်ကျော်ဝေးကွာနေမှုက သူ့အား သည်မျှတော့ အလွမ်းပိုစေမည်ပင်။ နယ်မြို့လေး၏ အဝေးပြေးဂိတ်ကိုရောက်တော့ နံနက် ၆ နာရီကျော်နေပြီ။ မောင်လေးက ဆိုင်ကယ်နှင့်လာကြိုသည်။ မြူပြာနှင့်အလှမ်းဝေးသည့်နယ်မြို့လေး၏ လေနုအေးကလည်း သူ့စိတ်ကိုလန်းဆန်းသွားစေသည်။

သူ့အိမ်သို့အဝင် မြေနီလမ်းကလေးသည် အရင်လိုမဟုတ်တော့ဘဲ ကတ္တရာလမ်းဖြစ်နေသည်။ လမ်းထိပ်တွင် ဒေါ်ဘုမကိုတွေ့တော့ အော်ခေါ်နှုတ်ဆက်လိုက်သည်။ ဒေါ်ဘုမကတော့ ဟိုးအရင်ကအတိုင်း လမ်းထိပ်မှာ မုန့်ဟင်းခါးရောင်းနေဆဲ။ သူ ရန်ကုန်မရောက်ခဲ့ခင်က ဇာတိမြေကိုလွမ်းရသည့်အထဲတွင် ဒေါ်ဘုမရောင်းသော ငါးများများနှင့်ချက်ထားသည့် မုန့်ဟင်းခါးသည်လည်းပါဝင်သည်။ လမ်းထဲက အိမ်အတော်များများက အရင်ဝါးထရံကာခြံစည်းရိုးနေရာမှာ အုတ်တံတိုင်းများကာရံထားသည်ကို သတိထားမိသည်။ အုတ်တံတိုင်းများကာရံထားသည့် အိမ်ကြီးများကြားမှာ သူတို့အိမ်ကတော့ အရင်အတိုင်းမပြောင်းလဲဘဲ ပုဏ္ဏရိုက်ပန်းလေးတွေနှင့်သာ ကာရံထားဆဲဖြစ်သည်။

"ငယ်ရေ. . . သမီးရောက်လာပြီဟေ့"

ဖေဖေက အိမ်ရှေ့ထွက်လာပြီး သူ့ကိုမြင်သည်နှင့် မေမေ့ကိုအော်ခေါ်ပြီးပြောလိုက်သည်။ ဖေဖေက မေမေ့ကို ငယ်ဟုခေါ်ပြီး မေမေကတော့ ဖေဖေ့ကို အစ်ကိုဟုခေါ်သည်။ ဖေဖေက ဆံသဆရာဖြစ်ပြီး မေမေကတော့ အင်္ကျီပန်းထိုးသည့်အလုပ်ကိုလုပ်ခဲ့သည်။ ဖေဖေ၏ဆံသဆိုင်မှရခဲ့သောဝင်ငွေသည် သူတို့မောင်နှမနှစ်ယောက်စလုံးကို လူလားမြောက်ပြီး ဘွဲ့တစ်ခုရအောင် ကျွေးမွေးစောင့်ရှောက်နိုင်ခဲ့ရုံသာမက ဖေဖေအမွေရထားသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကိုပင် ပိုမိုလှပနိုင်ခဲ့စေအောင်ပြုပြင်နိုင်ခဲ့သည်။ မေမေ အင်္ကျီပန်းထိုးရာကရသောငွေကတော့ သူတို့မိသားစုအတွက် အပိုသုံးရငွေများဖြစ်ခဲ့သည်။ အခုတော့ ဖေဖေသည်လည်း ဆံပင်ညှပ်သည့်အလုပ်ကို မလုပ်နိုင်တော့သလို မေမေသည်လည်း အင်္ကျီပန်းထိုးအလုပ်ကို မလုပ်နိုင်တော့ပါ။ မေမေကတော့ ဖေဖေ့ထက် နှစ်နှစ်နီးပါးငယ်သည်။ ဖေဖေ့အသက် ခုနစ်ဆယ့်ငါးနှစ်ပြည့်တော့မည်။

အခုဆိုလျှင် သူ့အသက်သည်လည်း ငါးဆယ်ပြည့်တော့မည်။ သူကိုယ်တိုင် မိခင်တစ်ယောက်ဖြစ်သည့်အတွက် သားသမီးတို့နှင့်အတူမနေရသော မိဘတို့၏ ခံစားချက်ကို သူနားလည်ပါသည်။ တစ်ခါတလေမှာ သူသည်ပင် အကြောင်းကမည်မည်ရရမရှိပါဘဲ သား၏ပြုစုယုယမှုကို တောင့်တမိသေးသည်။ သားက သူ့အနားလာပြီး ငါးမိနစ်ခန့်နှိပ်နယ်ပေးသည့်အခါမျိုးမှာ ပီတိဖြစ်မဆုံးတော့။ သူ့မိဘများသည်လည်း ထိုသို့စိတ်မျိုးဖြစ်ကြပေလိမ့်မည်။ အခုတော့ သမီးတစ်ယောက်၏ဝတ္တရားများမကျေပွန်နိုင်သည့် သူကိုယ်သူ စိတ်တိုင်းမကျဖြစ်ရသည်။

"အို. . . မေမေ"

မေမေ့ကိုတွေ့မြင်လိုက်ရသည့်တစ်ခဏ သူ့မျက်လုံးတွေ အဝိုင်းသားဖြစ်သွားသည်။ ဝါးဖြင့်လုပ်ထားသည့် အထောက်အကူအထိန်းလေးကိုအားပြုပြီး သူ့ဆီဖြည်းဖြည်းချင်းလျှောက်လှမ်းလာနေသောမေမေ့ထံ သူပြေးသွားမိသည်။ မေမေ့အနားရောက်တော့ မေမေ့လက်အစုံကိုကိုင်ရင်း သူ မျက်ရည်ဝဲလာမိသည်။

"သမီးရဲ့မေမေ ဘာမှမဖြစ်ပါဘူး ခြေထောက်တွေမကောင်းတော့ လမ်းလျှောက်ရတာ သိပ်အဆင်မပြေတော့တာနဲ့ ဝါးလက်ထိန်းအကူလေး ဟိုတစ်လောကပဲ ဖေဖေလုပ်ထားပေးတာ"

သူ့ပါးနှစ်ဖက်မှာစီးကျလာတော့မည့် မျက်ရည်များကို မေမေကသုတ်ပေးတော့ သူ့ပိုဝမ်းနည်းမိသွားသည်။

"ဟုတ်တယ်သမီး မေမေက အသက်ကြီးပြီမဟုတ်လား၊ မေမေကဝလည်းဝတော့ ထရထိုင်ရ လျှောက်ရတာ အရင်လိုသိပ်မကောင်းတော့ဘူး။ စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်၊ သမီးလာမယ်ဆိုပြီး ဖုန်းဆက်ကတည်းက မေမေတို့ပျော်နေကြတာ"

ဖေဖေက သူ့ကိုပြုံးကြည့်နေပေမယ့် ဖေဖေ့မျက်ဝန်းမှာ မျက်ရည်စများတွဲလွဲခိုနေသည်ကို သူမြင်လိုက်ပါသည်။ မောင်လေးလည်း တစ်ဖက်ကို မျက်နှာလွှဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခရိုပန်းလာတယ်မဟုတ်လား၊ အနားယူလိုက်အုံး၊ ခဏနေရင် ရေချိုး၊ သမီးအခန်းကိုပဲ ဖေဖေတို့ ပြင်ထားပေးတယ်"

အပျိုဘဝတုန်းက သူနေခဲ့သည့်အခန်းလေးက နှစ်ပေါင်းများစွာကင်းကွာနေသည့်သူ့အား ရင်းနှီးစွာကြိုဆိုနေသည်။ အခန်းအပေါက်ဝတွင်တပ်ထားသော လိုက်ကာခန်းဆီးသည်ပင် ဟိုးယခင်ကသူသုံးခဲ့သည့် အပြာရောင်နှင်းဆီပွင့်ခန်းဆီးဖြစ်နေ၍ သူအံ့အားသင့်ရသည်။ မေမေက စနစ်တကျသိမ်းဆည်းထား၍ဖြစ်မည်။ အရောင်အနည်းငယ်ဖျော့နေရုံမှတစ်ပါး လုံးဝ စုတ်ပြဲခြင်းမရှိ။ အခန်းထဲဝင်လိုက်တော့ သူနှင့် အရင်းနှီးဆုံးရနံ့တစ်ခုက နှာခေါင်းထဲတိုးဝင်လာသည်။ သူကြိုက်သည့် စံကားဖြူပန်းလေးတွေကို တုတ်တံလေးများနှင့်ထိုးပြီး ခုတင်ဘေးကစားပွဲလေးအပေါ် ပန်းအိုးဖြင့်တင်ထားသည်။ သူ အပျိုဘဝတုန်းက စံကားဖြူလေးတွေပွင့်တိုင်း ခူးပြီး အုန်းလက်တုတ်တံဖြင့်ထိုးကာ ပန်းအိုးထိုးလေ့ရှိသည်။ အခုလည်း ဖေဖေနှင့်မေမေက သတိတရထိုးထားပေးခြင်းဖြစ်မည်။ မိဘအိမ်ပြန်ရောက်လာသည့်သူ့အဖို့ အရာရာသည် အပူအပင်နည်းသည့် ငယ်ဘဝကလို လွတ်လွတ်လပ်လပ်နှင့် ပေါ့ပေါ့ပါးပါးရှိလှသည်။ အခန်းထဲမှာ အတော်ကြာအောင် သူအိပ်ပျော်သွားခဲ့သည်။ သူနိုးလာတော့ နံနက်ဆယ့်တစ်နာရီရှိနေပြီ။

❑

"သမီးနိုးလာပြီလား၊ ရေချိုးလိုက်နော်၊ ပြီးရင် ထမင်းစားကြမယ်၊ မေမေချက်ထားပြီးပြီ"

အသက်ငါးဆယ်အရွယ်သမီးဖြစ်သူ သူ့အား ကလေးတစ်ယောက်လိုမြင်ပြီး အသက်ခုနစ်ဆယ်ကျော်အရွယ် အမေဖြစ်သူက ပြောနေသည့်စကားများကို ပတ်ဝန်းကျင်ကကြားလျှင် ပြုံးမိကြမည်ထင်သည်။ သားသည်ပင် အသက်ဆယ့်ခြောက်နှစ်အရွယ် လူပျိုပေါက်ဖြစ်နေပေမယ့် သူ့အမြင်မှာ ကလေးငယ်တစ်ယောက်သာ။ အခုချိန်ထိလည်း သားကို တစ်ခါတစ်ရံ သူထမင်းခွံ့ကျွေးနေတုန်း။ သားကလည်း အမေ့ပေါင်ကို ခေါင်းအုံးလုပ်ကာ သည်အရွယ်ထိအိပ်နေတုန်း။ သူလာတုန်းကတောင် "မေမေ မြန်မြန်ပြန်လာနော်" ဆိုပြီး သားကမှာခဲ့သေးသည်။ သည်အချိန်ဆိုလျှင် သားတို့လည်း ထမင်းစားကြတော့မည်။ ပြီးလျှင် သားက ကြေးများသူမို့ သူ့အဖေချက်သည့်ဟင်းကို ကြိုက်ပါ့မလား ဟု သူစိတ်ပူမိပါသည်။ သားနှင့်ခွဲရသည်မှာ တစ်ညပင်ရှိသေးသည်။ သားကို သူသတိရမိနေပါပြီ။

"သမီးရေ. . . ရေမြန်မြန်ချိုးနော်၊ မေမေ ထမင်းပြင်ထားမယ်၊ သမီးကြိုက်တဲ့ ငါးမန်းသားရေသုပ်ရယ်၊ ငါးခြောက်ခေါင်း မရန်းသီးဟင်းရယ် ချက်ထားတယ်"



ရေချိုး၊ သနပ်ခါးလိမ်းပြီးသည်နှင့် အဆင်သင့်ပြင်ထားပြီး ဖြစ်သည့် ထမင်းဝိုင်းဆီလာခဲ့သည်။

ထမင်းဝိုင်းတွင် ဖေဖေရော မေမေပါ သူ့ကို စောင့်နေကြသည်။ မေမေချက်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့်ဟင်းတွေက သူ့ကို ဆွဲဆောင်အားကြီးလွန်းလှသည်။ အခုအချိန်အထိမပျက်သေးသည့် အဖေ့ရေဒီယိုဟောင်းလေးဆီက သီချင်းသံတွေကလည်း သူ့စိတ်ကိုကြည်နူးနေစေပြန်သည်။

"မြေးလေးကိုပါ ခေါ်ခဲ့တာမဟုတ်ဘူး၊ မေမေတို့က မြေးလေးကိုတွေ့ချင်နေတာ၊ အခုဆို မြေးလေးက လူပျိုကြီးဖြစ်ရောပေါ့"

မြေးဖြစ်သူကိုတွေ့ချင်လှသည့် မိဘနှစ်ပါးစိတ်ကို ခံစားနားလည်မိပေမယ့် သားကမလိုက်ချင်သည်မို့ ခက်လှပါသည်။ ပြောရမည်ဆိုလျှင် သားသည် အတူနေသည့် မောင့်မေမေကိုသာ ပိုပြီးခင်တွယ်သည်။

"မေမေတို့မြေးကလေ သင်တန်းတွေကို လောဘတကြီးလိုက်တက်နေတော့ အတန်းပျက်မှာကြောက်နေတယ်၊ အခုခေတ်ကလည်း၊ သင်တန်းတွေကစုံတယ်လေ မေမေရဲ့၊ သမီးတောင်လိုက်မမီဘူး၊ ဒီမှာလေ မေမေ မြေးပုံတွေ၊ နည်းတဲ့အရပ်ကြီးမဟုတ်ဘူး၊ ဖေဖေရေ၊ အဘိုးနဲ့တူလို့ဖြစ်မယ်နော်"

ဖုန်းထဲမှာသိမ်းထားသည့် သားဓာတ်ပုံတွေကိုပြလိုက်သည်။ ဖေဖေနှင့်မေမေ့ကို သူတို့မြေးလေးဓာတ်ပုံတွေ ဖုန်းထဲမှာတစ်ပုံပြီးတစ်ပုံပြနေတုန်း မောင့်ထံက ဖုန်းဝင်လာသည်။ မောင်ပြောလိုက်သောစကားကို ကြားလိုက်ရသည့်တစ်ခဏ ဖုန်း လက်ကလွတ်ကျမတတ်ဖြစ်သွားသည်။

"သမီး ဘာဖြစ်တာလဲ. . ."

ဟန်ချက်ပျက်သွားပြီး လဲကျမလိုပင်ဖြစ်သွားသော သူ့ကို မေမေကမေးသည်။

"သားသား ကားအက်ဆီးဒင့်ဖြစ်လို့တဲ့ မေမေ၊ သားသား သင်တန်းကအပြန် ငှားစီးလာတဲ့ကားနဲ့ အခြားကားတိုက်မိလို့တဲ့၊ သားသားကို သမီး သိပ်စိတ်ပူမိတယ် မေမေရယ်"

မျက်ရည်တွေကျလာရင်း တရစပ်ပြောနေသော သူ့ကို ဖေဖေနှင့်မေမေကလည်း မျက်ရည်အဝိုင်းသားနှင့်ကြည့်နေကြသည်။ သားက ဒဏ်ရာအနည်းငယ်ရရုံသာဖြစ်၍ အစိုးရိမ်မကြီးရန် မောင်ကပြောသော်လည်း သားကို သူစိတ်ပူမိချေပြီ။

"သမီးရယ် မြေးလေးက ကောင်းသွားမှာပါ သိပ်လည်းစိုးရိမ်မကြီးပါနဲ့၊ ထမင်းစားလိုက်အုံးနော်"

ဖေဖေနှင့်မေမေ့ကို ခေါင်းညိတ်ပြပြီး ထမင်းကို ခပ်မြန်မြန်စားလိုက်သည်။ ဖေဖေနှင့်မေမေသည်ပင် ထမင်းစားမပြီးသေးခင် သူ ထမင်းစားဝိုင်းကထပြီး မောင်လေးဆီဖုန်းဆက်လိုက်သည်။

"မောင်လေးရေ. . အငှားကားတစ်စီးငှားပြီး အိမ်ကို မြန်မြန်လာခဲ့နော်၊ မမ ရန်ကုန်ပြန်မှဖြစ်မှာ. . ."

စိတ်ယောက်ယက်ခတ်ကာ ဂနာမငြိမ်ဖြစ်နေသည့်သူ့ကို ထမင်းစားဝိုင်းကငေးကြည့်နေသော ဖေဖေနှင့် မေမေ့အား သူစကားသိပ်မပြောနိုင်တော့၊ သူ့နှုတ်ကလည်း ရသမျှဘုရားစာတစ်ပုဒ်ပြီးတစ်ပုဒ်ရွတ်ဆိုပြီး ဆုတောင်းနေမိသည်။ ခဏကြာတော့ အငှားကားတစ်စီး ငှားပြီး မောင်လေးရောက်လာသည်။ အခန်းထဲဝင်ကာ ခရီးဆောင်အိတ်ယူပြီး အဖေနှင့်အမေ့ကို ထိုင်ကန်တော့လိုက်သည်။

"သမီး ကျန်းမာချမ်းသာပါစေကွယ်၊ မြေးလေးလည်း အမြန်ဆုံးသက်သာပါစေ၊ မေမေတို့သမီး ပူပန်ကြောင့်ကြစိုးရိမ်မှုတွေပျောက်ပြီး မိသားစုနဲ့အတူ မခွဲမခွာ ပျော်ပျော်ရွှင်ရွှင်နေနိုင်ပါစေလို့ မေမေဆုတောင်းပေးပါတယ်၊ နောက်တစ်ခါလာရင် မြေးလေးပါခေါ်ခဲ့နော်"

သူ့အတွက် နောက်တစ်ခါဆိုသည့်အချိန်သည် ဘယ်သောအခါမှ ရောက်လာမည်ကို သူမသိနိုင်ပါ။ သေချာသည်က မနေ့ကခရီးနှင့် ဒီနေ့ခရီးသည် အိမ်အပြန်ခရီးချင်းတူသော်လည်း သမုဒယကြီးများခေါ်ဆောင်ရာ စိတ်ခံစားမှု၏ဦးတည်ရာက ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဖေဖေနှင့်မေမေက အိမ်အဝအထိထွက်လာပြီး သူ့ကို လက်ပြနှုတ်ဆက်ကြသည်။ အိမ်ခြံအဝမှာ လက်ပြနှုတ်ဆက်ရင်းကျန်ရစ်ခဲ့သည့် မိအိုဖအို နှစ်ဦးကို ပြန်၍လက်ပြနှုတ်ဆက်ဖို့အတွက် သူ့မှာ အင်အားမရှိတော့။

အခုတော့ သူ၏အိမ်အပြန်သည် ဇာတ်ငြိမ်းမှု၏ ဝေးရာဆီကို. . .။ ။

**ကျော်စက်ရုံမှုန်**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(၁)
"အမေတို့ကလည်း
လုပ်ချလိုက်ပြန်ပြီ၊ ချေးပါသေးပေါက်
လုပ်ချင်ရင် ကြိုပြောပါလို့ သေသေချာချာ
ပြောထားရဲ့သားနဲ့၊ အစ်မရေ လာပါအုံး၊
ဒီမှာ အစ်မအမေကြီး အိပ်ရာထဲမှာ
ချေးတွေပါထားပြန်ပြီ"

နှာခေါင်းကို လက်နှင့်ပိတ်ကာ
အော်ဟစ်ပြောဆိုလိုက်သည့်
သူ့သမီးလတ်၏စကားသံမှာ
သူ့တစ်ကိုယ်လုံး သေးငယ်
ကျုံ့ဝင်သွားသလို ခံစားလိုက်ရပါသည်။
ထို့အတူ သူ့ကိုယ်သူလည်း
ဘယ်နှကြိမ်မြောက်မှန်း



www.burmeseclassic.com

မသိ စိတ်ပျက်လက်ပျက်ဖြစ်လိုက်မိသည်။ တကယ်လည်း သူ့ကိုယ်သူ စိတ်ပျက်မိ၊ စိတ်ကုန်နေမိပြီဖြစ်သည်၊ အထူးသဖြင့် ထမင်းကို ကိုယ်တိုင်မစားနိုင်၊ ကိုယ့်အဝတ်အစားကို ကိုယ်တိုင်မလဲလှယ်နိုင် ကိုယ့်အညစ်အကြေးကို ကိုယ်တိုင်သန့်ရှင်းရေးမလုပ်နိုင်သည့် ဘဝကြီးထဲမှာ အသက်ရှင် လူဖြစ်နေရသည်ကို ငြီးငွေ့စိတ်ကုန်လှပြီဖြစ်သည်၊

အမှန်အတိုင်းဝန်ခံရလျှင် သူ့ဘဝမှာ ယခုလို အခြေအနေမျိုးများနှင့်ကြုံတွေ့လာဖို့ ဘယ်တုန်းကမှ မမျှော်လင့်ထားမိခဲ့ပါ၊ ထို့အတူ ယခုလို မျက်နှာမျိုးများ ယခုလို စကားသံမျိုးများကို ကြားနာရလိမ့်မည်ဟူ၍လည်း ယောင်၍တောင်မှမတွေးမိခဲ့ဖူးပါ၊ တကယ်လည်း သူ့ခန္ဓာကိုယ်အတွင်းသို့ လေဖြတ်ရောဂါဆိုသည့် မိစ္ဆာနတ်ဆိုးကြီး ပူးကပ်မခံရခင်ကအထိ သူသည် သန်စွမ်းကျန်းမာသူတစ်ယောက်၊ ဖျတ်လတ်လန်းဆန်း နေတတ်သူတစ်ယောက်ဖြစ်ပါသည်။ ထို့အတူ မိသားစုဝင်များအပေါ် ဩဇာညောင်းသူ၊ ဆွေမျိုးသားချင်းတို့၏လေးစားမှုကိုခံရသူ စသည့်ဂုဏ်ပုဒ်များဖြင့် ပြည့်စုံသူတစ်ယောက်လည်းဖြစ်ပါသည်။


သို့ပေမယ့် ထိုအရာများသည် တစ်ချိန်တစ်ခါက သာဖြစ်ပြီး ယခုအချိန်မှာတော့ တခြားသူတစ်ယောက်ကို လွှမ်းမိုးချုပ်ကိုင်ဖို့ကိုမဆိုထားနှင့်၊ သူ့ခန္ဓာကိုယ်အတွင်းက ဖြစ်ပျက်ပေါ်ပေါက်လာသည့်အဖြစ်အပျက်များကိုပင် ထိန်းချုပ်နိုင်စွမ်းမရှိတော့သည့် သူတစ်ယောက်အဖြစ်သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ ဟုတ်ပါသည်၊ အိုမင်းလာသည့် အသက်အရွယ် ရရှိခံစားနေရသည့် ဝေဒနာတွေက သူ၏တချို့သောအာရုံတွေကို နှေးကွေးလေးလံစေခဲ့ပြီဖြစ်သည်။ ထို့အတူ တချို့သော အကြောင်းအရာအဖြစ်အပျက်များကိုလည်း ပျက်စီးသွားစေခဲ့ကြပြီဖြစ်သည်။ အဆိုးဆုံးကဆီး ဝမ်းတို့ကို ထိန်းချုပ်နိုင်သည့် အာရုံကြောတို့ အလုပ်မလုပ်နိုင်ကြတော့ခြင်းပင်ဖြစ်သည်။ တကယ်လည်း စိတ်နှင့်လှုပ်ရှားတုံ့ပြန်ပုံတို့ ထပ်တူမကျသည့် အခြေအနေမှာ မကြာခဏပင် အညစ်အကြေးများကို သတိလက်လွတ်စွန့်လိုက်မိတတ်သည်၊ ဒီအတွက်လည်း အတူနေအိမ်သူအိမ်သားများ၏ ငြိုငြင်မှုကို မကြာခဏပင် သူခံခဲ့ရသည်၊ အထူးသဖြင့် သူ့သားသမီးများ၏ ဖြစ်တင်ပြောဆိုမှုကို မကြာခဏပင်ခံခဲ့ရသည်၊ ထိုသို့ခံရသည့်အခါတိုင်းမှာလည်း ရှက်ရွံ့စိတ်၊ သိမ်ငယ်စိတ်တို့က သူ့ရင်ထဲကို တစိမ့်စိမ့် စိမ့်ဝင်လာတတ်ကြစမြဲပင်ဖြစ်သည်၊

တကယ်တော့ အိုမင်းမစွမ်းရောဂါသည်တစ်ယောက် ခံစားရသည့်ဒုက္ခများက များမြောင်လွန်းလှပါသည်။ အထူးသဖြင့် မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေခဲ့ရသည်ဆိုသည့် စိတ်ခံစားမှုက သူ့ကို များစွာပင် အနေရခက်စေသည်။ အနေရခက်စေရုံ သာမက တစ်ခါတစ်ရံ၌ သူရရှိထားသည့် လူ့အဖြစ်ကိုပင် စိတ်ပျက်လက်ပျက်ဖြစ်စေခဲ့သည်။ ထို့အတူ အသက်ရှင်နေရုံသက်သက် လူဖြစ်ရခြင်းသည် ငြီးငွေ့စိတ်ပျက်စရာ မည်မျှကောင်းကြောင်းကိုလည်း သူကောင်းကောင်းသိခဲ့ရပြီဖြစ်သည်၊ တကယ်လည်း ငယ်ရွယ်နုပျိုမှု၊ တက်ကြွလန်းဆန်းမှုတွေမရှိတော့သည့် လူတစ်ယောက်အတွက် နေ့ရက်တိုင်းသည် စိတ်ပျက်စရာတွေချည်းပင်ဖြစ်သည်။ အထူးသဖြင့် မီးစာကုန် ဆီခန်းလို့ ကိုယ့်ကိုယ်ကိုယ်ထူမတ်ဖို့တောင် မတတ်နိုင်တော့သည့် လူတစ်ယောက်အတွက် အသက်ရှင်သန်မှုဆိုတာ ဘာမှအရေးမပါသည့်ကိစ္စတစ်ခု ဘာမှအသုံးမဝင်တော့သည့်ကိစ္စတစ်ခုဖြစ်သည်ဆိုတာကို အခုအချိန်မှာ သူသေသေချာချာကြီးသိနေခဲ့ပြီဖြစ်သည်၊

အမှန်အတိုင်းဝန်ခံရလျှင် မျှော်လင့်စရာ ဘာမှမရှိတော့သည့် နေ့ရက်တွေထဲမှာ သူ့အသက်ကို တစ်ရက်တောင် မရှင်သန်ချင်တော့ခြင်းဖြစ်သည်။ လမ်းဘေးမှာစွန့်ပစ်ခံထားရသည့် ရေသန့်ဘူးတစ်ဘူး ဘီယာဘူးအခွံတစ်ခုလောက်တောင် မိသားစုနှင့်ကမ္ဘာမြေကြီးကို အကျိုးမပြုနိုင်တော့သည့် လူတစ်ယောက်အဖြစ်နှင့် သူ့အသက်ကို တစ်စက္ကန့်တောင် ဆက်ပြီးမရှင်သန်ချင်တော့ခြင်းဖြစ်သည်။ တကယ်လည်း အသက်ရှင်လျက် သေဆုံးနေရသည့်နေ့ရက်တွေကို သူငြီးငွေ့စိတ်ပျက်မုန်းတီးလှပြီဖြစ်သည်။ ခုတင်အိုကြီးပေါ်မှာ ငြီးငွေ့စရာကောင်းလောက်အောင် လဲလျောင်းငြိမ်သက်နေခဲ့ရသည့်အချိန်တွေ၊ ခန္ဓာကိုယ်ကြီးက

www.burmeseclassic.com





ပေးသည့် နာကျင်မှုတွေ၊ စိတ်ထဲက ယိုစိမ့်ထွက်ကျလာတတ်သည့် နာကျင်မှုတွေဆီကနေ ရှောင်ကွင်းလွတ်မြောက်ချင်နေခဲ့ပြီဖြစ်သည်။ မီးစာကုန်ခါနီးဖယောင်းတိုင်က ပိုပြီးလောင်ကျွမ်းခံရတတ်သလိုမျိုး တမြည့်မြည့်လောင်ကျွမ်းခံနေရသည့်နေ့ရက်တွေထဲကနေ ထွက်ပြေးလွတ်မြောက်ချင်နေခဲ့ပြီဟုဆိုလျှင်တော့ ပို၍မှန်လိမ့်မည်ထင်ပါသည်။ တကယ်လည်း လက်ရှိဖြစ်တည်ရှင်သန်နေရသည့်ဘဝကြီးထဲမှာ သူ့အတွက် ပျော်စရာဆိုလို့ တစ်ရံတစ်ခါအတွေးအာရုံများထဲသို့ ရောက်ရှိလာတတ်သည့် အတိတ်နေ့ရက်များဆီက ပြီးဆုံးခဲ့ပြီးသောအကြောင်းအရာများသာရှိနေခဲ့တာဖြစ်ပါသည်။ ဟုတ်ပါသည်။ အတိတ်နေ့ရက်များဆီက မိသားစုအတွက် သူစွမ်းဆောင်ခဲ့ဖူးသည့်အကြောင်းအရာများကို ပြန်လည်တွေးတောရခြင်းကသာ သူ့အတွက် စိတ်ရွှင်လန်းချမ်းမြေ့စရာဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ အခွင့်အရေးသာရခဲ့မည်ဆိုလျှင် လက်ရှိ သူရင်ဆိုင်နေခဲ့ရသည့် အခက်အခဲများ၊ ဝေဒနာများဆီကနေ အမြန်ဆုံး လက်မြောက်အရှုံးပေး ထွက်ခွာသွားလိုက်ချင်မိပြီဖြစ်ကြောင်း၊ တစ်စုံတစ်ယောက်ဆီ၌ ဖွင့်ဟပြောဆိုလိုက်ချင်ပါသည်။

(၂)

"အဲဒီနေ့ကျရင် အဖေ့အခန်းတံခါးကို သေချာပိတ်ထားလိုက်ကြဖို့ မမေ့ကြနဲ့အုံးနော်၊ တော်ကြာအခန်းထဲက အနံ့အသက်တွေထွက်လာလို့ ဧည့်သည်တွေရှေ့ အရှက်တွေကွဲကုန်ကြမယ်"

ရုတ်တရက် အခန်းတံခါးကိုကျော်ဖြတ်ကာ ဝင်ရောက်လာသည့် စကားသံတို့ကြောင့် သူ့ရင်တစ်ခုလုံးနာကျင်သွားရသည်။ ထို့အတူ သူသည် မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးကြီးအဖြစ်သာမက မိသားစုအတွက် အရှက်ရစရာလူပိုကြီးတစ်ယောက်၊ အသုံးမဝင်တော့သည့် လူကြီးတစ်ယောက်အဖြစ်သို့ရောက်ရှိနေခဲ့ပြီလားဟူ၍လည်း တွေးလိုက်မိသည်။ တကယ်တော့ အသည်းစွဲအောင်နာတယ်ဆိုသည့်စကား၏အဓိပ္ပာယ်ကို သူ အခုမှ သေသေချာချာနားလည်မိသည်။ ထို့အတူ ခန္ဓာကိုယ်တစ်ခုလုံး မလှုပ်ရှားနိုင်တော့သည့် ရောဂါသည်အဖေအိုကြီးအပေါ်ကို ဒီလောက်လေးတောင် စိတ်ရှည်သည်းခံမပေးနိုင်ကြသည့် သူတို့တစ်တွေ၏စိတ်ဓာတ်တွေကိုလည်း သူအံ့သြလိုက်မိသည်။ တကယ်ဆို အကျိုးလိုလို့ ညောင်ရေလောင်းခဲ့တာမျိုးမဟုတ်ပေမယ့် သူ့မှာသာ ဖန်ဆင်းပြနိုင်စွမ်းရှိနေခဲ့မယ်ဆိုရင် သားသမီးတွေကို သူ ဘယ်လိုပြုစုယုယပျိုးထောင်လာခဲ့ရတယ်ဆိုတာကို ပြန်ပြီးဖန်ဆင်းပြလိုက်ချင်မိသည်။ သူတို့၏ပညာရေး၊ လူမှုရေး၊ နေရေး၊ စားရေး၊ ဝတ်ရေးများအတွက် သူ ဘယ်လောက်အထိရုန်းကန်ခဲ့ရသလဲဆိုတာကို ဖန်ဆင်းပြလိုက်ချင်မိသည်။ ထို့အတူ ယခု သူတို့ပြောလိုက်သည့်စကားလုံးတွေကြောင့် သူတို့၏ရောဂါသည်အဖေအိုကြီး၏စိတ်ထဲမှာ ဘယ်လောက်အထိ ပူပြင်းလောင်မြိုက်သွားတယ်ဆိုသည့်အကြောင်းကိုလည်း သူတို့တစ်တွေသိအောင်ပြောပြလိုက်ချင်မိပါသေးသည်။ သို့ပေမယ့် ဒါတွေဟာဘဝမှာ ဘယ်လိုမှဖြစ်လာနိုင်စရာ အကြောင်းမရှိဘူးဆိုတာကိုလည်း သူ့စိတ်ထဲက သေသေချာချာပင်သိနေခဲ့ပါသေးသည်။

(၃)

"ဟာ. . လူတွေက အလုပ်ရှုပ်နေပါတယ်ဆို လုပ်ထားပြန်ပြီဗျာ"ဆိုသည့် သူ့သားငယ်၏စကားသံအဆုံးမှာ ဝူးဝူးဝါးဝါးဖြင့် အကျောက်အကန်ပင်ငြင်းဆန်လိုက်မိသည်။ ထို့အတူ သူ တမင်တကာလုပ်တာမဟုတ်ကြောင်း၊ မတော်တဆဖြစ်သွားခြင်းသာဖြစ်သည်ဆိုသည့်အကြောင်းကိုလည်း သူ့မှာရှိသမျှအစွမ်းအစအမူအရာအားလုံးဖြင့် ပြောပြနေမိသည်။ တကယ်

www.burmeseclassic.com

www.burmeseclassic.com



သည်း သိစိတ်ဖြင့် တမင်တကာပြုလုပ်မိခဲ့ခြင်း မဟုတ်ပါဘဲ မသိစိတ်ဖြင့်ပြုမူမိခဲ့ခြင်းသာဖြစ်ပါသည်။ ယုတ်စွအဆုံး၊ ထိုသို့ အညစ်အကြေးများစွန့်ထားမိခဲ့ကြောင်းကိုပင် ယခုမှ သူ သိရှိခွင့်ရခဲ့ခြင်းဖြစ်သည်။ သို့ပါသော်လည်း သူ့သားငယ်က သူ၏စကားများ၊ အမူအရာများကို ဘာသာပြန်ဖို့မစဉ်းစား၊ ခြေထောက်ကို ဆောင့်နင်းကာသာ သူ့အနားမှ ဝေးရာသို့ထွက်သွားခဲ့ပါသည်။

(၄)

ခါးအောက်ပိုင်းဆီမှ စိုစိစိဖြစ်နေသည့် အထိအတွေ့ကြောင့် သူ ထိတ်လန့်တကြားဖြစ်သွားမိသည်။ တကယ်လည်း အိပ်ရာထက်မှာ အညစ်အကြေးများကို စွန့်ထားလိုက်မိပြန်ပြီဆိုသည့်အသိက သူ့စိတ်တို့ကို ပူပင်နိုးထိတ်လာစေခဲ့သည်။ အထူးသဖြင့် အညစ်အကြေးများကို စွန့်ထားမိခဲ့ကြောင်းကို သူ့သား၊ သူ့သမီး၊ သူ့မိသားစုဝင်တွေသာ သိသွားခဲ့ရင်ဆိုသည့်အသိက သူ့နဖူးပြင်မှ ချွေးတို့ကိုပင် စို့ထွက်လာစေခဲ့သည်။ ထို့အတူ တစ်ဖက်ကလည်း ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲဟု အပြင်းအထန်ပင်စဉ်းစားနေမိသည်။ ဟုတ်ပါသည်။ ဒီပြဿနာ ဒီအညစ်အကြေးတွေကို သူ့သား၊ သူ့သမီးနှင့် သူ့မိသားစုဝင်တွေ မတွေ့မြင် မရိပ်မိခင် သူ့ခန္ဓာကိုယ်မှ ကင်းစင်သွားအောင် ဖြေရှင်းရပါမည်။ သို့ပါမှ သူ့သား၊ သူ့သမီးနှင့် သူ့မိသားစုဝင်များ၏ စိတ်ပျက်လက်ပျက် ဆူပူကြိမ်းမောင်းသံများဆီမှ လွတ်ကင်းခွင့်ရလိမ့်မည်ဖြစ်သည်။ လူပိုကြီး၊ ဝန်ထုပ်ဝန်ပိုးကြီးဟု အစိမ့်ခွာယ်ရသည့် အကြည့်များဆီမှ လွတ်မြောက်ခွင့်ရလိမ့်မည်ဖြစ်သည်။

ပထမဦးဆုံး တစ်စုစုနဲ့ငြိနေသလို အိပ်ရာမှာကပ်နေသည့် သူ့ကျောပြင်တွေကိုရွှေ့ဖို့ ကြိုးစားလိုက်မိသည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်အထိ ကြိုးစားကြည့်သော်လည်း ဘာမှထူးခြားမလာတာမို့ သူ့စိတ်ဓာတ်နည်းနည်းကျချင်လာသည်။ သို့ပေမယ့် သူ လက်မလျှော့၊ တကယ်လည်း သူ့သား၊ သူ့သမီး၊ သူ့မိသားစုဝင်များ၏ ပြောဆိုပြစ်တင်ခြင်းတွေကနေ လွတ်မြောက်ဖို့ လက်လျှော့လို့မရဘူးဟု သူ့ကိုယ်သူ အားပေးရင်း ကျောက်တုံးတွေနှင့်အဖိခံထားရသလို လေးလံနေသည့် သူ့လက်တွေကိုအားပြု၍ သူ့ခန္ဓာကိုယ်ကြီးကို ခုတင်ပေါ်ကနေရွှေ့သွားဖို့ ထပ်ပြီးကြိုးစားခဲ့ပါသည်။ တစ်ခါ၊ နှစ်ခါ၊ သုံးခါ၊ သူ့ခန္ဓာကိုယ်ကနေ ချွေးတွေအမြိုက်မြိုက်စီးကျလို့လာသည်။ သူ့ရင်သည် ပူလောင်လာပြီး သူ့မျက်လုံးတွေသည် ချွေးစများကြောင့် ကျိန်းစပ်လာသည်။ သို့ပေမယ့် ဘယ်လောက်ကြိုးစားကြိုးစား သူ့ခန္ဓာကိုယ်ကြီးကတော့ သူ့ရှိရင်းစွဲနေရာကနေ တစ်လက်မတောင် ရွေ့သွားခြင်းမရှိခဲ့ပါ။ ခန္ဓာကိုယ်ကြီးက ရွေ့လျားသွားခြင်းမရှိသော်လည်း သူ့ရင်ဘတ်ကြီးကတော့ အရှိန်ပြင်းပြင်းဖြင့် အဆွဲခံနေရသည့် ဖားဖိုကြီးတစ်ခုလို နိမ့်လိုက် မြင့်လိုက်ဖြစ်လာသည်။ သူ့အာခေါင်တွေသည် ကန္တာရအလယ်က သဲသောင်ပြင်တွေလို ပူလောင်ခြောက်ကပ်လာပါသည်။ ထို့အတူ သူ့မျက်လုံးများသည်လည်း ပြာဝေလာခဲ့သည်။ သို့ပေမယ့် စိတ်က လက်မလျှော့ချင်သေးဘူးဖြစ်နေသည်။

တကယ်လည်း မိသားစုဝင်များ၏ ရှုတ်ချပြောဆိုခံရခြင်းမှ လွတ်မြောက်ဖို့အတွက် သူလက်မလျှော့ချင်သေးပါ။ သူ့ခန္ဓာကိုယ်ထဲမှာ ရှိသမျှအားနှင့် သူကြိုးစားကြည့်ချင်မိပါသေးသည်။ စိတ်ကူးမိသည့်အတိုင်းလည်း သူ့ခန္ဓာကိုယ်ကြီးကို အဲဒီခုတင်အိုကြီးနဲ့လွတ်ကင်းရာဘက်ကို အစွမ်းကုန်လိမ့်ချပစ်ဖို့ သူကြိုးစားလိုက်မိသည်။ တိတိကျကျပြောရလျှင် သူ့ခန္ဓာကိုယ်ထဲမှာရှိသမျှအားအကုန်လုံးနှင့် အဲဒီအညစ်အကြေးတွေပေကျံနေသည့် ခုတင်အိုကြီးရှိရာဘက်မှ အဝေးဆုံးကို လိမ့်ချပစ်လိုက်မိခြင်းဖြစ်သည်။ အံ့ဩစရာကောင်းလောက်အောင်ပင် သူသည် ခုတင်အိုကြီး၏အဝေးဆုံးကို ရောက်ရှိသွားခဲ့ပါသည်။ သူပျော်ရွှင်သွားခဲ့သည်။ သူပျော်ရွှင်စွာပဲ သူမနေချင်သည့်အိပ်ခန်း၏ဝေးရာဆီကို ထွက်လာခဲ့လိုက်သည်။ သို့ပါသော်လည်း ခုတင်အိုကြီးပေါ်မှာရှိနေသေးသည့် သူ့ခန္ဓာကိုယ်ကြီးသည် အညစ်အကြေးတွေနဲ့ ပေကျံနေရဆဲပဲဖြစ်သည်ဆိုတာကိုတော့ သူ သိခွင့်မရလိုက်တော့ပေ။ ။

မင်းညာ

www.burmeseclassic.com

www.burmeseclassic.com



# ငွေတာရီ
မဂ္ဂဇင်း

## ရွေးချယ်သောကဗျာများ

၁. ၇. ၂၀၁၉ ရက် မှ ၃၁. ၇. ၂၀၁၉ ရက်အထိ ရောက်ရှိလာသောကဗျာများမှ အောက်ဖော်ပြပါ ကဗျာများကို ငွေတာရီမဂ္ဂဇင်းတွင် အသုံးပြုရန် ရွေးချယ်ထားပါသည် -

၁။ မြူး (မောင်နီမှိုင်း-ကျောက်တန်း)၊ ၂။ အဲ့ပုန်းချစ် (ခက်လှိုင်းကျော်)၊ ၃။ ရန်ကုန်ရောက်စ ကဗျာဆရာ (၁) (လင်းသော်တာ)၊ ၄။ ရန်ကုန်ရောက်စ ကဗျာဆရာ (၂)(လင်းသော်တာ)၊ ၅။ သရုပါ အဝင်(မြင်စည်အောင်-ခရာတော)၊ ၆။ သာစွဌာနေ အညာမြေ (မင်းခ-မုံ-အင်တိုင်း)၊ ၇။ မိတဆိုး ရှင်ပြု (အောင်မြင့်မိုး)၊ ၈။ နဲ့နဲ့တယော(တိုးဝေ)၊ ၉။ တို့နှစ်ဖော် (ခင်ဖုန်းကြည်-မိုင်းပွန်)၊ ၁၀။ အလှုဝန်းရံ မြို့ဘားအံ (မြတ်လွှမ်းနောင်-ပုတီးကုန်း)၊ ၁၁။ ကံအမှောင့် (မင်းသွေးနွယ်-ဇီးကုန်း)၊ ၁၂။ ကမ္ဘာ့အမွေအနှစ်. . . ပုဂံ (အောင်ဆန်းသိန်း-ပခုက္ကူ)။

# ငွေတာရီ
မဂ္ဂဇင်း

ငွေတာရီမဂ္ဂဇင်းသို့ စာမူများပေးပို့လိုပါက

'တာဝန်ခံစာတည်း၊ ငွေတာရီမဂ္ဂဇင်း၊

အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉၄၀၃၂၅၈၄၅၁'

နှင့်

ngwetaryeemagazine@gmail.com

သို့လည်း ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





"ဝက်ပု ထောင်က
လွတ်လာပြီ"
ဆိုသည့် သတင်းက
ဒေါ်စန်းကြည်မရင်ကို
ဖနောင့်နှင့်ပေါက်နေ
သလို အခံရခက်ခက်
ကြီးဖြစ်စေသည်။
သေသည့်သူက
ပြန်ရှင်မလာ
နိုင်တော့။
ခုနစ်နှစ်ဆိုသည့်
အတိုင်းအတာက
အပျိုပြန်ဖြစ်လာသော
မုဆိုးမလိုပါပဲ
ကလား။
လျော့ရက်နှင့်
ဘာနှင့်ဆိုလျှင်
ထိုမျှပင်ကြာခဲ့ဟန်
မတူပေ။
ဝက်ပုမျက်နှာကို
ရွာထဲတွင်ပြန်မြင်
တွေ့ရပါက ရောဂါ
တိုးပေဦးမည်။

## နေခြည် (ကြီးနီ)

## ကောင်းကင်သည် ကြယ်တစ်စင်းမှမကြွေစေလိုပါ

စဉ်းစားမိပြီဆို
ဒေါ်စန်းကြည်မတို့က
တသီကြီး။
သားလေးဖိုးအောင်
ကိုမွေးဖွားခါနီး၌

www.burmeseclassic.com

www.burmeseclassic.com





ယောက်ျားဖြစ်သူ တိုးမောင်
ဆုံးရှာသည်။ ရိုးရိုးယဉ်ယဉ်
လည်းမဟုတ်။ ကြက်ဝိုင်း
တွင် ဓားထိုးမှုဖြစ်၍
လူနှစ်ယောက်ကို
သတ်လိုက်သည်။
ပြီးတော့ ဓားကို
ခါးတွင်ထိုးကာ
လွတ်ရာလွတ်ကြောင်း
ရှာဖွေမည်ထင်သည်။
ချောက်၊ ကုန်းတွေထဲ
ဆင်းပြေးသွားတာ
မြင်လိုက်ကြသည်ဟု
ထန်းသမားတွေပြောတာ
ကြားရသည်။
နှစ်ရက်၊ သုံးရက် ရဲတွေ
ပိုက်စိပ်တိုက်ရှာကြတာ
မတွေ့။ လေးရက်မြောက်
သောနေ့တွင်မှ
ရွာအနောက်ဘက်က
မန်ကျည်းပင်ကြီးပေါ်ခွဆုံတွင်
အသက်မဲ့လျက်
တွေ့ရလေတော့သည်။
သူ၏လက်ကြောခြေကြော
တွေပါမကျန်
အကုန်လှီးဖြတ်ထားပြီး
သေဆုံးနေခြင်းဖြစ်လေသည်။
ဓားစီးသည်ဟုပြောကြသည်။
စိတ်ဖောက်ပြန်၍
လုပ်ချင်ရာလုပ်ခြင်းဟုလည်း
ပြောဆိုကြသည်။
မည်သို့ပင်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်စကားမျှ ဒေါ်စန်းကြည်မက မယုံ။ တစ်ယောက်ယောက်၊ သို့မဟုတ် အဖွဲ့ဖြင့် ပြန်လည်လက်စားချေခြင်းဟုသာ ထင်နေမိသည်။ သူ့ထိုက်နှင့်သူ့ကံ ငြင်းဆန်၍မရသောကံတရားမို့ မည်သို့မျှ မတတ်နိုင်။ နေ့စေ့လစေ့ကြီးဖြင့် မမွေးဖွားရသေးသည့်ကလေးကို အားကိုးပြီး ငိုလိုက်ရသည်ကား မမောနိုင် မပန်းနိုင်။

သားလေးဖိုးအောင်ကိုမွေးတော့ ဒေါ်စန်းကြည်မ ဗုကွတွေတသီကြီးတွေ့ရတော့သည်။ နီးစပ်ရာဆွေမျိုးသားချင်းကလည်းမရှိ။ ဝိုင်းဝန်းကူညီတတ်သော အိမ်နီးနားချင်းတွေကျေးဇူးကြောင့်သာ သားလေးဖိုးအောင်ကို ချောချောမောမောမွေးဖွားနိုင်ခြင်းဖြစ်သည်။



လူ့လောကသို့စတင်ရောက်ရှိလာစရှိသေးသော်လည်း အားကိုးလိုက်ရသည်ကား ဆိုဖွယ်ရာမရှိ။ ယောက်ျားကိုချစ်သည့် အချစ်တွေလည်းပါသည်။ ရင်ကဖြစ်သည့်အနှစ်တွေလည်းပါသည်။ ယုံကြည်ကိုးစားလောက်စရာ သားယောက်ျားလေး။ မွေးပြီးပြီးချင်း အားရပါးရငိုမိသည်။ ဖခင်မရှိတော့သောသားလေးအတွက် ယူကျုံးမရဖြစ်မိပါသည်။ အဖေလိုမမိုက်ရန်အတွက် သူ့တွင်တာဝန်အပြည့်ရှိကြောင်း ဒေါ်စန်းကြည်မ နားလည်ထားခဲ့သည်။

အချိန်တန်အရွယ်ရောက်လာသည်အထိ သားကို အရိပ်တကြည့်ကြည့်ရှိခဲ့သည်။ ဟိုနေရာသွားလည်း စိတ်မချ၊ သည်နေရာသွားလည်း စိတ်မချ။ အိပ်မရသည့်ညတွေက ရက်ဆက်။ အိပ်မက်ဆိုးတွေက မပြတ်ခြောက်လှန့်ကြသေးသည်။ သားကို ဓားထိုးခံရသည်ဟုပဲ အမြဲတစေမြင်မက်နေခဲ့မိသည်။ စိတ်အစွဲကြောင့်သောကပိုနေရသည်ဟု ရွာထဲက သက်ကြီးဝါကြီးများက ဖျောင်းဖျသော်လည်း မရ။ အစိုးရိမ်လွန်နေခဲ့ခြင်းကို မတားဆီးနိုင်။ သားကို သာမန်မိခင်တစ်ယောက် ချစ်သည့်အချစ်ထက် ပို၍ချစ်ခဲ့မိသည်။ ဖတဆိုးလေးမို့ ပို၍ချစ်သည်။ တစ်ခုတည်းသောမှီတွယ်ရာမို့ ပို၍ချစ်သည်။ ဆင့်၍ဆင့်၍ ပို၍သစ်သောမေတ္တာတွေဖြင့် သားလေးကိုချစ်ခဲ့ရပါသည်။

သားက အမေ့သောကကို နားလည်၊ မောဟကို စာနာသနားတတ်ခဲ့၍ တော်သေးသည်။ အပေါင်းအသင်း ကြည့်ပေါင်းသည်။ ပွဲလမ်းအပျော်အပါးရှောင်သည်။ မိခင်ဖြစ်သူ မျက်နှာရိပ်မျက်နှာကဲကို အမြဲကြည့်နေတတ်သည့်သားပါ။ ထိုသို့ရှိသည့်တိုင်သောကတွေကမလျော့ပါ။ စိုးရိမ်နေခဲ့သည့်အတိုင်း ဖြစ်လာသည့် ညတစ်ည။

ထိုညက မိုးကလေးကစွေနေခဲ့သည်။ လွမ်းတတ်သူဆို လွမ်းဖွယ်ကောင်းသည့်ည။ ရွာကလေးကတိတ်ဆိတ်၊ ပုဆိုးခြုံကာအိပ်၍ကောင်းသည့်အချိန်။ စောင်ခြုံရသည်ထိမအေး။ ပုဆိုးကလေးဖြင့်ကွေးမှအရသာထူးသည့်အခါကာလ။ ခွေးတွေက အိမ်တိုင်ခြေတွင် နှပ်နေကြပြီ။ ဒေါ်စန်းကြည်မက ပြောင်းဖူး

www.burmeseclassic.com

www.burmeseclassic.com



ဖတ် ဆေးလိပ်ဖွာကာ တွေးနေသည်၊ ယောကျ်ား ဖြစ်သူမြန်အလာ မူးချစ် ချစ်သည့်အကြောင်းများ ဆွေးမြည့်ခံစားလိုက်၊ သားဖြစ်သူကို မိန်းမကောင်း ချေမတစ်ယောက်ဖြင့် မြင်ကြည့်လိုက်နှင့် စိတ်ကို အတိတ်ဆီပြန်ရွှေ့လိုက်၊ ပစ္စုပ္ပန်ဆီတွန်းပို့လိုက်ဖြင့် သက်မမောတွေ ခဏခဏချနေရသည့်အချိန်၊

အိမ်ရှေ့မှခေါ်သံကြားရ၍ သားဖြစ်သူထကြည့် သည်၊ ပြီးတော့ အိမ်ထဲသို့ သူ့သူငယ်ချင်းဝက်ပုနှင့်အတူ ပြန်ဝင်လာသည်၊ ဝက်ပုက အေးအေးဆေးဆေးနေ တတ်သည့်ကလေးဖြစ်သည်၊ စိတ်ချရ၍ သားဖြစ်သူ နှင့်ပေါင်းတာ ခွင့်ပြုထားလေသည်။ အသောက်အစား မရှိ၊ သို့သော် မိန်းကလေးတော့ ပွေချင်ရှုပ်ချင်တာ သတိထားမိ သည်။ ဒါကလည်း အရွယ်ရောက် ပြီး ယောကျ်ားလေးတစ်ယောက် ဖြစ်၍ အပြစ်မြင်၍မဖြစ်သည့် ကိစ္စ၊ ယခုလို မိုးလေးတစွေစွေ ရှိနေသောညတွင် ရင်ဖွင့်စရာ အကြောင်းတွေများရှိနေ၍ ဖြစ် လေမည်လား၊ လက်ဖက်ထသုပ် ပေးကာ ရေနွေးတိုးချပေးထား လိုက်သည်။ သူငယ်ချင်းနှစ် ယောက် စကားကောင်းကောင်း ပြောပါစေတော့ဟူ၍၊ မည်သည့် အချိန် အိပ်ပျော်သွားမှန်းပင် မသိလိုက်၊ ဒေါ်စန်းကြည်မ အိပ် ရာထဲမှ တမြုန်းမြုန်း၊ တဝုန်းဝုန်း အသံများကြားရ၍ ထကြည့်သော အခါ စားကိုင်ကာ လုံးထွေးသတ်ပုတ်နေသူသုံးယောက် ကိုတွေ့ရလေသည်၊

ဝက်ပုနှင့် ရွာမြောက်ပိုင်းသား စိန်ဝင်းတို့ ဘာထစ်ပြန်ကျားထစ်ပြန် ခေါ်လုနေကြသည်။ သား ဖြစ်သူ ဖိုးအောင်က ဖျန်ဖြေရေးသမား။ တစ်ချို တွင်တော့ ဝက်ပုလက်ထဲ စားရသွားသည်။ ခြေဖြင့် ကန်ထား၍ လဲကျနေသောစိန်ဝင်းထံ ဓားနှင့်ဝင် ထိုးသည်၊ ကြားထဲမှ ဖိုးအောင်က ဝက်ပုကိုဆွဲရင်း ဓားဝင်လုသည်။ ထိုနေရာအရောက်တွင် ဒေါ်စန်း ကြည်မ၏အမြင်အာရုံတွေမပီပြင်တော့၊ ထိုအဖြစ် အပျက်မျိုးကို အကြိမ်ရေများစွာ အိပ်မက်ဆိုးအဖြစ် မြင်မက်ခဲ့ဖူးပြီ။ နားထင်ကြောများ ခုန်းခနဲဆောင့်တိုး ကာ အမှောင်ချောက်ထဲပြုတ်ကျသွားသည်၊

သနားစရာအကောင်းဆုံးမိန်းမတစ်ယောက် အဖြစ် ရွာထဲကလူများ မြင်ကြသည်၊ သနားကြသည်၊ ကြည့်ရှုစောင့်ရှောက်ကြပါသည်၊

တကယ်တော့ ဖိုးအောင်သည် အရှုပ်အရှင်း ကင်းကင်းနေခဲ့သော်လည်း ပြဿနာကရောက်အောင် လာခဲ့တာပဲဖြစ်သည်၊ ဤသည်ကြောင့်ပင် ပေးဆပ် စရာဝဋ်ကြွေးရှိပါက မြတ်စွာဘုရားသော်မှ ရှောင်ပုန်း ၍မလွတ်နိုင်ကြောင်း ဒေါ်စန်းကြည်မ နားလည် သဘောပေါက်မိရပါသည်၊ ရင်တွင်းအပူများ ပြေ ပျောက်တန်သရွေ့ ပြေပျောက်စေရန် တရားနာခြင်း အမှုကိုသာ များများပြုခဲ့ပါသည်။ တစ်ယောက်တည်း ဖြတ်သန်းရမည့် ကျန်ရှိနေသေးသောအချိန်ကာလများ

**တကယ်တော့ ဖိုးအောင်သည် အရှုပ်အရှင်းကင်းကင်းနေခဲ့သော်လည်း ပြဿနာကရောက်အောင်လာခဲ့တာပဲဖြစ်သည်။ ဤသည်ကြောင့်ပင် ပေးဆပ်စရာဝဋ်ကြွေးရှိပါက မြတ်စွာဘုရားသော်မှ ရှောင်ပုန်း၍မလွတ်နိုင်ကြောင်း ဒေါ်စန်းကြည်မ နားလည်သဘောပေါက်မိရပါသည်။ ရင်တွင်းအပူများ ပြေပျောက်တန်သရွေ့ ပြေပျောက်စေရန် တရားနာခြင်းအမှုကိုသာ များများပြုခဲ့ပါသည်။**

www.burmeseclassic.com

www.burmeseclassic.com



တွင် သောကအပူမီးတို့ ငြိမ်းအေးလိုပါပြီ။

အတိတ်က ဝမ်းနည်းစရာအဖြစ်အပျက်များကို တွေးတောနေသည့်အခိုက် အိမ်ထဲလှမ်းဝင်လာသော ဝက်ပုကိုတွေ့ရလေသည်။ မညာချင်ပါ။ မည်သို့ပင် ကိုယ့်စိတ်ကိုဆုံးမထားသော်လည်း သားတစ်ယောက်လုံးကို ရက်ရက်စက်စက်သတ်သွားသောသူက မိမိရှေ့သို့ရောက်လာသည့်အခါ ဒေါသတရားတို့ဆူဝေလာသည်သာဖြစ်သည်။



"အမေ့ဆီကို သား လာတောင်းပန်တာပါ" ဟူသော ဝက်ပုစကားကြောင့် ဒေါ်စန်းကြည်မ အခံရခက်လွန်းလှပြီ။ ချစ်ခဲ့ပါသည်။ အတိုင်းထက်ပင်လွန်၍ သားကိုချစ်ခဲ့သည်။ ဖြစ်ပျက်ခဲ့ပြီးသည်၏နောက်ပိုင်း သားဟုခေါ်စရာလည်းမရှိတော့။ ထိုသို့ သားဟုပြောလာသည့်သူသည် ဝက်ပုသာ ပထမဆုံးဖြစ်နေချေပြီတကား။ သားကိုသတ်သည့်သူက သူ့ကိုယ်သူ သားဟုပြောနေသည်။ ဒေါ်စန်းကြည်မကို အမေဟုခေါ်သည်။

"သားက အမေ့ကို တစ်သက်လုံးစောင့်ရှောက်သွားမှာပါအမေ၊ ဖိုးအောင်မရှိတော့ပေမယ့် ဖိုးအောင်နေရာမှာ အစားထိုးချစ်ခွင့်ပေးပါ၊ ဖိုးအောင်နဲ့လည်း ညီအစ်ကိုအရင်းလိုချစ်ခဲ့ပြီး အမေ့ကိုလည်း အမေအရင်းလို သားချစ်ပါတယ်၊ သားကို ပေးဆပ်ခွင့်ပြုပါအမေ"

ဒေါ်စန်းကြည်မ မည်သို့စကားဆိုရလေမည်နည်း။ ဖြစ်ခဲ့သည်က ဖြစ်ပြီးခဲ့ပြီ။ ဖြစ်ပျက်ခဲ့တာတွေအားလုံးသည်လည်း ဖြစ်ဖို့ကံပါလာ၍ မလွှဲမရှောင်သာဖြစ်ခဲ့ကြရသည် မဟုတ်ပါလား။ ဖိုးအောင်သည် မိမိသူငယ်ချင်း လက်လွန်ခြေလွန်ဖြစ်မည်စိုး၍ ဓားကိုဝင်လုခြင်းဖြစ်သည်။ အရှိန်လွန်ကာ သတ်ပုတ်နေရသည့် ဝက်ပုက အားကိုမထိန်းနိုင်ခဲ့၍ ဖိုးအောင်ကို ထိုးမိခဲ့ခြင်းဖြစ်လေသည်။

နှမဖြစ်သူ၏သတင်းအနံ့ကြားရ၍ လိုက်လာသော စိန်ဝင်းတို့ညီအစ်ကိုတွေက လူခွဲရှာကြရာ ဝက်ပု ထွက်ပြေးသွား၍ လွတ်လာခဲ့သည်။

စဉ်းစားဉာဏ်မရှိဘဲ နေရာတကာ တုတ်ဆွဲချင် ဓားဆွဲချင်တတ်သော စိန်ဝင်းတို့ညီအစ်ကိုတွေအကြောင်းကိုသိ၍ ရည်းစားဖြစ်သူ၏အကြံပေးချက်အရ သူငယ်ချင်းဖြစ်သူ ဖိုးအောင်အိမ်၌ ခေတ္တရှောင်တိမ်းနေသည်ကို စိန်ဝင်းတွေ့သွားခဲ့ခြင်းဖြစ်သည်။ အဆုံးသတ်၌ ဖိုးအောင် ကြားကဓားစာခံဖြစ်ရသလို ဝက်ပု ထောင်ကျသွားခဲ့သည်။ ထိုမျှနှင့် ဇာတ်လမ်းက မပြီးသေး။

"ထပါ သားရယ်၊ ဖြစ်ပြီးခဲ့တာတွေက ပြီးခဲ့ပြီပဲ၊ ကံကံရဲ့အကျိုးကို အမေယုံကြည်ပါတယ်၊ ရှေ့လျှောက်လည်း အမေ့အိမ်ကို ဝင်ပါ ထွက်ပါ၊ သားတစ်ယောက်လိုလည်း အမေချစ်ပါ့မယ်"

"ဝမ်းသာလိုက်တာ အမေရယ်၊ သားလေ အမေ့ကို တစ်သက်လုံးပြုစုစောင့်ရှောက်သွားပါ့မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကတိပြုပါတယ် အမေ"

ဒေါ်စန်းကြည်မက ဝက်ပုခေါင်းကို ဖွဖွပွတ်သပ်ပြီး သားဖြစ်သူကို သတိရစိတ်ဖြင့် တသိမ့်သိမ့်ငိုသည်။ ဝက်ပုက သူငယ်ချင်းကိုသတ်ခဲ့မိသည့်နောင်တအတွက် ဒေါ်စန်းကြည်မရင်ခွင်သို့ဝင်ကာ ကလေးတစ်ယောက်ပမာ ငိုလေသည်။

"မင်းအတွက် ဒီတစ်ခါတော့ လူစားဝင်ခံပေးမယ့်လူမရှိတော့ဘူး ဝက်ပု၊ သေပေရော့"

ရုတ်တရက် တံခါးအကွယ်က ချက်ချင်းပြေးဝင်လာကာ ဓားကိုထုတ်၍ထိုးလိုက်သော စိန်ဝင်းကြောင့် ဝက်ပု နောက်လှည့်ကာ ကြောင်ကြည့်နေမိသည်။ ထိုသို့ အိပ်မက်ဆိုးမျိုးကို အကြိမ်ကြိမ်အဖန်ဖန်မက်လာသော ဒေါ်စန်းကြည်မကသာ ဝက်ပုရှေ့က ကာလိုက်မိပြီးသား ဖြစ်နေလေသည်။

အချိန်အားဖြင့် မိနစ်ပိုင်းမျှသာဖြစ်သော်လည်း လူသတ်မှုကြီးတစ်ခု ဖြစ်ပွားခဲ့ပြန်ချေပြီ။ စိန်ဝင်းလည်း ဓားတန်းလန်းဖြင့်ပင်ထားခဲ့ကာ ထွက်ပြေးသွားသည်။ ဝက်ပု ထောင်ကျသွားပြီး နှမဖြစ်သူ ဗိုက်တစ်လုံးနှင့်ကျန်ခဲ့သည်ကို အခဲမကျေနိုင်သော ရန်ငြိုးဖြစ်လေသည်။

ဝက်ပုသည် ထောင်ကလွတ်လျှင်လွတ်ချင်း ဒေါ်စန်းကြည်မကို တောင်းပန်ပြီးပါက ချစ်ရသူဆီသို့သွားမည်ဖြစ်လေသည်။ ဤသည်အထိပင် မစောင့်နိုင်သော စိန်ဝင်း၏ဒေါသကြောင့် ဝမ်းနည်းစရာအဖြစ်အပျက်ကြီး ထပ်မံဖြစ်ပွားခဲ့ရခြင်းဖြစ်ပေသည်။

"အမေ. . သားကြောင့်ပါ အမေရယ်"

ဝက်ပု ဒေါ်စန်းကြည်မကိုပွေ့ဖက်ထားရင်းမှ ယူကျုံးမရစွာအော်ဟစ်ငိုမိသည်။ သူ့ကြောင့် ဘာမဆိုင် ညာမဆိုင် မိသားစုတစ်ခုခုကွဲရောက်ခဲ့ရလေပြီ။

"သားကြောင့်မဟုတ်ပါဘူးကွယ်၊ အမေတို့ရဲ့ ဝဋ်ကြွေးပါ၊ သားသာ လူ့လောကကြီးမှာ အဓိပ္ပာယ်ရှိရှိ ရှင်သန်သွားပါကွယ်၊ သားတစ်ယောက်မရှိတော့တဲ့ နောက် နောက်ထပ်သားတစ်ယောက် ရှင်သန်ကျန်ရစ်တာကို အမေဂုဏ်ယူနေမှာပါ"

ဤသည်ကား ဒေါ်စန်းကြည်မ၏ နောက်ဆုံးစကားပင်။ ဖြစ်ချင်တိုင်းဖြစ်ခွင့်မရခဲ့သော လောကကြီးကို ဝက်ပု မည်သို့တိုင်တည်ငိုကြွေးရမည်နည်း။

"သားကြောင့်မဟုတ်ပါဘူးကွယ်၊ အမေတို့ရဲ့ ဝဋ်ကြွေးပါ၊

သားသာ လူ့လောကကြီးမှာ အဓိပ္ပာယ်ရှိရှိ ရှင်သန်သွားပါကွယ်၊

သားတစ်ယောက်မရှိတော့တဲ့နောက်

နောက်ထပ်သားတစ်ယောက် ရှင်သန်ကျန်ရစ်တာကို

အမေဂုဏ်ယူနေမှာပါ"



ဒေါ်စန်းကြည်မသည်ကား နာကျင်မှုကို ခံစားမသွားရသည့်အလား မျက်နှာတွင် အပြုံးတို့ပန်ဆင်သွား၏။

သားကိုသတ်ခဲ့သည့်သူကို သားတစ်ယောက်အဖြစ် အသက်ကိုပင်ရင်း၍ အသိအမှတ်ပြုသွားခဲ့သော မိခင်တို့၏ မိခင်စိတ်ကို ဖော်ကျူးထင်ကျန်ရစ်လေသတည်း။ ။

**နေခြည်(ကြီးနီ)**

www.burmeseclassic.com

အသစ်
ငွေတာရီ



# ဖြိုးပိုင် (နေရှင်နယ်)

## စုန်းကိုက်ခံလိုက်ရတဲ့သစ်သီးတစ်လုံး

(၁)

ဆူညံနေသည့်ဘောဖိုင်းက
ရုတ်ခြည်းတိတ်သွား
၏။ ငြင်းခုံနေသံ၊
သီချင်းလိုက်ညည်းနေသံ၊
တစ်ယောက်နှင့်တစ်ယောက်
စနောက်နေသည့်အသံများသည်
တိခနဲပြတ်တောက်သွားသည်။
ဆိုင်ကဖွင့်ထားသည့်
သီချင်းသံတိုးတိုးလေးသာ
ပျံ့လွင့်လျက်။
မည်သို့ကြောင့် ယခုလို
ရုတ်တရက်တိတ်သွား
ပါလိမ့်ဆိုသည့်
အတွေးနှင့် စူးစမ်း

လိုက်မိသည်။ အချင်းချင်း
မျက်စပစ်လျက် ဆိုင်အပြင်ကို
မေးငေါ့နေကြ၏။ ကျွန်တော်
လည်း လှမ်းကြည့်လိုက်မိသည်။

www.burmeseclassic.com



www.burmeseclassic.com



ခမျောက်ကျော်၊

ဘူတာပတ်ဝန်းကျင်မှာ ကုန်အတင်အချလုပ်၊ ခရီးသည်တွေမနိုင်သည့်ပစ္စည်းများကို ထမ်းပေါ်တင်ပေး နေသည့်တောင်လေ၊ မျောက်ကျော်အလုပ်က ရထား ရပ်တုန်းခဏ အလျင်အမြန်တင်ရပြုရသည့်အလုပ်၊ မျက်လတ်သွက်လက်မှ ရသည်။ မျောက်ကျော်ကား သွက်လက်လွန်းနေတော့ နာမည်အရင်း မှိုးကျော် ပျောက်ပြီး မျောက်ကျော်တွင်နေတာသာကြည့်၊ အစုန်၊ အဆန်သွားလာနေသည့် ကုန်သည်တွေ၏ ပါးစပ်ဖျားမှာလည်း မျောက်ကျော်မှ မျောက်ကျော်၊

ခန္ဓာကိုယ်ကိုဘယ်ညာယိမ်းနွဲ့ပြီး လက်ဖက်ရည် ဆိုင်ထဲဝင်လာ၏။ ပါးစပ်ကတလှုပ်လှုပ်ဖြင့် ဘာတွေ ရွတ်လာသည်မသိ၊

"ချိဆိမ့်တစ်ခွက်မျိုး ဟာ. . . ငါ့အစ်ကို ဘယ် အချိန်တုန်းကရောက်နေတာလဲ၊ ခုနကတော့ ကျွန် တော် ရထားခရီးသည်တစ်ယောက် တင်ပေးနေလို့ မသိလိုက်ဘူး၊ အခုတစ်ခေါက် ဘာတွေပါသေးလဲ၊ ခါတိုင်းလိုပဲလား"

ဆိုင်ထဲဝင်ဝင်ချင်း လက်ဖက်ရည်လှမ်းမှာလိုက် ပြီးမှ ကျွန်တော့်ကိုမြင်သွားပုံရသည်၊ စကားကို ရှန်းရှန်း ဝေအောင်ပြောပြီး အနားရောက်လာ၏။ ကျွန်တော် က ရထားကို အိမ်လုပ်ပြီး အထက်ပိုင်းကရာသီပေါ် အသီးအနှံလေးဝယ်လာ အောက်အရပ်ပြန်ရောင်း၊ တစ်ခါ အောက်အရပ်က ချည်သားအထက်အထည်လေး တွေ၊ လက်ဖက်၊ ပဲကြော်လေးတွေဝယ်လာပြီး ပြန် ရောင်းနေသူ၊ ပြောရလျှင် ရထားနှင့် မိတ်ဆွေဖွဲ့ထား ရသူတစ်ယောက်၊ မျောက်ကျော်က ဘူတာကိုအိမ်လုပ် ထားသူ။ အထက်ပိုင်းကပြန်ဆင်းလာလာ၊ အောက် ပိုင်းကပြန်တက်တက် ပစ္စည်းအတင်အချကို မျောက် ကျော်ကိုပဲ ခိုင်းဖြစ်တာများသည်။

"အေးကွ. . . နာရီဝက်လောက်ရှိပြီ၊ မင်းကို မတွေ့တာနဲ့ လက်ဖက်ရည်ဆိုင်လာထိုင်နေတာဟ၊ လက်မှတ်ရပြီ၊ သုံးခွဲရထား"

မျောက်ကျော်၏အမေးကို ပြန်ဖြေလိုက်ရင်း ရထားထွက်မည့်အချိန်ပါ ပြောထားလိုက်၏၊

"အင်း. . . ကုန်သည်တစ်ယောက် တင်ပေးရ မယ့် အချိန်နဲ့တိုက်နေပြီ ရပါတယ်၊ အဆင်ပြေအောင် ကြည့်လုပ်လိုက်မယ် အေးအေး အစ်ကို"

ဘေးဝိုင်းများကိုလိုက်ကြည့်နေရင်း ဖူးတနွဲ့နွဲ့ ဖြင့်ပြောလိုက်သည့် မျောက်ကျော်၏စကား၊ ဘေးဝိုင်း တွေက မျောက်ကျော်ကိုလှည့်တောင်မကြည့်တော့၊ မျောက်ကျော်တစ်ယောက် ဘေးကဝိုင်းတွေ၏စကား များကို နားစွင့်နေသည့်ဟန်၊ သူတို့ကိစ္စနှင့် သူတို့နေ မှာပါလေဟုတွေးရင်း ပြန်မိုပြင်လိုက်သည်၊ လက်ဖက် ရည်သောက်ခဏဆိုပြီး ဘေးကခရီးသည်တို့ ပစ္စည်း တွေ အပ်ထားခဲ့တာကြာပြီ။

"မျောက်ကျော်ရေ. . ရထားချိန်နီးရင် ကြိုလာခဲ့ နော်၊ ငါသွားတော့မယ်၊ ဘူတာထဲမှာရှိမယ်"

"ဟုတ်. . . ကျွန်တော်လည်းလိုက်ခဲ့မယ်"

လက်ဖက်ရည်ဖိုးရှင်းပြီး နှစ်ယောက်သား ဘူတာ ရုံဘက်ဆီ ထွက်လာခဲ့ကြသည်၊ မျောက်ကျော်ပါ အတူပြန်လိုက်မည်ဆိုမှ ဘေးဝိုင်းကလူတချို့ ခေါင်း ထောင်လာကြတာကိုလည်း သတိထားလိုက်မိ၏။

(၂)

"အလကားပါ အစ်ကိုရာ၊ မဟုတ်တာပြောနေကြ လို့ တိတ်သွားတာနေမှာပေါ့"

လက်ဖက်ရည်ဆိုင်မှာတုန်းက မျောက်ကျော် မလာခင် ဆူညံနေကြပြီး မျောက်ကျော်လည်းဝင်လာ ရော တိတ်သွားသည့်အကြောင်း အစဖော်ပေးလိုက် ၏။ မျက်နှာတစ်ချက်ရှုံ့မဲ့သွားပြီး ပြန်ပြောလိုက်သည့် မျောက်ကျော်၏စကား။ စိတ်ဝင်တစားနှင့် စကား ထောက်ပေးလိုက်မိ၏၊

"ဟေ. . . လုပ်ပါအုံးကွ ဘာအကြောင်းကြောင့် လဲ"

"ခဏလေး အစ်ကို၊ ကားဝင်လာလို့ ပြောမယ် ပြောမယ်"

ဘူတာအဝင်ဘက်လှမ်းကြည့်နေသည့် မျောက် ကျော် ကားတစ်စီးဝင်လာတာမြင်ပြီး ပြေးထွက်သွား ၏။ ကားပေါ်ကပစ္စည်းတွေကူချ၊ ဆင်းလာသည့်ခရီး သည်တွေနှင့် စကားတွေပြောနေပြန်သည်၊ ခရီး သည်က ခေါင်းတယမ်းယမ်း၊ မျောက်ကျော်ကလည်း လက်ညှိုးတထိုးထိုးဖြင့် တစ်နေရာကိုညွှန်ပြလျက်။

www.burmeseclassic.com

www.burmeseclassic.com



ခအာနေတော့ မျောက်ကျော်ပြန်ရောက်လာသည်။

"မောလိုက်တာဗျာ၊ ခရီးသည်အသစ်ဗျ ငါးဝီ၊ ငါးခြောက်အိတ်တွေကို လှုစီးတွဲကတင်မလို့တဲ့၊ အဲဒါ လှူစီးတွဲမှာ အနံ့အသက်ပြင်းတဲ့ပစ္စည်းတွေ တင်မရကြောင်း၊ အာပေါက်အောင်ရှင်းပြနေရတာ တစ်ခါမှ ရထားမစီးဖူးဘူးထင်ပါတယ် ဟူး. . . ."

ချွေးအစွဲသားဖြင့်ရှင်းပြနေသည့် မျောက်ကျော်၏ဟန်ပန်၊ စကားတွေကို ယုံသည်၊ စိတ်ကသာ ကလေးစိတ်မပျောက်သေး။ ပေါတောတောနေတတ်ပေမယ့် လူထဲတာကိုကူညီချင်သည့်စိတ်ထားက လှသည်။

"ဟေ့ကောင် မျောက်ကျော်၊ မင်းနေရာတကာ ဝင်ပါနေတာကြာပြီ၊ ငါ တွဲပေါ်ရအောင်တင်ပေးမယ် ဆိုတာ မင်းက ပါဆယ်တွဲက တင်၊ အာညာသျောက်မြော တော့ ငါ့အလုပ်မဖြစ်တော့ဘူး ကွ ဝေါက်တာလိုလို ကျပ်မပြည့်တာလိုလိုနဲ့ မင်းနော်"

မျောက်ကျော်အရွယ် ကောင်လေးသုံးယောက်၊ စိတ်ဆိုးဒေါသထွက်နေသည့်ဟန်ဖြင့် မျောက်ကျော်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး လာရောက်ကြိမ်းဝါးနေကြသည်။

"ခရီးသည်အသစ်မို့ ပြောလိုက်မိတာပါ မင်းတို့ အလုပ်အတွက်မပူနဲ့ ဒီအစ်ကိုပစ္စည်းတွေ ငါတို့အတူတူတင်ကြမယ်လေကွာ"

စောစောက စိတ်ဆိုးဒေါသထွက်နေကြသည့်မျောများမှာလည်း မျက်နှာညှိုးညှိုးလေးနှင့် တောင်းပန်နေသည့် မျောက်ကျော်၏စကားတွေကြောင့်လား၊ အနားမှာရှိသည့် ခရီးသည်တွေကြောင့်လားတော့မသိ၊ "မင်းကွာ လုပ်ပြီးရင် ဒါမျိုးပဲတတ်တယ် ခွင်ပျက်တယ်ကွာ၊ တောက်. . . ဟင်း. . . ဟင်း" ဆိုပြီး ပြန်လှည့်သွားကြသည်။ မျက်နှာအစေ့အထားတွေကြည့်ရတာတော့ သိပ်ကျေနပ်ပုံမရ။

ထိုကဲ့သို့ မျောက်ကျော်ပင်။ နေရာတကာ ဟိုပါ ဒီပါ ပါလွန်းတော့ ဘူတာနှင့်ပတ်သက်ဆက်နွှယ်နေရသည့် လူတော်တော်များများက မျောက်ကျော်ကို အမြင်ကတ်နေကြပုံပင်၊ နှစ်နှစ်လောက် ရထားနှင့်ကူးသန်းနေရသည့်ကာလအတွင်း မျောက်ကျော်အကြောင်း၊ လူတွေ၏စိတ်နေစိတ်ထားတွေအကြောင်း သိတာများပြီ၊ ကလေးစိတ်မပျောက်၊ ပျော်ပျော်နေတတ်သူမို့ ပေါတောတော ကျပ်မပြည့်ဘူးဟု သမုတ်ထားသူက အများသား။ မျောက်ကျော်ကလည်း မျောက်ကျော်၊ သူ ဝင်ဝင်ပါနေသည့်ကိစ္စတော်တော်များများက တချို့လူတွေအတွက် မိုက်ပေါက်၊ ဒွန်တော်တို့လို ခရီးသွားတွေအတွက်ကတော့ မျောက်ကျော်က ကျေးဇူးရှင်။

**နေရာတကာ ဟိုပါ ဒီပါ ပါလွန်းတော့ ဘူတာနှင့်ပတ်သက်ဆက်နွှယ်နေရသည့်**
**လူတော်တော်များများက မျောက်ကျော်ကို အမြင်ကတ်နေကြပုံပင်။**
**နှစ်နှစ်လောက် ရထားနှင့်ကူးသန်းနေရသည့်ကာလအတွင်း**
**မျောက်ကျော်အကြောင်း၊ လူတွေ၏စိတ်နေစိတ်ထားတွေအကြောင်း**
**သိတာများပြီ။ ကလေးစိတ်မပျောက်၊ ပျော်ပျော်နေတတ်သူမို့**
**ပေါတောတော ကျပ်မပြည့်ဘူးဟု**
**သမုတ်ထားသူက အများသား။**

မမှန်တာမလုပ်၊ မဟုတ်တာမပြော၊ တန်ရာတန်ကြေးထက် ဘယ်တော့မှပိုမတောင်း။ သူသိတာ သူ ထက်တာမှန်သမျှ ပြောပြဖို့ ကူညီဖို့ဝန်မလေး။ တချို့ အလုပ်အကိုင်ရှားပါးမှုကြောင့် ပြောင်းရွှေ့ခရီးသွားနေရသည့် ကလေးပုစုခရုတစ်သိုက်နှင့်မိသားစုမျိုးဆို မျောက်ကျော်မှာ ကူညီလို့မဆုံး၊ ကလေးငယ်လေးတွေပါလျှင် စလိုက်နောက်လိုက်နှင့် ပျော်နေသည့်သူ။

အသက်ကြီးကြီးအဘိုး အဘွားတွေဆို ရထားလက်မှတ်ဖြတ်တာကအစ ရထားပေါ်ရောက်သည်အထိ တွဲတင်ပေးတာလည်း ခဏခဏ။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားများထင်မဟုတ်၊ ဘူတာအနီးနားရှိ ဈေးသည်၊ ဆိုင်တယ်တယ်ရှိသမားကအစ "မျောက်ကျော်ရေ့ . . . လက်ကားဆိုင်က ဖရဲသီးလေးငါးလုံးလောက် သွားသယ်ပေးပါအုံး၊ မျောက်ကျော် ဒီအထုပ်လေးပိုက်ပြီး ခဏလိုက်ခဲ့ကွာ" ဆိုလျှင် ဘယ်တော့မှ ငြင်းတာမတွေ့။ သူတစ်ပါးကိုကူညီပေးချင်သည့်စိတ်ထားကများပေမယ့် တစ်ခါတလေမှန်တယ်ထင်ပြီး ဝင်ဝင်ပြောတတ်၊ လုပ်တတ်လွန်းသည့်အကျင့်ကြောင့် လူတချို့၏ အမြင်ကတ်ခြင်းခံနေရတာပင်။

"အေးကွာ မျောက်ကျော်ရေ၊ မင်းရဲ့ ကူညီတတ်တဲ့စိတ်လေးကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ နေရာတကာဝင်မပါနဲ့ကွ၊ လူ့အမြင်ကတ်ခံရတာပဲ အဖတ်တင်မယ် လူမုန်းများလာရင် မင်းအတွက် အန္တရာယ်ရှိလို့ပြောတာ အစ်ကိုက ညီတစ်ယောက်လိုချစ်လို့ပြောတာနော်"

တော်တော်လေးကြာမှ မျောက်ကျော်ဆီက စကားသံထွက်လာ၏။ မျက်နှာကလည်း ဘူတာအဝင်ဝပေါက်ဘက် ကွမ်းယာဆိုင်ကလေးကိုငေးနေ၏။

"ဟုတ်ကဲ့အစ်ကို၊ ကျွန်တော်လည်း တချို့ခရီးသွားတွေကမေးတော့ ကိုယ်သိတာလေးပြောပြမိတာပါ၊ အခုလိုပြောလိုက်လို့ သူများတွေ ထမင်းဆိုင်ကွဲတာတွေ၊ အနှောင့်အယှက်ဖြစ်သွားတယ်ဆိုတာတွေ ကျွန်တော်ဖြင့် နားကိုမလည်ဘူးဗျာ၊ အမှန်ဆို သူတို့မှာလည်း မသိတဲ့လူကို သိအောင်၊ ကူညီစရာရှိကူညီရမှာမဟုတ်ဘူးလား"

အသက်ကသာ နှစ်ဆယ်ကျော်ခန့်ရှိပြီဖြစ်သော်လည်း လောကအကြောင်း ဘာမှမသိသေးသည့် မျောက်ကျော်ပါလား။ အမေးရှိလျှင် အဖြေရှိရမည်ဆိုပေမယ့် မျောက်ကျော်နားလည်အောင် မည်သို့ပြောရပါ့၊ ငယ်စဉ်ကတည်းက ပေါက်တိပေါက်ချာနေခဲ့တော့ အပေါင်းအသင်းမရှိ၊ အသက်မွေးဝမ်းကျောင်းအလုပ်က ဘူတာမှာ လူထားဝန်ထမ်း။ နိုင်ရာမိသောင်းချင်သည့် လောကအထာတွေကို နားမလည်၊ အပေါင်းအနုတ် အမြှောက် အစားတွေဖြင့် လက်သင့်ရာစားတော်ခေါ် လိမ်လည်လှည့်ပတ်နေသော ကာလာရောင်စုံတွေကြားမှာ မျောက်ကျော်၏ အဖြူထည်အတွေးလေးကို အရောင်မစွန်းစေချင်တော့၊ စကားလွှဲသည့်အနေဖြင့် စောစောတစကားလေးပြန်စပေးရသည်။

"တေးပါကွာ မင်းမှန်ပါတယ်၊ ဒါနဲ့ စောစောကစကားလေးဆက်စမ်းပါအုံး"

ကျွန်တော့်စကားလည်းဆုံးရော မျောက်ကျော်တစ်ယောက် ကွမ်းယာဆိုင်လေးဆီသို့လှမ်းကြည့်လိုက်ပြန်၏။ ပါးစပ်နှင့်အပြည့် ကွမ်းယာကိုဖိကြိတ်ဝါးနေသည့်သဏ္ဍာန်က မေးကြောကြီးများထောင်နေသည်။

"လက်ဖက်ရည်ဆိုင်ထဲ ကျွန်တော်လည်းဝင်လာရော ဘေးဝိုင်းကစကားသံတွေတိတ်သွားတယ်လို့ အစ်ကိုပြောတယ်နော်၊ အဖြစ်က ဒီလိုဗျ"

(၃)

"ဟေ့ကောင်တွေ ဒီနေ့ ဘူတာပေါက်မှာ ကွမ်းယာရောင်းတဲ့ကောင်မလေး မဆိုးဘူးဟ၊ တောင့်တောင့်ဖြောင့်ဖြောင့်ပဲ၊ ဖန်ကြည့်ရအောင်ကွာ"

"အေးကွ . . . ရွှေဘိုမင်းကြိုက်ဆိုတာ ဒါမျိုး နေမယ်၊ မင်းပြောတာက နောက်ကျနေပြီ၊ ငါတို့ကစုံစမ်းပြီးပြီ၊ ကောင်မလေးက အဒေါ်နဲ့နေတာဆိုလား မိဘတွေ မရှိတော့ဘူး အရင်ရပ်ကွက်ထဲမှာ မုန့်ပဲသရေစာလေးရောင်းနေတာ အဆင်မပြေလို့ ဒီဘက်ရွှေ့လာပြီး ကွမ်းယာရောင်းတာတဲ့"

စကားသံခပ်တိုးတိုးဖြင့် ခေါင်းချင်းဆိုင်ပြောနေကြသည့်လူသုံးယောက်၊ ဘူတာမှာ ရံဖန်ရံခါတွေ့နေမိသည့် မျက်နှာများ။ ကြားနေရသည့်စကားတွေက နားထဲမှာ ခါးသက်သက်၊ ပါးစပ်ထဲမှာပြည့်နေသည့် ကွမ်းယာများကို ဗွီးခနဲ ထွေးထုတ်ပစ်လိုက်သည်။ အသံအနည်းငယ်ကျယ်သွားလို့လားမသိ၊ ခေါ့မနေ့ပ် လှမ်းကြည့်လိုက်သည့်မျက်နှာများကို သတိထားမိ၏။

ထို့နောက် ပိုက်ဆံရှင်းပြီး ထပြန်လာခဲ့သည်။ "ဟာ . . . ကိုမျောက်ကျော် လက်ဖက်ရည်တွေကျန်နေသေးတယ်ဗျ" ဆိုသည့် စားပွဲထိုးလေး၏စကားကိုလည်း -

"တော်ပြီကွာ ဒီနေ့ လက်ဖက်ရည်သောက်ရတာ ခါးနေတယ် အရသာမရှိဘူး၊ တော်ပြီ"

ကြောင်တောင်တောင်ကြည့်နေသည့် စားပွဲထိုး

www.burmeseclassic.com

www.burmeseclassic.com



လေး၊ ရှုံ့မဲ့နေကြသည့်လူတွေ၏အကြည့်တွေကို ကျော နိုင်းရင်း ပြောထားပစ်ခဲ့သည်။

"အဲဒါပဲအစ်ကို၊ သူတို့မလုံလို့နေမှာပေါ့"

မျောက်ကျော်ပြောသည့်အတိုင်းဆို သိပ်ထူးထူး ခြားခြားဖြစ်စဉ်မျိုးမဟုတ်။ ဘူတာပတ်ဝန်းကျင်မှာ ဒါမျိုးကမဆန်း။

"ဒါများကွာ . . .၊ ဘူတာပဲလေ လူစုံ၊ စကားစုံပေါ့ မျောက်ကျော်ရာ၊ တကယ်ဖြစ်ချင်မှလည်းဖြစ်မှာပါ၊ တချို့က ပါးစပ်အရသာခံပြောလိုက်ရမှ စားဝင်အိပ် ပျော်တာမျိုး"

မျောက်ကျော်ဆီက စကားသံထွက်မလာ၊ ဘူတာ ရှေ့ကို သဲကြီးမဲကြီးစိုက်ကြည့်နေသည်။ မျောက်ကျော်တစ်ယောက် ကွမ်းယာ ဆိုင်ကို လှမ်းလှမ်းငေးနေရသည့် အကြောင်းအရင်းကို ရိပ်စားမိသလိုရှိ လာ၏။



"သူတို့တကယ်ဖြစ်မဖြစ်တော့ မသိ ဘူးအစ်ကို၊ ကျွန်တော်တော့ အဲဒီစကား တွေကြားပြီးကတည်းက အစ်မထွေးမာ ကွမ်းယာဆိုင်ကို သေချာစောင့်ကြည့် ဖြစ်တယ်၊ ညနေ ဆိုင်သိမ်းရင်လည်း အမြဲလိုက်ပို့ပေးတယ်၊ နောက်ပြီး ကျွန် တော် ဒီဘူတာနဲ့အဝေးကို ဘယ်သူ ခေါ်ခေါ် မလိုက်ဖြစ်တော့ဘူး၊ အခုဆို အစ်မထွေးမာအခေါ်နဲ့ ကျွန်တော် တောင် ရင်းနှီးနေပြီ၊ ဪ. . . အစ်ကို့ ကို မပြောရသေးဘူး၊ အဲဒီကွမ်းယာ ရောင်းတဲ့ အစ်မနာမည်က မထွေးမာ တဲ့"

ပြုံးနေသည့် မျောက်ကျော်၏မျက်နှာ၊

မျောက်ကျော်တစ်ယောက် ကလေးစိတ်ပျောက် သွားပြီလားမသိဟုတွေးရင်း ပြုံးလိုက်မိသည်။

(၄)

အရောင်းအဝယ်ပါးသည့်မိုးတွင်းကာလမို့ အထက် ပိုင်းမှာ တော်တော်ကြာသွားသည်။ ပြန်ဆင်းတော့လည်း ကားလမ်းကနေပြန်ဆင်းဖြစ်၏။ မိုးအကုန် ဆောင်း အကူးပိုင်းရောက်မှ ရောင်းချစရာများများဝယ်ပြီး ပြန်တက်ဖြစ်၏။ ခြောက်လလောက်မရောက်ဖြစ် သည့် ဘူတာရုံလေးက ဘာမျှမပြောင်းလဲ။ ကားပေါ် က ဆင်းဆင်းချင်း မျောက်ကျော်ကိုအရင်ရှာမိသည်။ အရိပ်အယောင်ကိုမတွေ့၊ ရထားများတင်နေတာလား မသိဟု တွေးလိုက်မိရင်း ကားနားရောက်လာသည့် ကောင်လေးတွေ ချခိုင်းလိုက်ရ၏။

ပစ္စည်းတွေအားလုံးချ၊ စုံမစုံစစ်ရင်း စုံပြီဆိုမှ ဟင်းချနိုင်တော့သည်။ မျောက်ကျော်နှင့်ပြောခဲ့ဖူး တာလေး သတိရပြန်သည်၊ ဘူတာရှေ့က ကွမ်းယာ ဆိုင်လေးဆီ ကြည့်လိုက်မိ၏၊ လွန်ခဲ့သည့်ခြောက်လ လောက်က ခုံလေးတစ်ခုံနှင့်စရောင်းခဲ့သည့် ဆိုင်လေး က ပြောင်းလဲနေပြီ၊ ဆိုင်ခန်းသပ်သပ်ရပ်ရပ်နှင့် ဘေး ရှိ ကောင်တာလေးတစ်ခု၌ အလှကုန်ပစ္စည်းလေးတွေ နှင့်အတူ စတိုးဆိုင်လေးဖြစ်နေ၏၊ အံ့ဩစိတ်နှင့်အတူ ဝမ်းသာသွားမိသလို မျောက်ကျော်ကို ပို၍တွေ့ချင်လာ သည်။

ရထားလက်မှတ်ဖြတ်ပြီးသည်နှင့် ထိုင်နေကျ

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်လေးဆီထွက်လာခဲ့သည်။ ဆိုင်မှာလည်း မျောက်ကျော်တစ်ယောက်ကိုမတွေ့။ သည်ကောင် ဘယ်တွေများသွားနေပါလိမ့်။ လက်ဖက်ရည်လာချပေးသည့် စားပွဲထိုးလေးကို မျောက်ကျော်အကြောင်းမေးလိုက်သည်။

"ဒီလူစုတ်အကြောင်း မသိချင်စမ်းပါနဲ့ဗျာ၊ အလကားကောင် သူ့ကို ဘူတာမှာအိပ်၊ လမ်းဘေးဆိုင်မှာစားမို့ သနားလို့ ထမင်းလေးကျွေး၊ အဝတ်အစားဆင်နေတဲ့ကျေးဇူးရှင်တွေကို ပြစ်မှားတဲ့ကောင်၊ ထွေးမာဆိုင်ကိုဖောက်ဖို့ကြံသတဲ့၊ အခုဆေးရုံမှာရောက်နေတယ်၊ ဒါတောင် လူကြီးတွေဝိုင်းတားလို့ သက်သာတာ ထွေးမာတို့ဘက်က အမှုမဖွင့်တာကံကောင်း"

"ဟာ..."

ဘေးဝိုင်းကလူတစ်ယောက်ဝင်ပြောလိုက်သည့်စကား။ ဟာခနဲဖြစ်လိုက်မိသည်။ ပြုံးပြုံး ရွှက်ကိုးရွှက်တန်းဖြစ်နေသည့်ဟန်ပန်နှင့်အတူ လူကတာကို ကူညီနေတာလေးတွေ ပြန်မြင်ယောင်နေသည်။ ဆက်မေးချင်ပေမယ့် စိတ်ဆိုးဒေါသထွက်နေကြသည့်ပုံစံတွေကြောင့် မေးဖို့လက်လျှော့လိုက်သည်။ စားပွဲထိုးလေးဆီ ဆေးရုံလိပ်စာမေးပြီး ပိုက်ဆံရှင်းကာ ထပြန်လာခဲ့၏။ မျောက်ကျော်ဆီ အမြန်လိုက်သွားရမည်။

(၇)

"အစ်ကို အထက်သက်ကိုတက်သွားပြီးနောက်ပိုင်း ကျွန်တော် အစ်မထွေးမာဆိုင်မှာ အားတိုင်း သွားကူညီဖြစ်တယ် နောက်ပိုင်း ရထားချိန်တွေများလာတော့ ကွမ်းယာဆိုင်ကရောင်းကောင်းလာတယ်၊ အစ်မတစ်ယောက်တည်းမနိုင်လို့ ကျွန်တော်ပါ ကူရောင်းပေးခဲ့ရတယ် အစ်မထွေးမာနဲ့ သူ့အဒေါ်က ရထားအတင်အချလုပ်နေရတာ ပင်ပန်းပါတယ်၊ အဲဒီအလုပ်ကိုဆက်မလုပ်နဲ့တော့၊ သူ့ဆိုင်မှာပဲလုပ်ပါတဲ့ အဝတ်အစားဝယ်ပေးတယ်၊ ထမင်းကျွေးတယ်၊ သုံးဖို့စွဲဖို့လည်းပေးတယ်"

စကားအရှည်ကြီးပြောပြီး မောသွားပုံ။

မျက်နှာကြက်ကို အကြာကြီးမော့ကြည့်နေပြန်သည်။ ဟူးခနဲသက်ပြင်းချသံနှင့်အတူ စကားသံတိုးလျလျလေးထွက်လာသည်။

"အရောင်းအဝယ်ကောင်းတော့ ကွမ်းယာဆိုင်လေးကနေ စတိုးဆိုင်လေးပါထပ်ချဲ့ဖို့ဖြစ်လာတယ် ဆိုင်နေရာအခက်အခဲကိုတော့ ဦးလေးအောင်ကို အစ်ကိုသိတယ်မဟုတ်လား၊ ကျွန်တော်နေစရာမရှိလို့ ဆိုင်စောင့်သဘောမျိုးနေခိုင်းခဲ့တဲ့ ဦးလေးအောင်လေ"

ခေါင်းညိတ်ပြမိသည်။ ဦးလေးအောင်ဆိုတာ လူပုံသန့်သန့်နှင့် ဘူတာက ဈေးသည်မျက်နှာဖုံးတစ်ဦးပင်။ ယခု မထွေးမာဆိုသူဖွင့်ထားသည့်ဆိုင်အဟောင်းလေးမှာ မျောက်ကျော်အတွက် နေစရာပေးထားသည်ဟုပြောဖူးသည်။ ဘူတာဝန်းကျင်က ဆိုင်နေရာအတော်များများပိုင်ဆိုင်ထားသူတစ်ယောက်။

"ဦးလေးအောင်ဆီမှာ အစ်မထွေးမာက ဆိုင်နေရာငှားတယ်၊ ဦးလေးအောင်ကလည်း ငှားပေးခဲ့တယ်၊ ကျွန်တော်လည်း ဝမ်းသာအားရဖယ်ပေးခဲ့တယ် ကျွန်တော်က ယောကျ်ားလေး၊ ဘူတာထဲအိပ်လို့ရတယ် အစ်မထွေးမာနဲ့အဒေါ် အတွက် အဆင်ပြေသွားတာကို ဝမ်းသာနေတာ ဒီလိုနဲ့တိုတိုပြောရရင်တော့ အစ်မထွေးမာလည်း လမ်းဘေးဈေးသည်ကနေ ဆိုင်လေးနဲ့ဖြစ်သွားတယ်ပေါ့၊ ကျွန်တော်လည်း ညရေးညတာ လိုက်မပို့ရတော့သလို အစ်မနဲ့အဒေါ် အတွက်လည်း ဝမ်းသာနေမိတယ်၊ ဒါပေမဲ့ မနက် ဆိုင်ကူဖွင့်ပေးတယ် ညဆိုင်ပိတ်ချိန် ကူပိတ်ပြီးပဲ ကျွန်တော့်စိတ်ကူးအိပ်မက်ထဲက မိသားစုဘဝလေးပြန်ရနေသလိုခံစားရလို့ ပျော်နေတာ"

စကားပြောနေရင်း မျောက်ကျော်၏မျက်နှာလေး ပြုံးရွှင်လာသည်။

"တစ်ည ကျွန်တော်ဘူတာထဲမှာ အိပ်ပျော်နေရာကနေ တစ်ရေးနိုးလာခဲ့တယ်၊ အပေါ့အပါးထသွားပြီး ဘူတာထဲပြန်မဝင်ခင် အစ်မတို့ဆိုင်ဘက် ကြည့်လိုက်မိတယ်၊ လူရိပ်လိုလိုမြင်လိုက်လို့ ဆိုင်နားထိသွားကြည့်ခဲ့တယ် အချိန်ကလည်း သန်းခေါင်လောက်တော့ရှိပြီ ဪ..အစ်ကိုကိုပြောဖို့ ကျန်သွားတယ် အဲဒီညက အဒေါ်မရှိဘူး၊ ခနချင်းပြန်ဆိုပြီး ဘုရားဖူးထွက်သွားတာ တာမျက်နေလို့ဆိုတဲ့ ဖုန်းဆက်ပြောသံကို ဆိုင်ကူပိတ်နေရင်းကြားထားတော့ စိတ်ပူသွားတယ်၊ ဆိုင်

www.burmeseclassic.com



တံခါးကလည်းဟနေ၊ စကားသံတွေကလည်းသဲ့သဲ့ကြားနေရတော့ အော်မလို့ပြင်နေဆဲမှာပဲ”

ရေဘူးကို လက်ညှိုးထိုးပြလာသဖြင့် ရေတစ်ခွက် ခပ်ပေးလိုက်ရ၏။ ရေသောက်ပြီး ဆက်ပြောလာသည်။

“ဒုန်းဆို တံခါးပွင့်လာပြီး လူတစ်ယောက်ထွက်လာတယ်၊ ကျွန်တော့်ကိုမြင်တော့ အဲဒီလူက ဟာခနဲ လန့်အော်တယ်၊ သိပ်မကြာဘူး။ နောက်ကနေ အစ်မ ထွေးမာပါ ထွက်လိုက်လာတယ်၊

ဒီနောက်ပိုင်း ကျွန်တော့်ခေါင်း ပူခနဲ့ဖြစ်သွားတာပဲ သိလိုက်တယ်။ သတိမမေ့ခင် ကျွန်တော်ကြားလိုက်တဲ့ စကားတစ်ခွန်းက 'သားရေပေါ်အိပ် သားရေနားစားတဲ့ကောင် ချသာချ' တဲ့ဗျာ”

**“ကျွန်တော်လုပ်အားခတွေစုထားတာ အစ်မကိုတွေ့ရင် ဘယ်မှမသွားစေချင်တော့လို့၊ ကျွန်တော်တို့ငယ်ငယ်က အလုပ်မရှိ၊ ပိုက်ဆံမရှိတော့ မိသားစုတွေ ရှင်ကွဲ ကွဲခဲ့ရပြီးပြီ၊ ထပ်မကွဲချင်တော့လို့ပါ၊ ကိုယ့်အစ်မအရွယ်တွေဆို အစ်မအရင်းတစ်ယောက်လိုပဲ သဘောထားမိတယ်၊ ငါ့အစ်မအရင်းသာဆိုရင် ဆိုတဲ့စိတ်က အမြဲပဲ၊ အခု အစ်မထွေးမာနဲ့အဒေါ်က ထမင်းကျွေး အဝတ်အစားလေးတွေဝယ်ဝယ်ပေးတော့ အမေနဲ့ အစ်မကို ပြန်တွေ့ရသလို ကျွန်တော်ပျော်နေတာဗျာ”**

စကားလည်းဆုံးသွားရော တဟီးဟီးဖြင့်ငိုနေသည့် မျှောက်ကျော်၊ ခုတင်ခေါင်းရင်းရှိ အိတ်ကလေးကို နှိုက်နေပြန်သည်။ ဓာတ်ပုံတစ်ပုံ ကမ်းပေးလာတာနှင့် ယူကြည့်လိုက်မိသည်။

“ကျွန်တော့်အစ်မအရင်းလေ၊ ကျွန်တော် ငယ်ငယ်ကတည်းက နိုင်ငံခြားမှာ အလုပ်လုပ်မယ်ဆိုပြီး ထွက်သွားတာ၊ အဖေနဲ့အမေဆုံးတဲ့အထိ အဆက်အသွယ်ကို မရတော့ဘူး၊ ကျွန်တော် အခုလိုဘူတာမှာ အလုပ်လုပ်ပြီးမျှော်နေတာက အစ်မကို ပြန်များတွေ့မလားဆိုတဲ့ မျှော်လင့်ချက်နဲ့အစ်ကိုရ”

မျှောက်ကျော်ပြောပြနေသည့်စကားတွေထဲမှာ မွှန်းကျပ်လာမိသည်။ ငယ်ငယ်က အဘွားပြောပြဖူးခဲ့သည့် မရှိမဲ့မို့၊ မလှူစုန်းယိုးဆိုသည့် စကားတစ်ခွန်းကို ပြန်လည်ကြားယောင်မိသည်။

“ကျွန်တော်လုပ်အားခတွေစုထားတာ အစ်မကို တွေ့ရင် ဘယ်မှမသွားစေချင်တော့လို့၊ ကျွန်တော်တို့ ငယ်ငယ်က အလုပ်မရှိ၊ ပိုက်ဆံမရှိတော့ မိသားစုတွေ ရှင်ကွဲကွဲခဲ့ရပြီးပြီ၊ ထပ်မကွဲချင်တော့လို့ပါ၊ ကိုယ့်အစ်မအရွယ်တွေဆို အစ်မအရင်းတစ်ယောက်လိုပဲ သဘောထားမိတယ်၊ ငါ့အစ်မအရင်းသာဆိုရင်ဆိုတဲ့စိတ်က အမြဲပဲ၊ အခု အစ်မထွေးမာနဲ့အဒေါ်က ထမင်းကျွေး အဝတ်အစားလေးတွေဝယ်ဝယ်ပေးတော့ အမေနဲ့ အစ်မကို ပြန်တွေ့ရသလို ကျွန်တော်ပျော်နေတာဗျာ”

မျှောက်ကျော်ရယ်ဟူ၍သာ စိတ်ထဲကနေ ရေရွတ်လိုက်မိ၏။ ဒဏ်ရာကြီးကြီးမားမားမရဘဲ မူးမေ့သွားရုံမျှ တော်ပေသေးသည်။ ဆက်ပြီးနေချင်ပေမယ့် ရထားထွက်ချိန်က နီးနေပြီ။

“မင်းဆီက အခုလိုကြားရသိရတော့ အစ်ကို တကယ်စိတ်မကောင်းဘူး၊ စိတ်မချမ်းသာစရာမတွေးဘဲ အေးချမ်းအောင်နေနော်၊ ဒါမှ အမြန်သက်သာလာမှာ၊ နေပါအုံး အဲဒီညက မင်းတွေ့လိုက်တဲ့သူက. . .”

ဆက်မမေးဖြစ် ခေါင်းယမ်းပြလိုက်သည့် အမူအရာကြောင့် စကားရပ်လိုက်ရသည်။

ဆေးရုံကနေပြန်ထွက်လာသည့်အထိ နားထဲမှာ မျှောက်ကျော် နောက်ဆုံးမေးလိုက်သည့်စကားလေး တစ်ခွန်းကလည်း တရစ်ဝဲဝဲ။

“နောက်ဘဝမှာ ချောလှအောင်လို့ ဘုရားမှာ ဘာလှူရမလဲ အစ်ကို” ။ ။

ငြိမ်းမိုင်(စနေရှင်နယ်)

www.burmeseclassic.com

www.burmeseclassic.com




# သကြိုင် (လားရှိုး)

## တောင်ဇလပ် ချယ်ရီ သိပါသည်

"မြောက်လေကြွင်းနှင့် ဆီးနှင်းမကုန်၊
ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား၊
တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကြူး၊
မင်းလွင်မြူးသား"

(၁)

" Home is where the heart is"
(Pliny the Elder )

"အိမ်ဂေဟာဆိုတာ နှလုံးသားရဲ့နေးခိုရာတဲ့"
"ငါကတော့ တတိယနိုင်ငံကို
ရောက်အောင်သွားမှာ ကိုသက်"
သူ သက်ပြင်းမချချင်တော့ပါ။ ဟိုးအဝေးက
တိမ်ပင်လယ်ကြီးကို ငေးကြည့်မိသည်။
မြင်နိုင်စွမ်းအားရှိနေသေးသည့်

www.burmeseclassic.com

www.burmeseclassic.com





သူ့မျက်လုံးများကို သူကျေးဇူးတင်မိသည်။
လှလိုက်တာ၊ တိမ်ပင်လယ်ကြီးဆိုတာ
ဒါကိုပြောတာမဟုတ်လား။
အမြဲတမ်းမြင်တွေ့ခွင့်ရရင် ဘယ်လောက်
ကောင်းလိုက်မလဲလေ။ ကြည့်စမ်းပါဦး။
လေထုထဲမှာဖြစ်တည်နေတဲ့ တိမ်ပင်လယ်။
အခု ကန့်ပက်လက်က တောင်ခြေမှာတောင်
ဟိုတစ်စဒီတစ်စရှိနေတဲ့ တောင်ဇလပ်ပင်တွေက
အဲဒီလောက်တောင်မှလှနေရင် ဟိုး. . တိမ်စီး
ကြောင်းတွေရှိတဲ့ ခေါ်နူးစုမ်တောင်ထိပ်မှာဆိုရင်
တစ်တောလုံးကြွေပြီပေါ့ကွယ်။
"ဟင်. . ဖုန်းတိုင်တွေပျောက်သွားပြီ"
"ဟာ. . ဆက်သွယ်မှုစနိုယာပြင်ပတဲ့၊ အဲဒါဆို
ငါတို့က သီးခြားကမ္ဘာလေးထဲရောက်သွားပြီပေါ့"
"အမယ်. . အကောင်စုတ်၊ နင့်စကားလုံးတွေက
လန်းလှချေလား၊ ကိုယ်နဲ့တန်ရာတန်ရာ
ပြောစမ်းပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



နတ်မတောင်ထက်ရန်ရောက်လာကြသည့် လေ့လာရေးကျောင်းသားများ၊ Express ကားကြီးများ ခါနီးဘေးမှာဆွဲထားသော ဗီနိုင်းတွေမှာရေးထားတာက 'မန္တလေးရတနာပုံတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအဖွဲ့'တဲ့။

"ငါ တက္ကသိုလ်တက်နိုင်အောင်ကြိုးစားမယ် ကိုသက်"

တစ်ခါတစ်ရံဆိုက ကြားခဲ့ဖူးသောစကားလေး၊ နင်က နင့်ဘဝကိုရွေးချယ်ချင်ပေမယ့် နင့်ဘဝကပဲ နင့်ကိုရွေးချယ်သွားခဲ့တာမဟုတ်လား အမိုင်၊ နင်သိလား၊ တစ်ခါတုန်းဆိုက နင်နဲ့ငါရဲ့ မြေရာဟောင်းလေးတွေကို ပြန်ပြီးတွေ့နိုင်မလားရယ်လို့ အခုချိန်ထိ ဒီနေရာမှာ ငါရှာဖွေနေမိတုန်းပဲ အမိုင်။ ငါတို့ချစ်သက်သေကို ဒီချယ်ရီပင်ကြီးအပါအဝင် နတ်မတောင်ပေါ်က တောင်ဇလပ်ပင်အိုတွေရော၊ ပင်ပျိုတွေရော သိကြတယ် မဟုတ်လား။

"ဝေး. . . ဆိုင်ကယ်ကနည်းနည်းပဲရှိတာ၊ တစ်ယောက်ချင်း အလှည့်ကျ တောင်ပေါ်ကိုတက်မှရမယ်"

"အဲဒါဆို ဟီချယ်တို့အရင်သွားနှင့်၊ သမီးတို့က ဆိုင်ကယ်ပြန်လာတကြိုကိုစောင့်ရင်း ဖြည်းဖြည်းချင်း ခြေကျင်တက်ကြတာပေါ့"

"ဟေ့. . ကလေးတွေ တောင်ဇလပ်ပန်းတွေမခူးကြနဲ့နော်၊ သစ်တောက စာတွေကပ်ထားတာမြင်လား"

တစ်ယောက်တစ်ပေါက်ဟစ်အော်ကြတာ ဆူဆူညံလို့၊ ဖျော်စရာကောင်းလိုက်လေခြင်း။

"ဒီချင်းပြည်နယ်မှာလည်း ချယ်ရီတွေပွင့်တာပဲနော်"

ချယ်ရီပန်းတွေက အအေးပိုင်းဒေသမှာပွင့်ကြတာကိုး။ ချယ်ရီအမျိုးအစားက ၁၂ မျိုးရှိသတဲ့၊ ဒါပေမဲ့ ဒီနတ်မတောင်တစ်ဝိုက်မှာ ရှားရှားပါးပါး ဒီချယ်ရီပင်ကြီးတစ်ပင်ပဲရှိနေတာ အထီးကျန်ဆန်ပါပေ့၊ နှင်းတွေက ရေခဲအဖြစ်ပြောင်းပြီး ချယ်ရီပင်ထိပ်မှာကပ်နေတာ တစ်မျိုးကြည့်လို့လှနေပြန်ရော၊

ချယ်ရီပင်တဲ့။ သူရှိနေသော ချယ်ရီပင်ကို ကျောင်းဆရာတစ်ယောက်ဖြစ်ဟန်တူသူက လက်ညှိုးထိုးပြသည်၊ ဆိုင်ကယ်ပြန်ဆင်းအလာကို စောင့်နေကြသောကျောင်းသူလေးများ၊ ထိမ်ပင်လယ်ကိုငေးကြည့်နေကြသူများက အာရုံပြောင်းကာ သူ့အနားက ချယ်ရီပင်ဆီသို့ရောက်လာကြသည်၊ သူ့ကိုတက်နင်းမိမှာစိုးသဖြင့် သူမှာ အပြေးအလွှားရှောင်လိုက်ရသည်။ ဟေးဟေးဟားဟားနှင့် ကျောင်းသူလေးတစ်သိုက် ချယ်ရီပင်နှင့် ဓာတ်ပုံရိုက်ကြတော့သည်၊ တက်လည်း တက်နိုင်တဲ့ မိန်းကလေးများပါတကား။

ဟို. . တစ်ရံရောအခါက ဒီချယ်ရီပင်ကြီးအောက်မှာ ချယ်ရီပိုင်အကြောင်းကို တခမ်းတနားပြောခဲ့ဖူးသော သက်ဝေဆိုသည့်တောင်လေးနှင့် လွယ်မိုင်းမိုင်ဆိုသော အသားဖြူဖြူနှင့် လှပသည့် ပိန်ပိန်သွယ်သွယ်ကလေးမလေးတစ်ယောက်ရှိခဲ့ဖူးလေသည်၊

(၂)

"နေမြင့်လှပြီဟ. . .၊ ထိမ်ပင်လယ်တွေတောင် ပြို့ကုန်ပြီ"

ချယ်ရီပင်အောက်မှာ အမိုင့်ကို သူထိုင်စောင့်နေတာ တစ်နာရီနီးပါးခန့်ရှိနေပြီ၊ သူနဖူးပေါ်ကချွေးတွေကို အမိုင်တစ်ချက်တော့လှမ်းကြည့်ပါသေးသည်။ ဒီချယ်ရီပင်အောက်မှာ အမိုင့်ကို သူစောင့်နေကျ။ ထိုသို့ စောင့်ရင်းစောင့်ရင်းက စောင့်ရသူသည် သူဖြစ်မှန်းမသိဖြစ်ခဲ့ရပြီး နောက်ကျသူသည် အမိုင်ဖြစ်မှန်းမသိ ဖြစ်လာခဲ့လေသည်၊

"ဆံပ်တွေလှန်းနေရသေးလို့ဟ"

သူ့စကားကို မည်သို့မျှမ်စားရဟန်မတူပါချေ။ အမိုင်က အဲဒီလိုပဲ၊ သူ့ကို ဂရုတစိုက်ရှိနေပါလားလို့လည်း သိဟန်မတူ၊ အမိုင်သိသည်က ဝိုင်ဖောက်ပြီးကျန်သည့်ဆံပ်များကို ခြောက်နေအောင်နေပူလှန်းထားလျှင် ဝက်စာအဖြစ် အသုံးကျသည်ဆိုတာမျိုး။ သွားကပါး တောင်ဇလပ်ပန်းတွေကိုခုတ်နေရာသို့ လိုက်သွားပြီး တောင်ဇလပ်ပန်းတွေ ကူသိမ်းတာမျိုး။ အဲဒီလို အချိန်တွေဆိုလျှင် သူသည်လည်း ဒီဇင်ဘာကျောင်းပိတ်ရက်မို့ အမိုင့်နောက် ထနောက်တောက်လိုက်လာရရှိပါသည်။ အမိုင့်ကို သူဝိုင်းကူရမည်ဆိုသောအသိ။

"ရခိုင်ရိုးမတောင်တန်းနဲ့ဆက်နေတဲ့ ချင်းတောင်တန်း၊ တုလားတန်မြစ် မဏိပူရမြစ်စီးဆင်းနေ၊ ရောင်စုံ

www.burmeseclassic.com

www.burmeseclassic.com



ပန်းများပွင့်ဖူးနေ. . ထင်းရှူး ချယ်ရီ တောင်ဇလပ်တွေ . . . သဘာဝအလှတွေ ဖော်ထုတ်လျက်နေ"

အမိုင်က အဆိုတော်မလေး ဒေါ်လှနှီးယာန်းရဲ့ သီချင်းလေးကို အေးအေးလူလူသီဆိုရင်း တောင်တက်လမ်းအတိုင်း တောသဲကို စတင်ဝင်ရောက်သွားလေပြီ။

လူသွားလမ်းနှင့် ဆိုင်ကယ်သွားလမ်းကြောင်းတွေမှာတော့ တစ်ယောက်စ နှစ်ယောက်စ၊ နောက်သုံးလေးယောက်အဖွဲ့များ သွားလာနေသည်ကို မြင်ရသည်။ ဒီဇင်ဘာကျောင်းပိတ်ရက်မို့သာ ရာသီချိန်ခါတော်မီ ရောက်လာကြတာကိုမြင်တွေ့ရတာပင်။ မိုးရာသီဆိုလျှင် ဒီနတ်မတောင်ကြီးက ရွှံ့နှင့်ရှုန်းရတာ

"ငါကတော့ ကပါးနဲ့ ကပီးကို ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံထားချင်တာ ကိုသက်ရဲ့ ပြီးတော့ ငါ စာကြိုးစားတယ်ဆိုတာကလည်း တတိယနိုင်ငံကို သွားချင်လို့ပါ၊ ဒီချင်းပြည်နယ်တောင်ပိုင်းက ငါတို့ချင်းလူမျိုးစုတွေထဲမှာ နွမ်းပါးမပြည့်စုံတဲ့ကျောင်းသားတွေကို အသင်းကထောက်ပံ့စရိတ်ပေးတာမျိုးရှိတယ်လေ၊ ကိုယ့်လူမျိုးစုအချင်းချင်း မြေတောင်မြှောက်ပေးတာပေါ့ဟာ၊ နင်သိလား ကိုသက်၊ အိမ်ဂေဟာဆိုတာ နှလုံးသားရဲ့နားခိုရာတဲ့၊ ငါ့နှလုံးသားထဲမှာ အိမ်လှလှလေး တစ်လုံးရှိတယ်၊ နောက်ပြီး...."

မို့ တောင်တက်ခရီးသည်ဆိုတာ မရှိသလောက်ရှားသည်။

"မြောက်လေကြွင်းနှင့် ဆီးနှင်းမကုန် ပူဟုန်မသည်း၊ ဖွံ့ဖွံ့ဖြိုးသား၊ ထိမ်မည်းမဆိုင်၊ မြည်စိုင်ရှိတ်ကြူး မင်းလွင်မြူးသား"

ဒီရက်ထဲမှာ ဖေဖေသီဆိုနေတတ်တာလေး၊ ကဗျာလား၊ လင်္ကာလားဆိုတာကို သူ မခွဲခြားတတ်၊ နွေကျောင်းပိတ်ရက်နှင့် အင်မတန်လိုက်ဖက်တာကိုတော့ သူသိသည်။

"နင်က အဘိုးကြီးပဲ၊ ဘာတွေဆိုမှန်းမသိ"

ဘုရားကျောင်းတက်ကြသည့်အခါမှာတော့ အမိုင်က သူ့ရဲ့ဆရာမကြီးဖြစ်သွားရလေသည်။ ဗုဒ္ဓဘာသာဖြစ်သောသူက ခရစ်ယာန်ဘာသာဝင် အမိုင့်ကို အဖော်ပြုရင်း ဘုရားရှိခိုးကျောင်းသို့ တနင်္ဂနွေနေ့တိုင်းတက်ဖြစ်လေသည်။ ဓမ္မသီချင်းတွေကို လိုက်မဆိုတတ်သောသူ့မှာ ယောင်ချာချာနှင့် ပျော်ရွှင်မိခဲ့သောနေ့ရက်များမှာ မနည်းလှ။ မုန့်ကြွပ်စားတာတွေ၊ စပျစ်ရည်သောက်တာတွေကိုလည်း သူ့မှာ တအံ့တသြ။

"ရေနှစ်ခြင်းခံယူတာကို ဗတ္တိဇံလို့ခေါ်တယ်ဟ နှစ်ခြင်းခံယူမယ်ဆိုရင် ချက်ချင်းခံယူစရာမလိုဘူးလေ၊ ကျမ်းစာတွေကို လေ့လာခွင့်ပေးထားတယ် သဘောတရားတွေကို နားလည်သဘောပေါက်လာမှ သင်းအုပ်ဆရာဆီမှာ ကျမ်းစာလေ့လာသင်ယူရတယ် ဘုရားကျောင်းဆိုတာ ယုံကြည်ကိုးကွယ်သူတွေရဲ့ ဗိမာန်တော်ပေါ့ ပြီးတော့. . . ယောက်ျားလေး၊ မိန်းကလေးအားလုံးက လူပျိုစင်၊ အပျိုစင်မဟုတ်တော့ဘဲနဲ့ ဘုရားကျောင်းမှာ မင်္ဂလာဆောင်ရင် အမင်္ဂလာဖြစ်တယ်တဲ့၊ အဲဒါကြောင့် အကယ်၍များ ချစ်သူရည်းစားဘဝမှာ မှားယွင်းခဲ့ကြမယ်ဆိုရင် အပြင်မှာမင်္ဂလာဆောင်ပြီးမှ ဘုရားကျောင်းထဲမှာ ညှိနှိုင်းကျွေးမွေးလိုက်ရတယ်တဲ့ ကိုသက်ရဲ့"

"အင်း. . . "

"ငါကတော့ ကပါးနဲ့ ကပီးကို ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံထားချင်တာ ကိုသက်ရဲ့ ပြီးတော့ ငါ စာကြိုးစားတယ်ဆိုတာကလည်း တတိယနိုင်ငံကို သွားချင်လို့ပါ ဒီချင်းပြည်နယ်တောင်ပိုင်းက ငါတို့ချင်းလူမျိုးစုတွေထဲမှာ နွမ်းပါးမပြည့်စုံတဲ့ကျောင်းသားတွေကို အသင်းကထောက်ပံ့စရိတ်ပေးတာမျိုးရှိတယ်လေ ကိုယ့်လူမျိုးစုအချင်းချင်း မြေတောင်မြှောက်ပေးတာပေါ့ဟာ နင်သိလား ကိုသက်၊ အိမ်ဂေဟာဆိုတာ နှလုံးသားရဲ့နားခိုရာတဲ့ ငါ့နှလုံးသားထဲမှာ အိမ်လှလှလေး တစ်လုံးရှိတယ် နောက်ပြီး. . . "

"ဘာဖြစ်လဲ နောက်ပြီး. . . "

www.burmeseclassic.com

"ငါသိပ်ချစ်ရတဲ့ချစ်သူနဲ့အတူ ဒီဘုရားကျောင်းကြီးမှာ လက်ထပ်ပြီး လူ့ဘဝသက်တမ်းတစ်ခုကို ဖြတ်ကျော်သွားမယ်ဟာ"

"ဪ. . . အမိုင်ရယ်"

သူ့မေမေက ဒီကန်ပက်လက်မှာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး။ ဖေဖေကလည်း အထက်တန်းပြဆရာ။ ကျောင်းဝင်းကြီးထဲမှာပဲ လိုင်းခန်းရထားသည်။ လိုင်းခန်းဆိုပေမယ့် အိမ်ကြီးအိမ်ကောင်းတစ်လုံးရထားခြင်းသာဖြစ်သည်။ ပထမဆုံး သူစတင်လာရောက်လည်ပတ်စဉ်က ထိုအိမ်တွေထဲမှာ မနေတတ်၊ မနေရဲ၊ လူသွားလမ်းလေးတွေရဲ့ တစ်ဖက်တစ်ချက်စီမှာ မြေတင်ဆောက်ထားသောအိမ်များကို ကြည့်ပြီး ဘုရား. . . ဘုရား မြေပြိုကျရင် ဘယ့်နှယ်လုပ်ရပါ့ဆိုပြီး စိုးထိတ်ကြောက်ရွံ့ခဲ့ဖူးသည်။

တစ်ဦးတည်းသောသား သူ့အတွက် အမိုင်သည် တစ်ဦးတည်းသော မိန်းကလေးသူငယ်ချင်းကောင်းဖြစ်ခဲ့သည်။ မန္တလေးကနေ ရက်တိုကျောင်းပိတ်ရက်လေးတွေရောက်လာတိုင်း ဖေဖေနှင့်မေမေရှိရာ ကန်ပက်လက်မြို့ကို သူအလည်အပတ်ရောက်လာတတ်ပါသည်။ တစ်ခါကတော့ ဖေဖေတို့ကျောင်းက ဂျစ်ကားနှင့် မင်းတပ်မြို့ထဲအထိ လည်ပတ်ခွင့်ရခဲ့သေးသည်။ အိမ်တွေထဲကို တိမ်တွေရောက်နေတတ်သည့် ချင်းပြည်နယ်ရဲ့အေးချမ်းမှုကို သူနှစ်သက်သည်။ မန္တလေးမှာ နေအပူရှိန်ပူပြင်းပေမယ့် ချင်းပြည်နယ်မှာ ရေမချိုးနိုင်အောင် တောင်ပေါ်လေနှင့် အေးမြနေတတ်လေသည်။

ချင်းတောင်တန်းကြီးတွေမှာ ဝဥစိုက်ပျိုးရေးနှင့် ထောပတ်သီးတွေကိုသာစိုက်ပျိုးကြပေမယ့် သူ့မျက်စိထဲမှာတော့ ပျားလိမ္မော်တွေကို အိမ်တိုင်းလိုလိုမှာစိုက်ပျိုးထားတာကိုတွေ့ရသည်။ ကျောင်းဆရာရဲ့သားကျောင်းဆရာဖြစ်တာ ဆန်းသလားကွာလို့ ဖေဖေ ခဏခဏပြောဖူးသည်။ သူကိုယ်တိုင်ကလည်း ဘွဲ့ရပြီးလျှင် ချင်းပြည်နယ်မှာပဲ ကျောင်းဆရာအဖြစ်လျှောက်ထားမည်။ ဒါမှလည်း အမိုင်နှင့်နီးစပ်သွားမှာဆိုသည့် အတွေးမျိုး။ အမိုင်နှင့် အမိုင့်ဘဝကို သူမြတ်နိုးသည်။ အမိုင့်အဘွားက သူ့ဖေဖေ၊ မေမေတို့ရဲ့အိမ်ဟာဟီရတွေကို လာပြီးကူညီနေရတာကို သူမကြည့်ရက်။ အခုရက်ပိုင်းလေးအတွင်းမှာပဲ အမိုင့်အဘွား လက်တစ်ဖက်လေဖြတ်သွားခဲ့ပြီ၊ ဖေဖေနှင့် မေမေက အမိုင့်ကို စာခေါ်သင်ပေးတိုင်း အမိုင့်မျက်နှာလေးညှိုးငယ်နေတတ်ပါသည်။ ကျူရှင်ခမပေးရဘဲ အခမဲ့စာသင်ကြားရခြင်းအပေါ် အမိုင်ရှက်လေသလား။

"ငါ ဒီတစ်ခေါက်ပြန်သွားပြီးရင် စာတွေအသည်းအသန်လုပ်ရပြီဟ၊ စာမေးပွဲကြီးပြီးမှ နင့်ဆီကို တစ်ခေါက်ပြန်ရောက်တော့မှာ"

အမိုင်က သူ့ကိုလှည့်ကြည့်သည်။ ဒေသခံမိန်းကလေးအမိုင်က မန္တလေးသားဖြစ်သော သူ့ကို တောင်ကုန်းလေးအတိုင်း လက်ဆွဲခေါ်ယူသည်။

သူမှာ တဟူးဟူးနှင့်မောနေပြီ၊ အမိုင်က တောင်တက်၊ တောင်ဆင်းများဖြင့်သာကြီးပြင်းခဲ့ရသူမို့ ချင်းတောင်ကုန်းလေးများလောက်ကိုတော့ ဘာဖွဲ့မနေပါချေ။ ထို့ကြောင့်လည်း အမိုင့်အဖေရဲ့ခါးကြားမှာ ခေါင်ရည်ပုလင်းလေးချိတ်ထားတာကို တွေ့ရခြင်းဖြစ်ပေမည်။ ခေါင်ရည်ဆိုတာ ဒီလိုတောင်တက်၊ တောတက်လူကြမ်းကြီးတွေအတွက် အမောပြေသောက်သုံးဖို့အတွက် အသုံးကျလှလေသည်။

"နင် ငါ့ကို အလုပ်တွေပိုင်းကူတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုသက်ရယ်"

"ပြောစရာလားဟာ. . .၊ ငါက နင့်မှမကူရင် ဘယ်သူကူရမှာလဲလို့"

## (၃)

အဲဒီနေ့က မှတ်မှတ်ရရ တိမ်ပင်လယ်ကြီးက ပိုလှနေသည်။ ပြီးတော့ ခါသကြန်နွေဦးရာသီရောက်တော့မှာမို့ မိုးကောင်းကင်ကြီးက ကြည်လင်ရှင်းသန့်နေသည်။ သူတို့မြန်မာနိုင်ငံက လေထုညစ်ညမ်းမှုတွေမရှိလို့သာ အခုလိုမျိုး ကောင်းကင်ပြာပြာကြီးကို ပိုင်ဆိုင်ရတာမဟုတ်လား။ တစ်နေ့နေ့မှာ ထိုတိမ်ပင်လယ်တွေကိုသက်သေထူပြီး အမိုင့်ကို ချစ်ခွင့်ပန်မည်။ ဒီနတ်မတောင်ကြီးကို ဖဲကြိုးပြုပြီးသစ္စာဆိုမည်။ ချင်းပြည်နယ်ဆိုတာ အောက်ချင်းငှက်အမှတ်အသားနှင့် သစ္စာတရားတို့လွှမ်းမိုးရာနယ်မြေ။ သစ္စာတရားဆိုတာကို သေ

www.burmeseclassic.com





သည်အထိ အခြားတစ်ဖက်ကို ယူဆောင်သွားကြသတဲ့လေ။

"အမိုင် . . . နင်ဖြေနိုင်လားဟင်"

"နင်ကော ကောင်းကောင်းဖြေနိုင်ခဲ့တယ်မဟုတ်လား"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြတော့သည်။

"နူနူးရှိရင် သိပ်ပျော်စရာကောင်းမှာပဲဟာ၊ နူနူးက ငါ့ကို မွေးပြီးပြီးချင်း သွေးသွန်လို့ ဆုံးသွားတာတဲ့၊ နူနူးသာရှိနေရင် ငါ့ဘဝက ဒီထက်အဆင်ပြေမှာ ကျိန်းသေတယ်၊ အခု ကပီးကလည်းလေဖြတ်ထားတော့ အိမ်အလုပ်၊ ခြံအလုပ်အားလုံးနဲ့ ငါမောတယ်ဟာ၊ ငါ ဆယ်တန်းအောင်မှဖြစ်မှာလေ၊ ပြီးရင် တတိယနိုင်ငံကို ရောက်အောင်သွားမယ်၊ ဒါမှ ကပါးကိုလည်း ဝိုင်လုပ်ငန်းရှင်သူဌေးကြီးဖြစ်အောင် လုပ်ပေးနိုင်မှာ"

"နင် အောင်မှာပါ အမိုင်ရယ်"

နွေရာသီကျောင်းပိတ်ရက်မို့ ရာသီဥတုက ကြည်လင်နေသည်။ တောင်တက်လေ့လာကြမည့် ဧည့်သည်တွေကလည်း နေ့စဉ်နေ့တိုင်းအများကြီးရောက်ရောက်လာတတ်ပြီ။ အမိုင့်ကပီးက တောင်ခြေမှာ ရယ်ဒီမိတ်မုန့်လေးတွေ၊ သောက်ရေသန့်နှင့် အချဉ်ပေါင်းတွေကို တစ်နိုင်တစ်ပိုင်လေးရောင်းချသည်။ အမိုင်က အခုချိန်မှာဆိုရင် သွက်လက်တက်ကြွသော ဈေးသည်မလေးတစ်ယောက် ဖြစ်သွားပြန်လေသည်။

"တော်သေးတာပေါ့ဟာ. . .၊ နင် ချယ်ရီပင်ကြီးအရိပ်အောက်ခိုပြီး ဈေးရောင်းလို့ရနေသေးလို့ပေါ့"

သူလည်း အမိုင်တို့မြေအဘွားနှင့်အတူ ဈေးဝိုင်းကူရောင်းတာများ၊ တကယ့်စီးပွားရေးသမားကြီးလို၊ ဖေဖေနှင့်မေမေကတော့ အမိုင့်ရဲ့ယဉ်ကျေးလိမ္မာမှုကို ချီးမွမ်းတတ်ရင်း၊ သူ့ကိုလည်း အမိုင့်ကို ညီမလေးတစ်ယောက်လိုစောင့်ရှောက်ဖို့ကို အမြဲတမ်းမှာတတ်ပါသည်။ သူကတော့ အမိုင်နှင့်အတူတူ တစ်ရက်လေးမျှ စကားတွေပြောနေရရင်ကိုပဲ ပျော်နေတတ်ပါသည်။

သူနေထိုင်သော အထက်တန်းကျောင်းကြီးရဲ့ နံဘေးမှာပဲ အမိုင်တို့အိမ်လေးရှိတာမို့ မနက်လေးနာရီထိုးလို့ မေမေ အိပ်ရာထပြီးဘုရားဝတ်တက်လျှင် သူလည်း ကပျာကယာ မျက်နှာသစ်၊ ရေအိမ်ဝင်ပြီး အမိုင်တို့ဆီသို့ပြေးကာ ဈေးရောင်းမည့်ပစ္စည်းများကို ဝိုင်းကူသယ်ပေးပါသည်။ ကပီးက လက်တစ်ဖက်လေဖြတ်ထားပေမယ့် မနက် ၅ နာရီဆိုလျှင် ထမင်းထုပ်က အဆင်သင့်ဖြစ်နေတတ်လေသည်။ တစ်ခါတစ်ရံ မနက်အစောကြီး အိပ်ရာထထားသော သူမှာ ထိုချယ်ရီပင်ကြီးအောက်က နီးဖျာလေးပေါ်မှာ မှေးခနဲ အိပ်ပျော်သွားတတ်ပါသည်။

"လူလေး. . . လူလေး ထ. . . ထ၊ အမိုင့်နောက်လိုက်သွားချေ"

"ဟင်. . . အမိုင်က ဘယ်သွားလို့လဲ"

"ဧည့်သည်တွေက လမ်းပြ၊ လမ်းပြခေါ် . . ."

"ဟာ"

သူအိပ်နေရာက ငေါက်ခနဲထထိုင်သည်။ အမိုင့်ကပီးက ဒီထက်ပိုပြီးတော့ ဗမာစကားကို အများကြီးပြောတတ်တာမဟုတ်။ တကယ့်ချင်းမကြီးစစ်စစ်။ ပြီးတော့ ကပီးမျက်နှာမှာ ပါးရဲ့ဆိုတာတွေလည်း ထိုးထားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး သက်ဝေရာ စီလိုပါပဲကွာ၊ အခုလို ရာသီချိန်လေးမှာ တောင်တက်အဖွဲ့တွေကို အမိုင်တို့ ငါတို့က ကြိုရင်ကြိုသလို လမ်းပြလိုက်ပေးနေကြတာပဲ။ ငယ်ငယ်ကတည်းက၊ အဲဒီကရတဲ့မုန့်ဖိုးလေးတွေနဲ့ ကျောင်းစာအုပ်တွေဝယ်ကြတာပေါ့၊ ကပီက ကြီးမှန်ပြီး စိတ်ပူတတ်ရန်ကော"

ဆိုင်ကယ်ကယ်ရီသမားလေးတစ်ယောက်က လှမ်းပြောသည်။

ဘာမှမဖြစ်တာကိုတော့ သူသိသည်။ ဘာမှမဖြစ်သေးလျှင်တော့ ဘာမှမဖြစ်ဘူးပေါ့။ တောင်တက်၊ တောင်ဆင်းလမ်းခရီးတွေက မန္တလေးတောင်တက်ရသလို ကွန်ကရစ်လမ်းတွေမဟုတ်။ တောတွင်းလမ်းတွေက ခက်သည့်နေရာခက်သည်၊ ခေါင်သည့်နေရာခေါင်သည်။ ပြီးတော့ အမိုင်က မိန်းမပျိုလေးလေ။ ၄ နာရီလောက်တက်ရသည့် တောတွင်းတောင်တက်ခရီးလမ်းက ကြမ်းပါဘိ။ ခေါ်နူးစုမ်ဆိုသည့် နတ်မတောင်ကြီးကို ရောက်လာကြသည့်ဧည့်သည်တိုင်းက စိတ်ချယုံကြည်ရပေမယ့် အမိုင့်ကိုကူညီပြီး သူလိုက်ပေးသင့်သည်မဟုတ်ပါလား။

သူ သက်ပြင်းကို ဟူးခနဲချလိုက်မိသည်။ အခုချိန်မှတော့ အပြေးလိုက်သွားလို့လည်းမရတော့။ သူက တောကျွမ်းသူမဟုတ်။ လမ်းညွှန်အမှတ်အသားတွေပြထားပေမယ့် လမ်းခွဲတွေကအများကြီး။ သူလိုက်မသွားတာ်။ ဘာပဲဖြစ်ဖြစ် အမိုင့်ကို နတ်မတောင်ကြီးက စောင့်ရှောက်ပေးပါလိမ့်မည်။

"ဓဒသမ်တွေက ဒီခေါ်နူးစုမ်ကို ဝိတိုရိယတောင်လို့ခေါ်ရင် လုံးဝမကြိုက်ကြဘူးလေ၊ မြန်မာနိုင်ငံ သူကျွန်ဘဝတိုရောက်ခဲ့စဉ်အခါတုန်းက ဒီနတ်မတောင်ကြီးကို ဝိတိုရိယဘုရင်မကြီးအတွက် မွေးနေ့လက်ဆောင်ပေးခဲ့လို့ ဝိတိုရိယတောင်လို့ ခေါ်ဝေါ်ခဲ့ကြသေးတာတဲ့၊ နောက် ချင်းလူမျိုးတော်လှန်ရေးအဖွဲ့တွေက ပြန်ပြီးထိုက်ခိုက်အရယူနိုင်ခဲ့လို့သာ. . ."

အမိုင့်စကားကိုကြားယောင်ရင်း အမိုင်ရှိနေမှာဘယ်နေရာလောက်မှာပါလိမ့်ဆိုပြီး ဟိုး. . . တောင်ထိပ်ပင်တောအုပ်ကြီးဆီ သူ မျှော်ချာချာလှမ်းကြည့်မိသည်။ အောက်ချင်းငှက်ဖို ငှက်မတွေ၏ တောင်ပံခတ်သံကို လေလှိုင်းထဲကနေတစ်ဆင့် သူ့နားလုံးသားကနေ ကြားလိုက်ရသလိုမျိုး။

"နင့်ကို ငါ စိတ်မချတော့ဘူး အမိုင်"

(၄)

အမိုင် ဒီရက်တွေထဲ မျက်နှာလေးတောက်ပနေတာကိုမြင်ရတော့ သူစိတ်ချမ်းသာမိသည်။ အမိုင် ပျော်နေတာမြင်ရရင် သူလည်း အတူတူပျော်ပါသည်။ အမိုင့်ကို ရန်ကုန်ကအဖွဲ့တွေ ခနတိုင်းလိုလို လမ်းပြအဖြစ် ခေါ်သွားတာကိုတွေ့နေရသည်။ စာတမ်းပြုစုဖို့လာသည့် သုတေသနပြုအဖွဲ့က ဆရာ၊ ဆရာမ ဆယ်ယောက်လောက်ရှိတာမို့ အမိုင်က သူ့ကို ကပီနားမှာ ဈေးဆိုင်းကူရောင်းဖို့ အကူအညီတောင်းသဖြင့် ကပီအနားမှာပဲ နေနေရသည်။ ကပီကလည်း အခုရက်ထဲမှာ ဈေးရောင်းကောင်းသည်။ တောင်တက်ခရီးသွားတွေ ပေါပေါများများရှိနေတုန်း ကပီးဆေးကုနိုင်ဖို့ ငွေစုရမှာ မဟုတ်လားလေ။

"တောင်ပေါ်ခေါင်ရည်ချိုမြမြ . . . တစ်ကျိုက်လောက်သောက်ရင် အမောပြေ. . . ဒါဟာလည်း ချင်းပြည်ရဲ့ဓလေ့တစ်ခုပါ"

ဈေးရောင်းနေရင်း အမိုင်တစ်ယောက် သီချင်းတွေ ဘာတွေဆိုလို့၊ အမိုင့်ဆီမှာ ပူပင်သောကတွေလုံးဝကင်းစင်ပပျောက်သွားခဲ့သလိုမျိုး။ ချင်းပြည်နယ်ကို ရောက်ခါမှ ချင်းပြည်နယ်ကြီးသိပ်လှမှန်း၊ ချင်းပြည်နယ်ရဲ့ဓလေ့ရိုးရာတွေက သိပ်ချစ်စရာကောင်းမှန်း သူသိခဲ့ရပြီ၊ သူသိသလို အမိုင်မသိသေးသည်က အမိုင်နှင့်အတူတူ တတိယနိုင်ငံထဲအထိ သူလိုက်နိုင်အောင် ကြိုးစားမည်။ နောက်. . . အမိုင်မျှော်လင့်သလိုမျိုး အမိုင်တို့ဘုရားကျောင်းကြီးထဲမှာ ရွှေလက်ထပ်တာ မင်္ဂလာပွဲဆင်နွှဲကြမည်၊ သူ့စိတ်ကူးသည် သူ့အတွက်တော့ လောကနိဗ္ဗာန်လေးတစ်ခု။

"လူလေး ထ. . . ထ"

ကပီလှုပ်နှိုးသံကြောင့် သူ အိပ်နေရာက လန့်နိုးသွားရသည်။ ဓနုလယ်စာကို ကပီးလက်ရာ ခရမ်းကစော့သီးထောင်းနှင့် ထမင်းအဝစားပြီး ထမင်းဆိပ်တက်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့ရသည်။

ဟာ. . . နေရောင်တောင် နည်းနေပြီ၊ သူ ညည်း

www.burmeseclassic.com

သွားရင်း ခေါင်းပေါ်ကိုမော့ကြည့်မိသည်။ ချင်းပြည်နယ်က နေဝင်စောသည်။ ပြီးတော့ တောင်ဇလပ်အနီပွင့်တွေက ငြိမ်သက်သွားတတ်သည့်အချိန်။

"အိမ်ပြန်ရတော့မယ်ဖေ့. . . အခုချိန်ထိ အမိုင်ပြန်မရောက်သေး၊ လူလေး တောထဲလိုက်ခေါ်ချေ၊ လမ်းတွေမှားသလားမသိ"

တောကျွမ်းသည့် အမိုင်အတွက် လမ်းမှားမှာကို ကာပီး စိုးရိမ်နေပုံရလေသည်။ မှားချင်းမှား လိုက်ခေါ်ရမည့် သူသာမှားမည်။ ပြီးတော့ အမိုင် ဘယ်လမ်းက တက်သွားတာမှန်းမသိဘဲ သူ ဘယ်လိုလိုက်ခေါ်ရမည်မသိ။

လက်ကျန်နေရောင်ခြည်က တိမ်လိုင်းတွေကြားထဲမှာ အစွန်အဖျားသာကျန်တော့သည်။ ဆိုင်ကယ်ကယ်ရီတွေပင်မရှိကြတော့။ အခြားဈေးသည်တွေလည်း ပြန်ကုန်ကြပြီ။ လူသူရှင်းပြီး တိတ်ဆိတ်စပြုနေပြီ။ ဒီနေ့ကျမှပဲ သူ ဘာကြောင့် အဲဒီလောက် အိပ်ပျော်သွားပါလိမ့်။ တောင်ပေါ်လေကြောင့် အေးစိမ့်လာသော အချမ်းဒဏ်က သူ့ရင်ထဲမှဝေဒနာကို ထိုးဖောက်မသွားနိုင်။

"ဟို ရန်ကုန်ကသုတေသနပြုတဲ့ အဖွဲ့သားတွေနဲ့မဟုတ်လား ကာပီးရဲ့၊ စိတ်ချရပါတယ် ကျွန်တော်က အခုမှလိုက်သွားရင် အပြန်မိုးချုပ်သွားမှာ၊ အမိုင်နဲ့ လူချင်းလွဲမှာကြောက်တယ်၊ ပြီးတော့ အမိုင်တို့က အခုပြန်ဆင်းလာနေလောက်ပါပြီ ဘယ်လမ်းက ပြန်ဆင်းမယ်လည်းမသိ"

အမိုင့်အဘွားကို သူ နှစ်သိမ့်ပေးလိုက်ပါသည်။ အဘွားကိုအားပေးနှစ်သိမ့်လိုက်ရပေမယ့် သူ့နှလုံးခုန်သံတွေ အကြီးအကျယ်တုန်ခါနေတာကိုတော့ သူကိုယ်တိုင်ပဲ သိပါသည်။

"အမိုင်တို့ ဒီနေ့သွားတာ နှစ်ယောက်တည်းရယ်"

ဒီတစ်ခါတော့ စိတ်မချရသူက သူကိုယ်တိုင်ပဲဖြစ်ပါတော့သည်။ ပါးရေလိုးထားတဲ့ အဘွားရဲ့မျက်နှာအိုအိုက နေလောင်ဒဏ်ခံ အသားညိုညို့အောက်မှာ ပြိုကျတော့မည့်မိုးလို. . .။ သူ ဆောက်တည်ရာမရတော့၊ လက်ကနာရီကိုကြည့်လိုက်တော့ ညနေငါးနာရီ။

လက်ကျန်နေရောင်ခြည်က တိမ်လိုင်းတွေကြားထဲမှာ အစွန်အဖျားသာကျန်တော့သည်။ ဆိုင်ကယ်ကယ်ရီတွေပင်မရှိကြတော့၊ အခြားဈေးသည်တွေလည်း ပြန်ကုန်ကြပြီ။ လူသူရှင်းပြီး တိတ်ဆိတ်စပြုနေပြီ။ ဒီနေ့ကျမှပဲ သူ ဘာကြောင့် အဲဒီလောက်အိပ်ပျော်သွားပါလိမ့်။ တောင်ပေါ်လေကြောင့် အေးစိမ့်လာသော အချမ်းဒဏ်က သူ့ရင်ထဲမှဝေဒနာကို ထိုးဖောက်မသွားနိုင်။

"ကျွန်တော်လိုက်သွားပေးမယ် အဘွား"

အဘွားက အကောင်းအတိုင်းကျန်ရှိနေသေးသည့်လက်တစ်ဖက်နှင့် သူ့လက်မောင်းကိုဆုပ်ကိုင်သည်။ သူ အဘွားကိုမော့ကြည့်တော့ အဘွားရဲ့မျက်ဝန်းမှာ အရောင်တွေကထလက်လက်၊ အဘွားကိုခေါင်းညိတ်ပြရင်း သူထွက်ခဲ့သည်။

ဆီမီးခုံ-ပလက်ဝ လမ်းရှည်ကနေ ဝင်သွားကြတာလား၊ တောတွင်းလူသွားလမ်းကနေ ဝင်သွားကြတာလား။ ဒါမှမဟုတ် ဟိုး. . . ခေါ်နူးဇုမ်တောင်ထိပ်ပေါ်က လက်ကျန် ဆိုင်ကယ်ကယ်ရီလေးနှင့် အမိုင်တို့ဆင်းလာကြမလား သူမခွဲခြားမရ။ လေးနာရီလောက်သွားရမည့် တောတွင်းလမ်းကြမ်း။ တောင်ထိပ်လမ်းဆုံးအထိ သောက်ရေနှင့် စားစရာကလုံးဝမရှိ။

"အို. . . အမိုင်က သိပ်လိမ္မာတာ၊ သူ့ကာပီး ဆိုင်သိမ်းအမီ သူပြန်လာမှာပါ၊ ငါ ခဏလိုက်ရှာကြည့်လို့မှမတွေ့ရင် ပြန်မှာပေါ့"

သူကိုယ်သူအားပေးရင်း တောင်ဇလပ်ပင်တွေကြား တိုးဝင်ခဲ့သည်။ တောင်ဇလပ်ပွင့်နီနီတို့ကို သူငေးကြည့်ပြီး ကြည်နူးမနေနိုင်တော့။ သူ့ခြေလှမ်းတွေက

မြေကြီးနှင့်ပင်မထိတော့သလို ခံစားရသည်။ တောတွင်း ပိုးကောင်လေးများ၏အသံ၊ ငှက်ကလေးတွေရဲ့ အိပ်တန်းပြန်တက်သံတွေကို ခပ်တိုးတိုးကြားနေရပြီ။ ခရီး သွားနေသည်မပြောနဲ့ ဒေသခံတွေပင် ဒီအချိန်ကြီး အထိ တောထဲမှာနေလေ့မရှိကြ။ နင် ဘယ်မှာလဲ အမိုင်။

တောတွင်းလမ်းညွှန်ပြအမှတ်အသားတွေကို မနည်းလိုက်ရှာကြည့်နေရသည်။ တောင်ဇလပ်ပန်းပင် အရိပ်တွေက အမှောင်ထုကိုပိုစေသည်။ ပြီးတော့ တောင်ဇလပ်အရွက်တွေက ကြမ်းသည်။ ဆူးစူးလိုက် လျှင် အမယ်လေးလို့ အော်ရသည်အထိ။

"ဟာ . . . သွားပြီ၊ ငါလမ်းမှားပြီ"

သက်တမ်းတုန့် တောင်ဇလပ်ပင်စည်ကြီးတစ်ခု က သူ့ရှေ့မှာလဲကျနေသည်။ သူနှင့်အမိုင် သွားနေကျ လမ်းက ဒီလမ်းမဟုတ်။ ပြီးတော့ ရှုပ်ရှပ်ပါးပါး ဝါးရုံ တောကြီးထဲ သူရောက်နေသည်။ ဖိုးထိတ်စွာဖြင့် နံဘေး ကို လှည့်ကြည့်မိတော့လည်း နောက်ထပ်လမ်းခွဲတစ်ခု။ သူ ဘယ်လမ်းကနေဝင်လာခဲ့တာပါလိမ့်လို့ သူစဉ်းစား မရ။ လက်ကနာရီကိုအားစိုက်ကြည့်မိတော့ ညနေ ၆ နာရီထိုးဖို့ ဆယ်မိနစ်အလို။ သူပြန်မှဖြစ်မည်။ ဒီထက် မှောင်လာလျှင် လက်ကနာရီကိုပင်ကြည့်လို့ရမှာမဟုတ် တော့။ ပြီးတော့ သူ့မှာ လက်နှိပ်ဓာတ်မီးလည်း ပါလာ မဟုတ်။ လက်နှိပ်ဓာတ်မီးပါလျှင်လည်း သွားလာလို့ ရသော လမ်းခရီးမဟုတ်။

သူ နောက်ပြန်ဆုတ်ခဲ့သည်။ ဒီလမ်းက သူ ဝင်လာတုန်းကလမ်းဖြစ်မည်လို့တော့ မှန်းကြည့်မိလိုက် သည်။

"နင် ဘယ်မှာလဲ အမိုင် နင့်ကပီးက နင့်ကိုစိတ်ပူ နေတယ်"

တောင်ဇလပ်အပင်ပေါက်လေးများကို တက်နင်း မိတော့ သူအားခနဲအော်မိသေးသည်။ မှောင်လာပြီ။ မြန်မြန်ပြန်မှဖြစ်မည်။

"ဟာ"

တွေ့က်လမ်းလို့ သူထင်ခဲ့မိသောလမ်း၊ သူ့ရှေ့မှာ နောက်ထပ် တောင်ဇလပ်ပင်ကြီးတစ်ပင်ကလဲနေပြန် သည်။ ပင်စည်ကလည်း အကြီးကြီး၊ လူသွားလမ်းက လုံးဝမရှိတော့။ ဘယ်လိုမှမတက်နိုင်သည့်အဆုံး ထို ပင်စည်ကြီးပေါ် ခဏထိုင်နားဖို့ စိတ်ကူးလိုက်သည်။ သူ မောနေပြီ။

"မဖြစ်သေးပါဘူးလေ၊ အတွားဆိုင်ကို ကူသိမ်းရ အုံးမှာ၊ ပြီးတော့ အမိုင်လည်း ပြန်ရောက်ချင်ရောက် နေမှာပေါ့"

အတွားစိတ်အေးအောင်လို့သာ သူ တောထဲဝင်ခဲ့ ရတာမဟုတ်လား။ နေရောင်ခြည်အလင်းစ လုံးဝ ပျောက်ကွယ်သွားတော့ ငါ ပေါက်ချားပဲဆိုသည့်အား တစ်ခုဖြင့် သူ့စိတ်ကိုချည်နှောင်လိုက်ရပါသည်။

သူ လာလမ်းအတိုင်း နောက်ပြန်လှည့်ခဲ့သည်။ လူသူ့အသံလေးများကြားရမလားလို့ နားစွင့်မိသည်။ သူ့ ခြေလှမ်းတွေကို သွက်နိုင်သမျှသွက်အောင်လှမ်းမိသည်။ အရမ်းမှောင်လာပြီ၊ တောင်ကုန်းလေးတစ်ခုကိုဖြတ်ပြီး သောအခါမှာတော့ တောင်ဇလပ်ပင်ပေါင်းများစွာတို့က သူ့ကိုပိတ်၍ကာဆီးထားခဲ့ပြီ။ သေချာပြီ၊ သူ လမ်းမှား နေပြီ။

နဖူးပေါ်ကချွေးများကို သူသုတ်ပစ်လိုက်သည်။ သူ ဘာလုပ်ရမှန်းမသိတော့။ လမ်းအမှန်ကို ဘယ်လို ပြန်ရှာရမည်လည်း မစဉ်းစားတတ်တော့။ ပုစဉ်းရင်ကွဲ အသံတွေကို ပီပီသသကြားနေရပြီ။ သူ ကြောက်လာ မိသည်။ ကျွန်တော့်ကိုလာကယ်ကြပါဦးလို့ တောထဲမှာ အော်ဖို့ကလည်း မရဲ။

"အရင်က ငါတို့လည်း လမ်းတွေခဏခဏမှား တာပဲဟ ဒီလမ်းနဲ့ ဒီလမ်းပဲရှိတာမဟုတ်လား၊ အချိန် တန်တော့လည်း လူသွားလမ်းပေါ် ပြန်ရောက်လာတာ ပါပဲဟာ"

အမိုင့်အသံလေးက သူ့နားထဲပြန်ကြားယောင် လာသည်။ သူ့စိတ်တွေကိုပြန်စုစည်းပြီး အသက်ကို မှန်မှန်ရှူသည်။ တက်နင်းမိသော တောင်ဇလပ်ပင် ပေါက်လေး၏အရွက်မှဆူးက သူ့ခြေသလုံးကိုစူးခနဲ။ သူ မမှုတော့၊ အခုချိန်မှာ တောထဲကနေပြန်ထွက်ဖို့ က အရေးကြီးနေပြီ။ ဆူးနှင့်ခြစ်မိသည့်နေရာကို သူ လက်နှင့်အသာသပ်ချလိုက်သည်။ ထိုအခါ သူ့ခြေ ထောက်နားကနေ တစ်စုံတစ်ရာက လျှောခနဲဖြတ်ပြေး သွားသည်ကို အထိအကျခံစားလိုက်ရသည်။

www.burmeseclassic.com





"ဟင် . . . ဒါ . . . ဒါကြီးက ငါ့ခြေထောက်ကို တောင်ဇလပ်ရွက်ခြစ်မိတာမဟုတ်ဘူး၊ အကောင်ရှည်၊ . . . အကောင်ရှည်ကိုက်တာ၊ ဟာ . . . သွားပြီ၊ ဘယ်လိုလုပ်ရမလဲ"

သူ မျက်ရည်တွေကျလာမိတာ အတိုင်းအဆမဲ့၊ သူ အော်ငိုပစ်လို့လည်းမရတော့၊ ထွက်လမ်း မြန်မြန်ရောက်အောင် သွားမှဖြစ်တော့မည်၊ မကြာခင် သူ အဆိပ်တက်တော့မည်၊ ရှေးဦးသူနာပြုစရာ ကိရိယာတန်ဆာပလာ ဘာတစ်ခုမှ သူ့မှာမရှိ၊ ရှိလည်း အခုလို မှောင်မှောင်မည်းမည်းကြီးထဲမှာ ဘာမှလုပ်လို့ရမှာမဟုတ်တော့၊ မျက်ရည်တွေကြောင့် သူ့အမြင်တွေဝေဝါးလာလေပြီ၊ သူ မြန်နိုင်သမျှမြန်အောင် ခွန်အားများကိုသိမ်းဆည်းရင်း လျှောက်မိသည်မှာ မြေကြီးကိုပင်နင်းမိသည်လို့မထင်တော့၊ နောက်ခြေတစ်ချက်အနင်းမှာ သူ့ရင်ထဲ လှပ်ခနဲဖြစ်သွားရသည်၊ သွားပြီ၊ သူ ဒီတစ်ခါ နင်းမိလိုက်တဲ့နေရာက မြေကြီးမှမဟုတ်တာပဲ၊

"အား. . . သမ္ဗုဒ္ဓေ၊ ဘုရား ကယ်တော်မူပါ"

လေအေးလှိုင်းတစ်ခုက သူ့ခန္ဓာကိုယ်ကို ဖြတ်ပြေးသွားသည်၊ အမိုင့်မျက်နှာလေးကိုတော့ သူ့မှတ်ဉာဏ်ထဲ မြင်မိလိုက်ပါသေးသည်၊

"သိလား အမိုင်၊ နင့်ကိုငါ သိပ်ချစ်တာ"

သူ့ အသက်ရှူသံက သိမ့်ခနဲ၊ ပြီးတော့ ငြိမ့်ခနဲ၊

(၅)

အဲဒီည တစ်ညလုံး သူ လမ်းပျောက်နေခဲ့သည်၊ နောက် မြက်ခင်းပြင်လေးတစ်ခုပေါ်မှာ သူ မောမောနှင့် အိပ်ပျော်သွားခဲ့သည်၊ မိုးလင်းခါနီး အလင်းရောင်မသဲမကွဲအချိန်လေးမှာ တောထဲဝင်လာသည့် အင်္ကျီမပါ၊ ပုဆိုးစုတ်နှင့် လူကြီးတစ်ယောက်ကို သူမြင်ရသဖြင့် အားတက်သွားမိသည်၊ ထိုလူကြီးမျက်နှာကတည်လွန်းသည်၊ တောမုဆိုးတစ်ယောက်ဖြစ်မည်ထင်ပါသည်၊ အခုကျတော့လည်း တောင်တက်၊ တောခုတ်သမားတွေလို့ ထင်ရသူတွေကို တစ်ယောက်စ၊ နှစ်ယောက်စ တွေ့မြင်ရသည်၊ အားလုံးရဲ့မျက်နှာမှာ တက်ကြွပျော်ရွှင်မှုက ရှိမနေကြ၊

"ဒီလမ်းအတိုင်း တည့်တည့်ထွက်သွားတာနဲ့ တောင်ခြေရောက်ပြီလေကွာ"

သူ တစ်ညလုံးပျောက်ခဲ့သည့်ထွက်လမ်းက အခုကျတော့လည်း လွယ်ကူရှင်းလင်းနေသည်၊ နောက်. . . ထူးဆန်းတာတစ်ခုက သူ မြွေဆိပ်တက်မလာခြင်းပင်၊ ဘယ်လိုနာကျင်မှုမျိုးကိုမှ သူမခံစားရ၊

တောင်ခြေသို့ပြန်ရောက်လာတာများ မြန်မှမြန်၊ ဟော . . . တွေ့ပါပြီ၊ ကပီး၊ ကပီးကို မနေ့က ဆိုင်ပိုင်းကူမသိမ်းပေးလိုက်ရ၊ ကပီးအနားသို့ သူအပြေးသွားမိသည်၊

"ဟင်. . ."

ကပီးရဲ့အနားမှာ သူ့ဖေဖေနှင့်မေမေပါရှိနေကြပါလား၊ ဟောဗျာ . . . မေမေ ဘာအတွက်ငိုနေပါလိမ့်၊ မေမေငိုနေတာများ ကြည့်ရက်စရာပင်မရှိ၊ သူပါ မေမေနှင့်အတူရောယောင်ပြီး ငိုမိသည်၊ မေမေက သူရှိနေတာကိုပင် ဂရုမစိုက်နိုင်အောင် သားရေ . . . သားရေနှင့် အော်ငိုနေသည်၊

ထိုအချိန်မှာပဲ ကားအကောင်းစားကြီးတစ်စီးနှင့် လူနာတင်ယာဉ်တစ်စီး တွဲခနဲရပ်သွားသည်၊ ကားအကောင်းစားကြီးပေါ်ကနေ ဖေဖေနှင့်အတူ လူကြီးတွေလေးငါးယောက်ဆင်းလာသည်၊ နောက်ထပ် police လို့ရေးထားသော ဝိုင်ယာလက်ကားတွေအများကြီးကိုလည်း တွေ့ရသည်၊ ယူနီဖောင်းမျိုးစုံနှင့်လူကြီးတွေလည်း အများကြီး၊

"ဘေးကို . . . ဘေးကို"

အဝတ်စအဖြူရောင်ဖြင့်အုပ်ထားသည့် ကပ်တစ်ခုကို လူတွေအပြေးအလွှားသယ်လာပြီး လူနာတင်ယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တင်တာ ကားတံခါးကို ဂျိုင်းခနဲပြန်ပိတ်သည်၊ အမယ်လေး သားရေ . . . သားရေနှင့် မေမေမအော်ဖို့ နေတာမပြီးသေး၊ မေမေ့မှာ သူကလွဲပြီး နောက်ထပ် သားတစ်ယောက်ရှိသေးတာမို့လို့လား၊ ဘယ်သားကို တပြီး မေမေမငိုနေတာပါလိမ့်၊ ဖေဖေက မေမေ့ကို သိုင်းဖက်ရင်း နှစ်သိမ့်ချော့မော့နေတာကို မြင်ရပါသည်၊

ကပီးက မျက်ရည်တွေကိုသုတ်ရင်း ကားတစ်စီး ပေါ်တက်ထိုင်လိုက်တာကို သူတွေ့လိုက်ရပါသည်၊ ဒါဖြင့် ဒီနေ့ ကပီး ဈေးမထွက်ဘူးပေါ့။

ကပီးကိုကြည့်နေခါမှ ကပီးတက်ထိုင်လိုက်သော ကားပေါ်မှာ အမိုင့်ကို သူတွေ့လိုက်ရသည်၊ သူ အရှမ်း ပျော်သွားမိသည်၊ ကြည့်စမ်း . . . အမိုင် သူ့ကို နှုတ် တောင်မဆက်။ မနေ့ကတော့ သူ့မှာ အမိုင့်ကိုရှာလိုက် ရတာ၊ အမိုင်ရေ . . . အမိုင်။

ဟင် . . . သူအော်ခေါ်နေတာကို အမိုင်မကြား ပါလား၊ ပြီးတော့ အမိုင်က သူ့ကိုမြင်တာနဲ့လည်းမတူ၊ ရက်စက်လိုက်တာ အမိုင်ရယ်၊ ငါကတော့ နင့်ကို လိုက် ရှာလိုက်ရတာ၊ ငါ မနေ့ညက ဘာတွေဖြစ်ခဲ့သလဲဆိုတာ ကို တောင်ဇလပ်ပင်တွေသိပါတယ်ဟာ၊ သူ ဝမ်းနည်း စွာနှင့် အမိုင့်နားသို့ တိုးနိုင်သမျှတိုးသွားမိသည်၊ သူတွေ့လိုက်ရသည်က အမိုင့်လက်ကိုဆုပ်ကိုင်ရင်း အမိုင်ငိုနေတာကို နှစ်သိမ့်ပေးနေသည့်လူတစ်ယောက်၊ ဟာ . . . ဘာတွေလဲ၊ အမိုင်က ဒီကားရဲ့ခေါင်းခန်းမှာ ဘာလို့ထိုင်ခနေရသလဲ၊ ဒီလူက ရန်ကုန်သုတေသန ဓာတမ်းအဖွဲ့က ဆရာတစ်ယောက်ပဲ။ ဒီကားကလည်း အဲဒီဆရာနှင့်အတူ ရန်ကုန်ကနေပါလာတာကို သူ သိသည်၊ "စိတ်မကောင်းဘူး ကပီးရယ်၊ ကျွန်တော်တို့က အထွက်၊ သူကအဝင် ကပ်ပြီးလွဲသွားကြတာကိုး၊ ကံပါ လေ . . . ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ သွားကြ ပါစို့ လုပ်စရာရှိတာ လုပ်ကြရအုံးမှာမဟုတ်လား"

သူတို့ဘာတွေပြောနေကြပါလိမ့်၊ ကားမှန်တွေ တင်လိုက်သဖြင့် သူဘာမှမကြားရတော့၊ ကားတွေ က တစ်စီးပြီးတစ်စီးပြန်ထွက်သွားကြသည်၊ ဖေဖေ နှင့် မေမေရော၊ အမိုင်ရှိရာကားနားသို့ သူတိုးကပ် သွားချိန်မှာ ဖေဖေနှင့်မေမေ ဘယ်ကားနှင့်ပြန်ထွက် သွားကြမှန်း သူမမြင်လိုက်၊ သူ့ကိုလည်း ခေါ်မသွား ကြ၊ ဘာတွေကို ဘယ်လိုအရေးကြီးနေကြလို့ အားလုံး က သူ့ကို မေ့ထားခဲ့ကြတာပါလိမ့်၊

(၆)

ဒီချယ်ရီပင်ကြီးအောက်မှာ သူရှိနေခဲ့တာ ဘယ်နှနှစ်ပါလိမ့်၊

သူ့ကို အားလုံးကထားခဲ့ကြပြီးသည့်နေ့ကတည်း ကစလို့ ကပီးလည်း ဈေးလာမရောင်းတော့၊ တောင် ဇလပ်ပန်းလာခူးတတ်သည့် အမိုင့်ကပါးကိုလည်း မတွေ့ ရတော့၊

သူ စာမေးပွဲ အောင်လား မအောင်လားဆိုတာ ကိုလည်း၊ သူ့ကို ဘယ်သူမှလာမပြောကြ၊ အမိုင်လည်း တက္ကသိုလ်ကို သွားဖြစ်လား၊ မသွားဖြစ်လားဆိုတာ သူမသိရ၊ သူနေထိုင်ရာ ဒီချယ်ရီပင်ကြီးရှိနေသေး တာ တော်ပါသေးသည်၊

ဘဝဆိုတာကို ကိုယ်ကရွေးချယ်လို့မရဘဲ ဘဝက သာ ကိုယ့်ကိုရွေးချယ်တတ်တာ မဟုတ်လား အမိုင်။ နင့်လမ်းကို နင်အကောင်းဆုံးရွေးချယ်နိုင်မှာပါ။ နင်က ဉာဏ်ကောင်းပြီး စာတော်တဲ့သူလေ၊

ပြီးတော့ . . . အမိုင် နင် တစ်နေ့နေ့ တစ်ချိန်ချိန် ဒီခေါ်နွေစုမ်က တောင်ဇလပ်ပန်းတွေဆီ အရောက်လာ လိမ့်ဦးမယ်လို့ ငါယုံကြည်နေမိတယ်၊ ပြီးရင် နင်နဲ့အတူ တက္ကသိုလ်ကို ငါလိုက်ခဲ့မယ်။

"အိမ်ဝေဟာဆိုတာ နှလုံးသားရဲ့နားခိုရာ"တဲ့။

သိလား အမိုင်၊ နင့်အိမ်က ချင်းပြည်နယ်မှာပဲ ရှိတာမဟုတ်လား၊

တစ်နေ့နေ့မှာတော့ နင့်နှလုံးသားတည်ရှိရာ ဒီချင်းပြည်နယ်ကို နင် တစ်ခေါက်တော့ပြန်လာဦး မယ်ဆိုတာ ငါသိတာပေါ့၊

ပြီးတော့ . . . နင့်ကိုငါပြောပြချင်သေးတယ် အမိုင်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ငါမရှိတော့ရင်လေ ငါ့ကိုယ်စား နင့်ကို ဒီတောင်ဇလပ်ပင်တွေ၊ ချယ်ရီတွေ က ပြောပြကြလိမ့်မယ်၊ နင့်ကိုငါ ဘယ်လောက်ချစ်ခဲ့ တယ်ဆိုတာကိုပေါ့၊ ။

**သစ္စာလှိုင်(ထားနိုး)**

www.burmeseclassic.com


www.burmeseclassic.com



# ငွေတာရီ

## စာအုပ်စင်

မောင်ကြည်သစ်ဦး




တစ်ခါတုန်းက လွမ်းရတဲ့အဖြစ်လေးတွေ
ဝတ္ထုတိုပေါင်းချုပ်
**အမ်းသျှမ်း(သျှီသျှားမြေ)**

ယခုစာအုပ်တွင် 'ငယ်ငယ်တုန်းကဆရာ'ဝတ္ထုတိုမှသည် 'အမ်းသျှမ်းနှင့် သျှီသျှားမြေ'ဝတ္ထုတိုအထိ ဝတ္ထုတိုအပုဒ် ၂၀ ပါရှိသည်။ 'ခြုံ၍သုံးသပ်ရမည်ဆိုလျှင် ဤစာအုပ်သည် သုတနှင့်ရသနှစ်မြာစုံလင်စွာပါရှိသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ပါဝင်သည့်အကြောင်းအရာ (Contents) ပိုင်းတွေ ဆန်းကြယ်သကဲ့သို့ ရေးသားသည့်စာဟန်ပုံစံ (Form) ကလည်း ပြေပြစ်ညက်ညောပြီး ဆွဲဆောင်မှုအပြည့်အဝရှိသည်' ဟု အမျိုးသားစာပေဆုရ ဆရာ မနုသကျော်ဝင်းက ဖွင့်ဆိုသည်။

'စော်ဘွားကြီး၊ ဝေဇီပိတ်ဆရာတော်၊ ဆေးတစ်ခွက်၊ တစ်ချိန်တည်း၊ ပန်းကလေးများမွှေးပါစေ၊ ရှာပုံတော်၊ အမ်းသျှမ်းနှင့်သျှီသျှားမြေ စတဲ့ဝတ္ထုတိုလေးများကတော့ စာရေးသူရဲ့ကြုံတွေ့ရတဲ့ဘဝမှာ မှတ်မှတ်သားသား ဖြစ်ရတာတွေကို သိစေချင်တဲ့စေတနာနဲ့ ရေးပြတဲ့ ဝတ္ထုတိုလေးများဖြစ်ပါတယ်။ အကုန်မစုံဘဲ ခြုံလို့သာ အကြံပြုရပေမယ့် အမ်းသျှမ်းရဲ့ဝတ္ထုတိုလေးများမှာ စေတနာများကို မြင်ရတဲ့၊ လွမ်းရတဲ့ ဝတ္ထုတိုလေးများပါလို့ ပြောပါရစေ'ဟု ဆရာဦးသန့်ဇင်(ပါမောက္ခ-ငြိမ်း)ကလည်း ဖွင့်ဆိုထားပြန်သည်။


'အမ်းသျှမ်း(သျှီသျှားမြေ)သည် စာရေးအားကောင်း၏။ စာအရေးအသားလည်း ကောင်းသည်။ နှစ်နှစ်အတွင်း လုံးချင်းစာအုပ် ၆ အုပ် ရေးသားထုတ်ဝေနိုင်ခဲ့၏။ နည်းနည်းနောနောအရည်အချင်းလား။ အရေးအသားကောင်းသူမို့ ဘာအကြောင်းရေးရေး ဖတ်ချင့်စဖွယ်ဖြစ်ပြီး ဘာစာပဲရေးရေး ဗဟုသုတ အသိပညာ အနည်းဆုံး တစ်ခုတော့ရစေ၏၊ ပေး၏'ဟု ကဗျာဆရာ၊ စာရေးဆရာကိုချိုစံကလည်း ဖွင့်ဆိုထားသေးသည်။

ယင်းစာအုပ်၏ မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်းကို ပန်းချီလွင်ဦးနှင့် ပန်းချီသူရဇော်တို့က ရေးဆွဲပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပထမအကြိမ်အဖြစ် အုပ်ရေ ၃၀၀၀၊ မတ်လတွင် ဒုတိယအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ထင်ကျော်စာပေ၊ ဖုန်း ၀၉ ၇၉၅၅၁၉၅၉၆၊ ၀၉ ၇၉၅၅၂၀၅၉၉ က ဖြန့်ချိထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com






## နှစ်ကိုယ့်တစ်စိတ်နှင့် စိတ်ဝတ္ထုတိုများ
## ခွန်သက်တင်ဆန်း

ယခုဝတ္ထုတိုလုံးချင်းစာအုပ်တွင် 'အမြဲတော' ဝတ္ထုတိုမှသည် 'ဆိုက်ကလောကြွသူများ' ဝတ္ထုတိုအထိ ၂၄ ပုဒ်ပါရှိသည်။

'နှစ်ကိုယ့်တစ်စိတ်နှင့် စိတ်ဝတ္ထုတိုများ'ဟု အမည်ပေးထားသော စာအုပ်လေးသည် ကျွန်တော်၏ အဋ္ဌမမြောက် မွေးဖွားရေးသားဖြစ်ခဲ့သောမှတ်တမ်းလေးဖြစ်ပါသည်။ ယခုနှစ်ကိုယ့်တစ်စိတ်နှင့်စိတ်ဝတ္ထုတိုများ စာအုပ်လေးတွင် ဖြတ်သန်းခဲ့ရသည့် စိတ်သားဘဝထဲမှ ရသစုံစစ်ဝတ္ထုတို ၁၅ ပုဒ်နှင့် The Hot News ဂျာနယ်တွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါး ၉ ပုဒ်တို့ပါဝင်စုစည်းတင်ပြထားပါသည်'ဟု စာရေးဆရာခွန်သက်တင်ဆန်းက အမှာတွင်ဖွင့်ဆိုသည်။

'ဒေါ်ဇေဝင်းပြဿနာနှင့် လမ့်သီးရှာပုံတော်' ဝတ္ထုတိုတွင်ပါရှိသော စာတစ်ပိုဒ်တွင်တော့ - "စောစောကသည်းက လီမွန်သီးမှန်းသိရင် ဒီလောက်ဗုဒ္ဓခရောက်မှာမဟုတ်ဘူး။ ဒီလမ့်သီးဆိုတာကိုရှာနေရတာနဲ့ မနက်စာတောင်မစားရသေးဘူး၊ တွေ့များတွေ့ခဲ့လို့ကတော့ ဖျော်ကိုသောက်ကြည့်အုံးမယ်" ဟု တစ်ယောက်တည်း တဖျစ်တောက်တောက်ပြောရင်း ထွက်သွားသော ဆရာကြီးသာခင်ကိုကြည့်ပြီး တိုင်းမှူးကြီးထံမှ ရှားရှားပါးပါးအပြုံးတစ်ခုကိုရလိုက်သည်။

ဒုတိယဗိုလ်မှူးကြီးလမ့်သီးဆိုသော အမည်သစ်တစ်ခုကို ကျွန်တော်လည်း အချိန်အတော်ကြာပိုင်ဆိုင်လိုက်ရတော့သည်။ တိုင်းမှူးကြီးနှင့်တွေ့တိုင်း အခေါ်ခံနေရသည်၊ မောင်ရစ်ဘဝမှာ ထံတောင်နှင့် အထောင်းတောင်းလို့ သုရင်ကမှတ်မိပြီး မဟာဇနကလ ဖြစ်လာရသလို လမ့်သီးကြောင့် တိုင်းမှူးကြီးနှင့်ပို၍ ရင်းနှီးသွားရသဖြင့် လမ့်သီးကိုပင်ကျေးဇူးတင်နေမိသည်။

အသေးအဖွဲဟူ၍မရှိ အလေးအနက်ထား၍ဆောင်ရွက်ရမည်ဆိုသောဆောင်ပုဒ်အတိုင်း အသေးအဖွဲက အစ အလေးထားလိုက်နာကြသော တပ်မတော်မှာပင် တစ်ခါတစ်ရံ အလွဲလေးများနှင့်ကြုံရတတ်သည်။

ယခုခေတ်လို ဆက်သွယ်မှုစနစ်ကောင်းပြီး ထယ်လီဖုန်းများဖြင့်သာ ဆက်သွယ်နိုင်ပါက ဒေါ်ဇေဝင်းပြဿနာတို့၊ လမ့်သီးရှာပုံတော်တို့က ဖြစ်လာမည်ကိုမဟုတ်။ ထိုအချိန်က ဆက်သွယ်ရေးစက်တစ်ခုတည်းကိုသာ အားကိုးနေရသည့်အချိန် အထက်လူကြီးများကိုလည်း ပြန်မတင်ပြရဲနှင့် လူပင်ပန်း စိတ်ပင်ပန်းခဲ့ရပုံများကိုတော့ အလွဲလေးတွေစုဆောင်းတတ်သည့် ကျွန်တော့်အတွက် ဘဝကန္တာရထဲက ဟာသပျားရည်စက်လေးတစ်စက်အဖြစ်သာ မှတ်တမ်းတင်မိလိုက်ပါတော့သည် ဟူ၍ တပ်မတော်တွင် အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်မှူးကြီးတစ်ဦး၏ ဘဝအလွဲလေးများကို ဖတ်ရှုရမည်ဖြစ်သည်။

ယခုစာအုပ်တွင် ခုလတ်ခေတ မျက်နှာဖုံးဒီဇိုင်းရေးဆွဲပြီး ၂၀၁၉ ခုနှစ် မေလတွင် ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် မြူးသက်ဝေစာပေ၊ တိုက် ၃၉-B အခန်း ၂၀၂၊ စံပယ်လမ်း၊ ယုဇနပလာဇာအနောက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၉ ၅၀၀၁၃၁၇ က ဖြန့်ချိထုတ်ဝေသည်။

**မောင်ကြည်သစ်ဦး**

www.burmeseclassic.com

www.burmeseclassic.com



# တစ်လအတွင်း
# စာပေနှင့်ယဉ်ကျေးမှုသတင်း

သော်ဇင်သစ်

## မဲခေါင်စာပေဆုချီးမြှင့်ပွဲဆောင်ပုဒ် သတ်မှတ်

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ဦးစီးကျင်းပရမည့် မဲခေါင်စာပေဆုချီးမြှင့်ပွဲအတွက် ဦးတည်ချက်ဆောင်ပုဒ်အဖြစ် 'စာပေမှမွေးဖွားပေးသော ရင်းနှီးချစ်ကြည်သွေးစည်းမှု' (Unity and Fraternity Born by Literature) ဟုသတ်မှတ်ရန် ဆုံးဖြတ်ကြောင်း ဇူလိုင်လ ၂ ရက်၊ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသော (ဗဟို)အမှုဆောင်အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အသင်းဥက္ကဋ္ဌကဆက်လက်ပြောကြားရာတွင် မဲခေါင်စာပေဆုချီးမြှင့်ပွဲ အောင်မြင်ချောမောစွာကျင်းပနိုင်ရေးအတွက် အမှုဆောင်များပါဝင်သော လုပ်ငန်းကော်မတီအသီးသီးဖွဲ့စည်းပေးထားပြီးဖြစ်သဖြင့် အားလုံးစုပေါင်းလုပ်ဆောင်ကြပါရန် တိုက်တွန်းပြောကြားသည်။

အတွင်းရေးမှူး ဦးညွန့်တင်(ဓမ္မာင်ငြိမ်းသူ-ကြို့ပင်ကောက်)က ပြီးခဲ့သောအစည်းအဝေးမှတ်တမ်းကို တင်ပြပြီး တက်ရောက်လာသောအမှုဆောင်များက အကြံပြုဆောင်ရွက်ခဲ့ကြသည်။

### မွေးနေ့အထိမ်းအမှတ်အဖြစ် စာကြည့်တိုက်ပေါင်း ၄၀ သို့ စာအုပ်များလှူဒါန်း

စာရေးဆရာကောင်းသန့်၏ နှစ် ၇၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စာကြည့်တိုက်ပေါင်း ၄၀ သို့စာအုပ်များလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင်လ ၄ ရက်၊ နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းရှိ House of Orchid ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားပြီး စာရေးဆရာဟိန်းလတ်၊ စာရေးဆရာ ဒေါက်တာခင်မောင်ညိုတို့က မှတ်တမ်းစကားများပြောကြားသည်။

ထို့နောက် မွေးနေ့အလှူရှင် စာရေးဆရာ ကောင်းသန့်က စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ စာကြည့်တိုက် ၄၀ အား တစ်တိုက်လျှင် စာအုပ်ပေါင်း ၃၀၀ (ကာလတန်ဖိုး ကျပ်လေးသိန်းမှ ခုနစ်သိန်း)နှုန်းဖြင့် လှူဒါန်းပေးခြင်းဖြစ်သည်။

စာရေးဆရာကောင်းသန့်၏ နှစ် ၇၀ ပြည့် မွေးနေ့အထိမ်းအမှတ် စာအုပ်လှူဒါန်းခြင်းအစီအစဉ်တွင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ ရှင်သန်နေသော စာကြည့်တိုက်များထဲမှ စာကြည့်တိုက်ပေါင်း ၄၀ ကိုရွေးချယ်၍ ကလေးစာပေ၊ သုတ၊ ရသ၊ လူငယ်စာအုပ် စုစုပေါင်း ၁၂၇၀၀ (ကာလတန်ဖိုး ကျပ်သိန်း ၁၉၀ ကျော်) ကုန်ကျခံ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့စွယ်စုံကျမ်းများပြန်လည်ထုတ်ဝေရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၈ ရက်၊ မွန်းလွဲပိုင်းက ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့စွယ်စုံကျမ်းများပြန်လည်ထုတ်ဝေရေးအတွက် ပြင်ဆင်စီစစ်နေသည်မှာ ကာလအတော်ကြာနေပြီဖြစ်ပါကြောင်း၊ တစ်ဖက်မှာလည်း အမှားအယွင်းကင်းစင်ပြီး ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်နေသည်ဟုမြင်ပါကြောင်း၊ မြန်မာ့စွယ်စုံကျမ်းပထမတွဲ ပြီးစီးခါနီး အခြေအနေရောက်နေပြီဖြစ်ရာ ယင်းအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနာယကဦးသိန်းထွန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)နှင့် ကော်မတီအတွင်းရေးမှူး ဒေါက်တာစန်းဝင်းတို့က မြန်မာ့စွယ်စုံကျမ်း ပထမတွဲ (က မှ ကုတ်) အထိပြီးစီးမှုအခြေအနေများ၊ ပညာရှင်များ၏ ထောက်ညွှန်းချက်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကိုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်လည် ဖြည့်စွက်ဆွေးနွေးသည်။

မြန်မာ့စွယ်စုံကျမ်း ပထမတွဲ (ကံ-ကုံ)ကို ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)က ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်ထုတ်ဝေခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်းပထမတွဲ(က-ကုတ်)ကို ထပ်မံဖြည့်စွက် တည်းဖြတ်ပြင်ဆင်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းထုတ်ဝေဖြန့်ချိသွားမည်ဖြစ်သည်။

## ရွှေတံဆိပ်ဆု
## အမျိုးသားပြတိုက်(ရန်ကုန်)သို့လှူဒါန်း

အာဇာနည်ခေါင်းဆောင်ကြီးဦးရာဇတ် ရရှိခဲ့သော ရွှေတံဆိပ်ဆုကို အများပြည်သူကြည့်ရှုနိုင်ရန် ဦးရာဇတ်၏သားဖြစ်သူ ဦးတင်မြင့်မိသားစုက ဇူလိုင်လ ၁၇ ရက်၊ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် အမျိုးသားပြတိုက်(ရန်ကုန်)သို့ လှူဒါန်းခဲ့ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီး ၉ ဦးမှ တစ်ဦးအပါအဝင်ဖြစ်သည့် ဆရာကြီးဦးရာဇတ်၏ အထက်တန်းကျောင်းသားဘဝတွင် စာစီစာကုံးပြိုင်ပွဲမှ ဆုချီးမြှင့်ခံခဲ့ရသော အလေးချိန် ၈ ဒသမ ၀၈ ဂရမ်ရှိ ရွှေတံဆိပ်ဆု (၁၉၁၉ - ၁၉၂၀) (metal)နှင့် ၎င်းအသုံးပြုခဲ့သော ကြေးမီးခြစ်အား အများပြည်သူကြည့်ရှုနိုင်ရေးအတွက် ဆရာကြီးဦးရာဇတ်၏သားဖြစ်သူ ဦးတင်မြင့်မိသားစုက အမျိုးသားပြတိုက်သို့လှူဒါန်းခဲ့သည်။

အဆိုပါအခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က လက်ခံရယူခဲ့ပြီး အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**သော်ဇင်သစ်**

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

FAME

# Moringa

## ဒန့်သလွန်ရွက်ဆေး






Superfood

ဆီးချိုသွေးချို၊ သွေးတိုး ဝေဒနာရှ BURMESE CLASSIC .com ဖတ်သုံး အာဟာရဖြည့်စွက်စာ

- ဒန့်သလွန်ရွက်တွင် ပါဝင်သော ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် မရှိမဖြစ် လိုအပ်သော အမိုင်နိုအက်စစ်များကြောင့် အာဟာရဓာတ်ပြည့်ဝစေပြီး ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထောက်အကူပြုသည်။
- ပန်ကရိယမှ အင်ဆူလင်ထွက်ရှိမှုကို ပိုမိုအားကောင်းစေပြီး သွေးတွင်းသကြားဓာတ် ပုံမှန်ဖြစ်အောင် ထိန်းညှိပေးနိုင်သောကြောင့် ဆီးချိုသွေးချိုရောဂါတွင် သောက်သုံးနိုင်သည်။
- ဆီးရွှင်စေသောဒြပ်ပေါင်းများ၊ အဆီနှင့် သွေးဖိအားကျစေသောဒြပ်ပေါင်းများ ပေါင်းစပ်ပါဝင်နေခြင်းကြောင့် သွေးတိုးကျစေရန် အသုံးပြုနိုင်သည်။

09-43136775

www.burmeseclassic.com